# တရားဥပဒေ အထွေထွေမဟုသုတ

ဒေါက်တာမောင်မောင်

ရေးသည်

ပထမအကြိမ်

၁၉၇၅-အောက်တိုဘာ

အုပ်ရေ ၅၀၀၀

ရောင်းဈေး ၅ိ

ပန်းချီ ဆွေသက်

အရောင်ရိုက် - ကာလာမောင်ဝင်း

ပုံနှိပ်/ထုတ်ဝေသူ

ဤစာအုပ်ကို ရွှေဟင်္သာပုံနှိပ်တိုက်(၀၁၀၀၀)၊အမှတ် ၉၂၊ ၉၃ လမ်း၊ ရန်ကုန်မြို့တွင် ဦးကျော်ညွန့်က တာဝန်ခံပုံနှိပ်၍ ဝင်းမော်ဦးစာပေ (၀၂၂၃)၊ အမှတ် ၅၀၁၊ကုန်သည်လမ်း၊ရန်ကုန်မြို့မှ ဦးတင်မောင်က တာဝန်ယူ ထုတ်ဝေသည်။

တရားကျင့်သောသူကို
တရားသည် စောင့်ရှောက်၏။

တရားကိုချစ်သောသူသည်
စည်းစိမ်ချမ်းသာ ဖြစ်ထွန်း၏။

တရားကိုမုန်းသော သူသည်
စည်းစိမ်ချမ်းသာ ပျက်စီး၏။

အကြင်သူသည် တရားကို သတ်၏
ထိုသူကို သေကြေပျက်စီးသောတရားသည်
သတ်တတ်၏။

## မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| | စေတနာ .... | ၅ |
| ၁။ | တရားဥပဒေ အခြေခံသဘော .... | ၁၁ |
| ၂။ | ပြည်သူ့တရားစီရင်ရေး .... | ၂၇ |
| ၃။ | ပြည်သူ့တရားစီရင်ရေးအတွေ့အကြုံ .... | ၄၃ |
| ၄။ | ဥပဒေအမျိုးမျိုး .... | ၅၄ |
| ၅။ | အမှန်တရား .... | ၆၅ |
| ၆။ | တရားစီရင်ရေးမှုများ .... | ၇၇ |
| ၇။ | အမှုစစ်ဆေးခြင်း .... | ၉၇ |
| ၈။ | ချုပ်ခြင်း၊ အာမခံပေးခြင်း .... | ၁၁၂ |
| ၉။ | ဆုံးဖြတ်ခြင်း .... | ၁၂၁ |
| ၁၀။ | ပြစ်ဒဏ်သတ်မှတ်ခြင်း .... | ၁၃၉ |
| ၁၁။ | အယူခံ .... | ၁၆၁ |
| ၁၂။ | မှန်မှန်နှင့် မြန်မြန် .... | ၁၆၉ |
| ၁၃။ | တရားသူကြီး .... | ၁၈၁ |
| ၁၄။ | ဝန်ထမ်း .... | ၂၀၀ |
| ၁၅။ | ရှေ့နေ .... | ၂၀၇ |
| ၁၆။ | သတင်းစာ .... | ၂၁၃ |
| ၁၇။ | မှတ်စုပြုဆဲ .... | ၂၁၇ |


ကျေးဇူးတင်ပါသည်

ကျမ်းကိုးအချို့

အက္ခရာအညွှန်း

## စေတနာ

ပြည်သူ့ တရားကို ပြည်သူတို့ စီရင်လျက် ရှိကြပြီ။ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်၊တိုင်း၊ ဗဟို အဆင့်ဆင့်တွင် ပြည်သူတို့က ရွေးချယ်တင်မြှောက်လိုက်ကြသော ပြည်သူ့ ကိုယ်စားလှယ်များက အဖွဲ့များဖြင့် မှုခင်းများကို စစ်ဆေးစီရင်လျက် ရှိကြပြီ။

ပြည်သူ့တရားစီရင်ရေး စနစ်သည် မြန်မာ့ရိုးရာနှင့်လည်း ကိုက်ညီ၊ ခေတ်မီသော စနစ် ဖြစ်သည်။ သို့ရာတွင် စနစ်ကောင်းကို လူကောင်းများက ဝိုင်းဝန်း၍ စိတ်ရှည်ရှည်ဖြင့် အသက်သွင်းဖို့ လိုပါသည်။ စာပေါ်တွင် ကောင်းသောစနစ်သည် လက်တွေ့တွင် ခက်ခဲနေတတ်သည်လည်း ရှိပါသည်။ အထက်ကောင်းသောစနစ်သည် တွန်းအားလျော့သဖြင့် အရှိန်ကျ၍ နှေးကွေး လေးလံလာသည်လည်း ရှိတတ်ပါသည်။အထနှေးစေကာမူ ပူးပေါင်း ဆောင်ရွက်မှုအားဖြင့် အရှိန်ရကာ သွက်လက် သန်မာလာသည်လည်း ရှိတတ်ပါသည်။

အရာရာဟူသမျှ အလုပ်မှ အားယူရပါသည်။ အလုပ်ကို အပြောဖြင့် အစားထိုး၍ မရပါ။ ယုံကြည်ချက်ဖြင့် တက်ကြွစွာ ဇွဲသန်သန် လုပ်ဆောင်နိုင်လျှင် အောင်မြင်ပါသည်။ ပြည်သူ့ တရားစီရင်ရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ ပြည်သူ့စီးပွားရေး စသည်တို့သည် အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်

များ၊ ဝန်ထမ်းများနှင့်သာ သက်ဆိုင်သည် မဟုတ်ပါ။ ပြည်သူများနှင့် အသက်ဆိုင်ဆုံး ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူများက နိုးနိုးကြားကြား ပါဝင် ဆောင်ရွက်၊ စောင့်ကြပ်၊ ထိန်းသိမ်း၊ လိုက်နာခြင်းတို့အပေါ်တွင် အရေးအရာ အားပြုရပါသည်။

ဥစ္စာရှင်လို ဥစ္စာရှင်ခဲ။ ထို့ကြောင့် ကိုယ့်ဘဝ ကိုယ်ထူ၊ ကိုယ့်ကိစ္စ ကိုယ်ဆုံးဖြတ် စီမံဆောင်ရွက်နိုင်ရန် စနစ်သစ်ထူ၊ လမ်းသစ်ဖွင့်ပေးကြမည်။ သို့ရာတွင် ကိုယ်လုပ်မှ ကိုယ်ရသည်၊ ကိုယ်သွားမှ ကိုယ်ရောက်သည်ဟု နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းက အကြိမ်ကြိမ် မှာဖူးပါသည်။ ပြည်သူတို့သည် ကိုယ်ထိုက်တန်သော အစိုးရကို ရကြလိမ့်မည် ဟူ၍လည်း အခါခါ သတိပေးဖူးပါသည်။

ပြည်သူတို့ကိုယ်တိုင်ပါဝင်ကြ၍ စုပေါင်းလှုပ်ရှားမှု အင်အားဖြင့် စနစ်သစ် ထူထောင်ကြရာတွင် တရားဥပဒေ ခန်း၌ ကျွန်တော်သည် ကိုယ့်တနိုင် ထမ်းပိုး လုပ်ဆောင်ခွင့် ရခဲ့ပါသည်။ ယင်း လုပ်ဆောင်ခွင့်သည် ထူးမြတ်သော ကုသိုလ်ဒုလ္လဘ ဖြစ်ပါသည်။ ထိုအတွေ့အကြုံ အခွင့်အလမ်းမျိုးကို တောင့်တရုံနှင့် ရနိုင်သည် မဟုတ်။ ကြုံတောင့်ကြုံခဲ အကြောင်းများ ဆုံစည်းမှ ရနိုင်ပါသည်။ သမိုင်းက ပေးမှ ရပါသည်။

ပြည်သူ့တရားစီရင်ရေးစနစ် ဖော်ထုတ်ရာတွင် ကျွန်တော်တို့ စီရင်ထုံးပြု မှာကြား၊ ဆွေးနွေးပြောဆိုခဲ့သည်များမှ တရားဥပဒေ အထွေထွေ ဗဟုသုတ ဖြစ်စေမည့် အချက်အလက်အချို့တို့ကို ထုတ်နုတ်၍ ဤစာအုပ်တွင် မှတ်စုများအဖြစ် ပြန်လည်ရေးသားထားပါသည်။ အချို့ကိုမူ အသစ်စုဆောင်းရေးသား



ပါသည်။ ဥပဒေ အခြေခံသဘောများကိုသာ ဖော်ပြထားပါသည်။ အခြေအနေအရ လိုအပ်သလို ပြင်ဆင် ပြောင်းလဲရမည့် အသေးစိပ် လုပ်ထုံးလုပ်နည်းများကို ဖယ်ထားပါသည်။

ပြည်သူတို့အဖို့ တရားဥပဒေ ဗဟုသုတ ဖြစ်စေလိုသည့် စေတနာဖြင့် ဤစာအုပ်ကို ပြုစုပါသည်။ ပြည်သူ့ ကိုယ်စားလှယ် တရားစီရင်ရေးအဖွဲ့ဝင်များ၊ စစ်ဘက်တရားရုံး အဖွဲ့ဝင်များ စသော ပုဂ္ဂိုလ်များ အတွက်လည်း အတော်အသင့် အထောက်အကူ ဖြစ်စေချင်ပါသည်။

ဥပဒေပညာရှင် မဟုတ်သော ပြည်သူ့ တရားသူကြီး၊ သို့မဟုတ် စစ်ဘက်တရားရုံး အဖွဲ့ဝင်တဦးသည် ဥပဒေပညာရှင်တဦးကဲ့သို့ ဥပဒေကို အသေးစိပ်၍ အနက်အနဲ လေ့လာ သိကျွမ်းရန် လွယ်ကူမည် မဟုတ်ပါ။ လေ့လာရန် အချိန် အခါ အခွင့်ရမည်လည်း မဟုတ်ပါ။ မိမိ၏ အဓိက တာဝန်များက ရှိနေပါဦးမည်။ ထို့ပြင် ပြည်သူ့ တရားသူကြီး၊ စစ်ဘက်တရားရုံး အဖွဲ့ဝင်တဦးသည် ဥပဒေပညာရှင်၏ အသိပညာ အပြည့်ဖြင့် ဥပဒေအတွေးကိုသာ တွေးနေမည်ဆိုပါလျှင် ပြည်သူ့တရားစီရင်ရေး၏ အနှစ်သာရ ပျက်ပြယ်မည် ဖြစ်ပါသည်။ ပြည်သူ့တရားသူကြီးသည် ပြည်သူ့အတွေးဖြင့် တွေးရပါမည်။ ပြည်သူ့ လက်တွေ့ ဘဝအသိဖြင့် ကြည့်ရပါမည်။ စစ်ဘက် တရားရုံးအဖွဲ့ဝင်သည် တပ်မတော်သား အတွေးဖြင့် တွေးရပါမည်။ ရဲဘော်များ ဘဝအသိဖြင့် ကြည့်ရပါမည်။ အဖြစ်အပျက်၊ အချက်အလက်တို့ကို စစ်ဆေးဖော်ထုတ်ကာ ယင်းအတွေး၊ ယင်းအကြည့်ဖြင့် သုံးသပ်၍ သဘာဝကျကျ ဆုံးဖြတ်ရန်က အဓိက ဖြစ်ပါသည်။ ဥပဒေ

နှင့် ပတ်သက်သမျှကို ဥပဒေပညာရှင်များဖြစ်သော တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်း၊ စစ်ဥပဒေအရာရှိ၊ ပြည်သူ့ရဲ ရှေ့နေ စသူတို့က ဖြည့်ရန်၊ ထောက်ကူရန် ဖြစ်ပါသည်။

ဤသို့ ကိုယ်နိုင်ရာ၊ နိုင်ရာကို စေတနာမှန် အရင်းခံဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်ကြမှသာ ပြည်သူ့ တရားစီရင်ရေး၊ စစ်ဘက် တရားစီရင်ရေး စသည်တို့သည် ပြည်သူ၊ တပ်မတော်သားများ နားလည် လက်ခံ၊ ယုံကြည်၊ အားထားသောစနစ် ဖြစ်နိုင်ပါလိမ့်မည်။

ပြည်သူ့ တရားသူကြီးများ၊ စစ်ဘက်တရားရုံး အဖွဲ့ဝင်များသည် စာအုပ်ကြီးများကို အပတ်တကုတ် ဖတ်နေရန် မလိုပါ။ ဥပဒေစကားလုံးများတွင် မွေ့လျော် နစ်မွန်းနေရန် မဟုတ်ပါ။ သို့ရာတွင် ဥပဒေ၊ တရားစီရင်ရေးတို့၏ အခြေခံသဘော၊ ရည်ရွယ်ချက်များကို သိတန်သရွေ့ သိထားဖို့ သင့်ပါသည်။ နေ့စဉ် ကြုံတွေ့နေရတတ်သည့် တရားဥပဒေပြဿနာများကို လေ့လာထားကောင်းပါသည်။အချုပ်ဆိုရသော် တရားဥပဒေ အထွေထွေဗဟုတ ရှိကောင်းပါသည်။

ဤစာအုပ်သည် ယင်းအထွေထွေဗဟုသုတဆည်းပူးရာတွင် အထောက်အကူ ဖြစ်သင့်သလောက် ဖြစ်စေလိမ့်မည်ဟု မျှော်လင့်ချက်၊ စေတနာထားပါသည်။

ကျွန်တော်သည် လွန်ခဲ့သော ကိုးနှစ်ခန့်က ဒုလ္လဘရဟန်းခံခဲ့ဖူးပါသည်။ ငယ်စဉ်က ကိုရင်ဝတ်ဖူးသော်လည်း မှတ်မှတ်ရရ မရှိ။ ထို့ကြောင့် ရဟန်းကျင့်ဝတ် ဝိနည်းကို လေ့လာ၍ စည်းကမ်းတကျ နေကြည့်မည် ရည်ရွယ်ချက်ဖြင့် ရဟန်းခံခဲ့ခြင်း ဖြစ်ပါသည်။ ဝိနည်းတော်များကို ဖတ်ရှုလေ့လာရသော



အခါ ခေတ်တရားဥပဒေတို့၏ အခြေခံ သဘောများနှင့် လွန်စွာကိုက်ညီ၍ အလွန် သိမ်မွေ့လှကြောင်း တွေ့ရပါသည်။ ဝိနည်းတော်များအပြင် သုတ္တန်ဒေသနာများ၊ နိတိ၊ ဒီပနီ၊ ဋီကာများကို လေ့လာ ဆည်းပူးခြင်း၊ ဆရာတော်ကြီးများထံ ဆည်းကပ်နာယူခြင်း ပြုနိုင်သရွေ့ ပြုရသောအခါ တရားတော်၏ အစဉ်သစ်ဆန်းနေခြင်း၊ လက်တွေ့ဘဝနှင့် အစဉ် ဟပ်မိနေခြင်း၊ အထူးအားဖြင့် တရားဥပဒေနှင့် လွန်စွာ ဆီလျော်ခြင်းတို့ကို တွေ့ရပါသည်။ထို့ကြောင့် တရားတော်လာ အချက်အလက်အချို့ကို တရားဥပဒေ သရုပ်ပြ သာဓကများအဖြစ် ကိုးကားသင့်ရာ၌ ကိုးကားထားပါသည်။

တရားမျှတခြင်း၊ စာနာခြင်း၊ မှန်ကန်ခြင်းတို့သည် အရှည်ခံသည့်တန်ဖိုးများ ဖြစ်၍ ရှေးအဆက်ဆက်ကလည်း ထွန်းကားခဲ့သည်။ နောင်တွင်လည်း ထွန်းကားလိမ့်မည်။ ဤတန်ဖိုးများဖြင့် ပြည့်ဝသောစနစ်သည် အရှည်တည်တံ့ ထွန်းကားလိမ့်မည်ဟု အလေးအနက်ပြုလိုသော စေတနာဖြင့် တရားမွေ၊ ရှေးထုံးမွေသတ်တို့ကို ကိုးကားသင့်ရာ၌ ကိုးကားခြင်းလည်း ဖြစ်ပါသည်။

## ၅။ တရားဥပဒေ အခြေခံသဘော

၁

ပြည်သူတို့လိုက်နာစောင့်ထိန်းကြရန် နိုင်ငံတော်ကပြဋ္ဌာန်း
ထားသော စည်းကမ်းများသည် တရားဥပဒေ ဖြစ်သည်။
မည်သို့ မလုပ်ဆောင်ရ၊ မည်သို့ လုပ်ဆောင်ရမည်ဟု ဥပဒေပြု
အာဏာပိုင်က အတိအကျ အထင်အရှား သတ်မှတ်ထားခြင်း။
စည်းကမ်းဖောက်ဖျက်လျှင် မည်သို့သော ပြစ်ဒဏ် သင့်
မည်၊ မည်သို့ ပေးလျော်ရမည်၊ မည်သည့်နည်းဖြင့် ကုစား
ဆောင်ရွက်ပေးရမည် ဟူ၍လည်း အတိအကျ အထင်အရှား
သတ်မှတ်ထားခြင်းတို့သည် ဥပဒေ၏ အင်္ဂါရပ်များ ဖြစ်သည်။
ဆောင်ရန်၊ ရှောင်ရန်ကိုသာ ဖော်ပြ၍ မဆောင်လျှင်၊
မရှောင်လျှင် ဘာဖြစ်စေမည်ကို ထက်မြက်သော အာဏာ
စက်ဖြင့် မပြောနိုင်လျှင် တရားဥပဒေ မမည်။ နှိုးဆော်ခြင်း၊
ဆုံးမလမ်းညွှန်ခြင်း သဘောသာ သက်ရောက်သည်။
ဗုဒ္ဓမြတ်စွာက တပည့်သံဃာ လိမ်မာအောင် ဆုံးမ လမ်း
ညွှန်ခဲ့သော ဩဝါဒများ ရှိသည်။ ဤမည်သော အမှုကို
ပြုသော် သံဃာတောင်မှ အပြီးအပြတ် ရပ်စဲ၍ ပါရာဇိကာ
ကျသည်။ ဤမည်သောအမှုကို ပြုသော် ဤမည်သောပြစ်ဒဏ်
ထိုက်သင့်သည်ဟု ပြစ်မှုကိုလိုက်၍ အခါအားလျော်စွာ

ပြဋ္ဌာန်းခဲ့သော ဝိနည်းတော်များ ရှိသည်။ ဝိနည်းတော်များသည်ကား သြဝါဒကထာမျှသာ မဟုတ်ချေ။ အာဏာစက်ပါသည်။ ပြည်သူတို့ လိုက်နာကျင့်သုံးကြသော တရားဥပဒေများသည်လည်း ထိုနည်းတူပင် ဖြစ်သည်။

ကမ္ဘာဦးလူတို့သည် အိမ်ယာထူထောင် ရပ်ရွာဖွဲ့စည်းကြသောအခါ အချင်းချင်း စောင့်စည်းကြရမည့် စည်းကမ်းများ ရှိမှ ဖြစ်မည်။ ယင်း စည်းကမ်းများကို သတ်မှတ်ကာ ထိန်းကွပ် ဦးဆောင်နိုင်မည့် ပုဂ္ဂိုလ်တဦးလည်း ရှိမှ ဖြစ်မည်ဟု သဘောတူညီကြကာ မိမိတို့ထဲမှ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသူတဦးကို သမ္မတ ရွေးချယ်တင်မြှောက်ကြသည်၊ အဆိုရှိသည်။ ထိုမှ ရပ်ရွာ၊ မြို့နယ်၊ နိုင်ငံ၊ အဖွဲ့အစည်းများနှင့် သမ္မတ၊ တရားမင်း၊ တရားဥပဒေ၊ အုပ်ချုပ်ရေး တိုးပွားပေါ်ထွန်းလာသည် အဆို ရှိသည်။ အစတွင် တရားဥပဒေ၊ စည်းကမ်း အနည်းငယ်မျှသာ ရှိခဲ့သည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့သည်လည်း ရှုပ်ထွေး များပြားသည် မဟုတ်ခဲ့။ လူ့အဖွဲ့အစည်း ကျယ်ဝန်းလာသည်နှင့် စိုက်ပျိုး၊ ရောင်းဝယ်၊ ထုတ်လုပ် ဆက်ဆံကူးလူးရေး များလာသည်နှင့်၊ လောဘ၊ ဒေါသမီး ပွားလာနှင့်၊ တရားဥပဒေ တမျိုးပြီး တမျိုး ထုတ်ပြန်ရသည်။ ထုတ်ပြန်ပြီး ဥပဒေမှ ထွက်ပေါက် ရှာလာကြသည်နှင့် ပြင်ဆင်ချက်တွေ ထုတ်ပြန်ရပြန်သည်။ တရားမင်းက စီရင်ထုံးပြု၍ အဓိပ္ပာယ် ဖွင့်ရပြန်သည်။

ဗုဒ္ဓမြတ်စွာပင်လျှင် အဓိကပညတ်ချက်ကို အနုပညတ်ချက်ဖြင့် ဖြည့်ရသေးသည်။ ရဟန်းသည် မေထုံမှီဝဲလျှင် ပါရာဇိကကျသည်ဟု ပထမ အဓိက ပညတ်တော်မူပြီးသည်ကို နောက်



ပေါ်ပေါက်လာသော အမှုများ၏ တောင်းဆိုချက် အရ တိရစ္ဆာန်မနှင့် မှီဝဲလျှင်လည်း ပါရာဇိက ကျသည်။ ရဟန်း သိက္ခာမချပဲ ဘနည်းနည်း မေထုံမှီဝဲလျှင်လည်း ပါရာဇိက ကျသည် စသည်ဖြင့် အနုပညတ် ထပ်တော်မူရသေးသည်။

## ၂

တရားဥပဒေဟူသည် အဓိကအားဖြင့် ဥပဒေပြု အာဏာပိုင်က ပြုလုပ်သော ဥပဒေ ဖြစ်သည်။ ခေတ်အဆက်ဆက်က ပြုလုပ်လာခဲ့ကြသော ဥပဒေများကို ခေတ်နှင့်လျော်အောင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်၊ အသစ်ပြုလုပ်သင့်သည်ကို ပြုလုပ် ကျင့်သုံးကြရသည်။

ယခုခေတ်တွင် ဥပဒေတွေ များသည်။ တခေတ် ပြောင်းတိုင်း၊ အတွေးအခေါ်သစ် ဝင်တိုင်း၊ ဥပဒေအားလုံးကို တထိုင်တည်း၊ တဆက်တည်း၊ အသစ်ရေးဆွဲ ပြဋ္ဌာန်းရန် မလွယ်။ သို့ရာတွင် အများပြည်သူ၏ ဘဝ၊ အတွေးအခေါ်နှင့် တည်ဆဲဥပဒေများအကြား လွန်စွာ ကွာခြားနေလျှင်လည်း ပြည်သူတို့က ဥပဒေကို ယုံကြည်၊ လေးစား အားထားခြင်း နည်းပါးလာကာ ဥပဒေ၏ ထက်မြက်မှု သတ္တိ လျော့နည်းလာတတ်သည်။

ထို့ကြောင့် ရှေးထုံးကို မပယ်နှင့်ဟူသော ပုံသေ အယူအဆဖြင့် ဥပဒေဟောင်းတွေကို မပြုမပြင် ထာဝစဉ် လိုက်နာနေခြင်းသည် မကောင်း။ အဟောင်း ဟူသမျှ မကောင်း

ဟူသော အယူအဆဖြင့် စိတ်ကူးရတိုင်း ပြင်ခြင်းသည်လည်း မကောင်း။

ဤမိုးအောက်ကမ္ဘာတွင် သစ်တာဆန်းတာ ဟူ၍ မရှိဟု ရှေးရာဇဝင် ပညာရှိတဦး ဆိုဖူးသည်။ အသစ်သည် အသွင်သစ်ဆောင်လာသော အဟောင်းသာ ဖြစ်သည်။ အတွေး အခေါ်၊ အယူအဆ၊ အတွေ့အကြုံ ဟူသမျှ ပေါ်ပေါက်၊ ဖြစ်ပျက်ခဲ့ဖူးတာတွေသာ ဖြစ်သည်။

မိမိတို့ခေတ်တွင် မိမိတို့ တတ်စွမ်းသမျှ မိမိတို့ အခြေအနေနှင့် အကိုက်ညီဆုံး တီထွင်ကြံဆ ပြုလုပ် ဖန်တီးကြဖို့သာ ရှိသည်။

## ၂

တရားဥပဒေဆိုသောစကားတွင် ဥပဒေပြု အာဏာပိုင်က ပြုလုပ်သော ဥပဒေများအပြင် ဥပဒေအာဏာ သက်ဝင်သော နည်းဥပဒေ၊ စည်းကမ်း၊ အမိန့် စသည်တို့ ပါသည်။ ဥပဒေဖြင့် အသိအမှတ်ပြုထားသော မြန်မာတို့၏ အိမ်ထောင်ရေး၊ လူမှုရေးဆိုင်ရာ ဓလေ့ထုံးတမ်းများလည်း ပါသည်။

ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း၊ စည်းမျဉ်း၊ အမိန့်၊ ဘယ်သို့ပင် ခေါ်စေ ဥပဒေအင်္ဂါ စုံ မစုံ အနှစ်သာရကို ကြည့်ရသည်။ အမည်ကို ကြုံသလို ခေါ်တတ်ကြသည်။ ထို့ကြောင့် ပြဋ္ဌာန်းချက်တရပ်သည် ပြည်သူတို့ ဆောင်ရန်၊ ရှောင်ရန်၊ တာဝန်၊ ရပိုင်ခွင့်တို့ကို သတ်မှတ်သလား၊ သတ်မှတ်ချက်ကို မလိုက်နာလျှင် မည်သူ့တွင် မည်မျှ တာဝန်ရှိမည်၊ မည်သူ



သည် မည်သို့ ပြစ်ဒဏ်ခံရမည်၊ ပေးလျော် ဆောင်ရွက်ရမည်ကို သတ်မှတ်သလား၊ ကျူးလွန်သူအား မည်သည့် အဖွဲ့အစည်းက မည်ကဲ့သို့ အရေးယူမည်ကို သတ်မှတ်သလား စစ်ဆေးကြည့်ရသည်။ ဤသို့သော သတ်မှတ်ချက်များ ပြည့်စုံလျှင် အမည်ကို ဘယ်လိုပင် ခေါ်စေ ဥပဒေ ဖြစ်နေတတ်သည်။

ဥပဒေဖြစ်လျှင် ပြဋ္ဌာန်းထုတ်ပြန်သော အဖွဲ့အစည်းသည် ဥပဒေပြု အာဏာပိုင် ဟုတ်မဟုတ် စစ်ရသည်။ အာဏာပိုင်က ပြုလုပ်သော ဥပဒေမှသာ ဥပဒေအာဏာ ရှိသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်၏ ဥပဒေပြုမှု အာဏာ၊ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်မှုအာဏာ ဟူသော အချုပ်အခြာ အာဏာသည် ပြည်သူတို့၌ တည်သည်။ ပြည်သူတို့က ရွေးချယ် တင်မြှောက်သော လွှတ်တော်သည် ယင်း အချုပ်အခြာ အာဏာကို ခံယူရသည်။ စီမံခန့်ခွဲမှု အာဏာနှင့် တရားစီရင်မှုအာဏာတို့ကို အဆင့်ဆင့်သော ပြည်သူ့အဖွဲ့အစည်းများသို့ လွှတ်တော်က ခွဲဝေအပ်နှင်းသော်လည်း ဥပဒေပြုအာဏာကိုမူ လွှတ်တော်ကသာ ကျင့်သုံးရသည်။ ထို့ကြောင့် ဥပဒေများ၏ အဓိက သက်ဆင်းရာသည် လွှတ်တော်ဖြစ်သည်။

အထူးကိစ္စ ပေါ်ပေါက်ပါက လွှတ်တော် စည်းဝေးနေချိန် မဟုတ်လျှင် နိုင်ငံတော်ကောင်စီသည် ဥပဒေကဲ့သို့ အာဏာ တည်သော အမိန့် ထုတ်နိုင်သည်။ သို့ရာတွင် ယင်းအာဏာကို စည်းကမ်းများဖြင့် ချုပ်ထားသည်။ အမိန့်သည် ကာလ အကန့်အသတ်ဖြင့်သာ တည်နိုင်သည်။ အမိန့်ထုတ်ပြီးလျှင်

အမြန်ဆုံး လွှတ်တော်သို့ အစီရင်ခံ၍ အတည်ပြုချက် ယူရသည်။

ဥပဒေသည် ပြည်သူတို့အတွက် ဖြစ်သည်။ ထို့ကြောင့် ဥပဒေကို ပြုလုပ်ရာတွင် ယင်းဥပဒေကို လိုက်နာကျင့်သုံးကြရမည့် ပြည်သူတို့သည် ကာယကံရှင်များ ဖြစ်သည်။ မိမိတို့က ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များမှ တဆင့် ပါဝင်ဆွေးနွေး ဆန္ဒပြုခွင့် ရှိကြသည်။ အချို့ အရေးကြီးသော ဥပဒေကြမ်းများကို လွှတ်တော် မတင်မီ ပြည်လုံးကျွတ် ဆန္ဒခံယူရမည် ဟူ၍ပင် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။

## ၄

သာသနာတော် တာရှည် တည်စေသည့် အကြောင်းများကို အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား မေးလျှောက်လေရာ သံဃာများ လိုက်နာ ကျင့်သုံးရမည့် ဝိနည်းသိက္ခာပုဒ်များကို ပညတ်ထားရှိခြင်းသည် အကြောင်းတကြောင်း ဖြစ်သည်ဟု မြတ်စွာဘုရားက မိန့်ဆိုတော် မူသည်။ ထိုအခါ အရှင်သာရိပုတ္တရာက ဝိနည်းသိက္ခာပုဒ်များကို ပညတ်တော်မူပါ၊ တောင်းပန်သည်တွင် မြတ်စွာဘုရားက စောင့်ဆိုင်းလေဦး၊ ယခုအခါ သံဃာတော်များသည် အညစ် ကင်းစင်ကြ၏၊ ဖြစ်မှုကျူးလွန်ခြင်း မရှိ။ အပြစ် မပြုသေးဖဲ့ ကြိုတင်၍ ဝိနည်း ပညတ်လျှင် သံဃာတို့ ငြိုငြင်ဖွယ် စိတ်ကျဉ်းကြပ်ဖွယ်



သာ ရှိသည်၊ အချိန်သင့်မှ ဝိနည်းသိက္ခာပုဒ်ကို လိုအပ်သလို ပညတ်မည်ဟု ဆုံးမတော်သည်။

ပထမ ပါရာဇိကသိက္ခာပုဒ် ပညတ်ဖို့ ပေါ်ပေါက်လာသည်။ ရဟန်း ရှင်သုဒိန် မိဘများ တိုက်တွန်းချက်အရ မယားဟောင်းအား သားမျိုးစေ့ ပေးခဲ့သည်ကို အကြောင်းပြု၍ ရဟန်းသည် မေထုန်မှီဝဲခြင်း မပြုရ၊ ပြုလျှင် ရဟန်းဘဝ ဆုံးရှုံးစေရမည်။ ရဟန်းကောင်းတို့နှင့်လည်း ပေါင်းဖော်ခွင့် မရှိစေရဟု မြတ်စွာဘုရားက သံဃာ့ညီလာခံတွင် ပညတ်တော်မူသည်။

ဝိနည်း (ဘုရားဥပဒေတော်)ပညတ်ခြင်းဖြင့် ရည်စူးသော အကျိုးထူး ဆယ်ပါးကိုလည်း မြတ်စွာဘုရားက ဤသို့ ဖွင့်ဆိုတော်မူသည်–

- သံဃာတော်များက ကောင်းပါပြီ ဝန်ခံ ကျင့်သုံးရန်၊
- သံဃာတော်များ ချမ်းသာစေရန်၊
- အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်၊
- အကျင့်သီလကို မြတ်နိုးသော ရဟန်းတို့ကို ချမ်းသာစွာ နေနိုင်စေရန်၊
- မျက်မှောက်ဘဝ၌ဖြစ်သော ဆင်းရဲအထူးတို့ကို စောင့်စည်း ပိတ်ဆို့ရန်၊
- နောင် ဖြစ်လတ့်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်၊
- မကြည်ညိုသောသူတို့ကို ကြည်ညိုစေရန်၊
- ကြည်ညိုပြီးသောသူတို့ကို တိုး၍ ကြည်ညိုစေရန်၊
- သာသနာတော် အမွန်ရှည်စွာ တည်တံ့စေရန်၊
- ဝိနည်း စည်းမျဉ်းဥပဒေကို ချီးမြှောက်ရန်၊

## ၅

လောကီဖက်တွင်လည်း အလားတူပင် ဖြစ်သည်။ ဥပဒေဟူသည် မရှိလျှင်လည်း မဖြစ်။ များလွန်းလျှင်လည်း မကောင်း။ မရှိလျှင် စည်းကမ်းမဲ့သည်။ များလွန်းလျှင်လည်း လူမသိ၊ မမှတ်မိ ရှိတတ်သည်။

ထို့ကြောင့် ဥပဒေကို လိုသလောက်သာ လိုသောအခါ၌ ပြဋ္ဌာန်းအပ်သည်။ တာကြောင့် လိုအပ်သည်။ တရား မျှတ၍ အများအကျိုးအတွက်ဖြစ်သည်ကို လူအများ သိမြင်၍ ပြဋ္ဌာန်းသော ဥပဒေ၏ အကြောင်းအကျိုးကို သဘောပေါက် နားလည်လျှင် ထို ဥပဒေကို အများက လက်ခံ လေးစားသည်၊ လိုက်နာကျင့်သုံးသည်။

အများပြည်သူက နားမလည်၊ လက်မခံ၊ မကျင့်သုံးသော ဥပဒေသည် ထက်မြက်မှု မရှိ၊ အသက်မပါ စာအုပ်ထဲတွင် သေနေသည်နှင့် တူသည်။

နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ပြီးသည့် မြန်မာနိုင်ငံတွင် အဆက်အရှည်ဆုံး ခေါင်းဆောင်မှုပေးခဲ့သည်။ ခေါင်းဆောင်မှု ဝါ သမ္မာအရင့်ဆုံး ပုဂ္ဂိုလ်ဖြစ်၍ ကြွယ်ဝသော အတွေ့အကြုံမှ ဥပဒေ ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ဤ သင်ခန်းစာများကို ကြုံသလို ဖော်ထုတ်၍ ညွှန်ပြခဲ့ဘူးသည်-

- ဥပဒေသည် ဖြစ်နိုင်သရွေ့ မျှတရသည်၊ အများအကျိုးအတွက် ဖြစ်ရသည်။



- ဥပဒေကို လိုသည်ထက် ပို၍ မပြုလုပ်နှင့်။ ပိုလျှင် ရှုပ်တတ်သည်။ လူအများ မသိ နားမလည် ရှိတတ်သည်။
- ကိစ္စတရပ်အတွက် ဥပဒေအမျိုးမျိုး အထပ်ထပ် မလုပ်နှင့်။ တစုတစည်း ပြည့်စုံ ရှင်းလင်းစွာ ပြုစုပြဋ္ဌာန်းခြင်းက ပို၍ သင့်မြတ်သည်။
- ဥပဒေ ရေးရာတွင် ရှင်းလင်း လွယ်ကူပါစေ၊ ဥပဒေပညာရှင်များသာ နားလည်ပြီး လိုက်နာ ကျင့်သုံးရမည့် ပြည်သူအများ နားမလည်လျှင် အချိုးနှိုးဖြစ်တတ်သည်။ နားလည်သူ လူတစု ပြောသမျှနှင့် ပြီးနေရတတ်သည်။
- ဥပဒေ ရေးဆွဲလျှင် ပြည့်စုံပါစေ။ "စာရေးသူက သူ့ဝမ်းဗိုက် ထဲတွင် သူ သိနေလို့ မပြီး" ဖတ်မည့်သူ သဘောပေါက်ဖို့ အရေးကြီးသည်။
- ဥပဒေ များများပြုလုပ်၍ မည်သည့် ကိစ္စတွင် မည်သူ့ ခွင့်ပြုချက် ယူရမည်၊ မည်သည့်အဖွဲ့က စိစစ်၍ မည်သည့်အဖွဲ့ထံ တင်ရမည်၊ မည်သည့် ပုံစံမျိုးဖြင့် မည်သို့ လျှောက်ထား ရမည် စသည့် စည်းကမ်း လုပ်ထုံး၊ အဆင့် များလေလေ တကယ် လက်တွေ့တွင် ခက်ခဲကြန့်ကြာလေလေ မသမာသူတို့အတွက် စားပေါက်ဖြစ်လေလေ ဖြစ်သည်။
- ရှင်းလင်း ထင်ရှားသော ဥပဒေကို တိတိကျကျ လိုက်နာပါ။ လိုတမျိုး မလိုတမျိုး မျှော့ကြိုးလိုဆွဲ၍ အဓိပ္ပာယ် မကောက်နှင့်။ ကိုယ့်မှာ အာဏာရှိသည်ဟု ကိုယ်ကြိုက်သလို အဓိပ္ပာယ် မကောက်နှင့်၊ လုပ်ကိုင်လို့ မရ၊ လုက်

တွေ့ အခက်အခဲ ကြီးမားနေလျှင် လိုအပ်သလို ဥပဒေကို ပြင်ဆင်ရန် ဥပဒေပြု အာဏာပိုင်ထံ လုပ်ထုံးနှင့် အညီ ပွင့်လင်းစွာ တင်ပြ အဆုံးအဖြတ်ယူပါ။

ခေတ်သစ်နှင့် ခေတ်ဟောင်း မတူ။ မည်သည့် ခေတ်သစ် နိုင်ငံတွင် မဆို၊ နိုင်ငံတော်က ဝင်ရောက် တာဝန်ယူရသည့် လုပ်ငန်းတွေ များလာသည်။ လူ့အဖွဲ့အစည်းအတွက် ချမှတ်ရသည့် စည်းကမ်းတွေ များလာသည်။ များလာသည်နှင့်အမျှ ဥပဒေတွေ များလာရသည်။ သို့ရာတွင် လိုသည်ထက်မပိုအောင် ကြပ်မရမည်။ များမြောင်သော ဥပဒေတွေ အသက်ဝင်အောင် ဆောင်ရွက်ပေးရမည်။ မပြတ်မလပ် ထိန်းကွပ်ရသည်။ ဥပဒေဟူသည် မိမိကိုယ်ကို မိမိ အသက်သွင်းနိုင်သော သတ္တဝါမျိုး မဟုတ်၊ နိုင်ငံ အဖွဲ့အစည်းများနှင့် ပြည်သူတို့က ပေးသည့် အင်အားကို မှီခို အားထားရသည်။

ကျွန်တော်တို့ငယ်ရွယ်စဉ်က အငြိမ့်ပွဲ လူပျက်များ ရွတ်ဆိုတာ ကြားဖူးသည်– "ကြောက်တတ်တဲ့ အမျိုးပါဗျာ၊ ဥပဒေတွေ နောက်ထပ် မတိုးပါနဲ့၊ သူအမေ...." အဆုံးသတ်ကို မေ့နေသည်။ လူကြီးသူမများကို မေးဦးမှ။

## ၆

ဥပဒေ ရေးဆွဲလျှင် အများ နားလည်အောင် ရေးဖို့ လိုသည်။ ထို့အတူ ဥပဒေဖတ်လျှင် အနှစ်သာရ၊ ရည်ရွယ်ချက် အကြောင်းအကျိုး သဘောပေါက်ဖို့က အဓိက ဖြစ်သည်။



အကြောင်း ရှိ၍ အကျိုး တစုံတရာကို မျှော်ကိုး၍ ဥပဒေတရပ်ကို ပြဋ္ဌာန်းသည်ဟု မှတ်အပ်သည်။ ဥပဒေကို သာမန်အားဖြင့် အပျင်းပြေ ပြဋ္ဌာန်းသည် မဟုတ်။ သို့ရာတွင် အချို့ အာဏာပိုင်များတွင် အယူအဆ အကျင့်တခု ရှိတတ်သည်။ အရေး တစုံတရာ ပေါ်လာလျှင် ဥပဒေ ပြဋ္ဌာန်း လိုက်မည်၊ ပြဋ္ဌာန်းပြီးလျှင် တာဝန်ကျေသည်ဟု မှတ်သည်။ ဤအယူအဆသည် မမှန်တတ်ချေ။ ဥပဒေဟူသည် အစတွင် စာရွက်ပေါ်က စကားလုံးများသာ ဖြစ်သည်။ သူတို့ သက်ဝင် လှုပ်ရှားလာအောင် ဆောင်ရွက်၊ စောင့်ထိန်း၊ ကျင့်သုံးကြရသည်။ ယင်းသို့ မလုပ်နိုင်လျှင် စာရွက်ပေါ်က စကားလုံးအဖြစ် အစပျိုးခဲ့သော ဥပဒေသည် စာရွက်ပေါ်က စကားလုံးအဖြစ် ဘဝဆုံးတတ်သည်။

ဥပဒေ ဖတ်ရာတွင် အနှစ်သာရ မိအောင် ဖတ်ဖို့လိုသည်။ သဘောရိုးဖြင့် ဖတ်အပ်သည်။ ကိုယ်လိုရာကို ဆွဲယူဖို့ မဖတ်သင့်။ ယင်းသို့ ဖတ်လျှင် အဂတိပါသည်။ ရှင်းသော ဥပဒေကို ရှုပ်အောင် မဖတ်သင့်။ ဥပဒေဆိုလျှင် ခက်မှ။ ထို့ကြောင့် ရှင်းလင်းနေလျှင် ဖုံးဖိထားတာ၊ ကွယ်ဝှက်ထားတာ ရှိရဦးမည်ဟု ရှာမနေသင့်။ စကားပြေကို စကားပြေအဖြစ်၊ ရှင်းလင်းတာကို ရှင်းလင်းတာအဖြစ် ဖတ်သင့်သည်။

ပုဒ်မ၊ ပုဒ်ခွဲ၊ ဥပဒေစကားလုံးတွေကို ကြည့်၍ ကြောက်နေရန် မလို။ ဥပဒေတရပ်လုံးကို ခြုံငုံဖတ်ရှုပြီး ဘာကို ဆိုသည်။ ဘာတာဝန်၊ ဘာရပိုင်ခွင့်တွေကို ဖန်တီးသည်၊ ဘာလုပ်ရမည်။ ဘာမလုပ်ရ၊ လုပ်ရမည့်ကို မလုပ်လျှင်၊ မလုပ်ရမည်ကို လုပ်

လျှင်၊ ဘာဖြစ်မည်ကို နားလည် သဘောပေါက်အောင် ဖတ်ဖို့ မှတ်ဖို့က အဓိက ဖြစ်သည်။

အင်္ဂလိပ်အစိုးရခေတ်က ဥပဒေ ရေးသူများသည် စကားလုံး ကြီးကြီးများကို ကြိုက်တတ်သည်၊ စာကြောင်းရှည်ရှည် ရေးတတ်သည်။ စာတကြောင်းကို စာတပိုဒ်၊ တမျက်နှာ ဖြစ်အောင် ရှည်လျားစွာ ရေးနိုင်မှ ကျေနပ်ကြသည်။ သူတို့ဥပဒေ ဖတ်ရသည်မှာ ခေတ်ဟောင်းက သာရေး နာရေး ကြော်ငြာ ဖတ်ရသည်နှင့် တူသည်။ ကြော်ငြာတခုလုံး၊ ဆွေမျိုး၊ ဘွဲ့ထူး၊ ဂုဏ်ထူး အကုန်စုပြုံ၍ ထည့်ထားသဖြင့် အစအဆုံး ဖတ်လို့ ဘယ်သူနှင့်ဘယ်သူ ထိမ်းမြားသည်၊ ဘယ်သူ တိမ်းပါးသည်ကို မသိရ၊ အထပ်ထပ် ဖတ်မှ ရေးရေးပေါ်သည်။ ထိုခေတ်က ပညာရှင်တွေ ရေးသော ဥပဒေများ ထယ်ဝါ ခန့်ငြားပါ၏။ သို့ရာတွင် သူတို့သာ နားလည်ကြသည်။ နားမလည်သူတွေက သူတို့ကို ဆည်းကပ်ကြရသဖြင့် သူတို့ တန်ဖိုးတက်ကြသည်။ သူတို့ အဓိပ္ပာယ်ပြန်သလို ခံကြရသည်။ သူတို့ ကောင်းစားဖို့ ဥပဒေ ဖြစ်သည်။

ထို့ကြောင့် ဥပဒေရေးလျှင် စကားလွယ်လွယ် ရှင်းရှင်းကို စာကြောင်းတိုတို ဖြတ်၍ ရေးဖို့ လိုသည်။ အကြောင်းအကျိုးကို နိဒါန်းတွင် ဖော်ပြရမည် ဆိုလျှင်လည်း ရည်ရွယ်ချက်ကို သဘောပေါက်အောင် လိုသလောက်သာ တိုတို ဖော်ပြသင့်သည်။ ဥဒါန်းကျူးရင့်တာ၊ ပြောဟောတာ များသွားလျှင် တရားဥပဒေနှင့်မဟုတ် တရားဟောတာနှင့်သာ တူနေတတ်သည်။ နိဒါန်းနှင့် စာကိုယ် ကွဲလွဲချက် အနည်းနှင့်အများ ဝင်သွားတတ်သည်။ ကွဲလွဲနေလျှင် နိဒါန်းသည် ဥပဒေမဟုတ်ပါ၊ စာ



ကိုယ်ပါ ပုဒ်မကြီးငယ်ကသာ ဥပဒေဖြစ်ပါသည်ဟု ကိုယ့်ဥပဒေကိုယ် ရှင်းနေ၊ ငြင်းနေရတတ်သည်။

ဒွိဟကင်း အငြင်းမပွားရသော ဥပဒေမျိုးသာလျှင် ထက်မြက်သည်။

ဝိနည်းတော်များ၊ သုတ္တန်ဒေသနာများ၊ နိပါတ်၊ နီတိ၊ ဋီပနီကျမ်းများ၊ ဓမ္မသတ် ရာဇသတ်များကို ဖတ်ကြည့်လျှင် နက်နဲသိမ်မွေ့သော ဘာသာရပ်တို့၏ လိုရင်းကို တိုတိုနှင့်ထိထိ မိမိ ရေးနိုင်သည်ကို တွေ့ရသည်။

မြန်မာ့ယဉ်ကျေးမှု ရာဇဝင်ဆက်ရှည်ခဲ့ပါသည်။ မြန်မာတို့ အတွေ့အကြုံ စုံပါသည်၊ ဝေါဟာရ ရှိပါသည်။ နောက်ပိုင်း သူ့အောက်ရောက်၍ ကိုယ့်ယဉ်ကျေးမှု၊ သမိုင်းစဉ်လာ၊ စာပေ၊ ကျမ်းဂန်ကို လစ်လျူရှုကာ အင်္ဂလိပ်ယဉ်ကျေးမှုသမိုင်း၊ စာပေကို အလေးပြုခဲ့ကြရသည်။ အင်္ဂလိပ် အတွေးအခေါ်ကို မမှီမကမ်းတွေး၍ မြန်မာလို မပီ့တပီ ပြန်ဆိုကြရသည်။ ထိုအခါမှ မြန်မာ့စနစ်ပျက် စကားပျောက်ရသည်။

အင်္ဂလိပ် ယဉ်ကျေးမှု၊ စာပေ၊ အတွေး အခေါ်သည် မကောင်းဟု မဆိုပါ။ သူ့နိုင်ငံ သူ့အခြေအနေ သူ့လူမျိုးအတွက် သင့်မြတ်လို့သာ ထွန်းကားပါသည်။ သူတို့သည်လည်း ရာဇဝင်နှင့် နိုင်ငံကြီး ဖြစ်ပါသည်။ သို့ရာတွင် အခြေအနေ၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှု မတူသော မြန်မာနိုင်ငံသို့ သူတို့ ယဉ်ကျေးမှု၊ ဓလေ့၊ တရားဥပဒေကို တိုက်ရိုက် သွင်းယူ ကျင့်သုံးခြင်းက အမှား ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးနောက်၌ပင် သိမ်မွေ့သော တရားဥပဒေ ပြဿနာ ပေါ်လျှင် အင်္ဂလန်၊ အိန္ဒိယ တရားရုံးချုပ်များက

ချမှတ်သော စီရင်ထုံးများကို မြန်မာ့တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်တို့က လိုက်နာ ကျင့်သုံး ခဲ့ကြသေးသည်။ ဗိုလ်ချုပ်အောင်ဆန်း နှင့် မြန်မာ ခေါင်းဆောင်တွေ ဝိုင်း၍ ရေးခဲ့ကြသော အခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရန် ပေါ်ပေါက်သောအခါများ၌ပင် မြန်မာနိုင်ငံ တရားလွှတ်တော်ချုပ်က အင်္ဂလန်၊ အမေရိကန် စသော နိုင်ငံခြားများမှ တရားရုံးချုပ်များက အနှစ် နှစ်ရာကျော် သုံးရာခန့်က ချမှတ်ခဲ့သော စီရင်ထုံးများကို လေးစားစွာ ကိုးကား လိုက်နာခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း တို့ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဘာတွေဆွေးနွေး၊ ဘာကို ရည်ရွယ်၍ ရေးခဲ့ကြသည်ကို မလေ့လာ၊ မစဉ်းစား၊ တိုင်းပြုပြည်ပြုလွှတ်တော်တွင်း ဆွေးနွေးချက်များ၊အခြေခံဥပဒေရေးဆွဲရေးကော်မီတီများ၏ ဆွေးနွေးချက်များသည် မဆိုင်၊ ဥပဒေ မဟုတ်၊ စီရင်ထုံးမဟုတ်။ နိုင်ငံခြားစီရင်ထုံးများကိုသာ လေးစားစွာ လေ့လာ ကိုးကား လိုက်နာအပ်သည်ဟု ယူဆခဲ့ကြသည်။

ဤသို့ ဆိုခြင်းဖြင့် ဥပဒေ ပညာရှင်ကြီးများကို ဝေဖန်ပြစ်တင်သည် မဟုတ်ပါ။ အင်္ဂလိပ်တို့ စိုးမိုးခဲ့သဖြင့် သူတို့စနစ် သူတို့ ဥပဒေ၊ သူတို့ ထုံးတမ်းကို လိုက်နာ ကျင့်သုံးခဲ့ကြရာမှ အကျင့်ပါလာကြခြင်းကိုသာ ပြပါသည်။ ကျွန်တော်တို့လည်း ထိုအကျင့် အတော်အတန် ပါခဲ့ပါသည်။

အကျင့်တခုကို အတော်ဖျောက်ရပါသည်။ အကျင့်ကောင်း တွေ့ရှိရန် ဆိုလျှင်လည်း အတော်မွေးမြူ မျိုးထောင်ရပါသည်။



နိုင်ငံရေး လွတ်လပ်ပြီ ဆိုကာမျှနှင့် စိတ်၊ အတွေးအခေါ်၊ အလေ့ အကျင့်များ အလို အလျောက် လွတ်လပ် ကြသည် မဟုတ်ပါ။

အတွေးအခေါ် တော်လှန်ရေးသည် အဓိက ကျသည်ဟု ဗိုလ်ချုပ်ကြီးနေဝင်း က တော်လှန်ရေးကောင်စီ တက်ခါစမှ စ၍ လမ်းညွှန်ခဲ့ပါသည်။ အရာရာတွင် မြန်မာ့ ပကတိအခြေအနေကို ရှေ့ထားကာ မြန်မာလို တွေး၊ မြန်မာလို ရေးပါဟု လည်း အကြိမ်ကြိမ် မှာသည်။

ထို့ကြောင့် မြန်မာ့ရာဇဝင် ဖြစ်ရပ်မှန်တို့ကို ဖော်ထုတ်ကြသည်။ ဇာတ်၊ နိပါတ်တော်များမှ မှတ်သား သင်ခန်းစာယူစရာတို့ကို လူငယ်များအဖို့ ရှာဖွေကြသည်။ တိမ်ကောပျောက်ကွယ်လုလု မြန်မာ့ ယဉ်ကျေးမှု အနုပညာများကို ပြန်လည်မျိုးထောင် အားပေးကြသည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် ခေတ်မီ၍ မြန်မာ့ရိုးရာနှင့် ကိုက်ညီမည့် နည်းစနစ်တို့ကို စမ်းသပ်ကြသည်။ ဤသို့ ပြုကြခြင်းသည် နောက်သို့ ပြန်ခြင်း မဟုတ်၊ မြန်မာ့ဇာတိ၊ မြန်မာ့ အားအင်အစစ်ကို အားပြုကာ ရှေ့သို့ တက်လှမ်းခြင်း ဖြစ်သည်။

ပြည်သူ့ တရား စီရင်ရေးသည် ယင်းသို့ တက်လှမ်းခြင်း တရပ် ဖြစ်သည်။

---

"ဥပဒေလုပ်တယ်ဆိုတာဟာ အကြက်စီးရတဲ့လူတန်းစားက သူ့အခွင့်အရေးကို ကာကွယ်ဖို့ အမြဲ လုပ်ထားတာ ဖြစ်တယ်။ နေရှင်ပါလီမန်မှာ နေရှင်ဥပဒေတွေကို သူတို့အကျိုး ကာကွယ်ဖို့ သူတို့ လုပ်ထား

တယ်။ မဟုတ်ရင် ဖျက်၊ ဒီပြင်တနည်းနဲ့ ပြန်လှည့်လုပ်၊ ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ ကျွန်တော်တို့ လုပ်တဲ့ ဥပဒေဟာ မျှတစေချင်တယ်။ သို့ပေမယ့်လဲ အခု ကျွန်တော်တို့ ထုတ်ထားတဲ့ ဆိုရှယ်လစ် စီးပွားရေး ကာကွယ်တဲ့ ဥပဒေတွေ၊လယ်သမား ကာကွယ်တဲ့ ဥပဒေ၊ အလုပ်သမား ကာကွယ်တဲ့ ဥပဒေတွေ ကျွန်တော်တို့လဲ ဟဖက်ကို သာသာထိုးထိုးလေး လုပ်ထားတယ်။ ဒါ ဘာဖြစ်လို့ လုပ်ရတာလဲဆိုတော့ အခြေအနေက ဒါမလုပ်လို့ မဖြစ်ဖူး။ ကျွန်တော်တို့ စေတနာမှာတော့ မျှတစေချင်တယ်။ မျှတချင်ပေမယ့် မျှတလို့ မရသေးဘူး။ သူက အစိုင်အခဲနဲ့ အထက်က ရှိနေတယ်။''

ဗိုလ်ချုပ်ကြီးနေဝင်း
ပထမအကြိမ်ပါတီနှီးနှောဖလှယ်ပွဲ
နိဂုံးချုပ်မိန့်ခွန်း
၁၀-၁၂-၁၉၆၅။

## ၂၂။ ပြည်သူ့တရားစီရင်ရေး

[၁၉၇၅ ခုနှစ် အလယ်၊ ပြည်သူ့တရားစီရင်ရေးကို ကျယ်ပြန့်စွာ ဖော်ထုတ် စုံစမ်းသပ်ရာတွင် စာရေးသူသည် တရားရေးဝန်ကြီးအဖြစ် ''ရာဇဝတ် တရားစီရင်ရေးစာစောင် ၁'' တွင် အောက်ပါ အတိုင်း အမှာစာ ရေးခဲ့သည်။စာစောင် စောင်ရေသုံးသောင်းကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ကော်ပိုရေးရှင်းက ထုတ်ဝေ ဖြန့်ဖြူးခဲ့သည်။]

၁

ပြည်သူ့ရေးရာ ပြည်သူစီမံခန့်ခွဲ၍ ပြည်သူ့တရား ပြည်သူ စီရင်ရမည်။ သို့မှသာ ဥစ္စာရှင်လို ဥစ္စာရှင်ခဲ ပြည်သူ့အကျိုးကို ပြည်သူတို့ အစွမ်းကုန် ဖြစ်ထွန်းစေနိုင်ကြလိမ့်မည်။ အဆင့်ဆင့်တွင် ပြည်သူတို့ကိုယ်တိုင် တိုက်ရိုက်ပါဝင်၍ အဆုံးအဖြတ်ပေးသော ပြည်သူ့အချုပ်အချာ အာဏာစနစ်ကို ဦးတည်ကြရမည်ဟု ဗိုလ်ချုပ်ကြီးနေဝင်းသည် တော်လှန်ရေးကောင်စီပေါ်လာသည်မှ မကြာခဏ လမ်းညွှန်ခဲ့ပါသည်။

လွတ်လပ်သော မြန်မာနိုင်ငံ၏ ပိသုကာ ဗိုလ်ချုပ်အောင်ဆန်းကလည်း ယင်းသို့ပင် လမ်းပြခဲ့ပေသည်။အဓိကကျသော နိုင်ငံတော် အာဏာတရပ် ဖြစ်သည့် တရားစီရင်ရေး

အာဏာနှင့် ပတ်သက်၍လည်း ပြည်သူ့အကျိုးအတွက် တရားစီရင်ရေးအာဏာကို ပြည်သူက ကိုင်တွယ်သုံးစွဲသည့် ပြည်သူ့တရားရုံးစနစ်ကို တည်ဆောက်ကြရမည်ဟု မူတရပ် ချမှတ်ခဲ့ပေသည်။

ပြည်သူ့တရားစီရင်ရေး စနစ်၏ အနှစ်သာရသည် ပြည်သူတို့၏ ရေးခင်းကိစ္စတို့ကို ပြည်သူတို့ကိုယ်တိုင် ပါဝင်ကြသောအဖွဲ့က ဥပဒေ၊ ထုံးတမ်းနှင့်အကိုက်အညီ ညီညွတ်စွာ ညှိနှိုင်းကြ၍ မျှတစွာ ဆုံးဖြတ်စီရင်ခြင်း ဖြစ်ပေသည်။ ရပ်ရွာအခြေအနေကို ရပ်ရွာသူ ရပ်ရွာသားများက ပိုမို သိကျွမ်းသည်။ ရပ်ရွာရေးခင်း ကိစ္စကို ရပ်ရွာလူကြီးများက ပိုမို မှန်ကန်စွာ ဆုံးဖြတ်နိုင်သည်။ ဖြစ်နိုင်က ငြိမ်းချမ်းကျေအေးစေနိုင်သည်။ သင့်တော်သော လူကြီးများကို တရားစီရင်ရေးအာဏာ အပ်နှင်းထားလျှင် လူကြီးများက ခုံဖြင့် ရေးခင်းကိစ္စကို စီရင်ပေးနိုင်မည်၊ ဖြန်ဖြေပေးနိုင်မည်။ ပြည်သူ့တရားခုံ အဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်တို့ကို ရပ်ရွာက ပိုမို၍ နားလည် လက်ခံနိုင်မည်။ ပုဂ္ဂိုလ်ခင်မှ တရားမင်သည်။

ရပ်ရွာမှ ရွေးချယ်သော ပြည်သူ့တရားသူကြီးများသည် အချိန်ပြည့် အမြဲတမ်း တရားသူကြီးများ မဟုတ်ကြပါ။ ကိုယ့်လယ်ယာကိုယ် ထွန်ယက်နေမည့် လယ်သမားဦးကြီး၊ ကိုယ့်အလုပ်ခွင်ကိုယ် သွားရောက်နေမည့် အလုပ်သမား ဦးကြီး၊ ပရိယတ် ဝါသနာထုံသော စေတနာရှင်များ ပါဝင်ကြပါမည်။ ရပ်ရွာတွင် အမှုပေါ်ပေါက်လာမှ တာဝန်အလှည့်ကျနေသော ပြည်သူ့တရားသူကြီးများကို ဖိတ်ခေါ်၍ ရုံးထိုင်စေရန် ဖြစ်ပါသည်။ အလှည့်ကျအဖွဲ့ဖြင့် ရုံးထိုင်ရမည်ဖြစ်သဖြင့် မည်သည့်



ရုံးသို့ မည်သည့်အမှုကို တင်ပို့သည်၊ ဘက်လိုက်သည် စသည့် သံသယ ဝင်ရန် မရှိပါ။ ပြည်သူ့တရားသူကြီး များကလည်း ရပ်ရွာအကျိုးကို ရှေးရှု၍ မှန်ကန် မျှတစွာ တရားစီရင်ကြဖွယ်ရှိပါသည်။ တဖက်သတ် စီရင်လျှင် ရုံးထိုင်ပြီး၍ ရပ်ရွာထဲသို့ ပြန်ကြသောအခါ၊ လယ်ယာ၊ အလုပ်ခွင်သို့ ဆင်းကြသောအခါ၊ ရပ်ဆွေရပ်မျိုး လုပ်ဖော်ကိုင်ဖက်များကို မျက်နှာချင်းဆိုင်နိုင်ဖွယ်ရာ မရှိပါ။ ယင်းအချက်ကပင်လျှင် အဂတိတရားကို ထိရောက် ဖယ်ရှားစေမည်ဟု မျှော်လင့်နိုင်ပါသည်။

ရပ်ကွက်တွေပေါင်းလျှင် မြို့ဖြစ်သည်။ ရွာတွေ ပေါင်းလျှင် ကျေးရွာအုပ်စု ဖြစ်သည်။ ရပ်ကွက်တွေ ရွာတွေ ပေါင်းလျှင် မြို့နယ်ဖြစ်သည်။ မြို့နယ်တွေ ပေါင်းလျှင် ပြည်နယ်၊ တိုင်း ဖြစ်သည်။ ပြည်နယ်၊ တိုင်းတွေ ပေါင်းလျှင် ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ ထို့ကြောင့် အခြေခံသည် ရပ်ကွက်၊ ကျေးရွာဖြစ်သည်။ ပြည်သူတွေ လုပ်ကိုင် နေထိုင် စားသောက်နေကြသည်မှာ ရပ်ကွက်တွင် ဖြစ်သည်၊ ရွာတွင် ဖြစ်သည်။ မှုခင်းပဋိပက္ခဖြစ်လျှင်လည်း ရပ်ကွက်မှာ ဖြစ်သည်၊ ရွာမှာ ဖြစ်သည်။ ရပ်ကွက်နှင့်ရွာနှင့် ကင်း၍ ဖြစ်ခဲသည်။ ထို့ကြောင့် မှုခင်းများကို ရပ်ကွက်တွင်၊ ရွာတွင်၊ မြို့နယ်တွင် ပြည်သူ့တရားရုံးများက မြန်မြန် မျှမျှတတ ပြီးပြီးပြတ်ပြတ် စစ်ဆေး ဆုံးဖြတ်နိုင်လျှင် မြန်မြန် ရန်ပြေသည်၊ ရပ်ရွာ စည်းလုံး အေးချမ်းသည်။ ကာယကံရှင်များလည်း အလုပ်မပျက်၊ သက်သေလိုက်သူများသည်း အလုပ်မပျက်၊ စိုက်ပျိုးရေး၊ ထုတ်လုပ်ရေး အင်အားများလည်း မလျော့ပါ။ ရပ်ရွာစီးပွား၊ နိုင်ငံစီးပွားကိုလည်း မထိပါ။

## ၂

တရားစီရင်ရေးဖြင့် ရပ်ရွာနိုင်ငံ၏ စည်းလုံးချမ်းသာရေးကို ဖြစ်စေရမည် ဟူသော ရည်မှန်းချက်ဖြင့် ကျွန်ုပ်တော်၏ နှောင်တော် တရားရေးဌာနဝန်ကြီးများ ဖြစ်ကြသော ပိုလ်မှူးကြီး ကျော်စိုး၊ ပိုလ်မှူးကြီး သန်းစိန်တို့က စည်းရုံးဆောင်ရွက်ခဲ့ကြသည်။ တရားရေး ဝန်ထမ်းများသည် ယင်း မှန်မြတ်သော လုပ်ငန်းတွင် စည်းရုံးရေးမှူးများ ဖြစ်အပ်သည်ဟူ၍လည်း ဆိုခဲ့ကြသည်။

ပြည်သူ့ တရားစီရင်ရေးတွင် တရားရေးဝန်ထမ်းများ၏ တာဝန်သည် သိမ်ငယ်မည် မဟုတ်ပါ။ ပို၍ပင် ကျယ်ပြန့်ပါဦးမည်။ ပြည်သူ့တရားရုံးကို အထောက်အကူပြုခြင်း၊ ဥပဒေကို ရှင်းလင်းပြခြင်း၊ အမှုကို မြန်မြန် မရွှေ့မဆိုင်း စစ်ဆေးစီရင်နိုင်ရန် အသင့်ပြင်ခြင်း၊ စီမံခြင်း၊ ပြည်သူ့တရားရုံး၏ ဆုံးဖြတ်ချက်ကို ဆောင်ရွက်ခြင်း စသော များလှစွာသော တာဝန်တို့သည် လေ့လာဖတ်ရှုသော၊ တီထွင် စည်းရုံးတတ်သော၊ ဆက်ဆံရေး ပြေပြစ် အတတ်ရှိနည်းပါး၍ ဖွဲ့လုံ့လ ကြီးမားသော တရားရေး ဝန်ထမ်းများအဖို့ မကုန်နိုင်သော လုပ်ငန်းလုပ်ကွက်များ ဖြစ်ပေသည်။

ပြည်သူ့ တရားသူကြီးများက ဆုံးဖြတ်မည်။ ပြည်နယ်တိုင်း၊ မြို့နယ်တွင် အခြေစိုက်သည့် တရားရေး ဝန်ထမ်းက ဆောင်ရွက်မည်။ ဆုံးဖြတ်သူများ၊ ဆောင်ရွက်သူများသည် အတွေ့အကြုံဗဟုသုတ ပညာ ဝီရိယအား ပေါင်း၍ ညီညွတ်စွာ လုပ်ကိုင်ကြသည်နှင့်အမျှ စနစ်သည် အောင်မြင်မည် ဖြစ်



ပေသည်။ အဆုံးအဖြတ်ပေးမည့် ပြည်သူ့တရားသူကြီးများက တရားရေးဝန်ထမ်းကို အထင်ကြီးရန်လည်း မလို၊ အထင်သေးရန်လည်း မဟုတ်၊ သူ့အခန်း သူ့တာဝန်နှင့် လုပ်ငန်းတူ လုပ်ကိုင်ကြသော ရဲဘော်များအဖြစ် မြင်တတ်ရန်၊ တာဝန်ပေးတတ်ရန် လိုပါသည်။ ဝန်ထမ်းများထဲတွင်လည်း စေတနာမှန်သူများ ရှိကြသည်ဟု တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး ကြုံကြိုက်သလို မိန့်ဆိုဖူးပါသည်။ ဝန်ထမ်းများသည်လည်း ပြည်သူများပင် ဖြစ်ကြပါသည်။ ဤမြေတွင် ပေါက်၍ ဤရေကို သောက်ကြသူတွေ ဖြစ်ကြပါသည်။

တရားရေး ဝန်ထမ်းများကလည်း ပြည်သူ့ တရားသူကြီးများသည် တက္ကသိုလ်ဘွဲ့ ရှိကြသူတွေ မဟုတ်၊ ဥပဒေဝိဇ္ဇာတွေ မဟုတ်။ ထို့ကြောင့် သိမ်မွေ့ နက်နဲ ခက်ခဲသော တရားကို စီရင်နိုင်စွမ်းမည် မဟုတ်ဟု ထင်မြင်ရန် မဟုတ်ပါချေ။ စနစ်သစ်ဆို၍သာ စမ်းသပ်ရမည်၊ အောင်မြင်မည် မဟုတ်။ တနေ့တွင် တရားစီရင်ရေးအာဏာ ဒို့ထံ တပတ်လှည့်လာလိမ့်မည်ဟု မှတ်ယူမျှော်လင့်ရန် မရှိ။

တရားစီရင်ရေးဟူသည် အမှန်အမှားကို ခွဲခြားဝေဖန်၍ မှန်ကန်မျှတမှုကို ဖြစ်စေခြင်း ဖြစ်သည်။ မိဖလုပ်သူတိုင်း နေ့စဉ်နှင့်အမျှ သားသမီးများက အချင်းချင်း အငြင်းပွား၍ တိုင်တန်းလာသော အမှုတို့ကို စစ်ဆေး ဆုံးဖြတ်ပေးရသည်။ ဖခင်နှင့် မိခင်တို့ကိုယ်တိုင်လည်း အငြင်းပွားဖူးကြသည်။ အိမ်တွင်းတွင် အမှုဆိုင်၍ စုပ်စုပ် ခုခံချေပ လျှောက်လဲ ဖူးကြသည်။ ဤကား အမှန်၊ ဤကား အမှား ဟူ၍ ခွဲခြား ဆုံးဖြတ်ရသည်မှာ ငယ်ရွယ်စဉ်က စ၍ အိုမင်းသည်အထိ ဖြစ်သည်။

ဤသို့ သဘာဝအားဖြင့်တတ်သိ ဆည်းပူးလာခဲ့ကြရသော
ပညာဗဟုသုတတွင် တရားရေးဝန်ထမ်းများက ဥပဒေလုပ်ထုံး
သတ်မှတ်ချက် အသိဖြင့် ဖြည့်ပေးလျှင် ပြည်သူ့ တရားသူကြီး
များသည် ခေတ်ပေါ် ပြဿနာများ ပေါ်တွင်လည်း တရား
စီရင်နိုင်ရမည်သာ ဖြစ်ပေသည်။

၄

ပြည်သူတို့ ပါဝင်၍ တရားစီရင်ခြင်းသည် မြန်မာ့ရိုးရာနှင့်
လည်း ကိုက်ညီပါသည်။ မြန်မာ့သမိုင်းစဉ်တွင် ဘုရင်၊ အိမ်ရှေ့၊
ဝန်ကြီးများသည် နေပြည်တော်တွင် လွှတ်တော်စုညီ ခုံရုံးဖွဲ့၍
တရားစီရင်ကြသည်။ အယူခံများကို ကြားနာကြသည်။ ဤ
လွှတ်တော်ပင်လျှင် နိုင်ငံ၏ စီးပွားရေး၊ လုံခြုံရေး၊ နိုင်ငံခြား
ဆက်သွယ်ရေး စသော ကိစ္စကြီးများကို ဆွေးနွေး ဆုံးဖြတ်ကြ
သည်။ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ကြီးများက တဖွဲ့၊ တရားစီရင်
ရေးဆိုင်ရာ ဝန်ကြီးများက တလွှတ်တော် ဟူ၍ ခွဲခြားမထား
ကြ။ အတူ ညှိနှိုင်းတိုင်ပင်၍ မျှတအောင် ဆောင်ရွက်ကြသည်။
နေပြည်တော် တွင်သာ မကသေး၊ နယ်ပယ် များတွင် လည်း
ကောင်း၊ ကျေးရွာများတွင်လည်းကောင်း ယင်းသို့ပင် ညှိနှိုင်း
တိုင်ပင်၍ တရားစီရင်ကြသည်။ သီလ သမာဓိ ရှိ၍ အများ
လေးစားသော ပုဂ္ဂိုလ်များကို ခုံတော်ခန့်၍ တရားစီရင်စေ
သည်။ ဖြန်ဖြေရေး ခုံများဖြင့်လည်း အရေးအခင်းတို့ကို အေး
ငြိမ်းစေသည်။ ရပ်ရွာကိစ္စ ရပ်ရွာတွင် ပြီးပြတ်သည်သာ များ
သည်။ နှစ်ဖက် လဖက်စားပြီး တရားငြိမ်းအေးသည်သာ များ



သည်။ မြန်မာတို့သည် ရုံးတက်၍ တရားဆိုင်သော ဝါသနာ
မပါကြချေ။ အေးချမ်းစွာ နေလိုကြသည်။ သောကညှာ၍တတ်
သည်၊ အားနာတတ်သည်။ တရားရုံးတွင် ကျမ်းကြီး ကိုင်၍
အနိုင်အရှုံး တဖက်ကို တဖက် နစ်နစ်နာနာ ပြောဆိုတတ်လာ
ကြသည်မှာ အင်္ဂလိပ်တွေ ဖွဲ့စည်းသော ရုံးများ၊ အယူခံ
အဆင့်ဆင့်များ၊ ၎င်းတို့ ပြဋ္ဌာန်းသော ဥပဒေများ၊ လုပ်ထုံး
များ၊ ၎င်းတို့ အားပေးသော နိုင်ငံခြားသား ရှေ့နေများ
ရောက်လာကြမှ ဖြစ်သည်ဟု အင်္ဂလိပ် ရာဇဝင်ဆရာကြီးတဦး
ကပင် ရေးသား ဝေဖန်ဖူးပါသည်။

အင်္ဂလိပ်တို့ မြန်မာပြည်သို့ ယူဆောင်လာသော စနစ်သည်
သူတို့နိုင်ငံတွင် သူတို့ကျင့်သုံးသော စနစ်နှင့် အရာရာတွင် တူ
သည် မဟုတ်၊ အနှစ်သာရတွင် ကွဲလွဲခြင်းများ ရှိသည်။ လုပ်ပုံ
လုပ်နည်း ကွဲလွဲခြင်းများလည်း ရှိသည်။ သူတို့ နိုင်ငံတွင်
အောက်ခြေမှ အထက်ဆုံးအထိ ပြည်သူတွေ ပါဝင်၍ တရား
စီရင်ရသည်။ အခြေခံတရားရုံးများတွင် အကျိုးဆောင် တရား
သူကြီး ( ဝါ ) ပြည်သူ့တရားသူကြီးများဖြင့်သာ စီရင်သည်
များ၏။ အမှုကြီးများတွင် အချိန်ပြည့် ဥပဒေသမား တရား
သူကြီး ပါလာ၍ အကျိုးဆောင်တရားသူကြီးများနှင့် ယှဉ်တွဲ၍
တရား စီရင်သည်လည်း ရှိ၏။ ပြည်သူ့ ဂျူရီလူကြီးများဖြင့်
စီရင်သည်လည်း ရှိ၏။ ဂျူရီ ပါလျှင် အမှန် အမှား၊ အဖြစ်
အပျက် ဟုတ်၏ မဟုတ်၏ ကို ဂျူရီများကသာ ဆုံးဖြတ်သည်။
ဥပဒေသမား တရားသူကြီးက ဂျူရီလူကြီးတို့၏ ဆုံးဖြတ်ချက်
အတိုင်း ဆောင်ရွက်ပေးသည်။

အင်္ဂလန်တွင် အမြင့်ဆုံး အယူခံအဖွဲ့သည် ပါလီမန်၏
အထက်လွှတ်တော်တွင် တည်သည်။ တရားရေး ဝန်ကြီးသည်
ဝန်ကြီးအဖွဲ့တွင် ပါသည်၊ အမတ် ဖြစ်သည်။ အထက်လွှတ်
တော် သဘာပတိ၊ အယူခံအဖွဲ့၏ ဥက္ကဋ္ဌ၊ တရားရုံးချုပ်၏
သဘာပတိတဦး ဖြစ်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊
တရားစီရင်ရေး ဟူ၍ သီးသီးခြားခြား ထားသည် မဟုတ်။
ပေါင်းစပ် ညှိနှိုင်း ပေးခြင်းဖြင့် ညီညွတ်စေသည်။ အတူ
ပူးပေါင်း၍ ပြည်သူ့အကျိုးကို ဖြစ်စေသည်။ တဖွဲ့နှင့် တဖွဲ့
အာဏာပြိုင်ခြင်း နည်းပါးသည်။

မြန်မာပြည်ကို လာရောက်အုပ်ချုပ်သော အင်္ဂလိပ်အစိုးရ
သည် ပြည်သူကို တရားစီရင်ရေးတွင် ထိရောက်စွာ မပါဝင်
စေပါ။ အကျိုးဆောင်တရားသူကြီး အချို့ကို ဟိုမြို့ သည်မြို့
တွင် ခန့်ထား၍ အမှုအသေးဖွဲ့များကိုသာ စီရင်စေသည်။ ဂျူရီ
စနစ်ကိုလည်း ထိရောက်စွာ ဖော်ထုတ်ခြင်း မပြုခဲ့။ ဂျူရီ၊ အကျိုး
ဆောင် တရားသူကြီးတို့ကို အမှုတိုင်းတွင် ထည့်ရလျှင် အလုပ်
များသည်၊ ငွေကုန်ကြေးကျ များသည်။ ဖြစ်စေချင်သလို
မဖြစ်။ တဦးထိုင် လခစား တရားသူကြီးက ဩဇာ ညောင်း
သည်။ သူ့ ရာထူးတိုးတက်ရေး၊ နေရာပြောင်းရွှေ့ရေးနှင့်
ကိုင်လို့ရသည်။ တဦးထိုင်တွေသာ ထား၍ တရားစီရင်လျှင်
စရိတ်စက နည်းပါးသည်။ အင်္ဂလိပ်အစိုးရသည် အရှုံးအမြတ်
ကို တွက်တတ်သည်၊ အမိက ထားသည်။ ပြည်သူ့အား
အာဏာအပ်ရန် လာသူတွေ မဟုတ်ကြချေ။

အင်္ဂလိပ်တို့ တည်ထောင်ထားခဲ့သော တရားရုံးများသည်
အနိုင်အရှုံး ဆုံးဖြတ်ခြင်းကို ဦးတည်သည်။ အချင်းချင်း ကျေ



အေး၍ သင့်မြတ်မှုတရစေခြင်းကို ဦးတည်ချက် မထား။ တရုံး
တွင် ရှုံးက အယူခံအဆင့်ဆင့် ဝင်နိုင်သည်။ မခံချင်စိတ် ပြင်းပြ
လာသော အမှုသည်များအဖို့ ကမ်းကုန် လမ်းကုန် တက်ကြ
သည်။ အမေ့မှုကြီးများတွင် ဆိုလျှင် အင်္ဂလန်နိုင်ငံရှိ ပရိဗီ
ကောင်စီအထိ အယူခံဝင်ကြသည်။ စရိတ်စားသဖြင့် အမေ့ပုံ
ကုန်ခါမှ အမှုပြတ်တော့သည်လည်း ရှိခဲ့၏။ ထိုစနစ်သည်
တရားရုံးများကို ဖွံ့ဖြိုးစေသည်။ နာမည်ကြီး ရှေ့နေကြီးများကို
ကြီးပွားစေသည်။ တရားစီရင်ထုံး စာအုပ်ကြီးများကို ကြီးထွား
စေသည်။ ပြည်သူသည် တရားရုံးများအတွက် ဖြစ်ခဲ့သည်။
တရားရုံးများသည် ပြည်သူတို့အတွက် မဟုတ်ခဲ့ချေ။ စာအုပ်
ကြီးကြီး၊ အမှုတွဲ ထူထူများတွင် ပြည်သူ နစ်မြုပ်နေသည်၊
ပျောက်နေသည်။ အင်္ဂလိပ်တို့ ယူလာသော တရားစီရင်ရေး
စနစ်သည် မြန်မာနိုင်ငံနှင့် ဆီလျော်ခြင်း မရှိ။ ဟာကွက်တွေ၊
စကားလုံးအဓိပ္ပာယ် ဖွင့်ဆိုချက်တွေ များလွန်းသည်။ ဥပဒေ
ကို ချိုးဖောက်သော လူရည်လည်များကိုသာ အကျိုးပြုသည်
ဟု မြန်မာပညာရှိတဦးက ၁၉၂၂ ခုနှစ်တွင် မြန်မာပြည်
အုပ်ချုပ်ရေးယန္တရား ပြုပြင်ရေး ကော်မီတီသို့ အကြံပြုခဲ့ဘူး
သည်။

၄

တရားစီရင်ရေး မှန်ကန် မြန်ဆန်အောင် အမှု စုံစမ်းသော
ပြည်သူ့ရဲ၊ စွဲဆိုတင်ပို့သော ရဲအရာရှိ၊ အစိုးရရှေ့နေ၊ တရားခံ
ဖက် အကျိုးဆောင်၊ တရားသူကြီးအဖွဲ့တို့သည် အဂတိတပါး

ပါးသို့မှ မလိုက်ပဲ အမှန်ကို ဝိုင်း၍ ဖော်ထုတ်ကြဖို့ လိုသည်။ တဖက်တွင် ယင်း ပုဂ္ဂိုလ်တို့၏ စားဝတ်နေမှု မကြောင့်ကြရစေဖို့ လိုသကဲ့သို့ တဖက်တွင်လည်း မထိုက်တန်သော အခွင့်အရေး၊ အဖိုးအခ ရကြစေရန် မဟုတ်။ တရား စီရင်ရေးကို ပြည်သူတို့ နားလည် လက်ခံ ယုံကြည်စေအောင် ပူးပေါင်းဆောင်ရွက်အပ်ကြသည်ဟု တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး မိန့်ဆိုခဲ့ပါသည်။ ယခု ကျယ်ပြန့်စွာ ဖော်ထုတ်မည့် ပြည်သူ့တရားစီရင်ရေး စနစ်သည် ယင်း ပုဂ္ဂိုလ်များနှင့်တကွ ပြည်သူတို့ပါ ပူးပေါင်း လက်ဆက်ပေးလိုက်ခြင်း ဖြစ်ပါသည်။ အတူပူးပေါင်း လုပ်ဆောင်ကြသည်နှင့် အမျှ အောင်ရမည့်စနစ် ဖြစ်ပါသည်။

ပြည်သူ့ တရားစီရင်ရေး ဦးတည်ချက်နှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးစန်းယု ကလည်း အောက်ပါကဲ့သို့ မိန့်ဆိုခဲ့ဖူးပါသည်။

"တော်လှန်ရေးအစိုးရ တက်လာသည်နှင့် တပြိုင်နက် ခေတ်နှင့်မလျော်ကန်သော တရားဥပဒေများကို လျော်ကန်သင့်မြတ်အောင် ပြင်ဆင်ကျင့်သုံးခဲ့၏။တချိန်က ထိုတရားဥပဒေများက တဖက်စောင်း နင်းခဲ့သည်များသည်လည်း ရှိ၏။ လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို မျှော့ကြိုးကဲ့သို့ တင်းနိုင် လျှော့နိုင်သည် များလည်း ရှိ၏။ ထိုခေတ် ထိုအခါက တရားဥပဒေများမှာ ကြေးရည်တတ် လူတန်းစားများ၊ ငွေရှင် ကြေးရှင် နေရှင်များအတွက် တရားသော ဥပဒေများသာ ဖြစ်၍ မရှိ ဆင်းရဲသော ငွေကြေး မတတ်နိုင်သူ လူတန်းစား



များအတွက် တရားသော ဥပဒေ မဖြစ်ခဲ့ချေ။ ငွေရှင် ကြေးရှင် နေရှင်များသည် ထို ပစ္စည်း ဥစ္စာ နေကို အရင်းပြု၍ ရင်းနှီးပြီး မိမိတို့၏အမှု နိုင်စေခြင်းအလို့ငှာ သက်သေများကို ဝယ်နိုင်၏။ လာဘ်အလို့ငှာ ထိုးနိုင်၏။ အလွန်ကြီးလေးသော လူသတ်မှု ဖြစ်စေကာမူ ရုံးပြင်ကနား ရောက်ချိန်တွင် ကွင်းလုံးကျွတ် လွတ်၏။ အလားတူပင် အခြား အမှုအခင်း အားလုံးပင် ထိုနည်းနှင်နှင်နှင့် အောင်မြင်ကြ၏။ ဆင်းရဲသား တောင်သူလယ်သမားများနှင့် အလုပ်သမား လူတန်းစားများ အတွက်မူ တရားလို ဖြစ်ဖြစ်၊ တရားခံ ဖြစ်ဖြစ်၊ ၎င်းတို့အတွက်မှာ မြော်လင့်ချက် မရှိခဲ့ကြ။ ဖက်ပေါ်ဆူးကျလျှင် ဖက်ပေါက်သည့် ဘဝမျိုးတွင်သာလျှင် ရပ်တည်နေခဲ့ကြရ၏။ ပြစ်ဒဏ်ကျခံရမည့် အချိန်အခါမျိုးတွင်လည်း အပြုသဘောမျိုးနှင့် ပြစ်ဒဏ်ခံကြရသည် မဟုတ်၊ လူတဦးတယောက်၏ဘဝ ဆုံးသွားတော့သကဲ့သို့ အခြေအနေ မျိုးတို့သာလျှင် ဆိုက်ရောက်ခဲ့ရ၏။

ယခု တော်လှန်ရေးခေတ်တွင်မူ ပြစ်ဒဏ် ခံရသူများအတွက် ဘဝမတုံးစေရ၊ အဓိပ္ပာယ်မရှိသည့်အဖြစ်မျိုးကိုလည်း မခံစေရ။ အပြုသဘောမျိုးဖြင့် တိုင်းပြည်၏အကျိုး၊ ခံရသူ၏ နောင်ရေးတို့ကို မူတည်၍ ဆောင်ရွက်နေချက်များမှာ အောင်မြင်လျက်ရှိသည်ကို တွေ့ရပေလိမ့်မည်။"

ပြည်သူ့တရားရုံးတိုင်းသည် တရားရေး ဝန်ထမ်း၏ အကူအညီကို အမှုစစ်ဆေးစဉ်တွင် ရယူနိုင်မည် ဖြစ်ပါသည်။ ကြီးသော အမှုများ၌ တရားရေး ဝန်ထမ်းက ဥပဒေအရာရှိအဖြစ် ပြည်သူ့တရားရုံးကို ကူညီရမည် ဖြစ်ပါသည်။ ပြည်သူ့တရားရုံး၏ ဆုံးဖြတ်ချက်မှ အယူခံဝင်ရန်ကိုလည်း လမ်းဖွင့်ထားပါသည်။ ထို့ကြောင့် မှားယွင်းချွတ်ချော်ခြင်းများ နည်းပါးဖို့ ရှိပါသည်။ အမှားအယွင်း လုံးဝကင်းသော စနစ်ဟူ၍ကား မရှိနိုင်ပါချေ။

ပြည်သူ့တရားစီရင်ရေး စနစ်ကို လက်တွေ့ စမ်းသပ်ရာတွင် ဦးဆောင်ခဲ့သော အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှဟန်က. အယူခံအဖွဲ့ စီရင်ထုံးများ စာအုပ်တွင် ရေးသားထားသော အမှာစာ၌–

"ပြည်သူ့တရားစီရင်ရေးစနစ် ကျယ်ပြန့် ကြီးထွားလာစေအောင် ဂရုမူ၍ စီရင်ထုံး ပြုခဲ့ပါသည်။ နိုင်ငံတော် မူဝါဒနှင့် တရားဥပဒေကို ညီညွတ်စေအောင် အဓိပ္ပာယ်ဖွင့်ဆို ဆုံးဖြတ်ရာတွင် မျှတစွာ ချိန်ဆပါသည်။ 'မူဝါဒ'ကို ဆောင်ပုဒ်ပြုကာ တရားဥပဒေကို လွန်၍၊ ထုံးတမ်းကို ဆန့်ကျင်၍ တကျောင်းတဂါထာ၊ တရုံးတထုံး ဆုံးဖြတ်ခြင်း အန္တရာယ်မှ ကာကွယ် ထိန်းကွပ်ရပါသည်။ တဖက်တွင်လည်း နိုင်ငံခြား စီရင်ထုံး၊ ရှေးဟောင်း စီရင်ထုံးပါ စကားလုံးများကို ပုံသေကားချ မှတ်ယူကာ မူကိုမမြင် ပတ်ဝန်းကျင်နှင့် အမှု



အကြောင်းချင်းရာကို မကြည့်ပဲ ဆုံးဖြတ်တတ်သည့် အလေ့အကျင့် နည်းပါး ပပျောက်လာအောင် လမ်းညွှန်သမှု ပြုရပါသည်။"

ဟု မှတ်ချက်ပြုခဲ့သည်ကို အထူး သတိချပ်ရန် လိုပါသည်။

၅

ပြည်သူ့တရားသူကြီးများသည် စီရင်ထုံး စာအုပ်ကြီးများကို ကြည့်၍ ကြောက်နေရန် မလိုပါ။ အမှု၏ အချက်အလက်တို့ကို ကောင်းစွာ စစ်ဆေး ဖော်ထုတ်နိုင်လျှင် မျှတ မှန်ကန်သော ဆုံးဖြတ်ချက်သည် သူ့အလိုလို ပေါ်လွင်လာမည် ဖြစ်ပါသည်။ယင်းအချက်နှင့်ပတ်သက်၍ တရားရုံးချုပ် စုံညီခုံရုံးက အောက်ပါကဲ့သို့ ညွှန်ပြဖူးပါသည်–

"မှုခင်းကို စစ်ဆေးရာတွင် အချက် အလက်၊ အကြောင်းချင်းရာတို့ကို ပြည့်စုံစွာ ဖော်ထုတ်၍ ပိုင်နိုင်စွာ သုံးသပ်ဖို့က အဓိကဖြစ်ပေသည်။ အချက်အလက်ကို အခြေမခံပဲ မူသဘောဖြင့်သာ မှုခင်းကို ဆုံးဖြတ်နိုင်သည် မဟုတ်ချေ။ တရားရုံးတို့သည် အချက်အလက် အပြည့်အစုံကို မျှတမှန်ကန်စွာ ဖော်ထုတ်၍ သက်ဆိုင်သော ဥပဒေတို့နှင့် စပ်ဟပ် ညှိနှိုင်းကာ စီရင်ဆုံးဖြတ်ရန် ဖြစ်ပေသည်။ ထင်ရှားသော အချက်အလက်နှင့် ထင်ရှားသော ဥပဒေတို့ကို ပေါင်းကူး ပေးခြင်းဖြင့် မှန်ကန် မျှတသော အဆုံးအဖြတ်သည် ပေါ်ထွန်းလာနိုင်ပေသည်။

ထို့ကြောင့် တရားရုံးများသည် စီရင်ထုံးများကို လေ့လာ သုံးစွဲတတ်ဖို့ လိုသည်။ တွေ့ခေါ် ယူဆတတ်ရန် လည်းကောင်း၊ လမ်းညွှန်မှု ရနိုင်ရန်လည်းကောင်း စီရင်ထုံးများကို ဖတ်ရှု လေ့လာကောင်းသည်။ သို့ရာတွင် မှုခင်းစစ်ဆေး စီရင်ရာတွင် အချက်အလက်ကို ဦးစားထားရမည်။ ဆီလျော်သမျှသော အချက်အလက်တို့ကို အပြည့်အစုံ ဖော်ထုတ်၍ မှတ်ထမ်း တင်ရမည်။ အချက်အလက်များ ထင်ရှားလာသောအခါ ဥပဒေနှင့်ဆက်စပ်၍ သုံးသပ်ရမည်။ ဥပဒေသည် ထင်ရှား ရှင်းလင်းလျက် ရှိလျှင် စီရင်ထုံးကို ကိုးကားရန်ပင် မလိုချေ။ စီရင်ထုံးများများကို ကိုးကားနိုင်မှ စီရင်ချက် ပီသသည် မဟုတ်။ မှန်ဖို့၊ ရှင်းလင်းဖို့၊ စီရင်ချက်ကို ခံရသူတို့ နားလည် သဘောပေါက်ဖို့က အရေးကြီးသည်။

လမ်းညွှန်မှုလိုလျှင် စီရင်ထုံးကို ကိုးကားနိုင်သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများ ရှိလျှင် အခြားစီရင်ထုံးများကို ကိုးကားရန် မလို၊ နိုင်ငံခြား စီရင်ထုံးများကိုမူ ကိုးကားခြင်း မပြုအပ်ချေ။ဗဟုသုတ အလို့အငှာ ဖတ်ရှုကောင်းသော်လည်း ၎င်းတို့ကို မှီငြမ်းပြုရန်ကား မလျော်ချေ။ နိုင်ငံတွင်း၌ ဖြစ်ပွားသော တမှုနှင့် အခြားတမှုပင် မတူနိုင်လျှင် နိုင်ငံတွင်း၌ ဖြစ်ပွားသော တမှုနှင့် နိုင်ငံခြား၌ ဖြစ်ပွားသော တမှုသည် တူညီနိုင်ဖို့ ပို၍ပင် ခက်ခဲသေးသည်။ထို့ပြင်



တည်ရှိသော ဥပဒေများသည်လည်း ထပ်တူ ညီကြသည်မဟုတ်ချေ။"

## ၆

အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့ဝင် ဗိုလ်မှူးချုပ်စိန်ဝင်းက ကျွန်တော်တို့အား ပြောဖူးပါသည်။ ရာဇသတ်ကြီး ဥပဒေတွင် ပါသော ပြဋ္ဌာန်းချက်တို့သည် သဘောအားဖြင့် ဝိနည်းတော်ပါ ပညတ်ချက်များကဲ့သို့ပင် ဖြစ်သည်။ ဥပမာအားဖြင့် ပြစ်မှုတရပ်ကို ကျူးလွန်သူသည် တရားဥပဒေ အခေါ်အဝေါ်အားဖြင့် အပြစ်ရှိသော စိတ် ရှိခဲ့ရမည်။ ထိုစိတ် နှိုးဆော်သော ပြုလုပ်မှု ရှိရမည်။ ထိုအင်္ဂါနှစ်ရပ်ပေါင်းမှ ပြစ်မှုမြောက်သည်ဟု ရာဇသတ်တွင် ပါတတ်သည်။ ဝိနည်းတော်များတွင်လည်း စေတနာ၊ သို့မဟုတ် မနောကံနှင့် ကာယကံမြောက် ကျူးလွန်ခြင်း ပေါင်းဆုံမှ ဝိနည်း ချိုးဖောက်မှု မြောက်သည်။ ထို့ပြင် လူ့ခေလာက ပြစ်မှု ဟူသမျှသည် အရင်း စစ်လျှင် ပြည်သူ့နီတိ၊ လူကျင့်ဝတ် ဖောက်ဖျက်ခြင်းသာ ဖြစ်သည်။ ငါးပါးသီလမှ တပါးပါးကို ချိုးဖောက်ခြင်းသာ ဖြစ်သည်ဟူ၍ မှတ်ချက် ပြုပါသည်။ လွန်စွာ ဆီလျော် မှန်ကန်သော မှတ်ချက်များ ဖြစ်ပါသည်။

ပြည်သူ့တရားစီရင်ရေးဖြင့် ပြည်သူ့နီတိကို ပိုမို လုံခြုံစွာ စောင့်ထိန်းကြရေးကို ဖြစ်ထွန်းစေရန် ဖြစ်ပါသည်။ပြည်သူက တရားကို စောင့်၊ တရားက ပြည်သူ့ကို စောင့်၊ အပြန်အလှန် အကျိုးပြုပါလိမ့်မည်။ ယင်းသို့ စောင့်ထိန်းကြရေးအတွက်

ပြည်သူမပါလျှင် မပြီး၊ ပြည်သူအများ စိတ်ဝင်စား၍ ကိုယ်တိုင် ပါဝင် ဆောင်ရွက်လာသော ပြည်သူ့ တရားစီရင်ရေးကို ကျွန်တော်တို့ ဝိုင်းဝန်း ထည်ဆောက်ခွင့် ရခြင်း သည်ဝမ်း လျှင် ထူးမြတ်သော ဆုလာဘ်ကြီးတရပ် ဖြစ်ပါပေသည်။

---

"တိုင်းပြည် ဥပဒေ တရားရုံး စနစ်ဟာလဲ ပြည်သူ တွေရဲ့အကျိုးကို ရှေးရှုမဲ့ ပြည်သူ့ တရားရုံးစနစ်မျိုး ဖြစ်ရမယ်။"

ဗိုလ်ချုပ်အောင်ဆန်း
ဖဆပလ၊ ပထာမညီလာခံ မိန့်ခွန်းမှ
၁၉-၅-၁၉၄၄

# ၃။ ပြည်သူ့တရားစီရင်ရေး အတွေ့အကြုံ

[ပြည်သူ့တရားစီရင်ရေးကို ၁ နှစ်ခန့် စမ်းသပ်ပြီး နောက် ရရှိသော အတွေ့အကြုံဖြင့် ရာဇဝတ် တရား စီရင်ရေးစာစောင်ကို ပြင်ဆင် ဖြည့်စွက် ပုံနှိပ်ရာတွင် စာရေးသူက အောက်ပါ အမှာစာကို ရေးသားခဲ့ သည်။ ပြည်သူတို့ အထူး စိတ်ဝင်စားသောကြောင့် ပထမပုံနှိပ်သော စာစောင် သုံးသောင်းသည် လပိုင်း အတွင်း ကုန်သွားသည်။ ဒုတိယ စာစောင်ကို စောင် ရေ သုံးသောင်းပင် ရိုက်နှိပ်ရသည်။]

၁

ဤစာစောင်ကို ပထမအကြိမ် ပုံနှိပ်ဖြန့်ဝေခဲ့စဉ်က ပြည်သူ့ တရားစီရင်ရေးစနစ်ကို နိုင်ငံအပြန့်အနှံ့ ဖြန့်ရန် အားယူ ပြင် ဆင်နေဆဲသာ ဖြစ်ခဲ့ပါသည်။ အမှန်တကယ် ဖြန့်သောအခါ မည်သို့မည်ပုံ ဖြစ်ပေါ်လာမည်ကို အတိအကျ တွက်ဆ၍ မရ သေး။ မျှော်လင့်ချက်၊ ယုံကြည်ချက်တို့ကား အပြည့်အဝ ရှိခဲ့ပါသည်။

စာစောင်ကို တည်းဖြတ်၍ ပိုမိုပြည့်စုံအောင် ဖြည့်စွက် ပြုစု ကာ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ဝေသောအခါ၌မူ ပြည်သူ့တရား စီရင်ရေးစနစ်ကို တနှစ်ကျော် စမ်းသပ် ဆောင်ရွက်ခဲ့ကြပြီး ပါပြီ။ ပြည်သူတို့ကိုယ်တိုင် စိတ်ပါဝင်စားစွာ ပါဝင် ဆောင်

ရှက်ကြသောကြောင့် ပြည်သူ့လုပ်ရှားမှုကြီးတရပ်၊ ပြည်သူ့လုပ်ငန်းကြီးတခု ဖြစ်လျက် ရှိပါပြီ။ ပြည်သူတို့၏ အရေးအခင်းများကို ပြည်သူ့တရားသူကြီးအဖွဲ့များက ပြည်သူ့အတွေးအမြင်နှင့် အညီ တည်ဆဲ ဥပဒေဘောင်အတွင်းက မှန်မှန် မြန်မြန် စစ်ဆေး စီရင်လျက်ရှိကြသဖြင့် တရားရုံးသို့ မှုခင်းကိစ္စအတွက် အကြိမ်ကြိမ် အလီလီ ကြာမြင့်စွာ သွားရောက် တရားဆိုင်ရသော ဒုက္ခ၊ ရင်ဆိုင်ရဖန် များခြင်းမှ ပိုမို ကြီးထွား ပွားများလာသော ရန်တို့သည်လည်း ငြိမ်းအေးတန်သလောက် ငြိမ်းအေးကြပါလေပြီ။

နှစ်ပေါင်းများစွာ ကြာမြင့် ဆွေးမြေ့နေသော အမှုဟောင်းကြီးများကိုလည်း ပြည်သူ့တရားသူကြီးများက ပြီးပြတ်စေခဲ့ကြပေပြီ။ များစွာသော ယင်းအမှုဆွေးကြီးများတွင် တရားပြိုင်များကပင်လျှင် ဘာဖြစ်လို့ ဘယ်အချိန်က ရုံးရောက်ခဲ့ကြသည်ကို မေ့နေကြပြီ။ ရုံးအာဏာကြောင့်သာ ချိန်းရက်တွင် အကြိမ်ကြိမ် လာရနေခဲ့ရသည်။ အလုပ်ပျက်၊ စရိတ်ကုန်၊လူပန်း၊ ရုံးရောက်လျှင် ဟိုလူ့ကြောက်ရ၊ ဒီလူ့ အငေါက်ခံရ၊ ဆင်းရဲခဲ့လှပြီ။ ယခုမူ အမှုပြီးပြီ။ ကျေအေးတန်လျှင် ကျေအေးပြီးပြီ၊ ဆင်းရဲခြင်းမှ လွတ်ကင်းပြီ။

ဥပဒေဟူသည် ရှုပ်ချင်လျှင်လည်း စာအုပ် ထူထူတွေ၊ စကားလုံး ကြီးကြီးတွေ၊ ထုံးနည်းတွေတွင် မလှုပ်သာ နစ်မွန်း နေရအောင် ရှုပ်သည်။ ရှင်းချင် လွယ်ချင်လျှင်လည်း သဘာဝ ယုတ္တိညီညီ၊ အဓိပ္ပာယ်ရှိရှိ၊ လက်တွေ့ကျကျ လုပ်လို့ ရသည်။



မျှတသည်၊ တရားမျှတ၊ သဘာဝ ကျသည်တို့ကို ဥပဒေ စည်းကမ်းတွေအဖြစ် ပြဋ္ဌာန်းတာတွေသာ ဖြစ်သည်။ ရှုပ်ချင် လျှင်လည်း ရသည်။ ရှင်းလို့လည်း ဖြစ်သည်။ ပြည်သူ့ တရား စီရင်ရေးသည် ရှင်းလင်းလွယ်ကူ၍ တရားမျှတသော ပြည်သူတို့ နားလည် လက်ခံသော တရားစီရင်ရေးကို ဦးတည်ပေသည်။ ထို့ကြောင့်လည်း ပြည်သူတို့ စိတ်ပါဝင်စားခြင်း ဖြစ်ပေသည်။ တရားစီရင်ရေးစနစ်သည် ပြည်သူပိုင်စနစ် ဖြစ်လာပြီ။ပညာရှင် များ၏ မူပိုင်စနစ် မဟုတ်တော့ပြီ။

ပြည်သူ့တရားသူကြီး၊တရားရေးဝန်ထမ်း၊ဥပဒေဝန်ထမ်း၊ ပြည်သူ့ရဲ၊ ရှေ့နေ၊ သက်သေအားလုံး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြပါသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပြည်သူ့ တောင်သူလယ်သမားကောင်စီ၊ ပြည်သူ့ အလုပ်သမား ကောင်စီ၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီများက ပြည်သူ့ တရားစီရင်ရေးကို စည်းရုံးရေးတရပ် အနေဖြင့်လည်းကောင်း၊ မကြာမီ ပြည်သူတို့က ပြဋ္ဌာန်းကြတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် လေ့ကျင့် ပြင်ဆင်ခြင်းတရပ် အနေဖြင့် လည်းကောင်း ထိရောက်စွာ ဦးဆောင် ကူညီကြပါသည်။ အစိုးရဌာနများ၊ အဖွဲ့အစည်းများကလည်း ပြည်သူ့ တရား သူကြီးအဖွဲ့သို့ မိမိတို့ဌာနဝန်ထမ်းများကို တာဝန်ယူရန် ကြည် ဖြူစွာ ခွင့်ပြုစေလွှတ်ခြင်းဖြင့်လည်း စနစ်သစ်ကို ကူညီ အား ပေးပါသည်။ ထို့ကြောင့်လည်း ပြည်သူ့တရားစီရင်ရေးသည် အောင်မြင် ကျယ်ပြန့်လျက် ရှိပါသည်။

## ၂

ပြည်သူ့တရားသူကြီးများတွင် လူရွယ်လူလတ်တွေ ပါဝင်ပါသည်။ လူကြီးတွေ ပါဝင်ပါသည်။ အမျိုးသမီးတွေ ပါဝင်ပါသည်။ ဆရာ၊ ဆရာမ၊ ဆရာဝန်၊ ရှေ့နေ၊ ကာယဉာဏ အလုပ်သမားကြီးများ၊ လယ်သမားကြီးများ ပါဝင်ပါသည်။ တက်ကြွရွှင်လန်း စိတ်ပါဝင်စားစွာ တရားစီရင်နေကြသည်ကို ကျွန်တော် ဝမ်းသာအားရ တွေ့ခဲ့ရပါသည်။ ပြည်နယ်များနှင့် နယ်များတွင် ပြည်သူ့တရားသူကြီးများက စနစ်သစ်သည် သူတို့ အတွေ့အကြုံရှိပြီးဖြစ်သော ရိုးရာဓလေ့ ထုံးတမ်း တရားစီရင်ရေး စနစ်၏ ကောင်းသော အနှစ်သာရများနှင့် ခေတ်မီသော ဥပဒေ အတွေးအခေါ်များကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် သင့်မြတ်သည်၊ ပြည်သူနှစ်ခြိုက်သည်ဟု ပြောကြပါသည်။

ကျောက်ဖြူမြို့တွင် ကျွန်တော် တွေ့ဆုံခဲ့ရသော မိခင်အရွယ် အမျိုးသမီး တရားသူကြီး ဒေါ်အေးစောက အစဦးတွင် တရားစီရင်ရန် ဝန်လေးနေခဲ့သော်လည်း အတွေ့အကြုံ အတော်အတန်ရလာသောအခါ စိတ်ပါလာသည်။ ပျော်မွေ့လာသည်။ အလှည့်ကျ ရုံးထိုင်ရမည့်ရက်ကို မျှော်လာသည်။ ရုံးထိုင် သွားခါနီးတွင် ဘုရားဝတ်ပြု၊ သီလ ခံယူသည်၊ မေတ္တာ ပွားသည်၊ အမှုစစ်လျှင် အဂတိကင်းစင်အောင် ကြိုးစားသည်။ ဤသို့ စိတ်စေတနာထား၍ စီရင်ခြင်းကြောင့် အမှား နည်းပါးသည်ထင်သည်။ ကုသိုလ်ရသည် ထင်သည်ဟု ဝမ်းပန်းတသာ ပြောကြားလိုက်ပါသည်။



ပြည်သူ့တရားစီရင်ရေးသည် စင်းလုံးချော ကောင်းမွန်နေပြီ၊ ရာနှုန်းပြည့် အောင်မြင်သည်ဟု ဆိုနိုင်ပါပြီလား၊ မဆိုနိုင်ပါ။ အခြေခံမှု အပြောင်းအလဲပါဝင်သော စနစ်သစ်ကို တနှစ်နှင့်အပြီး တည်ဆောက်၍ မရနိုင်ပါ။ ဆယ်နှစ်၊ အနှစ်နှစ်ဆယ် ကြာသော်လည်း အကောင်းချည်း မဖြစ်နိုင်ပါ။ ပုထုဇဉ်လူတောင်သည် လောဘ၊ ဒေါသ၊ မောဟတို့မှ မကင်းနိုင်ပါ။ မကောင်းသေးသမျှ အရာရာတွင် အခက်အခဲပြဿနာ၊ ချွတ်ယွင်းချက်များ ရှိနေပါဦးမည်။ လောဘ၊ ဒေါသ၊ မောဟ တွေ ကုန်ကြပြီ ဆိုလျှင်လည်း ဥပဒေ၊ တရားရုံး၊ အကျဉ်းထောင် လိုတော့မည် မဟုတ်ပါ။ ပြည်သူ့တရားစီရင်ရေးသည် မှုမှန်လမ်းမှန်သည်။ အစ ကောင်းသည်။ အရှိန် ကောင်းနေသည်။ ပြည်သူတို့သည် ကိုယ့်ရပ်ရေးရွာမှုကို ဝန်းဝိုင်း၍ စနစ်တကျ စီရင် ဆုံးဖြတ်နိုင်သည့် အစွမ်း သတ္တိကို ပြနေကြသည်။ ထို့ကြောင့် ပြည်သူ့တရားစီရင်ရေးသည် ရှေ့အဖို့ အလားအလာ ကောင်းသည်ဟုသာ ဆိုနိုင်ပါသေးသည်။

လန်ဒန်မြို့တွင် ထုတ်ဝေသော Financial Times[၁] သတင်းစာကြီးတွင် မကြာမီက မြန်မာနိုင်ငံသို့ လာရောက် လေ့လာသွားသော သတင်းစာဆရာတဦးက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို လေးလေးစားစား သုံးသပ်ရေးသားထားလေသည်။ တည်ဆောက်လျက်ရှိသော ပြည်သူ့တရားစီရင်ရေးစနစ်နှင့် ပတ်သက်၍လည်း စနစ်သည် အနောက်နိုင်ငံများ၏ ရှည်လျားရှုပ်ထွေးသော လုပ်ထုံးတို့ကို ဖြတ်တောက်နိုင်ပေသည်။ ယင်း

---

၁။ "Socialism behind a low Profile" by Kevin Rafferty, the Financial Times, June 1, 1973.

အနောက်နိုင်ငံ လုပ်ထုံးတို့၏ သော့ချက်ကို ကြေးကြီး ပေးရသော ရှေ့နေကြီးများကသာ ကိုင်ဆောင်ဘတ်ကြသည်။ မြန်မာနိုင်ငံတွင် ပြည်သူ့တရားစီရင်ရေးစနစ်သည် အောင်မြင်လျက်ရှိပေသည်ဟု မှတ်ချက်ပြုထားပေသည်။

၃

စနစ်သည် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင် လုံးထွေး နေရပါသေးသည်။ နေရာထိုင်ခင်း မပြည့်စုံ၊ စားပွဲ ကုလားထိုင် မလုံလောက်၊ စာရွက်၊ ပုံစံ၊ လက်နှိပ်စက် မရှိသလောက် ရှားသည်။ လိုတာတွေကို စာသင်ကျောင်းမှာ ငှားရမ်း၊ ဟိုဌာန၊ ဒီဌာနမှ ချေးငှား၊ တောင်းခံ၊ ပြည်သူ့ တရားသူကြီးများက အိမ်မှ ယူလာ၊ စုပေါင်းလုပ်ငန်း အမှန်တကယ် စစ်သော စနစ် ဖြစ်ပါသည်။ ဥပဒေစာအုပ်၊ လက်စွဲစာအုပ်များကို ရေးသား ပုံနှိပ်ဖြန့်ဖြူးရဆဲ ဖြစ်ပါသည်။ သတင်းစာ၊ မဂ္ဂဇင်းများက ကူညီ၍ ပညာပေးဆောင်းပါး၊ မှတ်စုများကို ထည့်သွင်းနေ၍ တော်ပါသေးသည်။ တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်းများ၏ အကူအညီဖြင့် ပြည်သူ့ တရားသူကြီးများအတွက် ဆွေးနွေးပွဲများ လုပ်ပေးနေ၍ တော်ပါသေးသည်။

ပရိဘောဂ၊ စာရွက်၊ ပုံစံ ရှားပါးခြင်းကို ကျော်နင်း၍ ရပါသည်။ တနေ့တွင် ပြည့်စုံလာအောင် စီမံ ဆောင်ရွက်လျက်ရှိပါသည်။ အရာရာတွင် လူသာပဓာန ဖြစ်ရာ ပြည်သူ့တရားစီရင်ရေးစနစ်တွင် ဦးဆောင်ပါဝင်ကြရသော ပုဂ္ဂိုလ်များနှင့်



ပတ်သက်သည့် အခက်အခဲ အချို့သည် ပဓာနကျသော အခက်အခဲများ ဖြစ်ပါသည်။

ပြည်သူ့အကျိုးကို ပြုရမည့်အစား တရားစီရင်ရေးအာဏာကို ကိုယ်ပိုင်အာဏာဟု မှတ်ထင်လာကာ အာဏာယစ်မူး အဂတိတရားဖက်သို့ ယိမ်းယိုင်ချင်သည့် ပြည်သူ့တရားသူကြီးအချို့အကြောင်းကို ကြားရပါသည်။ အပြစ် မဆိုသာ။ သူတို့သည်လည်း လူသားများ ဖြစ်ကြပါသည်။ ဝန်ထမ်းများက တဦးစီ ရုံးထိုင်၍ တရားစီရင်ခဲ့ကြစဉ်ကလည်း အဂတိ ကင်းခဲ့သည် မဟုတ်။ ထိုစနစ်ဟောင်းနှင့် နှိုင်းစာလျှင် ပြည်သူ့ကိုယ်စားလှယ်များက အဖွဲ့ဖြင့် စီရင်သည့်စနစ်က ပို၍ သန့်ရှင်းသည်ကားအမှန်ပင် ဖြစ်ပါသည်။ ပြည်သူ့တရားသူကြီးများ ပိုမိုရင့်ကျက်လာကာ အတွေးအမြင် မှန်လာသည်နှင့်အမျှ စနစ်သည်လည်း ပို၍ သန့်စင်၊ သိက္ခာရှိလာပါလိမ့်မည်။ ပြည်သူတို့ ပို၍ ယုံကြည်အားကိုးလာကြပါလိမ့်မည်။ ပြည်သူ့တရားသူကြီးများကို စောင့်ထိန်းပေးမည့် တန်ခိုးသတ္တိ ထက်မြက်သည့် အချက် တချက်ကလည်း ရှိနေပါသေးသည်။ ထိုအချက်သည် ရပ်ဆွေရပ်မျိုး ပြည်သူများ၏ အကဲဖြတ်ခြင်း၊ လေးစားခြင်း၊ ကဲ့ရဲ့ခြင်းပင် ဖြစ်ပါသည်။ ပြည်သူသည် အကောင်း၊ အဆိုး၊ အမှန်၊ အမှားကို ခွဲခြားတတ်ပါသည်။ သူတို့ အကျိုးပြုသူ၊ အမှန်ကို လိုက်သူ ပြည်သူ့ တရားသူကြီးအား ရိုသေလေးစား လက်ခံကြပါလိမ့်မည်။ ကိုယ်ကျိုးကိုသာ ပြုသူ၊ အမှားကိုလိုက်ရန် မရွံ့သော ပြည်သူ့တရားသူကြီးအား ဖယ်ရှား ရှုံ့ချကြပါလိမ့်မည်။

ပြည်သူ့တရားစီရင်ရေးစနစ်ကို မယုံကြည်၊ အထင်အမြင် သေးသော တရားရေး ဝန်ထမ်း၊ ဥပဒေ ဝန်ထမ်း၊ ရှေ့နေ အနည်းစုလည်း ကျန်ရှိနေပါသေးသည်။ သူတို့သည် စာအုပ်ကြီးတွေကို ကိုင်ကာ၊ တက္ကသိုလ်ဘွဲ့ကို ပိုက်ကာ ပြည်သူ့တရားသူကြီးများကို မထေမဲ့မြင် ပြုကြသည်။ အိန္ဒိယပြည်၊ ကာလကတ္တား၊ ဘုံဘေ၊ အာလဟာဘတ် ဟိုက်ကုတ်များမှ တရားသူကြီး ဘဆူး၊ ချောင်ဒရီ၊ ဘိုစ်တို့ တကြိမ်က မှတ်ခဲ့သော စီရင်ထုံးတို့ကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ထိုစီရင်ထုံးများ မပါလျှင် ဘာမျှ မလုပ်တတ်။ ပြည်သူ့ တရားသူကြီးများနှင့် ဆွေးနွေးလျှင်လည်း ယင်း စာအုပ်ကြီးတွေကို ပြကြသည်။ ယင်း စီရင်ထုံးတို့ကို ရှင်းပြကြသည်။ ရှင်းပြမှ ပိုရှုပ်သည်၊ နဂိုနေ အကောင်းသား။ ဤသို့သော ဝန်ထမ်း ပညာရှင်များအတွက် စာအုပ်ကြီးတွေ သူတို့၏ဘွဲ့တွေကြောင့် လေးနေသည်။ ပြည်သူ့တရားစီရင်ရေးစနစ်သည် မြန်မာ့ရိုးရာ သဘာဝယုတ္တိနှင့် ကိုက်ညီသော၊ အမှန်ကို ရိုးရိုး တည့်တည့်မတ်မတ် ရှာဖွေ၍ မျှတစွာ ဆုံးဖြတ်သောစနစ် ဖြစ်သည်။ ဘဆူး၊ဘိုစ်၊ချောင်ဒရီ တရားစီရင်ရေးစနစ် မဟုတ်ကြောင်းကို သူတို့ မရိပ်မိကြသေးချေ။ သို့ရာတွင် သူတို့၏ ဦးရေသည် တစတစနှင့် နည်းပါးလာပါပေပြီ။



## ၄

ပြည်သူ့ တရားစီရင်ရေး အဖွဲ့များ နိုင်ငံတဝှမ်းလုံးတွင် များပြားလာကာ စီရင်ပိုင်ခွင့် ပြည့်ဝလာသည်နှင့် အမျှ တကျောင်း တဂါထာ၊ တရိုး တထုံး စီရင်ဆုံးဖြတ်ပုံ ကွဲပြားချင်သည့် ပြဿနာ ပေါ်ပါသည်။ ဤသည်လည်း သဘာဝပင် ဖြစ်ပါသည်။ အမှုတမှုနှင့် တမှု ထပ်တူထပ်မျှ မဖြစ်နိုင်၊သိမ်မွေ့စွာ ကွဲလွဲသည်များ ရှိပါသည်။ ပြည်သူ့ တရားသူကြီး တဦးနှင့် တဦး တွေးခေါ် ယူဆပုံလည်း မတူနိုင်၊ ကွဲပြားသော အယူအဆများကို ညှိမျှနိုင်သမျှ ညှိမျှအောင်သာလျှင် ညှိနှိုင်းဆုံးဖြတ်ကြရပါမည်။ ဒေသတခုနှင့်တခု၏ စီးပွားရေး၊ လုံခြုံရေး စသည့် အခြေအနေတို့သည်လည်း တန်းတူညီတူ ရှိကြမည် မဟုတ်။ ဤသို့ ကွဲပြား ခြားနားကြသည်များ အထဲမှပင် သင့်မြတ် မျှတ မှန်ကန်အောင် စီရင်ကြရပါသည်။

သို့ရာတွင် အယူအဆ ကွဲပြားသော်လည်း အခြေခံ ရည်ရွယ်ချက်တွင် တူညီနိုင်ပါသည်။ တရားစီရင်ရေး၏ ရည်ရွယ်ချက်ကို အဓိပ္ပာယ်ပေါက်ရာတွင် ညီညွတ်နိုင်ပါသည်။ တရားစီရင်ရေးသည် ပြည်သူအချင်းချင်း၏ ပဋိပက္ခ အရှုပ်အထွေး ပြဿနာတို့ကို ပြေလည်အောင် ဖြေရှင်းပေးရန် ဖြစ်ပါသည်။ ရပ်ရွာ နိုင်ငံ၏ လုံခြုံချမ်းမြေ့ရေးကို ဖြစ်ထွန်းစေရန် ရည်သန်သည်။ မှန်ကန်ခြင်း၊ မျှတခြင်း၊ တည်ငြိမ်ခြင်း၊ လေးနက်ခြင်းတို့သည် တရားစီရင်ခြင်း၏ အင်အား ဖြစ်သည်။ တဖက်တွင် တရုဏာထား၍ ပြုပြင်ပေးရသည်။ တဖက်တွင်လည်း တဦး၏ အကျိုးနှင့် အများ၏အကျိုးကို နှိုင်းယှဉ် ချိန်ဆ၍ အများ

အကျိုး လုံခြုံမှုကို ငဲ့၍ တဦးကို ထိုက်ထိုက်တန်တန် ပြစ်ဒဏ် ပေးရသည်။ လွဲမှားသော ကရုဏာ မထားကောင်း။ ကျူးလွန်သူအပေါ် ပြတ်သားစွာ ထိုက်တန်သော ပြစ်ဒဏ်ကို မသတ်မှတ်လျှင် နှစ်နာသူဖက်မှ ဂလဲ့စား ချေတတ်သည်။ တရားလက်လွတ်တွေ ဖြစ်ကုန်တတ်သည်။ ရန်ညိုးပွားတတ်သည်။ အများကို အန္တရာယ်ပြုသော တိုက်ခိုက်သူ၊ သတ်ဖြတ်ညှဥ်းပန်းသူ၊ သူ့အိမ်ယာကို ဖောက်ထွင်းသူ၊ ပြည်သူ့စီးပွားကို ထိပါးသူ၊ လူငယ်တို့၏ အကျင့်စာရိတ္တကို ဖျက်သူ၊ ဘိန်းဖြူ၊ ဆေးခြောက်တို့ဖြင့် ကုန်ကူး အမြတ်ထုတ်ကာ လူညွန့်ချိုးသူ စသူတို့ အပေါ်တွင် ပြည်သူ့တရားသူကြီးတို့က ပြည်သူ့အင်အားကို ဆောင်သောပုဂ္ဂိုလ်များ ပီပီ ပြည်သူ့အသိစိတ်ဖြင့် ပြတ်သားထိရောက်စွာ စီရင်အပ်ပေသည်။

ယင်းသို့ စီရင်သည့် ပြည်သူ့တရားသူကြီးများအား တုံ့ပြန်ရန်မူခြင်း၊ အနှောက်အယှက်ပေးခြင်း စသည်တို့ ရှိနိုင်ပါသည်။ ပြည်သူ့ တရားသူကြီးများသည် အများ အကျိုးကို ဆောင်ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ပြည်သူ့တရားသူကြီးများအား နိုင်ငံတော်က လိုအပ်သော အကူအညီ အစောင့်အရှောက်ပေးလျက် ရှိပါသည်။ ပြည်သူ့တရားရုံးကို မထိမဲ့မြင် ပြုသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူလျက် ရှိပါသည်။ ပြည်သူတို့ကိုယ်တိုင်ကလည်း မိမိတို့ ကိုယ်ပိုင်ဖြစ်သော ပြည်သူ့တရားစီရင်ရေး စနစ်ကို ပို၍ပင် ထိရောက်စွာ ပါဝင်ကူညီ အားပေး သိဒ္ဓိတင်ကြရန် လိုပါသည်။ ပြည်သူ့အားထက် စွမ်းပကားကြီးမားသော အင်အားသည် မရှိနိုင်ပါ။





“မကြာမီက တောင်သူလယ်သမားကြီး တဦးနှင့် တွေ့တော့ ကျွန်တော်က ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ခင်ဗျားတို့လူထု ကြိုက်သလား၊ ကြိုက်ရင် ဘာကြောင့် ကြိုက်သလဲလို့ မေးလိုက်ပါတယ်။ ဒီတော့ မိတ်ဆွေ တောင်သူလယ်သမားကြီးက “ကုန်ခဲ့တဲ့နှစ်က စတင်ပေါ်ပေါက်လာခဲ့တဲ့ ပြည်သူ့ တရားစီရင်ရေးဆိုတာကို လူထု ကြိုက်နေကြတယ်။ လာတော့မည့် အခြေခံ ဥပဒေမှာ အဲဒီ စနစ်မျိုးတွေ ပါလာလိမ့်မယ်လို့ လူထုက နားလည်နေကြတယ်။ ဒါကြောင့် အခြေခံ ဥပဒေကြီးကို ကြိုက်နေတာပါပဲ”လို့ ဖြေကြားလိုက်တယ်ဗျ။

မှန်ပါတယ်။ စနစ်သစ်ဖြစ်တဲ့ ပြည်သူ့တရားစီရင်ရေးဟာ အတော်ပဲ လူကြိုက်များပါတယ်။ကြေအေးနိုင်တဲ့အမှုတွေ စောစော ကြေအေးသွားပြီး အမှုစစ်သင့်လို့ ဆက်လက်စစ်ဆေးရရင်လဲ ခပ်သွက်သွက်စစ်ဆေးပြီး ခပ်မြန်မြန် စီရင်ချက် ချနိုင်တယ်။အားလုံးခြုံပြောရရင် ပြည်သူ့တရားစီရင်ရေးဟာ မှန်ကန်မှုလဲ ရှိတယ်။ ဖြန့်ဆန်မှုလဲ ရှိတယ်။ ဒါကြောင့် လူထုအများစုဟာ ကြိုက်နေကြတယ်။”

သိန်းဖေမြင့်
ဗိုလ်တထောင်သတင်းစာ ဆောင်းပါး
၁၄-၁၁-၁၉၇၃

# ၄။ ဥပဒေ အမျိုးမျိုး

၁

ဥပဒေ အမျိုးမျိုး ရှိသည်။

အခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်ကို မည်သို့ ဖွဲ့စည်းမည်၊ အချုပ်အချာအာဏာ ပြည်သူမှာ တည်၍ ပြည်သူက ယင်းအာဏာကို မိမိတို့ ကိုယ်စား ကျင့်သုံးရန် မည်သည့် အဖွဲ့အစည်းများကို အပ်နှင်း ထားမည်။ အဖွဲ့အစည်းများကို မည်သို့ ရွေးချယ်မည်၊ အဖွဲ့အစည်းများက မိမိတို့အား လွှဲအပ်ထားသော အာဏာကို မည်သည့် စည်းကမ်းများဖြင့် မည်သို့ ကျင့်သုံးမည် စသည်တို့ကို ပြဋ္ဌာန်းသော ဥပဒေ ဖြစ်သည်။

အခြေခံဥပဒေသည် နိုင်ငံတည် မော်ကွန်း ဖြစ်သည်။ အခြားအခြားသော ဥပဒေများ၏ အုတ်မြစ်၊ အခြေခံ၊ လမ်းညွှန် ဖြစ်သည်။ ထို့ကြောင့် အခြေခံဥပဒေကို ရေးဆွဲရာတွင် ပြည်သူတို့ ပါဝင်၍ ကျယ်ပြန့် လေးနက်စွာ ညှိနှိုင်း ရေးဆွဲကြသည်၊ အခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်လာလျှင်လည်း လွယ်လွယ်နှင့် မပြင်ရအောင် ပြဋ္ဌာန်းထားသည်။



၂

ပြစ်မှုဥပဒေဆိုသည်မှာ မည်သို့ ပြုလုပ်လျှင်၊ မည်သို့ ပြုလုပ်ရန် ပျက်ကွက်လျှင် ပြစ်မှု မြောက်လိမ့်မည်၊ မည်သည့်ပြစ်ဒဏ် သင့်လိမ့်မည်ဟု ပြဋ္ဌာန်းသည့် ဥပဒေမျိုး ဖြစ်သည်။ ပြစ်ဒဏ်သည် ပြစ်မှု၏ အခြေခံ အင်္ဂါရပ် ဖြစ်သည်။

ယခင်က ရာဇဝတ်ဥပဒေဟု ခေါ်သည်။ သို့ရာတွင် "ရာဇဝတ်" ဆိုလျှင် ရာဇာ-မင်းအား ဝတ်ပြုရသည်။ မင်းက အပေါ်မှ စိုးမိုး၍ ချမှတ်သော တချက်လွှတ် အမိန့်ကို ပြည်သူက နာခံရသည်ဟု မြင်နေရသည်။ ထို့ကြောင့် ပြည်သူတို့သည်ပင် အစိုးရ ဖြစ်သည့် စနစ်တွင် "ရာဇဝတ်" အခေါ် မလျော်၊ "ပြစ်မှု" ဟု ခေါ်လာကြသည်။

ပြစ်မှုများကို ပြစ်မှုဥပဒေ (ယခင် အခေါ်-ရာဇသတ်ကြီး) တွင် အဓိကအားဖြင့် တွေ့နိုင်ကြသည်။ သို့ရာတွင် ပြစ်မှုအသစ်များကို နောက်ဥပဒေများကလည်း ပြဋ္ဌာန်းသည်။

ဥပမာ၊ နိုင်ငံတော်အလံကို မထိမဲ့မြင် မပြုရ၊ မှုးယစ်ထုံထိုင်းစေတတ်သော ပစ္စည်းကို ရောင်းဝယ်၊သိုလှောင်၊ သုံးစွဲခြင်း မပြုရ၊ တားမြစ်ကုန် ကူးခြင်း၊ သိုလှောင်ခြင်း မပြုရ၊ ပြုလျှင် ပြစ်မှုမြောက်သည်။

နိုင်ငံတွင် လုပ်ငန်းတွေများလာသည်နှင့် ဥပဒေတွေ များလာသည်။ ပြစ်မှု တိုးပွားလာသည်။ မည်သို့လုပ်လျှင်၊ ပြုလုပ်ရန် ပျက်ကွက်လျှင် အပြစ် ဖြစ်သည်ကို ပြည်သူတို့ သိနားလည်နေဖို့ အထူး အရေးကြီးသည်။ သိနားလည်မှ လိုက်နာကြမည်။ ထို့ကြောင့် ပြန့်ကျဲလျက်ရှိသော ပြစ်မှုဥပဒေများကို

အများ နားလည်၊ ခေတ်နှင့် လျော်အောင် ရေးဆွဲ ပြဋ္ဌာန်း စုစည်း ထုတ်ပြန်ဖို့ လိုသည်။ ပြည်သူအား နည်းအမျိုးမျိုးဖြင့် ပညာပေးဖို့ လိုသည်။

မြန်မာ တိုင်းရင်းသားတို့သည် ရုံးပြင်ကနဦးကို ကြောက်တတ်သည်။ ဂါတ်၊ အချုပ်ကို အဝေးက ရှောင်ကြသည်။ သိလျက်နှင့် တမင် ဆိုးသွမ်း၊ စရိုက်ကြမ်းဖြင့် ကျူးလွန်တာတွေ နည်းပါးကြသည်။ ဂိုဏ်းဖွဲ့၍ ကျူးလွန်ကာတွေ လူဦးရေနှင့်စာလျှင် မပြောပလောက်ရုံသာ ဖြစ်သည်ဟု မြန်မာနိုင်ငံတွင် အမှုထမ်းသွားကြသော အင်္ဂလိပ် တရားသူကြီးများက ထိုခေတ် မှုခင်းအခြေအနေကို ဝေဖန် သုံးသပ်ခဲ့ကြဖူးသည်။

သိအောင် သင်ကြားပေး၊ မကျူးလွန်အောင် နှိုးဆော်သတိပေးလျှင် မှုခင်း ကျဆင်းတတ်ပါသည်။ ရုတ်ချင်း ဒေါသအလျောက် ကျူးလွန်ကြသူများသာ များတတ်ကြသည်။ သူတို့ဒေါသသည်လည်း ရာသီအလိုက် ထကြွတတ်သည်။ ဒေါသအလျောက် ကျူးလွန်ပြီးပြန်တော့ သူတို့ နောင်တ တရရဖြစ်နေတတ်သည်။

၃

ပြစ်မှုဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေများကို တရားမဥပဒေဟု ခွဲခြား ခေါ်ဝေါ်တတ်သည်။

"တရားမ"ဆိုသည့်စကား အဓိပ္ပာယ် မပြည့်စုံပါ။ တရားမကိစ္စများသည် များသောအားဖြင့် ဂတိပျက်မှု၊ ကြွေးမြီမှု၊ ပစ္စည်း ရလိုမှု၊ လျော်ကြေး ရလိုမှု၊ ဂတိအတိုင်း ဆောင်ရွက်ရန်



ပျက်ကွက်သဖြင့် တရားရုံးမှ ဆောင်ရွက်စေ အမိန့် ရလိုမှုစသည်တို့ ဖြစ်သည်။ ခိုင်းသည့်အတိုင်း ဆောင်ရွက်နိုင်ခြေမရှိတော့လျှင် လျော်စေရသည်။ ထို့အတူ ပစ္စည်းပြန်ရလိုမှုတွင် ပေးစရာပစ္စည်း မရှိတော့လျှင် ငွေဖြင့် လျော်စေရသည်။

ထို့ကြောင့် "တရားမမှု"ဟု ခေါ်ခြင်းထက် "ငွေမှု"ဟု ခေါ်ခြင်းက အများစု တရားမမှုများအတွက် ပိုမို လျော်ကန်ပေလိမ့်မည်။

၄

တရားမျှတမှုသည် ပြည်သူအချင်းချင်းနှင့် သက်ဆိုင်သည်။ ကာယကံရှင်များ၏ကိစ္စ ဖြစ်သည်။ အခြားသူများနှင့် မဆိုင်။ နိုင်ငံတော်နှင့် မဆိုင်။ ထို့ကြောင့် တရားမမှုကို တရားလိုက ရုံးခွန်ပေးဆောင် စရိတ်စက ကျခံကာတရားရုံးသို့ သွားရောက်စွဲဆိုရသည်။

တရားရုံးတွင် အမှုနိုင်မှ တဖက် တရားပြိုင်က တရားလိုကုန်ကျစရိတ်ကို ပြန်အမ်းရသည်။

တရားလိုသည် ရုံးတင်လောက်အောင် အကြောင်း ရှိပါလျက် ရုံးခွန် မဆောင်နိုင်၊ ဆင်းရဲနွမ်းပါးနေလျှင်မူ ဆင်းရဲကြောင်း အထောက်အထား တရားရုံးအား ပြကာ လူမွဲအဖြစ်စရိတ်မဲ့ တရားစွဲနိုင်သည်။

ပြစ်မှုသည်မူ တရားမမှုနှင့် မတူ။ ပြစ်မှုသည် နစ်နာသူကာယကံရှင်နှင့်သာ မက ရပ်ရွာနှင့် ဆိုင်သည်။ နိုင်ငံတော်နှင့်

ဆိုင်သည်။ လူသတ်၊ ခိုးယူ၊ လုယက်၊ မီးရှို့ခြင်း၊ ဆူပူ သောင်းကျန်းခြင်း စသည်တို့သည် တိုက်ရိုက် ခံစားရသော နစ်နာသူတို့နှင့်သာ ပြီးဆုံးသည် မဟုတ်။ ရပ်ရွာ နယ်မြေလုံခြုံရေး၊ ပြည်သူအများ အေးချမ်းသာယာရေးတို့ကိုပါ ထိပါးသည်။

ထို့ကြောင့် ပြစ်မှုကို မဖြစ်အောင် ကာကွယ်စောင့်ရှောက်ဖို့ နိုင်ငံတော်က တာဝန်ယူ ကြိုးပမ်းသည်။ ဖြစ်ပွားပြီးလျှင်လည်း စုံစမ်း ထောက်လှမ်းကာ ကျူးလွန်သူကို ထုတ်ဖော်ဖို့၊ စုံစမ်းရရှိလျှင် အရေးယူ တရားစွဲဆိုဖို့ နိုင်ငံတော် ယန္တရားက တာဝန်ယူ ကြိုးပမ်းသည်။

နိုင်ငံတော်တွင်သာ တာဝန်ရှိသည် မဟုတ်၊ ပြည်သူအများမှာလည်း တာဝန်ရှိသေးသည်။ တရားဥပဒေနှင့်အညီ ပြစ်မှုကို တားဆီးရန်၊ နှိမ်နင်းရန်၊ ဖြစ်ပြီး ပြစ်မှုနှင့်ပတ်သက်၍ မိမိမြင်၊ သိသမျှ သတင်းပေးရန်၊ တရားရုံးတွင် သက်သေခံရန် စသည်တို့သည် ပြည်သူတို့၏တာဝန် ဖြစ်သည်။

သို့ရာတွင် တရားဥပဒေလက်လွတ် "လူထုနည်း" ဖြင့် လုပ်ဆောင်ရန် မဟုတ်။ ဆန္ဒစော၊ ဒေါသ ရှေ့ထားကာ လူအုပ်လူထုနှင့် ထင်ရာလုပ်ကြလျှင် ကိုယ်ပါ ပြစ်မှု ကျူးလွန်မိလိမ့်မည်။ တရားဥပဒေ စိုးမိုးရေး ဖြစ်ရမည့်အစား ဒေါသအာဏာ စိုးမိုးရေး ဖြစ်လိမ့်မည်။



## ၃

မြန်မာ တိုင်းရင်းသားတို့၏ အိမ်ထောင်ရေး ဥပဒေသည် တရားမ ဥပဒေ ဖြစ်သည်။ သို့ရာတွင် လက်ထပ်ထိမ်းမြားရေး၊ လင်မယား ကွာရှင်းရေး၊ သားသမီး အုပ်ထိန်းရေး၊ အမွေဆက်ခံရေး စသည်တို့သည် အိမ်ထောင်ရေး ကိစ္စများ ဖြစ်သဖြင့် အိမ်ထောင်ရေး ဥပဒေ၊ သို့မဟုတ် မိသားစုဥပဒေဟု ပေါင်းစည်း ခေါ်ဝေါ်ခြင်းက ပို၍ ရှင်းသည်။

တိုင်းရင်းသားတို့၏ အိမ်ထောင်ရေးဥပဒေသည် ဓလေ့ထုံးတမ်းများတွင် အများစု တည်ရှိနေသေးသည်။ ယင်းဓလေ့ထုံးတမ်းများသည်လည်း ဥပဒေအာဏာ ရှိ၍ တရားရုံးများက လိုက်နာ ကျင့်သုံးရမည်ဟု ဥပဒေပြဋ္ဌာန်းထားသည်။

သားသမီး အုပ်ထိန်းရေး၊ လင်မယား ကွဲနေကြစဉ် စရိတ်ပေးရေး၊ အမွေဆက်ခံစာ ထုတ်ပေးရေး စသော အချို့သော အိမ်ထောင်ရေးကိစ္စများကို ဓလေ့ထုံးတမ်း ဥပဒေ အပြင် အခြားဥပဒေများ၌လည်း တွေ့ရှိနိုင်သည်။

## ၄

နိုင်ငံတော်က ပြဋ္ဌာန်းသော အခွန်၊ ပစ္စည်း၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် စသည်တို့နှင့် ပတ်သက်သော ဥပဒေများလည်း ရှိသေးသည်။

နိုင်ငံတော်နှင့် အခြားနိုင်ငံများ ချုပ်ဆိုကြသော သဘောတူစာချုပ်များအရ ပြဋ္ဌာန်းထားသော ဥပဒေများလည်း

ရှိသေးသည်။ ယင်းတို့သည် တရားရုံးသို့ တခါတရံသာ ပေါက်ရောက်လာတတ်သော ဥပဒေများ ဖြစ်သည်။

ကျင့်ထုံးဆိုင်ရာ ဥပဒေများလည်း ရှိသည်။ ဖြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေသည် ဖြစ်မှုနှင့်ပတ်သက်၍ မည်သို့ အရေးယူရမည်၊ မည်သို့ တရားစွဲဆို တင်ပို့မည်၊ မည်သို့ တရားစီရင်ဆုံးဖြတ်၍ ပထမရုံး ဆုံးဖြတ်ချက်ကို မည်သို့ပြင်ဆင်၊ မည်သို့ အယူခံ ဝင်နိုင်သည် စသည့် လုပ်ထုံးများကို အသေးစိတ် ပြဋ္ဌာန်းသည်။

တရားမကျင့်ထုံးဥပဒေသည်လည်း အလားတူပင်၊ တရားမမှု စွဲဆို စစ်ဆေး၊ စီရင်၊ ပြင်ဆင်၊ အယူခံဝင်ခြင်း စသည်တို့ အတွက် လုပ်ထုံး သတ်မှတ်သည်။

## ၂

နိုင်ငံချင်းချင်း ကူးလူးဆက်ဆံရာတွင် ကျင့်သုံးကြသော စည်းကမ်း ထုံးတမ်းများကို အပြည်ပြည်ဆိုင်ရာ ဥပဒေဟု ခေါ်သည်။

ပြည်တွင်းဥပဒေများသည် ပြည်တွင်းနေသူများ အပေါ် တည်နေသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဥပဒေသည် ကမ္ဘာ့ မိသားစုတွင်းရှိ အပြည်ပြည်၊ အနိုင်နိုင်ငံ အပေါ်၌ တည်နေသည်။

သို့ရာတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေသည် နိုင်ငံတော် ဥပဒေများကဲ့သို့ အာဏာစက် မထက်။ နိုင်ငံတော် ဥပဒေကို ချိုးဖောက်လျှင် ထိရောက်စွာ အရေးယူနိုင်ရန် နိုင်ငံတော်တွင်



တပ်မတော်၊ ရဲတပ်ဖွဲ့၊ တရားရုံး စသည်တို့ကို အမြဲတမ်း ဖွဲ့စည်းထားရှိသည်။ ကမ္ဘာတွင် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ထုံးတမ်း ဖောက်ဖျက်သော နိုင်ငံအား ချက်ခြင်း ထိရောက်စွာ အရေးယူနိုင်သည့် တပ်မတော်၊ ရဲတပ်ဖွဲ့၊ တရားရုံး စသည်တို့ကို အမြဲတမ်း ဖွဲ့စည်းထားခြင်း မရှိ။

တရားနှင့်ဓား အတူ သွားရသည်။ ဓမ္မစက်နှင့် အာဏာစက် ယှဉ်တွဲရသည်။ သို့မှသာ တရားဥပဒေ ထက်မြက် ထိရောက်သည်။

ကမ္ဘာ့ကုလသမဂ္ဂစသော အဖွဲ့အစည်းတို့သည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ထုံးတမ်းတို့ကို ထက်မြက် ထိရောက်စေရန် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး တပ်ဖွဲ့လိုမျိုး ထူထောင်ဖို့ ရံဖန်ရံခါ ကြိုးစားသည်။ သို့ရာတွင် အုပ်စုကွဲနေကြသော နိုင်ငံကြီးများက ကိုယ်ကျိုးပါမှ တပ်ဖွဲ့တွင် ပါဝင် ကူညီသည်၊ စရိတ်ထောက်သည်။

ကမ္ဘာ့တရားလွှတ်တော် ဟူ၍ အမြဲတမ်းဖွဲ့ထားသော ခုံရုံး ရှိပါ၏။ သို့ရာတွင် လက်ရှိစာချုပ်များအရ တရားပြိုင် နိုင်ငံများက ခုံရုံး၏အာဏာကို လက်ခံမှ ရုံးတွင် စီရင်ပိုင်ခွင့် ရသည်။ အကျိတ်အနယ် တရားပြိုင်ကြတော့မည်ဆိုလျှင် တရားပြိုင်က ရုံး၏ စီရင်ပိုင်ခွင့်ကို ငြင်းပယ်တာ များသည်။ အငြင်းပွားသည့်ကိစ္စသည် အပြည်ပြည်ဆိုင်ရာ ကိစ္စ မဟုတ်၊ ပြည်တွင်းရေးဖြစ်သည်ဟု ဆိုကာ ရုံးကို အသိအမှတ်မပြုပဲ နေတတ်သည်။ တရားပြိုင် ရုံးမလာလျှင် ရုံးမှာ အာဏာ မရှိ။

အပြည်ပြည်ဆိုင်ရာ ဥပဒေသည် ဥပဒေ မဟုတ်။ ဓလေ့ ထုံးတမ်း၊ မိတ်ဝတ်တွေသာ ဖြစ်သည်ဟု အချို့က ဆိုကြသည်။

ထိုသို့လည်း မဟုတ်သေး။ နိုင်ငံအချင်းချင်း ပိုမိုနီးကပ်စွာ ဆက်ဆံလာကြသည့် ဤခေတ်တွင် မိတ်ဝတ်လောက်သာ မဟုတ်တော့၊ ခိုင်မာသော ဥပဒေစည်းကမ်းများ ပေါ်ထွန်းလျက် ရှိသည်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးတပ်ဖွဲ့ကြီး၊ စီရင်ပိုင်ခွင့် အာဏာကုန် ရှိသော တရားလွှတ်တော်ကြီး မပေါ်သေးသော်လည်း ထုံးတမ်း၊ စာချုပ်၊ ဥပဒေ ချိုးဖောက်သော နိုင်ငံအတွက် အနေခက်အောင် ဝိုင်း၍ လုပ်နိုင်ကြသည်။ စီးပွားရေး၊ နိုင်ငံရေး မဆက်ဆံတမ်း နေနိုင်သည်။ ရှုံ့ချ ပြစ်တင်ကြသည်။ တခါတခါတွင် ယင်းတို့သည်ပင် ထိရောက်သော လက်နက်များ ဖြစ်တတ်သည်။ ပေပေတေတေ ဇွဲနှင့် ရပ်တည်နိုင်သော နိုင်ငံအဖို့ကား ယင်းလက်နက်များသည် မစူးရှချေ။

ဂ

ဥပဒေတွေ ထွေပြား တိုးပွားလာသည်။ ပြည်သူတို့ဘဝတွင် လက်တွေ့နီးစပ်သော ဥပဒေများကို ပြည်သူတို့ သဘောပေါက် နားလည်ဖို့ အထူး အရေးကြီးသည်။

အသေးစိတ် သိနေရန် မလို၊ အလွတ် ကျက်မှတ်ထားရန် မလို၊ သို့ရာတွင် အခြေခံသဘောလောက်တော့ သိထားသင့်သည်။

အခြေခံ ဥပဒေများကို ဆီလျော်သလို နားလည် သဘောပေါက်အောင် စာသင်ကျောင်းတွေမှာ သင်ကြားသင့်သည်၊



စက်ရုံ၊ အလုပ်ရုံ၊ ရပ်ကွက်၊ ကျေးရွာတွေမှာ ဆွေးနွေးသင့်သည်။

စာအုပ်ထူထူကြီးများတွင် ပြန့်ကျဲလျက် ရှိသော ဥပဒေများကို စုစည်းသင့်သည်။ မြန်မာလို တွေး၍ နားလည် လွယ်သော မြန်မာစကားပြေဖြင့် ရေးသင့်သည်။ ရှာဖွေရလွယ်ကူအောင် ပြစ်မှုဆိုင်ရာ ဥပဒေ၊ ငွေမှုဆိုင်ရာ ဥပဒေ၊ အိမ်ထောင်ရေးဆိုင်ရာ ဥပဒေ၊ အခွန်ဆိုင်ရာ ဥပဒေ၊ အလုပ်သမားဆိုင်ရာ ဥပဒေ၊ လယ်သမားဆိုင်ရာ ဥပဒေ စသည်ဖြင့် ပိုင်းခြား စုစည်း ထုတ်ဝေသင့်သည်။

စာအုပ်ထုတ်ဝေရုံမျှနှင့်လည်း မပြီးသေး။ အများပြည်သူထံ ရောက်အောင် ဖြန့်ဖြူးဖို့၊ နည်းမျိုးစုံဖြင့် ဗဟုသုတ ပေးဖို့၊ ပွားဖို့ လိုသည်။

လုပ်စရာတွေ များသည်။ သွားစရာခရီး အဝေးကြီး ကျန်သေးသည်။ သို့ရာတွင် ခရီးရှည်ကို မျှော်ကြည့်ကာ မောနေ၍ မပြီးသေး။ မိုင်တထောင် ခရီးကိုပင်လည်း ပထမ ခြေတလှမ်းဖြင့် တက်လှမ်းရသည်။

---

“အမျက်ဒေါသလည်း ငြိမ်းစေ၊ ရန်ကြွေးလည်း ပြေစေ၊ ရပ်ရွာ ပြည်နယ်နှင့် ပြည်ထောင်စု စည်းလုံး ညီညွတ်မှုလည်း ခိုင်မြဲစေရန် နော်ခွန်ဖော်သာ၏ အမှုကို ကချင်တောင်တန်း ဥပဒေက ပြဋ္ဌာန်းသည့် အတိုင်း ဝေလေ့ထုံးတမ်းဥပဒေအရ စစ်ဆေးရန် တရားရုံးချုပ်က အဆုံးအဖြတ် ပေးခဲ့သည်။

ဤအမှု တခုလုံးကို အစအဆုံး ခြုံ၍ ကြည့်လိုက်သော် တော်လှန်ရေး အစိုးရသည် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းများကို မည်မျှ လေးစားကြောင်း ထင်ရှားစွာ သိနိုင်ပေသည်။ ထိုဓလေ့ ထုံးတမ်းများနှင့် အညီ ဤအမှုကို ပြည်ထောင်စုနေ့ အမှီ ပြေလည် ပြီးပြတ်အောင် စီရင် ဆုံးဖြတ် လိုက်နိုင်ခြင်းသည် ပြည်ထောင်စု စည်းလုံး ညီညွတ်ရေး အတွက် ကောင်းသော နိမိတ်လက္ခဏာတရပ်ပင် ဖြစ်ပေတော့သည်။"

ဇာဝန
ကြေးမုံသတင်းစာ
၆-၂-၁၉၆၇

# ၅။ အမှန်တရား

၁

ပြည်သူ့ တရားစီရင်ရေးအောင်မြင်စေရန် ပြည်သူတို့ ပါဝင်ကူညီဖို့ လိုသည်။ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ကြသော တရားစီရင်ရေး အဖွဲ့ဝင်များနှင့် ပြည်သူ့ဝန်ထမ်းများကလည်း ပြည်သူ့အကျိုးကို ရှေးရှု၍ တာဝန်ကျေအောင် ရွက်ဆောင်ဖို့ လိုသည်။ ရှေ့နေကြီးများကလည်း "ရုံးအရာရှိ" အမှန်တရား၏ အကျိုးဆောင် ပီသကြဖို့ လိုသည်။

တရားစီရင်ရေးသည် အမှုသယ်များနှင့်သာ သက်ဆိုင်သည် မဟုတ်။ သူတို့၏ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေများနှင့်လည်း ဆိုင်သည်။ သူတို့ မှီတင်းနေထိုင်ရာ ရပ်ရွာနှင့်လည်း ဆိုင်သည်။ တရားစီရင်ရေး၏ ကောင်းသတင်း၊ ဆိုးသတင်းသည် ပြည်သူတို့ အချင်းချင်း နှီးနှော ပြောဆိုခြင်းဖြင့် ပြန့်နှံ့သည်။

မှန်ကန်၊ မြန်ဆန်မျှတသော တရားစီရင်ရေး ထွန်းကားသောဒေသ၌ ပြည်သူတို့ စိတ်ချမ်းမြေ့သည်။ မှန်တာလုပ်လျှင် အန္တရာယ် မရှိ။ ထို့ကြောင့် မကြောင့်မကြ ကောင်းစွာ အသက်မွေးဝမ်းကျောင်းနိုင်ကြသည်။ မဟုတ်တာ လုပ်သူတွေကို တရားက စီရင်လိမ့်မည်။ ထိုသို့ လုံခြုံစိတ်ချစွာ နေရသဖြင့် ဆောက ကင်းသည်၊ အချင်းချင်း စည်းလုံးသည်၊ တက်ကြွစွာ စိုက်ပျိုး ထုတ်လုပ်ကြသည်။ မိမိတို့က ရွေးချယ် တင်မြှောက်

ထားသော အာဏာပိုင်အဖွဲ့ အဆင့်ဆင့်နှင့် ပြည်သူ့ ဝန်ထမ်းများအား မေတ္တာထား အားကိုးကြသည်။

ထိုကဲ့သို့သောဒေသ၌ မိုးလေဝသ ကောင်းမွန် မှန်ကန်သည်၊ သီးနှံ အောင်မြင်သည်၊ ဖွံ့ဖြိုး တိုးတက်သည်ဟု နီတိကျမ်းတွင် လာသည်။ လက်တွေ့လည်း မှန်သည်။

တရားစီရင်ရေး မမှန်၊ မမြန်၊ မမျှတသောဒေသ၌ ပြည်သူတို့ ပင်ပန်း စိုးရိမ်ကြရသည်။ ကောင်းစွာ အသက်မွေးဝမ်းကျောင်းစေကာမူ မသမာသူ စွပ်စွဲသဖြင့် ရုံးရောက်ရလေမည်လား၊ ရုံးရောက်လျှင် အမှန် မဖြစ်၊နစ်နာရလေမည်လား။ မကောင်းသော အသက်မွေးဝမ်းကျောင်းသူ အဖို့မူ၊ ရုံးကို မကြောက်၊ အဖက်ဖက်တွင် မီးသေသည်၊ ငွေများလျှင် တရားနိုင်သည်။

ထိုဒေသမျိုး၌ ကောင်းစွာ အသက်မွေးဝမ်းကျောင်းသူ ပြည်သူအများစု ဆင်းရဲသည်။ အချင်းချင်း မညီညွတ်၊သံသယ၊ အာဃာတ များသည်။ ပြည်သူ့အဖွဲ့အစည်းများ ဝန်ထမ်းများ အပေါ် ပြည်သူတို့ မေတ္တာ ပျက်သည်။ သစ္စာတရား ခေါင်းပါးသည်နှင့်အမျှ မိုးခေါင်သည်။ သီးနှံပျက်သည်။ အဖက်ဖက်တွင် ဆုတ်ယုတ်သည်ဟု နီတိကျမ်းတွင် လာသည်။ လက်တွေ့လည်း မှန်သည်။

ထို့ကြောင့် တရားစီရင်ရေးသည် လုပ်ငန်းပမာဏ ကျဉ်းသော်လည်း အကျိုးသက်ရောက်မှု ကျယ်ဝန်း နက်ရှိုင်းသည်၊



## ၂

တရားစီရင်ရေး၏ အဓိကတာဝန်သည် အမှန်ကို ရှာဖွေဖော်ထုတ်ခြင်းပင် ဖြစ်သည်။ အမှန်ကို တွေ့ပြီးမှ ဥပဒေနှင့် အညီ မှန်ကန်မျှတစွာ ဆုံးဖြတ်နိုင်သည်။ အမှားပေါ်တွင် အခြေခံ ဆုံးဖြတ်လျှင် တရား မဖြစ်နိုင်၊ မတရားသာ ဖြစ်မည်။

ထို့ကြောင့် ကျင့်ထုံး၊ သက်သေခံဥပဒေ စသည်တို့သည် အမှန်ကို ရှာဖွေရန် နည်းလမ်းများသာ ဖြစ်သည်။ ဥပဒေ၊ ကျင့်ထုံး၊ မည်သို့ပင် ပြည့်စုံ စေ့စပ်စေကာမူ ကျင့်သုံးသူတို့က စေတနာမှန်မှလည်း အမှန်ကို တွေ့နိုင်မည်။ စေတနာ မမှန်သူတို့ လက်တွင် ကောင်းမြတ်သော နည်းလမ်းများသည် အမှုပို၍ ရှုပ်ထွေး ကြန့်ကြာစေဖို့ ဖြစ်လာတတ်သည်။

တရားသူကြီး၊ တရားရေးဝန်ထမ်း၊ဥပဒေဝန်ထမ်း၊ ရှေ့နေ၊ ဆရာဝန်၊သက်သေ၊ တရားစီရင်ရာတွင် သူ့အခန်းနှင့်သူ ပါဝင်ကြသူ ဟူသရွေ့ စေတနာ မှန်ဖို့၊ သစ္စာတရား ရှိဖို့၊ အဂတိ ကင်းဖို့ အရေးကြီးသည်။

တရားရုံးများတွင် အမှုတွေ ပုံနေပြီ၊မမှန်တာတွေ ဖြစ်နေပြီဆိုလျှင် တရားသူကြီးများကိုသာ ပြစ်တင်ရန် မသင့်။သက်ဆိုင်သူတွေအားလုံး ဂိုဏ်းဝန်း လုပ်ဆောင်နေကြရဲ့လား၊ လုပ်ဆောင်ရာတွင် အဂတိ ကင်းစင်ကြရဲ့လား၊ စစ်ဆေးဖို့ လိုသည်။ စစ်ကြည့်လျှင် တဖက်ဖက်၊ တနေရာရာက ပျက်ကွက်နေသည်ကို တွေ့ရတတ်သည်။

လုပ်ထုံးတွေ ရှည်လျားလွန်းသည်။ သက်သေခံ ဥပဒေ
သိမ်မွေ့လွန်းသည်။ တရားမျှတမှု အနှစ်သာရ မပျက်စေပဲ
တိုတို ရှင်းရှင်း ဖြစ်စေရန် ပြင်ဆင် ရေးသားဖို့ လိုသည်။
သို့ရာတွင် လူသည် ပဓာန ဖြစ်သည်။ တရားစီရင်ရေးတွင်
ပါဝင်ရသူတို့ ကျင့်ဝတ်သီလ လုံဖို့က အဓိက ဖြစ်သည်။

၃

အဂတိလေးပါးသည် လောဘ၊ ဒေါသ၊ ကြောက်ရွံ့
စိုးရိမ်ခြင်း၊ မသိ နားမလည်ခြင်းတို့ ဖြစ်သည်။ အဂတိ လေး
ပါးလုံး ကင်းစင်အောင် မိမိကိုယ်ကို မိမိ မထောက်မညှာ စစ်ရ
သည်။ အဂတိ တပါးပါး၏ အငြှာင့်အတက်ကလေးတခုပင်
တွေ့လျှင် မညှာမတာ ပယ်သတ်ရသည်။

လောဘကို ကြည့်ပါ။ တံစိုးလက်ဆောင်ယူခြင်းကို ရှောင်ဖို့
လွယ်သည်။ သို့ရာတွင် ရာထူးတိုးဖို့၊ နောင်တကြိမ် ရွေးချယ်
တင်မြှောက်ပွဲတွင် မဲဆန္ဒ ရဖို့ တရားစီရင်ရေးအဖွဲ့တွင် များ
များ ပါရဖို့ စသည့်အကျိုးကို မျှော်၍ မဟုတ်မမှန် ဆုံးဖြတ်
လျှင် လောဘ ပါသည် မဟုတ်လား။ ကိုယ့်ဆွေမျိုး၊ မိတ်ဆွေ၊
ဩဇာရှိသူ စသူတို့ဖက်သို့ ငဲ့ကွက်၍ မဟုတ်မမှန် ဆုံးဖြတ်လျှင်
လည်း လောဘ မပါဘူးလား။

''ဆဲ့ချ''ဟု နာမည်ရသော အမှုလိုက် ရှေ့အရာရှိ တဦး၊
ရှေ့နေတဦးအား တရားသူကြီးတာဝန် ပေးကြည့်ပါ။ သူသည်
တရားသူကြီး ဖြစ်လာသည်နှင့် အလွန် မျှတသူ၊ စာနာ ထောက်
ထား၊ အကြင်နာတရား ပြည့်သူအဖြစ် ရှေ့နေများနှင့် ရပ်ရွာ



က သူ့အား မြင်စေချင်လိမ့်မည်။ ထို့ကြောင့် တရားသူကြီး
အဖြစ် အသားမကျသေးမီ သူသည် တရားစီရင်ရာတွင် လွတ်
သည့်ဖက်၊ လျှော့ပေါ့ သက်ညှာသည့်ဖက်မှ လူမြင်သူမြင်
ရပ်လိမ့်မည်။ သူ့အား အများက ချီးမွမ်းထောပနာ ပြုကြပါ
စေ၊ သူ့အပေါ် အမြင် ပြောင်းပါစေဟူသော ဆန္ဒဖြင့် အမှုမှန်၊
အမှုမှား မရွေး လွတ်ခြင်း၊ လျှော့ခြင်းသည် ဆန္ဒာဂတိနှင့်
ယှဉ်သော တရားစီရင်ခြင်း ဖြစ်သည်။ ဤသို့သော အဂတိ
သည် သိမ်မွေ့၍ မြင်ရန်၊ နုတ်ပယ်ရန် ခက်သည်။

၄

ဒေါသ၊ အာဃာတကိုလည်း ပယ်ရန် ခက်သည်။ သူသည်
သူ့ဇနီး၊ သားသမီးသည် ငါ့အား၊ ငါ့ဇနီး၊ သားသမီးအား
ဘယ်တုံးက ဘယ်လို ပြောဖူးသည်၊ ဘယ်လို နစ်နာအောင်
ပြုဖူးသည်၊ ယခု ငါ့အာဏာစက်အတွင်း သူ ကျရောက်လာ
စဉ် အာဏာ ပြလိုက်မည်ဟု ဒေါသနောက်သို့ လိုက်၍စီရင်
ခြင်း။

အမှုသယ်အပေါ် ရန်ညှိုး မထားစေကာမူ သူ့ရှေ့နေအား
မုန်းထားသော ဒေါသ။

တဦးအပေါ် မဟုတ်မူပဲ ထိုသူ၏ လူတန်းစားအပေါ် အစွဲ
အလန်း အာဃာတထားသော ဒေါသ။

တရားစီရင်ရာတွင် ဒေါသ ဟူသမျှကို ပယ်ရန် အားထုတ်
အပ်သည်။

၅

အမျက်သည် ဟုတ်သောသဘောကို မသိ၊ မမြင်၊ အကြင်အခါ၌ အမျက်သည် လူကို နှိပ်စက်အပ်၏၊ ထိုအခါ၌ အလွန်မိုက်မဲခြင်းသည် ဖြစ်၏ဟု ဓမ္မပဒတွင် လာ၏။

"ပုထုဇန်တို့ သဘောအလျောက် မသိမ်းဆည်းနိုင်လောက်သော အချက်ကြောင့် အမျက်ထွက်ငြားသော်လည်း အမျက်ထွက်ဆဲအခါ တစုံတရာ ပြောဆိုပြုလုပ်ရန် ရှိသည်ကို မပြောမဆို မပြုမလုပ်၊ ချုပ်တည်းမျိုသိပ်၊ ဆိတ်ဆိတ်နေလျက် အမျက်ပြေလည်၊ တည်ကြည်ငြိမ်ဝပ်သည့် အခါမှသာ သာယာသဖြင့် မေးသင့် စစ်သင့်၊ နှိုင်းချိန်စဉ်းစား၊ အမှုအား လျော်စွာ၊ လိုက်နာမျှော်ထောက်၊ ရှေ့နောက်ဆင်ခြင်၊ စီရင်ပြုလုပ်ရာသည်။"ဟု မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းတွင်လည်း မှာသည်။

သတင်းစာတွင် တခါက ဖတ်လိုက်ရဖူးသည်။ ပြည်သူ့တရားစီရင်ရေး အဖွဲ့တဖွဲ့က တရားခံအား ပြစ်မှုထင်ရှားတွေ့ရှိ၍ ထောင်ဒဏ် ၆ လ စီရင်သည်။ တရားခံက ဒီ့ထက်ပိုနေပေးနိုင်တူးလား၊ ၆ နှစ် ပေးပါလားဟု အဖွဲ့အား ရန်ထောင်သည်။ အဖွဲ့ကလည်း ဒေါသထွက်ကာ ကိုင်း ပေးတယ်ကွာ ၆ နှစ်ဟု ပြစ်ဒဏ်ကို တထိုင်တည်း တိုးမြှင့်လိုက်သည်။

တရားစီရင်ရေးအဖွဲ့သည် မိမိ ဆုံးဖြတ်ပြီးသည်ကို ပြန်၍ ပြင်ဆင်ရန် မဟုတ်တော့ပါ။ တရားခံနှင့် ခိုက်ရန် ဖြစ်ပွားရန်လည်း မဟုတ်ပါ။ တည်ငြိမ်စွာ စစ်ဆေး သုံးသပ်ပြီးလျှင် စီရင်ချက် ချမှတ်ရန်သာ ဖြစ်ပါသည်။ ပြစ်ဒဏ်တိုးရန်၊ လျှော့ရန်၊ ပယ်ရန် စသည်တို့မှာ အယူခံရုံး၏ စီရင်ပိုင်ခွင့်သာ ဖြစ်ပါသည်။



၅

ဘယာဟုဆိုသော ကြောက်ရွံ့စိုးရိမ်ခြင်းကြောင့် အမှန်ကို အမှား၊ အမှားကို အမှန် စီရင်ခြင်းသည်လည်း အဂတိ လိုက်စားခြင်းပင် ဖြစ်သည်။

အမှန်အတိုင်း စီရင်ရလျှင် မိမိအား အထင်အမြင် လွဲကြမည်လား။ ကြိုက်ကြမည်လား။ နောက်တခါ မိမိအား ရွေးချယ် တင်မြှောက်ကြပါဦးမည်လား။ တရားစီရင်ရေး အဖွဲ့တွင် တာဝန် ပေးကြပါဦးမည်လား။ လွှတ်သင့်လို့ လွှတ်သည်၊ အာမခံ ပေးသင့်လို့ ပေးသည်ကို လပ်စားပြီး ဆုံးဖြတ်သည်ဟု မိမိအား စွပ်စွဲကြလေမည်လား။ ဤသို့သော စိုးရိမ်မှုများကို ဖယ်ရှား၍ မှန်သည့်အတိုင်း ပြောဆိုဆုံးဖြတ်ရန် တရားသူကြီးတွင် တာဝန် ရှိသည်။

ဥပဒေနှင့်အညီ လွှတ်လပ်စွာ စီရင် ဆုံးဖြတ်ခြင်းသည် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော တရားစီရင်ရေး မူတရပ်ဖြစ်သည်။ အခြေခံဥပဒေ မူကြမ်း အဆင့်ဆင့်ကို ညှိနှိုင်းရေးဆွဲခဲ့ကြရာတွင် ပြည်သူတို့ အထူး နှစ်ခြိုက် အားထားခဲ့ကြသည့် ပြည်သူတို့၏ဘဝ အာမခံချက်တရပ် ဖြစ်သည်။

ပြစ်မှုကို ပြည်သူရဲက စုံစမ်း ထောက်လှမ်းရသည်။ ရုံးသို့ တရားစွဲဆို တင်ပို့လျှင် ရဲအမှုလိုက် အရာရှိ၊ ဥပဒေဝန်ထမ်း စသော ပုဂ္ဂိုလ်တို့က တရားလိုဖက်မှ လိုက်ရသည်။ တရားလိုသည် နိုင်ငံတော် ဖြစ်သည်၊ ဝန်ကြီးဌာန တခုခု ဖြစ်သည်။ ပြစ်မှုမထင်ရှား၍ တရားရုံးက တရားခံအား လွှတ်လျှင် စုံစမ်းထောက်လှမ်းသူတို့ လိုလို့လား၊ အမှုလိုက်ရာတွင် ဟာလို့လား၊

ဝေဖန်တတ်ကြသည်။ တာဝန်ရှိသူများကလည်း အမှုမှန် ဖြစ်ပါလျက် တရားရုံးက အဂတိလိုက်စားပြီး လွှတ်သည်၊ ရှုံးစွပ်ချေပတတ်ကြသည်။

အမှန်မှာ ဤသို့ ဖြစ်တင်ကြရန် မဟုတ်။ ရုံးရောက်သမျှ အမှုတို့သည် အမှုမှန် မဟုတ်ကြ။ လည်ဆယ်တိုင်ကြား သံသယဖြင့် တင်ပို့ကြတာတွေ ပါသည်။ အမှုမှန်တိုင်းလည်း မှန်ကြောင်း မပေါ်၊ မှုသား သက်သေနှင့် အခြား အကြောင်းများ ရှိတတ်ကြသည်။

ထို့ကြောင့် ကိုယ့်အခန်းနှင့် ကိုယ့်တာဝန် ယူရသူတို့သည် စွမ်းအားရှိသမျှ အမှန်ကို ဖော်ထုတ်ကြရန် ဖြစ်သည်။ ကိုယ်ထင်တိုင်း မဖြစ်သဖြင့် တပါးသူအား ဖြစ်တင်ရန် မဟုတ်ချေ။

တရားစီရင်ရေး အဖွဲ့ကလည်း ဖြစ်တင်ခံရမည်ကို မစိုးရိမ်ပဲ မြင်ခတွေ့သည့်အတိုင်း စီရင် ဆုံးဖြတ်ရသည်။ မိမိ၏ သစ္စာတရားနှင့် သိက္ခာကိုသာ ငဲ့အပ်သည်။ မိမိကိုယ်ကို မိမိ မလေးစားနိုင် ဖြစ်မှာကိုသာ စိုးရိမ်အပ်သည်။

၆

အမှုနှင့်သက်ဆိုင်သမျှသော အချက်အလက်တို့ကို စစ်ဆေးဖော်ထုတ်ပြီးလျှင် ဆီလျော်သောဥပဒေ၊ ထုံးတို့ကို ကောင်းစွာ လေ့လာပြီးမှ စီရင်ဆုံးဖြတ်လျှင် အမှန်ဖြစ်ဖို့ များသည်။

ကောင်းစွာ စစ်ဆေး လေ့လာ ဆင်ခြင်ခြင်း မပြု၊ မသိ



နားမလည်ပဲ တွေ့ဝေမိန်းမောကာ ဆုံးဖြတ်လျှင် အမှား ဖြစ်တတ်သည်။ မောဟဂတိသို့ လိုက်ပါရာ ရောက်သည်။

မိမိ အကုန်သိပြီး ဖြစ်သည်။ အကုန် တတ်ကျွမ်းပြီး ဖြစ်သည်ဟု မှတ်ယူလျှင် လေ့လာ၊ စူးစမ်း၊ မေးမြန်းတော့မည် မဟုတ်၊ သိဖို့ ကြိုးစားတော့မည် မဟုတ်၊ မကြိုးစား၍ မသိ၊ မသိပဲ ဆုံးဖြတ်လျှင် မှားမည်။

ပညာမာနချင်းပြိုင်ကာ တရားရုံးရှေ့တွင် ရိုက်မောင်း ပုတ်မောင်း ဖြစ်ကြသည့် တရားသူကြီးနှင့် ရှေ့နေ၊ ဟိုဖက် ရှေ့နေနှင့် ဒီဖက်ရှေ့နေတို့ကို မြင်ဖူးသည်။ မတင့်တယ်သော ရှုခင်း ဖြစ်သည်။ ဤမျှ မာန်မာန၊ ဒေါသ များနေသည့်အကြားတွင် အမှန်တရား တည်နေဖွယ် မရှိ။

ဥပဒေစာအုပ်ကြီး ထူထူကိုင်ပြီးလျှင် ဥပဒေ စကားလုံးကြီးကြီး လျှာတွေ့နေရာမှ မိမိ တတ်လှပြီဟု ယူဆလာသည်။ ထိုမှတဆင့် အကုန်အစုံ တတ်ကျွမ်းပြီဟု ယူဆလာသည်။ ထိုမှ တဆင့်တက်၍ မိမိမှ တပါး အခြားသောသူတို့သည် မဟုတ် မသိကြဟု ယူဆလာလေတော့သည်။ ဥပဒေ ပညာရှင်များ ဤသို့ ဖြစ်တတ်သည်။ အမှု အနည်းငယ် စစ်ဆေးပြီး၍ မိမိကိုယ်ကို မိမိယုံကြည်ချက် ပြည့်လျှံလာသော ပြည်သူ့ တရားသူကြီးများလည်း ဤသို့ ဖြစ်တတ်သည်။ တဝင်ကိုင်သည့် ရောဂါသည် လူမရွေး ဖမ်းစားတတ်သည်။

တရားဥပဒေတွင်သာ မဟုတ်၊ ဘာသာတရားရေး၊ နိုင်ငံရေးတို့မှာလည်း အလားတူ ဖြစ်တတ်သည်။

## ၃

အဂတိ လေးပါးလုံး ကင်းစင်အောင် စစ်ကျော ဖယ်ရှားနိုင်လျှင် အသိအမြင် ကြည်လင်လာသည်။ အမှန်တရားကို သဲကွဲစွာ မြင်လာရသည်။

ကောင်းစွာတည်ကြည်လျှင် ကောင်းစွာ မြင်သည်။သမာဓိမိလျှင် ပညာ ပေါ်လာသည်။

အမှုကို စီရင်သည်မှာ အဖြစ်အပျက်၊ အချက်အလက်များနှင့် ဥပဒေတို့က ဖြစ်သည်။ ထိုအရာတို့ကို ကောင်းစွာ မြင်သည်နှင့် အဖြေအလိုလို ပေါ်သည်။

ထို့ကြောင့် တရားသူကြီးတို့သည် ဆုံးဖြတ်သူများ မဟုတ်ချေ။ ရှာဖွေ ထုတ်ဖော်သူများသာ ဖြစ်သည်။ အချက်အလက်များနှင့် ဥပဒေတို့က အမှုကို ဆုံးဖြတ်သည်။ တရားကြီးများသည် ဤအမှုကို ငါတို့ ဤသို့ ဆုံးဖြတ်လိုက်ကြသည်ဟု မာန်မာနထားရန် အကြောင်း မရှိ။

အမှန်ကို ဝိုင်းဝန်းထုတ်ဖော်၍ သစ္စာတရားကို ဖြစ်စေကြသည်ဟု ကုသိုလ်ပွားကြရန်သာ ဖြစ်သည်။

တရားသူကြီးများနှင့်ပက်သက်သော အထက်ပါ မှတ်ချက်တို့သည် ပြည်သူ့ရဲ၊ တရားရေးဝန်ထမ်း၊ဥပဒေဝန်ထမ်း၊ရှေ့နေးဆရာဝန်၊သက်သေ စသူတို့နှင့်လည်း ဆီလျော်သက်ဆိုင်သည်။ ပြည်သူများနှင့်လည်း သက်ဆိုင်သည်။



တရားစီရင်ရေးသည် တရားသူကြီးများ၏ မူပိုင် လုပ်ငန်းတာဝန် မဟုတ်။ ကိုယ့်အခန်းနှင့်ကိုယ် ပါဝင် တာဝန်ယူရသူများနှင့် ပြည်သူအများ၏ လုပ်ငန်းတာဝန် ဖြစ်သည်။

အမှန်တရား ထွန်းကားရေးသည် ပြည်သူတိုင်း၏ အရေးကိစ္စ ဖြစ်သည်။

---

“တာဝန်ယူရတဲ့အပိုင်းနဲ့ အာဏာအပ်နှင်းခြင်းခံရတဲ့အပိုင်းမှာ တာဝန်ပိုင်းကို မေ့ပြီးတော့ အာဏာပိုင်းကိုချည်း သတိရပြီးတော့ အနေအထိုင် အပြောအဆို ချွတ်ချွတ်ယွင်းယွင်း မှားမှားယွင်းယွင်း ဖြစ်မှာစိုးလို့ ကျွန်တော် သတိပေးရခြင်း ဖြစ်ပါတယ်။ အာဏာရှိလာပြီဆိုယင် ပယောဂ ဝင်တတ်ပါတယ်။ ဘယ်လို ပယောဂ ဝင်လာတတ်သလဲ ဆိုရင် အချို့အချို့သော ပုဂ္ဂိုလ်များဟာသူတို့ ကိုယ်ရေးကိုယ်တာ သူတို့ အကျိုးရှိဖို့ အတွက် ကျွန်တော်တို့လူကို အသုံးချမှာ စိုးရပါတယ်။ အဲဒီလို အသုံးချ မခံရအောင် သတိထားဖို့ အများကြီး လိုပါတယ်။ ဒီလို သတိထားဖို့ လိုတဲ့နေရာမှာ ကျွန်တော်တို့ လူတွေဟာ စောစောက ပြောခဲ့တဲ့ ရှောင်ရမယ့် အချက်အလက်

အပြင် ဂုဏ်ပကာသနတွေကို မမက်ဖို့ လိုပါတယ်။ ဂုဏ်ပကာသနတွေကို မက်မောလို့ရှိရင်တော့ အခု နက အကြံနဲ့ ချဉ်းကပ်မယ့်လူတွေကို လမ်းဖွင့်ပေး တာနဲ့ အတူတူပဲခင်ဗျ။”

ဗိုလ်ချုပ်ကြီးနေဝင်း
ပထမအကြိမ် ပါတီညီလာခံ
နိဂုံးချုပ်မိန့်ခွန်း
၁၁-၇-၁၉၇၁

## ၆။ တရားစီရင်ရေးမှုများ

### ၁

တရားစီရင်ရာတွင် ကျင့်သုံးရမည့် မူများကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။

“ဆိုရှယ်လစ်စနစ်ကို ကာကွယ် စောင့်ရှောက်ရန်” မှာ အခြေခံ မူတရပ် ဖြစ်သည်။

“ဆိုရှယ်လစ်စနစ်” ဆိုသည်ကို အမျိုးမျိုး အဓိပ္ပာယ် ပြန်တတ်ကြသည်။ သူ့နိုင်ငံ၊ သူ့ခေတ်၊ သူ့အတွေးအခေါ်၊ သူ့ကျမ်းပြု ဆရာအလိုက် အနှစ်သာရမှာ ကွဲပြားတာတွေ ရှိသည်။ အနှစ်သာရ တူသော်လည်း လုပ်နည်း လုပ်ဟန်တွင် ခြားနားတာတွေ ရှိသည်။

“လူလူချင်း၊ လူမျိုးအချင်းချင်း၊ မတရား ခေါင်းပုံဖြတ် ချယ်လှယ်သော ဝိသမလောဘစနစ်ဆိုး မှန်သမျှကို ဆန့်ကျင် လျက် တရားမျှတ၍ ပြဟ္မစိုရ်တရား ထွန်းကားမှုကို ရှေးရှု မည်။” ဟူသော အခြေခံဥပဒေ နိဒါန်းပါ ပြည်သူတို့ အဓိဋ္ဌာန် သည် မြန်မာ တိုင်းရင်းသားတို့ ရိုးရာစဉ်ဆက်၊ နားလည် လက်ခံ ကျင့်သုံးလာခဲ့ကြသော ဆိုရှယ်လစ်စနစ်ကို လက်တွေ့ သရုပ်ဖော်ခြင်း ဖြစ်သည်ဟု ဆိုချင်သည်။

ထို့ကြောင့် နိုင်ငံခြား သဘောတရားဆရာကြီးများ ရေးသားခဲ့ကြသော ကျမ်းရင်းတို့ကို မဖတ်ရပဲ၊ အဆင့်ဆင့်

ဘာသာပြန်၊ ဖတ်ပြီးလျှင် ပုံသော မှတ်ယူ စွဲသမ်းကာ ကိုယ်ထင်ရာ လုပ်ကိုင် စီရင်ခြင်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကာကွယ် စောင့်ရှောက်သည် မဖြစ်။ သူတို့ ကျမ်းဆရာတွေ သူတို့ခေတ်၊ သူတို့အခြေအနေကို ကြည့်ရှု သုံးသပ်ကာ သင့်မြတ်မည် ယူဆသည်ကို ဖွင့်ဆိုခဲ့ကြသည်။ သူတို့နိုင်ငံမှာပင် အခြေအနေ ပြောင်းလာသည်နှင့် အတွေးအခေါ် သင့်တော်သလို ပြင်ကြရသည်။

မှန်ကန်မျှတစွာ ဥပဒေ၊ လုပ်ထုံးနှင့်အညီ တရားစီရင်လျှင် အတော်ပင် ပြည့်စုံပြီ။ ဆိုရှယ်လစ်စနစ် တွန်းကားသောနိုင်ငံတွင် လွှတ်တော်က ဆိုရှယ်လစ် အနှစ်သာရပါသော ဥပဒေ၊ နည်းဥပဒေတွေကို ပြုလုပ်ပေးလိမ့်မည်။ လုပ်ထုံးတွေမှာလည်း ဆိုရှယ်လစ် အနှစ်သာရ ပါလိမ့်မည်။ ထိုဥပဒေ၊ လုပ်ထုံးတွေကို လေးစားစွာ လိုက်နာ ကျင့်သုံးခြင်းသည်ပင် ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်လိမ့်မည်။

ဆိုရှယ်လစ်စကား တရားရုံးတွင် တွင်တွင် ပြောနေလျှင် ငြီးငွေ့စရာ ဖြစ်လာသည်။ ဆိုရှယ်လစ်စကား များများပြောပြီး မမှန်တာ စီရင်လျှင် ပြည်သူတွေက ဆိုရှယ်လစ် စနစ်ကိုပါ အထင်အမြင် လွဲလိမ့်မည်။

တရားရုံးတွင် တိကျ တည်ငြိမ်စွာ လုပ်ဆောင်ရသည်။ အပိုအလို မရှိ၊ မီသစွာ ပြောဆို ဆုံးဖြတ်ရသည်။ အိန္ဒြေ ရှိမှ ပြည်သူ လေးစားသည်။

တခါက အညာဒေသတွင် ဖြစ်ခဲ့ဖူးသည်။ ခရီးသယ်တင် မော်တော်ကားကို ရှာဖွေစစ်ဆေးကြရာ အမျိုးသမီး ၂ ဦး၊ ဆပ်ပြာတောင့်တွေ သယ်ယူလာသည်ကို တွေ့သည်။ ဆပ်ပြာ



သည် တားမြစ်ကုန်ဖြစ်သည်ဟု မှတ်ယူကာ အမျိုးသမီးများအား ရုံးသို့ စွဲဆို တင်ပို့လိုက်သည်။

အမှုမြန်စေရန် စေတနာရှိ၍ ၁ ဦးကို တရားရုံး တရုံးသို့၊ နောက် ၁ ဦးကို အခြား တရားရုံးသို့ ခွဲ၍ ပို့သည်။ ၂ ရုံးစစ်လျှင် ပိုမြန်လိမ့်မည်ဟု ယူဆဟန် ရှိသည်။

၂ ရုံးလုံးက ပြစ်မှုထင်ရှား တွေ့ရှိသည်။ ပြစ်ဒဏ် ချမှတ်ရာတွင်မူ မတူကြ။ ပထမရုံးက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အရ တရားခံကို လူညွန့်မတုံးစေရအောင် ဆိုကာ ဒဏ်တပ် ပစ္စည်းသိမ်းသည်။ နောက်တရုံးက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုပင် ကိုးကားပြီး စီးပွားရေးသောင်းကျန်းသူများကို အပြတ် နှိမ်ရမည်ဆိုကာ တရားခံကို ထောင် ၂ လချ ပစ္စည်း သိမ်းသည်။

ထောင်ဒဏ်ခံရသူက အမှုချင်း တူပါလျက် ဒဏ်ချင်း မတူသည်ကို တိုင်ကြားသဖြင့် ဆရာ "သာဂဒိုး" က လုပ်သားပြည်သူ့နေ့စဉ်တွင် ဆောင်းပါး ရေးသည်။ ထိုမှ စုံစမ်းကြသဖြင့် အမှုများ ပေါ်လာခြင်း ဖြစ်သည်။

စီစစ်ကြည့်ကြရာ ၂ မှုလုံးတွင် အပြစ်ပေးတာကပင် မှားနေသည်။ သိမ်းဆည်းသော ဆပ်ပြာအမျိုးအစား ရောင်းဝယ်သယ်ပိုးခြင်းကို တားမြစ်ထားခြင်း မရှိ။ ထို့ကြောင့် တပ်ရိုက်ပြီးဒဏ် ပြန်အမ်း၊ ပစ္စည်း ပြန်ပေး၊ ထောင်ဒဏ် ကျခံဆဲ အမျိုးသမီး ချက်ခြင်းလွှတ် လုပ်ကြရသည်၊ ကျခံပြီး ထောင်ဒဏ်ကိုမူ ပြန်အမ်း၍ မရ။

သင်္ခန်းစာ၊ (က) သဘောတရား၊ ဆိုရှယ်လစ် စကားကို လိုသလို ရွတ်ဆိုပြီး ထင်သလို စီရင်ဖို့ မသင့်။ (ခ) စွဲဆိုသော ပြစ်မှုအင်္ဂါရပ်များ စုံ မစုံ သေချာစွာ စစ်ဆေး ဆုံးဖြတ်သင့်

သည်။ (ဂ) ဆက်နွယ်သော အမှုများကို သာမန်အားဖြ တရုံးတည်းသို့ တင်ပို့သင့်သည်။ သို့မှသာ အချက်အလက်ဗ တရားရုံးက သိမည်။ (ဃ) တာဝန်သိသိ ရေးသားသေ သတင်းများ၊ ဆောင်းပါးများကို အလေးဂရု ပြုအပ်သည်

၂

“လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရန်” အခြေခံမူတရပ် ရှိသေးသည်။

ပြည်သူဟူသည် တိုင်းရင်းသားများ၊ နိုင်ငံသားများ ဖြ သည်။ “လုပ်သား” ဆိုသည့်စကားတွင် ရိုးသားစွာ လုပ်ကို အသက်မွေးကြသောသူ အားလုံး ပါဝင်သည်။ အလုပ် လုပ် လျက် လုပ်ခွင့် မသာသေးသူများ၊ အလုပ်ခွင့်မှ အငြိမ်းစာ ယူပြီးသူများ၊ နားနေသူများ၊ အလုပ်လုပ်ရန် ပညာဆည်းပူ လေ့ကျင့်နေကြသူများ ပါဝင်သည်။

နိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံခြားသားများကိုလည် အထိုက်အလျောက် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ရသည် နိုင်ငံသားနှင့် နိုင်ငံခြားသား တရားပြိုင်လျှင်၊ နိုင်ငံသားအာ တဖက်သတ် အနိုင်ပေးရမည် မဆို။ မျှတစွာ စီရင် ဆုံးဖြတ် သည်။ သို့ရာတွင် နိုင်ငံခြားသားသည် ဧည့်သယ် ဖြစ်သည် အိမ်ရှင် မကြည်ဖြူလျှင် သူမှာ လာခွင့် မရှိ၊ အိမ်ရှင်က သွာ ပါဆိုလျှင် သူမှာ နေခွင့် မရှိ။ အိမ်ရှင်က သူအား ဧည့်ဝတ် ပြုရန် တာဝန် ရှိတန်သလောက် ရှိသည်။ သို့ရာတွင် သူအာ အိမ်ကို အပ်နှင်းရန် မဟုတ်။



လုပ်သားပြည်သူအချင်းချင်း ဥပဒေအရာမှာ တူညီကြ သည်။ လူမျိုး၊ ဘာသာ၊ အမျိုးသား၊ အမျိုးသမီး ဗခွဲခြား၊ ချမ်းသာသူနှင့် နွမ်းပါးသူ အတူထား၍ တရား ဆုံးဖြတ်ရသည်။ မျက်နှာကြီးရာသို့ မလိုက်ရ။ နွမ်းပါးသူအား သူပြောလိုတာ ပြောနိုင်အောင် သီးခံ၍ အခွင့်အလမ်း ပေးရသည်။ လိုအပ် လျှင် သူ့အတွက် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေ ငှားပေးရ သည်။

ငွေများ တရားနိုင်တာမျိုး မဖြစ်စေအပ်။ ထို့အတူ နွမ်း ပါးသူအား အသနား ပို၍ မှားမှား၊ မှန်မှန် သူ့အား အနိုင် ပေးတာမျိုး မဖြစ်စေအပ်။ ကာယအလုပ်သမားကြီး၊ လယ် သမားကြီးလည်း ပြစ်မှုကျူးလွန်လျှင် ပြစ်ဒဏ်သင့်သည်သာ။ ပြစ်ဒဏ် အလေးအပေါ့ကိုသာ အဖြစ်မှန်ကို အခြေခံ၍ သတ် မှတ်ရန် ဖြစ်သည်။

တရားဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ရမည့် ပြည်သူတို့ ၏ အကျိုးစီးပွားသည် တရားသော အကျိုးစီးပွား ဖြစ်သည်။ မတရားသော စီးပွားကို တရားက မစောင့်။

၃

“ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရမည်” ဟူသော မူတရပ် ရှိသေးသည်။

အဂတိကင်းစွာ မထောက်မညှာ မှန်ရာကိုသာ ဥပဒေနှင့် အညီ စီရင်ရန် တာဝန်ပေးခြင်း ဖြစ်သည်။

တရားပိုင်များသည် မျက်နှာကြီးသည်၊ မျက်နှာငယ်
သည်။ အာဏာရှိသည်၊ အာဏာမဲ့သည်၊ ချမ်းသာသည်၊
ဆင်းရဲသည်၊ မငဲ့ကွက်ပဲ စစ်ဆေး ဖော်ထုတ်၍ ထင်ရှား လာ
သော အချက်အလက်တို့ကို သက်ဆိုင်သော ဥပဒေနှင့် စ
ဟပ်ပြီးလျှင် မှန်သည့်အတိုင်း စီရင်ဆုံးဖြတ်ရမည်။

သစ္စာတရားသည် တရားရုံး၏ အင်အား ဖြစ်သည်။ ထက်
မြက်သော လက်နက် ဖြစ်သည်။ သစ္စာကွယ်လျှင် တရားရုံး၏
အာဏာစက် ပျယ်သည်။

ဥပဒေက ဘာဆိုဆို၊ ငါလိုသလို ဆုံးဖြတ်မည်၊ ငါ့မှာ
လွတ်လပ်စွာ တရားစီရင်ခွင့် ရှိသည်ဟု ကြုံးဝါးသံ တရံတခါ
တရားရုံးတွင် ကြားရတတ်သည်။ တရားနှင့် မအပ်စပ်သော
အသံ ဖြစ်သည်။ တရားရုံးကို ဥပဒေဖြင့် ဖွဲ့သည်။ တရားရုံး
တွင် ဥပဒေက နှင်းအပ်သောအာဏာသာ ရှိသည်။ တရားရုံး
သည် ဥပဒေနှင့်အညီသာ ဆုံးဖြတ်နိုင်သည်။ တည်ဆဲ ဥပဒေ
ကို လွန်ဆန်၍ လိုသလို ဆုံးဖြတ်လျှင် တရားရုံးသည် ဥပဒေ
အသစ် ပြုလုပ်ရာ ရောက်လိမ့်မည်။ ဥပဒေပြုအာဏာကို ယူငင်
သုံးစွဲရာ အာဏာကျူးလွန်ရာ ရောက်လိမ့်မည်။

လွတ်လပ်စွာ လုပ်ပိုင်ခွင့်သည် ထင်ရာမြင်ရာ လုပ်ပိုင်ခွင့်
မဟုတ်။ စည်းကမ်းနှင့်အညီ၊ ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်
ဖြစ်သည်။

အချို့က ပြောတတ်သည်၊ တည်ဆဲ ဥပဒေများသည်
ကိုလိုနီစနစ် ခေတ်ဟောင်း အမွေတွေ ဖြစ်သည်။ ထို့ကြောင့်



ထိုဥပဒေတွေကို လိုက်နာနေရန် မလို၊ ကြိုက်သလို ဆုံးဖြတ်
နိုင်သည်။ ဆုံးဖြတ်လျှင် "ဆိုရှယ်လစ်စနစ်ကို ကာကွယ်ရန်"
ဟူသော ဂါထာမန္တာန်ကို ရွတ်ဆိုဖို့သာ မမေ့နှင့်။ ကိစ္စအဝဝ
ပြီးသည်။ မည်သူကမျှ စောဒက မတက်ရဲ။

ဥပဒေဟောင်းတွေ ရှိနေသေးသည် မှန်၏။ ဥပဒေဟောင်း
အချို့၏ အတွေးအခေါ်သည် ခေတ်နှင့် မလျော်၊ အရေး
အသားမှာလည်း ရှုပ်ထွေးသည် မှန်၏။ သို့ရာတွင် ပဓာန
ကျသော ဥပဒေများကို ပြင်ဆင်နိုင်သလောက် ပြင်ခဲ့ကြပြီ။
တော်လှန်ရေးကောင်စီခေတ်တွင် အတွေးသစ်၊ ရေးထုံးသစ်
နှင့် ရေးခဲ့ပြီ၊ တရားစီရင်ရေးစနစ်ကို တည်ထွင်ခဲ့ပြီ၊ အခြေခံ
ဥပဒေသစ်ကိုပင် ပြည်သူတွေ ဝိုင်းဝန်း ရေးဆွဲ ပြဌာန်းခဲ့
ပြီးပြီ။

ဥပဒေဟောင်းများမှ မလိုတာ ပယ်၊ မြန်မာလို တွေး၊
မြန်မာ စကားပြေနှင့် ရေးဖို့ လုပ်ကြရဦးမည်။ သို့ရာတွင်
ယင်းသို့ လုပ်ရန် အများ ညှိနှိုင်းကြရမည်။ လွှတ်တော်တွင်
ဆွေးနွေး ပြဌာန်းကြရမည်။ ညီညွတ်စွာ တိုင်ပင် ဆုံးဖြတ်
ပြဌာန်းခြင်း မပြုနိုင်သေးမီ တည်ဆဲဥပဒေကိုသာ လိုက်နာ
ကျင့်သုံးရသည်။ ကိုယ်မကြိုက်တာ ပယ်လိုရာ ပယ်၍ ကိုယ်
ကြိုက်သလို လုပ်စတမ်း၊ ဆုံးဖြတ်စတမ်းဆိုလျှင် တကျောင်း
တဂါထာ တရွာ တပုဒ်ဆန်းလိမ့်မည်၊ တရုံး တထုံး ဖြစ်လိမ့်
မည်။

## ၄

ပြည်သူတွေ သူတို့ လိုက်နာရမည့် ဥပဒေကို သိနားလည်စေ့လိုသည်။ ဥပဒေအစည်နှင့်၊ ပုဒ်မနှင့် အသေးစိပ် သိဖို့ မလိုပါ။ သို့ရာတွင် နေ့စဉ် လုပ်ကိုင်နေကြရာတွင် ဆောင်ရန်၊ ရှောင်ရန်တို့ကို သိထားအပ်သည်။ မိမိတို့ ရပိုင်ခွင့်ကို ထိပါးလာလျှင် ဘယ်ကိုသွား၍ ဘယ်လို တိုင်ကြားရမည် သိကောင်းသည်။

တရားသိမှ တရား ရှိမည်။ သိလျက် မရှိတာတွေ ရှိတတ်သည်။ မသိပဲ ရှိနေတာတွေ ရှားသည်။

ထို့ကြောင့် ဥပဒေတွေကို ပြည်သူတို့ သိနားလည် လက်ခံကျင့်သုံးကြအောင် ပညာပေးဖို့ လိုသည်။ နိုင်ငံတော်က နည်းမျိုးစုံဖြင့် ဥပဒေ အခြေခံသဘောများ ဥပဒေက ပေးအပ်သော ရပိုင်ခွင့် တာဝန်များကို ပြည်သူတို့အား သိကြားစေအပ်သည်။

တရားစီရင်ရာတွင်လည်း "ဥပဒေကို ပြည်သူအများ နားလည် လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးခြင်း" သည် လမ်းညွှန် မူတရပ် ဖြစ်သည်။

တရားပြိုင်များ၊ သက်သေများ၊ အမှုစစ်ခြင်းကို လာရောက်နားထောင်ကြသော ပြည်သူများ နားလည်သော စကားဖြင့် စစ်ဆေးအပ်သည်။ ဗမာစကား နားမလည်သော အမှုသယ်အဖို့ လိုအပ်သော စကားပြန် စီစဉ်ပေးရသည်။

ရှေးက အင်္ဂလိပ်လို ပြောဆို စီရင်ကြသည်။ သက်သေက ဗမာလို ထွက်ဆိုသည်ကိုပင် ဗမာတရားသူကြီးက အင်္ဂလိပ်လို



ပြန်စေ၍ မှတ်တမ်းတင်သည်။ စီရင်ချက်ကို အင်္ဂလိပ်လို ရေးသည်။ အဆင့်ဆင့် ဘာသာပြန်ရာတွင် အမှား ဝင်တတ်သည်။ ကြန့်ကြာသည်။ အင်္ဂလိပ်စာ မတတ်သော တရားပြိုင်များအဖို့ ဘာဖြစ်နေသည် မသိ၊ ဆုံးဖြတ်ချက် ချမှတ်လျှင် ဘာကို ဘာကြောင့် ဆုံးဖြတ်သည် မသိ။ ပညာရှိ တရားသူကြီး ကိုးကားသော အင်္ဂလန်၊ အိန္ဒိယ စီရင်ထုံးကြီးများက ဘာဆိုသည် မသိ။ ကြောက်လို့သာ နာခံလိုက်ရသည်။

တရားပြိုင်များ သိနားလည်ကြလျှင် လက်ခံကြတာ များသည်။ သူတို့အသိုင်းအဝိုင်းကလည်း လက်ခံသည်။ ဥပဒေကို လေးစားသည်။ တရားဥပဒေ စိုးမိုးရေးသည် တကယ် ဖြစ်လာသည်။

မသိနားမလည်လျှင် မကျေနပ်။ အယူခံ လမ်းဆုံးထိ တက်ချင်သည်။ တရားရုံးကို အယုံအကြည် မရှိ။ ရပ်ရွာတွင်ပါ ထိုသံသယ ပြန့်သည်။ တရားဥပဒေ စိုးမိုးရေးသည် အပြောမျှသာ ဖြစ်လာသည်။

အခြေခံဥပဒေသစ်အရ တရားသူကြီးအဖွဲ့များက မိမိတို့အား ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကောင်စီ၊ ပြည်သူ့လွှတ်တော်သို့ မိမိတို့လုပ်ငန်းနှင့်ပတ်သက်၍ အစီရင်ခံရသည်။ တနည်းဆိုရလျှင် ပြည်သူသို့ အစီရင်ခံရသည်။ ဤသည်လည်း အဖိုးတန်သော နည်းစနစ် ဖြစ်သည်။ ပြည်သူအား တာဝန်ခံခြင်း၊ ပညာပေးခြင်း ဖြစ်သည်။

ဟိုတုံးက တရားသူကြီးများ ပြည်သူနှင့် ကင်းကင်း နေခဲ့ကြသည်။ သို့ နေမှသာ တရားစီရင်ရာတွင် အဂတိကင်းမည် ဟု ယူဆခဲ့ကြသည်။ ကင်းယင်းနှင့် ကွာလာသည်၊ တတန်းတစား ဖြစ်လာသည်။သူတို့လုပ်ငန်းအကြောင်း မမေးကောင်း။ သို့ရာတွင် ကင်းတိုင်း ရှင်းသည် မဟုတ်၊ အဂတိလိုက်စားသော တရားသူကြီးများအဖို့ ပွဲစား ရှိသည်။ အိမ်ရှေ့တံခါး ပိတ်ထားသော်လည်း နောက်ဖေးက မလွယ်ပေါက် ဖွင့်ထားသည်။

တရားသူကြီးများသည် စစ်ဆေးဆဲ အမှုနှင့် ပတ်သက်၍ သူများနှင့် ဆွေးနွေးခြင်း မပြုအပ်။ သို့ရာတွင် စစ်ဆေးပြီး အမှုများအပေါ် ဥပဒေ သုံးသပ်ချက်၊ သင်ခန်းစာထုတ်နုတ်၍ ပြည်သူ့အကျိုး ဖြစ်စေမည့် ဟောပြော၊ ပို့ချ ရေးသားခြင်း လုပ်ကောင်းသည်။

ဥပဒေကို အများပြည်သူ သိနားလည် လိုက်နာ ကျင့်သုံးလာလျှင် တရားရုံး မစည်ကား၊ အမှု မများ၊ တရားသူကြီးများ နားနားနေနေ စာပေ ဖတ်ရှု၊ လေ့လာ၊ တွေးခေါ်နိုင်သည်။ ထို့ကြောင့် ဥပဒေပညာ ဖြန့်ဖြူးပေးခြင်းသည် အများအကျိုး။ ကိုယ်ကျိုး ဖြစ်သည်။

ပြည်သူနှင့် မကင်းကွာသင့် ဆိုလို့ တရားသူကြီးများ ရပ်ရွာလမ်းကြိုလမ်းကြား သွားနေရမည် မဆို။ လမ်းကြို လမ်းကြား သွားလွန်းလျှင် ခွေးကိုက် ခံရတတ်သည်။

မလျော်သော ဟိုဝိုင်း၊ ဒီဝိုင်းတွင် ဝင်ထိုင်ရမည် မဆိုလို၊ ထိုင်လျှင် ကိုယ့်ရုံးသို့ တရားခံအဖြစ် ရောက်သွားတတ်သည်။



## ၅

ပြည်သူ့ အချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေနှင့်အညီ ဖြစ်နိုင်သရွေ့ ကျေအေး ပြီးပြတ်စေခြင်းသည် တရားစီရင်ရေး လမ်းညွှန်မှုတရပ် ဖြစ်သည်။

မြန်မာ တိုင်းရင်းသားတို့သည် တရား အနိုင် အရှုံးထက် နှစ်ဖက် ကျေနပ်မှု ရဖို့၊ မျှတ ညီညွတ်စွာ ရပ်ရွာတွင် မေတ္တာ မပျက် နေထိုင်နိုင်ကြဖို့ကို လိုလားကြသည်။ မြွေမသေ၊ ဒုတ် မကျိုး၊ ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေ ဆိုသည်တို့မှာ ရှေးရိုးစဉ်ဆက် မြန်မာ့ တရားစီရင်ရေး၏ ရည်မှန်းချက်များ ဖြစ်သည်။

လူကြီးစုံရာ၊ ခုံသမာဓိများရှေ့တွင် တိုင်ကြား ပြောဆို ဖြေရှင်းပြီးကြလျှင် တောင်းပန် ဝန်ချသင့်သည်ကို ဝန်ချ၊ နစ်နာသူကို သင့်တော်သော အလျော်အစားကို ပေးစေကာ ရန်ပြေစေခြင်းကို အဓိက ထားသည်။ နှစ်ဖက် ကြည်ဖြူစွာ လဖက်စားကြလျှင် ကာယကံရှင်များ၏ ဆန္ဒအလျောက် အမှု ကျေအေး ပိတ်သိမ်းပြီး ဖြစ်သည်။ အထက်ရုံးသို့ အယူခံ ဝင်ခွင့် မရှိ။

ကြွေးမြီမှု၊ ပစ္စည်းရလိုမှု၊ လျော်ကြေး ရလိုမှု စသော ငွေမှု၊ အမွေမှု၊ "တရားမ"မှုများသည် ကာယကံရှင် အချင်းချင်း နှင့်သာ သက်ဆိုင်သည်။ ထို့ကြောင့် တရားပြိုင်တို့ ကျေအေးကြလျှင် သူတို့ ကျေနပ်ကြသည့် စည်းကမ်းများအတိုင်း တရားရုံးက စီရင်ချက် ချပေးရသည်။ ကျေနပ်ကြခြင်း မှန်မမှန် ကို မေးမြန်း မှတ်တမ်းတင်ဖို့သာ လိုသည်။ တခါတခါ မိမိ

မကျေနပ်ပါ၊ ရှေ့နေက မိမိ ခွင့်မပြုပဲ ကျေနပ်ကြောင်း ရုံးမှာ ပြောခြင်းသာ ဖြစ်ပါသည်ဟု နောက်မှ ငြင်းတာမျိုး ပေါ်တတ်သည်။ အမှုသယ်တို့ တကယ်ကျေနပ်ကြတာ မှန်သည်ဟု ယူဆလျှင် သူတို့ လက်ခံသော စည်းကမ်းကို တရားရုံးက လက်ခံရန်သာ ရှိသည်။

ကျေအေးပြီးသောအမှုကို အထက်ရုံးသို့ သာမန်အားဖြင့် အယူခံ ဝင်ခွင့် မရှိ။

ပြစ်မှုမှာမူ ကာယကံရှင်များနှင့်သာ သက်ဆိုင်သည် မဟုတ်၊ ရပ်ရွာ နိုင်ငံနှင့်လည်း ဆိုင်သည်။ ပြစ်မှုသေးလျှင် နစ်နာသူ ကျေအေးက ပြီးငြိမ်းနိုင်သည်။

ပြစ်မှုကြီးလျှင် နစ်နာသူ ကျေအေးစေကာမူ တရားရုံး ခွင့်ပြုမှ ပြီးသည်။ တရားရုံးက တကယ် တရားသဖြင့် ကျေအေးခြင်း ဟုတ် မဟုတ် ကြည့်ရသည်။ ပြစ်မှု၏ပမာဏကို ကြည့်ရသည်။

နိုင်ငံပမာဏရှိသော ပြစ်မှုမျိုးကို ကျေအေး၍ မရ။ လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှု၊ ပုန်ကန်ခြားနားမှု၊ နိုင်ငံရေး၊ စီးပွားရေး သောင်းကျန်းမှု စသည်တို့သည် လက်ငင်း ထိခိုက်သူနှင့်သာ မဆိုင်၊ အများပြည်သူနှင့်လည်း ဆိုင်သည်။ ယင်းအမှုမျိုးကို ကြီးသည့်အမှုငယ်စေ ဟူသော စေတနာဖြင့် ငယ်အောင်လုပ်ရန်လည်း မဟုတ်။ အဖြစ်ကို အဖြစ်အတိုင်း၊ အမှန်ကို အမှန်အတိုင်းသာ ဥပဒေနှင့်အညီ စစ်ဆေးစီရင်ရသည်။

တရားရုံးက လူသတ်တရားခံအပေါ် စာနာ သနားနိုင်စေကာမူ အသတ်ခံရသူ၏ မုဆိုးမ၊ သားသမီးများက မခံရပ်နိုင်။ စာနာထောက်ထားခြင်းကို နှစ်ဖက် မျှတစွာ ခွဲဝေပေးရသည်။



တရားရုံး၏ တဖက်သတ် စာနာလွန်းသော ဆုံးဖြတ်ချက်ကို အားမရသဖြင့် နစ်နာသူများက မိမိတို့ကိုယ်တိုင် လက်စားချေသဖြင့် အမှုကွားခဲ့ရသည်များ ကြောခဏ ပေါ်ပေါက်တတ်သည်။

၆

တရားစီရင်ရာတွင် တံခါးပိတ်၍ တိုးတိုးတိတ်တိတ် မလုပ်ရ။ အများပြည်သူ အမြင်ကြားတွင် အထင်အရှား စစ်ဆေးစီရင်ရမည်။ ဤသည်လည်း မူသရင်။

အမှန်ကိုစီရင်ရန်မှာ တရားရုံး၏တာဝန်ဖြစ်သည်။သို့ရာတွင် ထိုမျှနှင့် မပြီးသေး။ အမှန်ကို စီရင်ကြောင်း အများ မြင်စေရမည်။ တံခါးပိတ် နောက်ကွယ်တွင် စစ်ဆေးစီရင်သောတရားသည် မည်မျှပင် မှန်စေဦး ပြည်သူက သံသယ ဖြစ်တတ်သည်။

ထို့ကြောင့် တရားရုံးများတွင် ပြည်သူတို့အတွက် နေရာထိုင်ခင်း ပေးထားသည်။ ဝင်ရောက် နားထောင်နိုင်ကြသည်။ တရားရုံးအား အနှောင့်အယှက် ဖြစ်စေမည့် ဆူပူ အော်ဟစ်ခြင်း စသော အပြုအမူကို ရှောင်ရသည်။ နှောင့်ယှက်လျှင် အပြစ် ဖြစ်သည်။ အနည်းဆုံး ရုံးမှ ဖယ်ရှားခြင်းခံရသည်။

လာရောက် နားထောင်ကြသူ လူနည်းစုသာ မြင်ကြားစေသည် မဟုတ်၊ ပြည်သူများ စိတ်ဝင်စားမည့် အမှုမျိုး စစ်ဆေးစီရင်ခြင်းကို သတင်းစာတွင် ဖော်ပြကြသည်။ ရုံးတွင် ထွက်ဆို စီရင် ဆုံးဖြတ်သမျှ အကုန်အစုံ ထည့်သွင်းရန် သတင်းစာတွင် နေရာ မရှိ။ ထို့ကြောင့် သတင်းရေးရာတွင်

အကျဉ်းချုံးရသည်။ သို့ရာတွင် ရေးသမျှသည် မှန်တ မှန်ကန် ရသည်။ ဒေါသ ကင်းရသည်။

အများ အမြင်အကြားတွင် စစ်ဆေးစီရင်ရသဖြင့် တရားသူကြီးများသည် ရုံးစည်းကမ်းကို ကောင်းစွာ ထိန်းရသည်။ တင်းမာသော မျက်နှာထားကို မဆောင်စေကာ တည်ငြိမ်သော အိန္ဒြေ စောင့်ရသည်။ ဒေါသ ကြီးခြင်း၊ ပျက်ရယ်ပြုခြင်း၊ ရှေနေ၊ အမှုသယ်များနှင့် ငြင်းခုံခြင်း စသည်ကို ရှောင်ရှားရသည်။ မျှတရသည်။ ဘက်မလိုက်ရ။ အထူးသဖြင့် ရုံး၏ ထုံးတမ်းစကားကို မကျွမ်းကျင်သော အမှုသယ်၊ သက်သေ အပေါ် သက်ညှာ စိတ်ရှည်ရသည်။

ပြည်သူအများ အမြင်အကြား တရား စီရင်ရသည် ဆိုစေကာမူ အထူးကိစ္စများတွင် တရားသူကြီးများက တံခါးပိတ် စစ်ဆေးနိုင်သည်။

အများ၏လုံခြုံရေးနှင့်ပတ်သက်သော အမှုမျိုးတွင် လျှို့ဝှက်ထားသင့်သော နိုင်ငံတော်အရေးတို့ ပေါက်ကြားမည် စိုးရလျှင် တံခါးပိတ် စစ်ဆေးသည်။ သို့ရာတွင် တကယ် အရေးကြီးမှသာ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံခဲ့သည့် တရားခံများကို အင်းစိန် အကျဉ်းထောင်အတွင်း၌ စစ်ဆေးခဲ့သည်။ သို့ရာတွင် တက်ရောက်နားထောင်လိုသူတို့ကို စီစစ်၍ ဝင်ခွင့် ပြုခဲ့သည်။ နေ့စဉ် စစ်ဆေးချက်တို့ကို သတင်းစာတွင် ထည့်သွင်းခဲ့သည်။ တံခါးပိတ် စစ်ဆေးခြင်းဟု မခေါ်သာ။

အသက် ၁၆ နှစ် မပြည့်သေးသူ ကလေးသူငယ်အား စစ်ဆေးရလျှင် အများ မမြင်မကြားသော နေရာတွင် မိဘ



အုပ်ထိန်းသူတို့ရှေ့ ရင်းနှီးစွာ ဆွေးနွေးကြသည့်ပုံ ဆောင်ရွက်ရန် ကလေးသူငယ် ဥပဒေတွင် သတ်မှတ်ထားသည်။

## ၃

တရားစွဲဆို ခံရသူကို ခုခံချေပခွင့် ပေးရမည်။ တရားရုံးက သူ့အား အရှုံးပေးလျှင်၊ သို့မဟုတ် အပြစ်ပေးလျှင် သူ့မှာ အယူခံဝင်ခွင့် ရှိရမည်။ ဤသည်လည်း မူတရပ်။

တရားဥပဒေသည် မျှတ မှန်ကန်သော အင်္ဂါရပ်တို့ကို ဆောင်ရသည်။ တဦးက တဦးအပေါ် လာရောက်စွဲဆိုကာမျှနှင့် စွဲဆိုခြင်းခံရသူအား မကြားနာပဲ မဆုံးဖြတ်အပ်။ တဖက်သတ် စီရင်ခြင်း မပြုအပ်။

စွဲဆိုသူသည် ယုတ္တိရှိအောင် ဆိုတတ်သည်။ သို့ရာတွင် သူ့တိုင်စာ ဆိုလွှာကို ဖတ်၊ သူ့ကို ကြားပြီးကာမျှနှင့် သူ့စကားကိုသာ အခြေခံကာ စီရင်လျှင် မှားတတ်သည်။ စွဲဆိုခံရသူအား စွဲချက်၊ ဆိုလွှာ ကိုပြ၊ ခုခံချေပ၊ ရှင်းလင်းခွင့် အပြည့်အဝ ပေးပြီးမှ နှစ်ဖက်စကားကို ချင့်ချိန် ဆုံးဖြတ်ရသည်။

စွဲဆိုခံရသူအား အကြိမ်ကြိမ် ခေါ်ပါသော်လည်း မလာ။ ရုံးဆင့်စာကို လျစ်လျူရှုလျှင် တရားမမှု၌ သူ့မျက်ကွယ်၌ပင် ဆက်လက် စစ်ဆေး ဆုံးဖြတ်နိုင်သည်။ သို့ရာတွင် သူမလာတိုင်း တဖက်အား အနိုင်ပေးရမည် မဟုတ်သေး။ ဆိုလွှာပါအတိုင်း မှန်ကြောင်းကို ဆိုသူ သက်သေ ထူရသည်။

ပြစ်မှု၌ တရားခံအား ဆင့်ခေါ်လို့ မလာလျှင် ဝရမ်းဖြင့် ဖမ်းနိုင်သည်။ တရားခံ တိမ်းရှောင်နေလျှင် ရှာဖွေမရကြောင်း မှတ်တမ်းတင်ထား၍ အမှုနှင့်ပတ်သက်သော အချက်အလက် ရသမျှကိုလည်း စစ်မေး စုဆောင်းကာ တရားခံပြေးမှု ဖွင့်ထားရသည်။ တရားခံအား ပြန်မိသောအခါ အမှု ဆက်စစ်ရသည်။ အထူးဥပဒေက ခွင့်ပြုလျှင် တရားခံပြေးကြောင်း ထင်ရှားစေပြီး သူမျက်ကွယ်၌ပင် စစ်ဆေးကာ ပြစ်မှုထင်ရှားလျှင် အပြစ်ပေးနိုင်သည်။ တရားခံ မိသောအခါ ပြစ်ဒဏ် ခံရသည်။

သို့ရာတွင် မပြေးပဲ ပြေးပါသည် လွယ်လွယ် ပြောတတ်သည်။ ဆင့်စာ မရောက်ပဲ ရောက်ပါသည် ပြောတတ်သည်။ တံစိုးလက်ဆောင်ယူကာ ဆင့်စာကို ဖျောက်တတ်သည်။ ဒါတွေကို သတိထားရသည်။

တရားခံ ရုံးလာပါလျက် ကန့်ကွက်သည့်သဘော၊ သပိတ်မှောက်သည့်သဘော ဘာမှ မမေး မပြောပဲသည်း သူနေတတ်သည်။ ဒါ၊ သူ့အခွင့်အရေး ဖြစ်သည်။ ခုခံချေပခွင့် ပေးစေကာမူ သူ မယူသဖြင့် ပေးခြင်း မြောက်သည်။ တရားရုံးက စစ်ဆေးရန် ရှိသည်ကို စစ်ဆေး၍ ဆုံးဖြတ်ရန် ဖြစ်သည်။ သူက ရုံးကို သပိတ်မှောက်ရန်ကောဟု ဒေါသ အညှိုးထားရန် မဟုတ်။ တရားခံ နှုတ်ဆိတ်စေကာမူ တရားလို ပြနိုင်သမျှ အထောက်အထားအရ သူ့အပေါ် ဘာမှ ပြစ်မှု မတွေ့ရလျှင် သူ့အား လွှတ်ရမည်။

ပထမ အမှုစစ်သောရုံးကို မူလရုံးဟု ခေါ်သည်။ မူလရုံးသည် တရားပြိုင်များ၊ တရားလို၊ တရားခံ၊ နှုတ်သက်သေ၊ စာသက်သေတို့ကို စစ်ဆေး မှတ်တမ်း တင်သည်။ မူလရုံး အဆုံး



အဖြတ်မှ မကျေနပ်သူက အယူခံ ဝင်နိုင်သည်။ ဘယ်ရက်အတွင်း ဘယ်ရုံးသို့ အယူခံဝင်နိုင်သည်ကို ဥပဒေက သတ်မှတ်သည်။

တရုံးတည်းဖြင့် ပြီးရမည်ဆိုလျှင် မှားနိုင်သောကြောင့် နောက်တရုံးသို့ တက်ခွင့်ပြုခြင်း ဖြစ်သည်။ အယူခံရုံးသည် မူလရုံး အမှုတွဲကို ဖတ်၍ အချက်အလက်၊ ဥပဒေ၊ သုံးသပ်ပုံတို့ကို ဆင်ခြင်ကာ လိုအပ်လျှင် ပြင်သည်။ အမှုတွဲကို နှစ်ဖက်ရှေ့နေများက တင်သွင်း လျှောက်လဲကြသည်။ အထူးလိုအပ်မှသာ အယူခံရုံးက သက်သေ ခေါ်ယူ စစ်မေးသည်။

မူလရုံး၊ ပထမအယူခံရုံး၊ နှစ်ရုံးဆိုလျှင် အမှား နည်း၍ အမှန် များနိုင်ပြီ။ အထူးကိစ္စများတွင် ဥပဒေပြဿနာ သိမ်မွေ့ခက်ခဲလျှင် အမြင့်ဆုံး ရုံးသို့ နောက်တဆင့် တက်ခွင့် ရှိသည်။

အယူခံခွင့် လုံးဝမရှိလျှင် မကောင်း။ များလွန်းလျှင်လည်း မကောင်း။ များလွန်းလျှင် ကိစ္စ မပြတ်။ တရုံးပြီး တရုံး တက်ယင်း ငွေကုန် လူပန်း ဖြစ်ရသည်။ အမွေပုံ ကုန်ကာမှ တရားပြတ်တာမျိုးသည် နှစ်ဖက် ကာယကံရှင်များအတွက်လည်း အချိုးနှိုး။

ဂ

ပြစ်မှုကျူးလွန်သူကို အရေးယူ အပြစ်ပေးရာတွင် ၎င်း၏ အကျင့် စာရိတ္တ ပြုပြင်မှုကို ဦးတည်ရမည်။ ဤသည်လည်း မှုတရပ်။

လူလူချင်း စာနာသောတရားမှ ပေါက်ဖွားသော လမ်းညွှန်မှု ဖြစ်သည်။ ရှေးတုံးက အပြစ်ပေးလျှင် ဒေါသ ပါသည်။ ဂလဲ့စားချေခြင်း ပါသည်။ ကျူးပင်ခုတ်လျှင် ကျူငုတ် မကျန်စေရ။ ခိုးသူ၏လက်ကို ဖြတ်သည်။ ခြေကို ဖြတ်သည်။နှုတ်ဖြင့် ကျူးလွန်လျှင် လျှာကို ဖြတ်သည်။ တုံးခတ်သည်။ အရပ်လည်၍ မောင်းခတ်ကာ ကြိမ်ရိုက်သည်။ သုသာန်မှာ နေကွယ်လျှင် လက်မရှိသားတို့က ကွပ်မျက်သည်။

နောက်ပိုင်းတွင် အတွေးအခေါ် နူးညံ့လာသည်။ လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ။ ရက်စက်သော ပြစ်ဒဏ်များကို ရှောင်လာသည်။

ပြစ်မှု ကျူးလွန်သူတိုင်း ဆိုးသွမ်းသူ ဟုတ်ချင်မှ ဟုတ်မည်။ သူ၏ ဘဝအခြေအနေက တွန်းပို့၍ ပြစ်မှု ကျူးလွန်တာ ဖြစ်နိုင်သည်။ သူမှာ စိတ်ဝေဒနာ တခုခု ရှိသလား။ သူသည် အပြစ်ခံထိုက်သူလား၊ကုစားခံထိုက်သည့်စိတ်ဝေဒနာရှင်လား။

ကျူးလွန်သူတဦးအား ပြစ်ဒဏ်ပေးရာတွင် သူ့အား လူ့ဘဝ ပြန်လည်ထူထောင်နိုင်အောင်ကိုလည်း ကြည့်လာကြသည်။ လူ့ညွှန့် မတုံးစေရ။ ပြစ်ဒဏ်မှ လွတ်မြောက်လာလျှင် ရပ်ရွာပြန်၍ လုပ်သားကောင်း၊ လယ်သမားကောင်းတဦးအဖြစ် သူ့ဘဝ ပြန်လည်ထူထောင်နိုင်စေသင့်သည်။ဤအတွေးအခေါ်များ ဝင်လာသည်။

အတွေးအခေါ်ဟူသည် ဟိုဖက်၊ ဒီဖက် အစွန်း ထွက်တတ်



သည်။ ရန်ညှိုးထား ရက်စက်သော ပြစ်ဒဏ်သည် အကျိုး မရှိ။ သို့ရာတွင် ပြစ်မှုကျူးလွန်သူတိုင်းကို စိတ်ဝေဒနာရှင် အဖြစ် ယူယစွာကုစားပြုစု၍လည်း မဖြစ်။သူတယောက်ကိုသာ ကြည့်ရသည် မဟုတ်၊ သူ့ဒဏ် ခံခဲ့ရသူများနှင့် ရပ်ရွာကိုပါ ငဲ့ရသေးသည်။

တကယ်ဆိုးသူများကို ရပ်ရွာမှ ဖယ်ရှားထားကာ လုပ်အားဖြင့် ကြွေးဆပ်စေသင့်သည်။ လမ်းဖောက်၊ တံတားဆောက်၊ ကန်ဆယ် စသည်ကို လုပ်စေခြင်းဖြင့် အကျင့်စာရိတ္တပြုပြင်ပေးအပ်သည်။ မကောင်းမှု အကုသိုလ်ကို ကောင်းမှု ကုသိုလ်ဖြင့် ဆေးကြောစေအပ်သည်။

---

“တရားရုံးများတွင် တရား သူကြီး များ သည် တရားခံများကို သဘောပေါက် နားလည်အောင် မေးဖို့၊ ရှင်းလင်းပြဖို့ များစွာ လိုအပ်သည်။

အချို့မှာ တရားသူကြီးက အော်လိုက်၊ ငေါက်လိုက်၊ ရိုးအမှုလိုက် ရဲအရာရှိက ဟောက်လိုက်၊ ဟိန်းလိုက် လုပ်မည်ကို ကြောက်ရွံ့ကာ မရှင်းလင်းသည်ကို ပြန်လည် မမေးဝံ့သည်နှင့် မဖြစ်သင့်သည်ကို ဖြစ်ကြရသည်။ ပြောဆိုသမျှ ခေါင်းငုံ့ခံကာ ပေးတဲ့ အပြစ်ခံသွားရသည်က များသည်။

ပြည်သူ့တရားစီရင်ရေး အဖွဲ့တို့တွင် ပြည်သူထဲမှ ပြည်သူများသာ ပါဝင်သည်ဖြစ်ရာ မရှင်းလင်းသည်ကို မမေးဝံ့ မမြန်းဝံ့သည့် အနေမျိုး ရှိတော့မည် မဟုတ်ပဲ ပြည်သူ့ကိုယ်စားလှယ် တရားသူကြီးများကလည်း ရင်းရင်းနှီးနှီး စစ်ဆေး မေးမြန်း စီရင်ကြမည် ဖြစ်လေရာ ပြည်သူ့တရားခွင်၏ အနှစ်သာရကို ထင်ရှားတော့မည် ဖြစ်ပေသည်။''

''ပေတလူ''ဆောင်းပါး
မြန်မာ့အလင်း
၃-၇-၁၉၇၂

## ၇။ အမှုစစ်ဆေးခြင်း

၁

တရားစီရင်ရေး၏ ရည်ရွယ်ချက် သဘောကို သိနားလည်လျှင် စစ်ဆေး စီရင်ရတာ လွယ်ပါသည်။

ဥပဒေစာအုပ်ထူထူကြီးတွေ၊ ပုဒ်မကြီး၊ ပုဒ်မငယ်တွေကို ကြည့်ပြီး မောနေရန် မလိုပါ။ ဖတ်ပြီး ခေါင်းရှုပ်နေရန် မလိုပါ။ စာအုပ်တွေ အသာ ထားပါဦး၊ အမှုသယ်တွေ ဘာကိစ္စကြောင့် ရုံးရောက်လာကြသည်၊ ဘာကို စွဲဆိုငြင်းခုံနေကြသည်ကို လေ့လာပါဦး။

ကောက်ချက်၊ ပြဿနာ၊ပိုင်နိုင်စွာ လေ့လာပြီးမှ သက်ဆိုင်သော သက်သေခံ အထောက်အထားများကို စစ်ဆေး မှတ်ယူရသည်။ ပြီးမှ သက်ဆိုင်သောဥပဒေကို ရှာဖွေ ညှိနှိုင်းရသည်။

ရောဂါမှန် သိလျှင် ဆေးပေးရတာ လွယ်သည်။ ပြဿနာမှန်ကို မိလျှင် အဖြေရှာရတာ လွယ်သည်။

ပြဿနာဖော်ထုတ်ရာတွင် ရိုးသားစိတ်ရှည်ဖို့သာ လိုသည်။ အဂတိကင်းလျှင် အမြင် ရှင်းသည်။ အမှုသယ်များ အခက်အခဲရှိလို့သာ ရုံး လာသည်။ အပျင်းဖြေသက်သက် ရုံးမတက်၊ ထို့ကြောင့် အမှုသယ်များအပေါ် စိတ်ရှည်သင့်သည်။

ဂတိပျက်မှု စွဲဆိုလာသည် ဆိုပါစို့။ ဦးဖြူက လက်သမားဆရာ ဦးမဲအသည် မိမိထံမှ စရံငွေ မည်မျှယူကာ အိမ်တလုံးကို

ဘယ်လောက်အတွင်း အပြီး ဆောက်ပေးပါမည် ခန့်ခံဂတိပြုခဲ့ပါသည်။ ယခုမူ အတန်တန် မှာခဲ့သော်လည်း ဦးမဲ ပေါ်မလာပါ။ ထို့ကြောင့် ဦးမဲအား သူ့ ဂတိအတိုင်း အပြီးအကျေ ဆောင်ရွက်စေဟု တရားရုံးက မိန့်ဆိုပါ။ ပျက်ကွက်က စရံငွေ ပြန်အမ်းစေ၍ နစ်နာခဲ့သည့်အတွက် မည်မျှ ပေးလျော်စေ၊ မိန့်ဆိုပါဟု ဦးဖြူက အဆိုလွှာ တင်သည်။

အမှုတန်ဖိုးအပေါ် ဦးဖြူက ရုံးစရိတ် ဆောင်သည်။ ရှေ့နေခ၊ တဖက်သို့ ရုံးမှတဆင့် အကြောင်းကြားစာထုတ်ခ၊ သက်သေခ စသည့်စရိတ်များ ကုန်ဦးမည်။

တရားရုံးက ဦးမဲအား ဖြေကြားရန် အကြောင်းကြားသည်။ သင့်တော်သောအချိန် ခွင့်ပြုသည်။ ဦးမဲက ဦးဖြူဆိုသမျှ တခုမှ မဟုတ်ပါ၊ ငြင်းလိုက ငြင်းမည်။ စရံငွေ ယူခဲ့တာ မှန်ပါသည်၊ သို့ရာတွင် ထိုငွေတန်ဖိုး၊ လုပ်ပေးခဲ့ပါပြီ။ ဆက်လက်၍ လုပ်နိုင်ရန် အလုပ်သမားခ ဦးဖြူထံမှ မရ၍ ရပ်ရပါသည်။

ဦးဖြူ၏ အဆို၊ ဦးမဲ၏ အဖြေမှ စစ်ဆေး ဆုံးဖြတ်ရန် ကောက်ချက်တို့ ပေါ်လာသည်။ ဦးဖြူ ဆိုသမျှကို ဦးမဲ ငြင်းလျှင် အဓိက ဆိုချက်အားလုံးသည် ကောက်ချက် ဖြစ်သည်။ အချို့ကို ဦးမဲက ဝန်ခံ၍ အချို့ကိုသာ ငြင်းလျှင် ငြင်းသမျှကို ကောက်ချက် ထုတ်ရသည်။

၂

တရားရုံးက ကောက်ချက် ထုတ်ရသည်။ အမှုကို တာဝန်ယူ စစ်ဆေး စီရင်ရသည်မှာ တရားရုံး ဖြစ်သည်။ ၂ ဖက် အမှု



သယ်များ၊ ရှေ့နေများ မဟုတ်။ အချို့ရုံးများက ထုတ်သင့်သော ကောက်ချက်ကို ရှေ့နေများအား အကြံပြု တင်သွင်းစေသည်။ တင်သွင်းရန် အချိန် အတန်တန် ပေးတတ်သည်။

ရှေ့နေများထံမှ အကြံ ယူလိုက ယူနိုင်ပါသည်။ သို့ရာတွင် အဆိုလွှာ၊ ချေလွှာ၊ အခြား ပဏာမ တင်ပြစရာ တင်ပြပြီးကြလျှင် ဘယ်အချက်တွင် အငြင်းထွက်နေသည်ကို သိကောင်းပြီ။ တရားရုံးက ကောက်ချက်ထုတ်နိုင်သင့်ပြီ။ ပဏာမ စာရွက်တွေ စုံသည်နှင့် ရက်ချိန်း မပေးတော့ပဲ ကောက်ချက်ထုတ်ကာ အမှုကို ဆက်စစ်သင့်သည်။

ကောက်ချက်ထုတ်ပြီးလျှင် တရားလိုက စတင် သက်သေထူသည်။ တရားရုံးသို့ သူက လာရောက်၍ ဆုံးဖြတ်ချက်တောင်းခြင်း ဖြစ်သည်။ သူတောင်းသလို ရထိုက်ကြောင်း သူက ပြရသည်။

သက်သေထူရာတွင် နှုတ်သက်သေ ပြသည်။ စာသက်သေပြသည်။ နှုတ်သက်သေသည် ကိုယ်တိုင် သိ၊ ကြား၊ မြင်တာကိုသာ ပြောနိုင်သည်။တဆင့်စကားကို တရားရုံးက မဆိုလျော်ပဲ လက်မခံ။ တဆင့်ကြား စကားသည် ဈေးစကား၊ ကောလာဟလကဲ့သို့ ဖြစ်သည်။ သက်သေခံသည် တဆင့်ခံ မဖြစ်စေရ။ ဒုတိယတန်းစား မဖြစ်စေရ၊ ပထမတန်းစား ဖြစ်ရမည်ဆိုထားသည်။

ထို့ကြောင့် ရုံးသို့ တင်သည့် စာရွက်စာတမ်းများသည်လည်း မူရင်းများ ဖြစ်ရသည်။ မိတ္တူ မဟုတ်စေရ။ မူရင်းပျောက်ကြောင်း သက်သေထူနိုင်မှ မိတ္တူတင်ပြခွင့် ရသည်။

ငွေမှု စသည့် တရားမမှုတွင် ၂ ဖက် အမှုသယ်များက သဘောတူလျှင် နှုတ်သက်သေအစား စာသက်သေကို တရားရုံးက လက်ခံနိုင်သည်။ ကာယကံရှင်များ၏ အမှုဖြစ်၍ သူတို့ ကျေနပ်လျှင် တရားရုံးက ကန့်ကွက်လေ့ မရှိ။ သက်သေများများ၊ ရှေ့ရှေ့ဝေးဝေး မစစ်ရလျှင် အမှု မြန်မြန် ပြီးသည်။ အချိန်သက်သာသည်။ တရားစရိတ် သက်သာသည်။ ရှုံးသူက တရားစရိတ် ပေးရသဖြင့် ငြင်းရန် မလွယ်သော အချက်တို့ကို လက်ခံလိုက်ခြင်းက အားလုံးအတွက် သက်သာသည်။

တရားလိုက သက်သေ ပြပြီးလျှင် တရားပြိုင်က ချေပရသည်။ သူ့ဖက်ကလည်း နှုတ်သက်သေ၊ စာသက်သေ တင်သည်။

၂ ဖက် သက်သေတင်၊ အပြန်အလှန် မေးမြန်းကြရာတွင် ကောက်ချက်နှင့် ဆိုင်သရွေ့သာ ထွက်ဆို ဟင်သွမ်းစေရသည်။ မဆိုင်တာတွေ ထွက်ဆိုစစ်မေးနေလျှင် တရားရုံးက ထိန်းကွပ်ရသည်။

အမှုကို သေချာ စေ့စုံစွာ စစ်ဆေးရသည်။ သို့ရာတွင် အချက်၊ စည်းကမ်းကျကျ စစ်ဆေးနိုင်လျှင် ကြန့်ကြာ ရှုပ်ထွေးရန် အကြောင်း မရှိ။ အမှုစစ်ဆေးနေစဉ် တားမိန့်၊ ပစ္စည်းထိန်းထားမိန့် စသည်ကို ရရှိထားသဖြင့် အသာ ရနေသည့်ဖက်မှ ကြန့်ကြာအောင် ဆွဲတတ်သည်။ ထို့ကြောင့် ထိုအမိန့်မျိုးကို အမှန်တကယ် လိုအပ်မှသာ ထုတ်ပေးရသည်။ ထုတ်ပေးပြီးလျှင်လည်း အမှု မကြာအောင် စစ်ဆေးရသည်။ ငါးနှစ်၊ ဆယ်နှစ်ကြာ စစ်နေရလျှင် တဖက် အလွန်နာသည်။



အချို့က အချိန်ရအောင် ဆွဲတတ်သည်။ ဥပမာ၊ ဦးမဲသည် ဦးဖြူအား ပေးလျော်ရန် ရှိသည် အမှန်။ သို့ရာတွင် မပေးလိုသေး။ ထို့ကြောင့် ဟိုငြင်း ဒီကန့်ကွက် လုပ်သည်။ ကောက်ချက်ထုတ်ပြီး တော့ဖော့ ဆိုင်ဆိုင် စစ်ဆေးတော့မည် ဆိုမှ ပေးလျော်ရန် တာဝန်ရှိကြောင်း ဝန်ခံသည်။

အမှုကို ကြန့်ကြာစေသော တရားပြိုင်အပေါ် စိုစိုပိုပို တရားစရိတ် ချရသည်။ တရားရုံး၏ အချိန်သည် ပြည်သူ့အချိန် ဖြစ်သည်။ အချိန်သည် ငွေဖြစ်သည်။

## ၃

ပြည်သူ့ရဲက တင်ပို့သဖြင့် တရားရုံးသို့ ပြစ်မှု ရောက်သည်။ နစ်နာသူ လျှောက်ထားသဖြင့်လည်း ရောက်သည်။

အမှုကြီးများကို ပြည်သူ့ရဲက တာဝန်ယူ စုံစမ်း တင်ပို့ရသည်။ ကျူးလွန်တာ တွေ့သဖြင့် အရေးယူတာ ရှိသည်။ တိုင်ကြားလာသဖြင့် တိုင်ချက်ဖွင့်၍ အရေးယူတာ ရှိသည်။

အချင်းချင်း ဖြစ်သည့် အမှုသေးမျိုးကို နစ်နာသူက တရားရုံးသို့ သွားရောက်တိုင်ကြားရသည်။ ပြည်သူ့ရဲစခန်းသို့ သွားရောက်တိုင်ကြားလျှင် ရဲက တိုင်ချက်ကို တရားရုံးသို့ တင်ပို့ပေးကာ တိုင်ကြားသူကို တရားရုံးသို့ သွားရန် ညွှန်သည်။ တရားရုံးက တိုင်ကြားသူအား မေးမြန်းပြီးမှ စုံစမ်းဖို့ လိုက ဆိုင်ရာရဲစခန်းအား စုံစမ်းစေသည်။

ဘယ်လမ်းက ရောက်လာလာ အမှုစစ်ဆေးရာတွင် လိုက်နာရမည့် အခြေခံသဘောများမှာ အတူတူ ဖြစ်သည်။

စွဲဆိုသည့် ပြစ်မှုကို စွဲဆိုခံရသူအား သိစေရသည်။ ပြစ်မှုအမည်ကို ပြောရုံနှင့် မပြီး၊ အကြောင်းအချက် အတိုချုပ်ကို ပြောရသည်။ ဥပမာ၊ လူသတ်မှု ကျူးလွန်ကြောင်း စွဲဆိုရုံနှင့် မပြီး၊ ဘယ်နေ့ဧလောက်က ဘယ်သူကို ဘယ်နေရာတွင် သတ်သည်ဟု စွဲဆိုရသည်။ သို့မှသာ စွဲဆိုခံရသူတွင် ချေပရှင်းသင်းခွင့် ရမည်။ အကြောင်းအချက်အားလုံး အထောက်အထား အစုံကို ဖော်ပြရန်ကား မဟုတ်။ သူ ဘာအတွက် တရားရုံး ရောက်ရသည်၊ ဘာကို ချေပ ရှင်းလင်းရမည်ကို သိနိုင်လျှင် ပြည့်စုံပြီ။

တရားမမှုတွင် တရားလိုက သူလိုချင်သော အကျိုးကို တရားရုံးက သူ့အား ပေးထိုက်ကြောင်း သက်သေထူရမည်။ ထို့အတူ ပြစ်မှုတွင် တရားလိုက တရားခံသည် စွဲဆိုထားသော ပုဒ်မအရ အပြစ်ရထိုက်ကြောင်း သက်သေထူရသည်။ တရားလိုက သက်သေထူပြီးသောအခါ ချေပ ရှင်းလင်းရန် တာဝန်၊ တရားခံသို့ ပခုံးပြောင်းသည်။

ပြစ်မှုစစ်ဆေးရာတွင်လည်း တရားခံအား တရားလိုနှင့် ၎င်း၏သက်သေများကို ပြန်လှန် မေးမြန်းခွင့် ပေးရသည်။ တရားလိုဖက်က သက်သေထူပြီးလျှင် တရားခံကိုယ်တိုင် သက်သေခံလိုက ခံရန်၊ အခြားသက်သေများကို တင်ပြလိုက တင်ပြရန် ခွင့်ပေးရသည်။ တဖက်သတ် ဆုံးဖြတ်ခြင်း မပြုရ။ တရားခံတွင်လည်း အမှန်တရား ရုပ်လုံးပေါ်စေရန် ရှင်းလင်းတင်ပြဖို့ တာဝန် ရှိသည်။

တရားခံက သူကိုယ်တိုင် သက်သေမခံလို ဆိုစေဦး၊ သူ့အပေါ် စွဲဆိုထားချက်၊ ရုံးက သူ့အား ရှင်းလင်းပြောပြ၍



မေးခွန်းလွယ်လွယ်များဖြင့် ဖြေရှင်းစေရသည်။သူကင်လိုသော အခြားသက်သေများ ရှိလျှင် ကြားနာ မှတ်သားရသည်။

တရားမမှု၊ ပြစ်မှု နှစ်မျိုးလုံးတွင် တရားလိုက အမှုအဖြစ်အပျက်ကို တည်ဆောက် ရုပ်လုံးပေါ်စေသည်။ တရားပြိုင် (တရားခံ)က ချေပရှင်းလင်း၍ ပေါ်လာသောအမှုကို ဖျက်ရန် အားထုတ်သည်။

တရားလို၊ တရားပြိုင်များသည် ကာယကံရှင်များ ဖြစ်သည်။ ထို့ကြောင့် သူတို့ကိုယ်တိုင်က တရားရုံးတွင် လျှောက်ထား၊ ပြောကြားနိုင်သည်။ ရှေ့နေ ငှားလိုက ငှားနိုင်သည်။ ရှေ့နေပါမှ ပြီးသည်ကား မဟုတ်။ အမှုသယ် တာဝန်ပေးသဖြင့် ရှေ့နေသည် အမှုသယ်၏ ကိုယ်စားလှယ် ဖြစ်လာသည်။ ကိုယ်စားလှယ်ခန့်ထားခြင်းကို အမှုသယ်က မိမိသဘောဆန္ဒအရ ရုပ်သိမ်းနိုင်သည်။

ပြစ်မှုသေးသေးကို "အကျဉ်းနည်း" စစ်ဆေးနိုင်သည်။ ပြစ်မှုကြီးကြီးကို မှတ်ဘမ်း စုံစုံတင်၍ စစ်ဆေးရသည်။ ပြစ်မှုသေးသောကြောင့်၊ထိုက်သင့်သော ပြစ်ဒဏ် ငယ်သောကြောင့် အကျဉ်းနည်း စစ်ဆေးစေကာမူ တရားမျှတရသည်။ တဖက်သတ် မဖြစ်စေရ။ ပြစ်မှုထင်ရှားမှ ပြစ်ဒဏ် ချမှတ်ရသည်။ အကျဉ်းနည်း ဆိုသည်မှာ ရှင်းလင်းလွယ်ကူသော အမှုမျိုးကို မြန်မြန် ပြီးပြီး ပြတ်ပြတ် စီရင်နည်း ဖြစ်သည်။ ပေါ့ဆစွာ လုပ်ခွင့်၊ ထင်ရာ ဆုံးဖြတ်ခွင့် မဟုတ်။

အကျဉ်းနည်း၊ အကျယ်နည်း ဘယ်နည်းဖြင့် စစ်စစ်၊တရားခံအား ခုခံ ချေပခွင့် ပေးရသည်။ ပြစ်မှုအင်္ဂါစုံကို အထင်အရှား တွေ့မှ ပြစ်မှုထင်ရှား စီရင်ရသည်။ အကျဉ်းနည်းဖြင့်

စစ်စေကာမူ အမှုရှုပ်ထွေးကြောင်း တွေ့လာလျှင် အကျယ်နည်းသို့ ပြောင်း၍ ဆက်စစ်နိုင်သည်။

အကျယ်နည်း ဆို၍လည်း ကျယ်ဝန်း၊ ရှည်ဝေး၊ ကြန့်ကြာရမည် မဟုတ်။ အမှုဖြစ်ပွားပြီး မကြာမီ သက်သေ ပူပူနွေးနွေး၊ လပ်လပ်ဆတ်ဆတ်ကို စနစ်တကျ စစ်ဆေးလျှင် မှန်မှန် မြန်မြန် စစ်နိုင်ပါသည်။ ပြစ်မှုကြီးများကိုပင် ရက်ပိုင်း၊ လပိုင်းအတွင်း အပြီး စစ်ဆေးနိုင်ပါသည်။

၄

သက်သေကို စစ်မေးရာတွင် တိုတိုနှင့် လိုရင်း ရောက်ဖို့ လိုသည်။ တရားလိုကခေါ်သော သက်သေကို တရားလိုက စတင်၍ မေးသည်။ အမှုနှင့် သက်ဆိုင်သော အချက်အလက်တို့ ပေါ်ထွက် လာအောင် မေးရသည်။ တောင်ရောက်၊ မြောက်ရောက် ပြောနေလျှင် အမှုတည်ဆောက်ခြင်း မတော်သင်း ဖယို ဖရဲ ဖြစ်မည်။

အမှုသွား အမှုလာ သွားတန် ပေါ်လာအောင် သက်သေ တယောက်ပြီးတယောက် ဆက်၍ပြရသည်။ ပြီးမှ အမှုစုံစမ်းသူ၊ ဖြောင့်ချက် မှတ်တမ်းတင်သူ၊ တန်းစိ လူစစ်ရာတွင် သက်သေပါကြသူ စသူတို့ကို စစ်ဆေးရသည်။ အဓိကသက်သေကို နောက်မှစစ်၍ နောက်မှစစ်သင့်သူကို ရှေ့မှာစစ်လျှင် တရားရုံး မျက်စေ့ လည်တတ်သည်။

**သက်သေတင်မည့် အစီအစဉ်ကို တင်မည့်ဖက်က ပြင်ရသည်။ အစီအစဉ်ကောင်းလျှင် အမှု၏ အရေးကြီး အချက်**



**အလက်များ မြန်မြန်ရှင်းရှင်း ပေါ်လွင်လာသည်။** အစီအစဉ် မသပ်ယပ်လျှင် တရားရုံး မျက်စေ့လည်၍ လမ်းပျောက်တတ်သည်။ အမှု ကြန့်ကြာတတ်သည်။

တရားရုံးက အစီအစဉ်ပြင်ရန်၊ အရေးကြီး သက်သေတို့ကို စတင်ခေါ်ယူရန် တရားလိုအား ညွှန်ကြားနိုင်သည်။ သို့ရာတွင် ဤသို့ ညွှန်ကြားရဖန် များလျှင် တရားရုံးက ဘက်လိုက်သည်၊ စွက်ဖက်လွန်းသည်ဟု ဟိုဖက် ဒီဖက်က စွပ်စွဲတတ်သည်။

မိမိခေါ်သည့် သက်သေကို မိမိ စစ်မေးရာတွင် ရေလာ မြောင်းပေး မမေးရ။ လိုချင်သည့်အဖြေကို မြူဆွယ်ရာ၊ သက်သေပါးစပ်ထဲသို့ ထွက်စေလိုသည့်စကားကို ထည့်ပေးရာ ရောက်၍ တဖက်က ကန့်ကွက်နိုင်သည်။ တရားရုံးက သားမြစ် နိုင်သည်။ သို့ရာတွင် အသေးအဖွဲ အငြင်းမပွားသော ကိစ္စ များ၌ စစ်ဆေးရတာ မြန်စေရန် လိုအပ်သလောက် ကြောင်း ပေးနိုင်သည်။ သေးသေး၊ ကြီးကြီး ထ၍ ကန့်ကွက်နေလျှင် တရားရုံး မျက်မုန်းကြိုးတတ်သည်။

တဖက်သက်သေကို ပြန်လှန်မေးရာတွင်မူ အတော်အတန် လွတ်လပ်ခွင့် ရှိသည်။ သက်သေ အကျင့်စာရိတ္တ မကောင်း ကြောင်း၊ ထို့ကြောင့် သူ့စကား ယုံထိုက်ကြောင်း၊ မုသား ဆိုနေကြောင်း ပြနိုင်က ပြရန် ဖြစ်သည်။ သို့ရာတွင် သက်သေ အား မထောက်ညှာ ကြမ်းတမ်းစွာ မမေးရ၊ မဟုတ် မတရား မစွပ်စွဲရ၊ ဟိန်းကျာ ဟောက်ကာ လှည့်ပတ်ကာနှင့် သက်သေ ကို စကားမှားအောင် မပြုရ။ တရားရုံးက သက်သေကို စောင့် ရှောက်ရသည်။

သက်သေသည် ပြည်သူ့တာဝန်အရပ်ကို ထမ်းဆောင်သောကြောင့် သူသိသာကို တရားရုံးအား လာရောက် ပြောဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့အား လေးစားရသည်။ လိုလည်းလိုအပ်၍ သူ့အလုပ် ပျက်ရနေသော် သူ့အချိန်ကို လေးစားရသည်။ ဖြစ်နိုင်ကမျှ မြန်မြန် စစ်ဆေးပြီးလျှင် သူ့အား ပေးသင့်သောစရိတ်ကို ထုတ်ပေးစေ၍ ပြန်စေအပ်သည်။

သက်သေများ ရုံးသို့ အကြိမ်ကြိမ် လာကြပါလျက် မစစ်ဆေး၊ စစ်ပြန်လျှင်လည်း တပိုင်းတစ၊ စရိတ်စက ရဖို့လည်း တနေကုန် စောင့်ရလျှင် တရားရုံးသို့ မလာချင်ကြ။ မြင်သိပါလျက် မမြင် မသိဟု ပြောလိုက်ကြသည်။ နဂိုကမှ မြန်မာတိုင်းရင်းသားများ အားနာတတ်သည်၊ သနားတတ်သည်။ မိမိ မြင်သိသမျှ သက်သေထွက်လို့ တပါးသူ နစ်နာသွားလေမည်လား၊ မိမိ ငရဲကြီးလေမည်လား ထင်တတ်သည်။

မြို့ကြီး၊ တရားရုံးကြီးများတွင်မူ သက်သေ အငှားလိုက်သူများ ရှိတတ်သည်။ သူ့ ကြေးပေးလျှင် ထွက်စေလိုရာကို ယုတ္တိယုတ္တာနှင့် ထွက်သည်။ အမှုပွဲစားများ၊ အငှားလိုက် သက်သေများအား အထူး သတိထားဖို့ လိုသည်။

၅

အမှုစစ်ဆေးရာတွင် သက်ဆိုင်အဖြစ်အပျက်မှန်ကို အပြည့်အစုံ ဖော်ထုတ်ဖို့ အဓိက ဖြစ်သည်။ အမှန်တရား တပိုင်းတစကို တွေ့မြင်ရုံနှင့် မပြီး။ တရားရုံးသည် ဆီလျော်သော အဖြစ်အပျက်စုံကို ထုတ်ဖော်နိုင်မှ ပြဿနာ၏အဖြေကို တွေ့ရှိနိုင်မည်။



အမှန်တရားကို ဖော်ထုတ်ရန်မှာ တရားရုံး၏တာဝန် ဖြစ်သည်။ အမှု စတင်စစ်ဆေးသည်မှ စီရင်ဆုံးဖြတ်ပြီးသည်အထိ စီမံ ထိန်းကွပ်ခြင်း၊ မရှင်းတာ မေးခြင်း၊ လိုတာ ထပ်ပြစေခြင်း စသည်တို့ကို လုပ်ဆောင်ရန် တရားရုံးတွင် တာဝန်ရှိသည်။ အာဏာလည်း အပြည့် ရှိသည်။

အမှုသည်များ၊ ရှေ့နေများ သယ်ဆောင်သွားရာသို့ တရားသူကြီးများက လိုက်ပါသွားကြရန် မဟုတ်။ ရှေ့နေများသည် တရားရုံး၏ အကျိုးဆောင်များ၊ အထောက်အကူများသာ ဖြစ်ကြသည်။

တရားရုံးက သက်သေအား မေးသင့်တာကို မေးနိုင်သည်။ အရေးပါမည်ထင်သော သက်သေကို တဖက်ဖက်က မတင်လျှင် တင်စေနိုင်သည်။ သို့မဟုတ် တရားရုံးက ခေါ်ယူစစ်ဆေးနိုင်သည်။ အချင်းဖြစ်ပွားရာနေရာ၊ အမှုနှင့်သက်ဆိုင်ရာနေရာသို့ သွားရောက်ကြည့်ရှုနိုင်သည်။ တရားရုံးက သက်သေခေါ်ယူ စစ်မေးခြင်း၊ သွားရောက် စစ်ဆေးခြင်းတို့တွင် မျှတဖို့၊ ဘက်မလိုက်ဖို့၊ မျှတကြောင်း အများမြင်စေဖို့ အရေးကြီးသည်။

သက်သေသည် ကိုယ်တိုင် မြင်ကြား၊ သိတာကိုသာ ပြောနိုင်သည်။ တဆင့်ကြားကို မပြောရ။ တဆင့်ကြား စကားက အမှုနှင့် သက်ဆိုင် ဆီလျော်နေလျှင်မူ ထိုစကားသည် တရားဝင်သည်။ ဥပမာ၊ ဦးဖြူက ဦးမဲသည် မှောင်ခိုသူတဦး ဖြစ်သည်။ ထို့ကြောင့် သူ့အား ရွေးကောက်ပွဲတွင် မဲမပေးသင့်ဟု ပြောသည်။ ထိုစကား ပျံ့ပွားသွားသည်ကို အကြောင်းပြု၍

ဦးမဲက ဦးဖြူအပေါ် အသရေပျက်မှု စွဲဆိုသည်။ ဤအမှုမျိုးတွင် စကားပျံ့ပွားကြောင်း သက်သေထူရန် ဟဆင့်ကြား သက်သေများကို တင်ပြနိုင်သည်။ သို့ရာတွင် ဦးဖြူက စတင်၍ လူကြားသူကြား ပြောခဲ့ကြောင်း၊ သက်သေထူရာတွင်မူ ဦးဖြူ နှုတ်မှထွက်သောစကားကို ကြားရသူတို့ကို တင်ပြရမည်။

မြင်၊ ကြား၊ သိ သည်ကိုသာ သက်သေက ပြောရသည်။ အထင်ကို မပြောရ။ သို့ရာတွင် ဆရာဝန်၊ ဓာတုဗေဒ စစ်ဆေးသူ၊ လက်ရေးပါရဂူ စသော ပညာရှင်များကမူ မိမိတို့၏ ထင်မြင်ချက်ကို တရားရုံးသို့ တင်ပြနိုင်သည်။ ထင်မြင်ချက် လွဲမှားနိုင်သည်ဟု ပြရန် တဖက်က ပြန်လှန်မေးနိုင်သည်။ လုပ်သက်၊ ပညာ ဘယ်လောက် ရှိပြီလဲ စသည်ဖြင့် မေးနိုင်သည်။ အပြိုင်ပညာရှင် တင်နိုင်သည်။ တရားရုံးကလည်း ထင်မြင်ချက် တခုတည်းကိုသာ အားကိုး၍ ဆုံးဖြတ်လေ့ မရှိ။

စာရွက်စာတမ်း သက်သေတင်လျှင် မူရင်းကို တင်ရသည်။ မိတ္တူကို မတင်ရ။ မူရင်းပျောက်ဆုံးကြောင်း သက်သေပြနိုင်မှ မိတ္တူ တင်ခွင့် ရသည်။ စာရွက်စာတမ်း ဟုတ်မှန်ကြောင်း လက်မှတ်ရေးထိုးသူတို့ကို ထွက်ဆိုစေအပ်သည်။

ဆရာဝန်၏ဆေးစာ၊ ထင်မြင်ချက်ကို တရားရုံးသို့ တင်ပြရာတွင် ဆရာဝန်ကို ခေါ်ရန် မလို၊ သူ့လက်ရေးသိသူ ဆေးရုံဝန်ထမ်း တဦးဦးက လာရောက်၍ ဆရာဝန်၏လက်ရေး မှန်ကန်ကြောင်း ထွက်ဆိုလျှင် ပြီးသည်။ အငြင်းပွားချက် တရပ်ရပ် ရှိမှသာ ဆရာဝန်ကို ခေါ်ရသည်။

အလားတူ လူမခေါ်ပဲ သက်သေခံဝင်သည့် စစ်ဆေးထင်မြင်ချက်၊ အစီရင်ခံစာ မှတ်တမ်းများ ရှိသည်။



ဓာတုဗေဒ စစ်ဆေး ထင်မြင်ချက်၊ ပြည်သူ့ဝန်ထမ်း၏ အစီရင်ခံစာ မှတ်တမ်း၊ ဖြောင့်ချက်၊ သေတမ်းစစ်ချက် စသည်တို့ကို စစ်ဆေးသူ၊ အစီရင်ခံသူ၊ မှတ်တမ်းတင်သူ ကိုယ်တိုင် လာရောက်၍ တရားရုံးသို့ တင်ရန် မလို။ စည်းကမ်းညီ ပြုလုပ်ထားသော စာတမ်းများ ဖြစ်လျှင် တရား ဝင်သည်။ အငြင်းပွားတာ ရှိမှ စစ်မေးရန် ရှိပါသည် တောင်းဆိုမှ ခေါ်ဖို့ လိုသည်။

မလိုပဲ ခေါ်နေလျှင် ဆရာဝန်၊ တပ်မတော် အရာရှိ၊ ပြည်သူ့ရဲအရာရှိ၊ အခြား ပြည်သူ့ဝန်ထမ်းများ အလုပ်ပျက်သည်။ အမှုကြာသည်။ အချို့ကမူ သက်သေခံလာရလျှင် နယ်စွန်နယ်ဖျား တာဝန်မှ မြို့သို့ ခေတ္တ ပြန်ရသည်။ မိသားစု ဆုံရသည်၊ ထို့ကြောင့် သင့်မြတ်သော အချိန်၌ သက်သေခံလာရန် ခေါ်ယူဖို့ တရားရုံးနှင့် စည်းဝါးရိုက်ထားတတ်သည်။

စာနာသောအားဖြင့် တရံတခါ ဤသို့ အချင်းချင်း ကူညီကြသည်ကို မပြောလိုပါ။ များလွန်းလျှင် အမှုတွေကြာ၊ အဖက်ဖက် အလုပ်ပျက် နစ်နာသည်။ အချုပ်ထဲတွင် စောင့်နေရသော တရားခံများကိုလည်း စာနာအပ်သည်။

၆

နှစ်ဖက် သက်သေအစုံ စစ်ဆေးပြီးလျှင် နှစ်ဖက် ရှေ့နေများ လျှောက်လဲကြသည်။ ရှေ့နေ မပါလျှင်လည်း အမှုသယ်ကိုယ်တိုင် လျှောက်လဲနိုင်သည်။

သက်သေထွက်ချက်များကို ပေါင်းရုံး၍ တရားရုံးက သုံးသပ်နိုင်အောင် တင်ပြကြသည်။ အချက်အလက်ကို ထပ်ရှားစေပြီး သက်ဆိုင်သော ဥပဒေကို ညွှန်းကြသည်၊ ဆီလျော်ရာ စီရင်ထုံးများကို ထိုးကားကြသည်။

အချို့ ရှေ့နေကြီးများသည် စာအုပ်ကြီးကြီးများကို ခြင်းနှင့် ယူလာကာ တရားရုံးတွင် စီရီ၍ ထားတတ်သည်။ စာအုပ်တွေများတိုင်း၊ ကြီးတိုင်း၊ တရားသူကြီးများက စိုးရိမ်စရာ မလိုပါ။ တရားသူကြီးများ အထင်ကြီးအောင် အထူးသဖြင့် တရားရုံးသို့ လာရောက်နားထောင်ကြသော မိမိ၏ အမှုသည်များအားရကျေနပ်အောင်၊ ရှေ့နေခ များများ ပေးရကျိုးနပ်သည် ထင်စေအောင် ယူဆောင်လာခြင်း ဖြစ်တတ်ပါသည်။

---

"ရုံးနိုက် အမှုများတယ်ဆိုရာ ရှေ့နေ သွေးဆောင်ရာ လိုက်ပါလို့ အမှုများခြင်း တရပ်၊ တရားသူကြီးကို တံစိုးလက်ဆောင် ပေးရသောကြောင့် အမှုများခြင်း တရပ် ထိုနှစ်ရပ်ကို တောက်ကာ ရှေ့နေ အားကိုး၊ တရားသူကြီးကို အားကိုးရသဖြင့် အမှုသည်တို့ အားတက်ပြီးတော့ အဆင်းရဲခံကာ ရုံးတိုင်ကို ဖက်ကြပေဒါပဲဗျ။ ရှေ့နေသည် တရားသူကြီး၏ မင်းတိုင်ပင်နှင့် တူပါသည်၊ ဥပဒေ တရားနည်းလမ်းအတိုင်း စီမံကြပါလျှင် ရုံးနိုက် အမှုများမည် မဟုတ်ပေါင်ပါ။ လောဘရမ္မက်တပ်ကာ မိမိတို့ရပေါက်ရလမ်း သာတ်ကို မျှော်ပြီး အသက်မွေးကြတော့ ပေါင်တာရားတွေများကုန်ပါပေါ့လေ။ ဒီလိုသာတွေ များတော ငွေ့ပ် အပွေတွေ ပြားလေ ဖြစ်ရှာပဲဗျ။ အမှုထမ်း၊အရေထမ်းတို့ ဖြောင့်၊ တရားသူကြီး ရှေ့နေတို့ ဖြောင့်၊ စိတ်ကောင်း သဘောကောင်းနဲ့ ဖြောင့်ကြပါသော် နိုင်ငံတော် ပိုးတက်အေးချမ်းခြင်းသို့ ရောက်ကြမည် ဖြစ်ပါကြောင်းပါ။"



ရွှေဖြစ်စာတန်း
မှော်ဘီ ဆရာသိန်းကြီး

# ၈။ ချုပ်ခြင်း၊ အာမခံပေးခြင်း

၁

ပြည်သူ့ရဲက မြင်တွေ့၍၊ သို့မဟုတ် တိုင်ကြားချက် ရ၍၊ လူတဦးအား ပြစ်မှုနှင့် ပတ်သက်၍ အရေးယူလျှင် ပြစ်မှုကို လိုက်၍ ဖမ်းဆီး ချုပ်နှောင်သည်လည်း ရှိသည်။ အမှု ရုံးမတင်နိုင်မီအတွင်း ပြည်သူ့ရဲကပင် အာမခံဖြင့် လွှတ်ထားသည်လည်း ရှိသည်။

အရေးယူစဉ် ဖမ်းဆီးချုပ်နှောင်လျှင် အများဆုံး ၂၄ နာရီသာ တရားရုံး၏ အမိန့်မရပဲ ရဲက ချုပ်ထားနိုင်သည်။ အမှုကို အမြန်ဆုံး တရားရုံးသို့ မတင်မနေ၊ တင်စေရန် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ဤပြဋ္ဌာန်းချက်၊ ပြစ်မှုဆိုင်ရာ လုပ်ထုံးဥပဒေတွင် ရှိသည်။ အခြေခံ ဥပဒေတွင်လည်း အခိုင်အမာ ပါသည်။

ပြစ်မှုကို အမြန်စုံစမ်း၍ အမြန် တရားရုံးသို့ အမှု တင်ပို့နိုင်လျှင် အကောင်းဆုံး ဖြစ်သည်။ အနီးတွင်ပင် တရားရုံး ရှိသည်။ ရပ်ကွက်၊ ကျေးရွာ အုပ်စု၊ မြို့နယ်တို့တွင် တရားစီရင်ရေး အဖွဲ့များ အလုံအလောက် အသင့်ရှိကြသည်။

အမှုကို အမြန် စွဲဆို တင်ပို့ စစ်ဆေးနိုင်လျှင် သက်သေများကို စုစည်း တင်ပို့ရတာ လွယ်သည်။ အဖြစ်အပျက်ကိုလည်း မှတ်မိကြမည်။ သက်သေဖျက်ခြင်း၊ နောက်မှ အကြံရ၍ လျှော့ထွက်ခြင်း၊ ပိုထွက်ခြင်း၊ တကယ် မေ့ပျောက်ခြင်း နည်းပါး



မည်။ ကာယကံရှင်များအဖို့လည်း အကြိမ်ကြိမ် ကြာမြင့်စွာ တရားဆိုင်နေရလျှင် အလုပ် ပျက်သည်။ ရပ်ရွာထဲ မေတ္တာ ပျက်သည်။ အများအမြင် မြန်မြန်စစ်ဆေး၍ မှန်မှန် မျှမျှတတ စီရင်လျှင် ပညာပေးရာ ရောက်သည်။ အဟန့်အတား ဖြစ်သည်။ ကျေနပ် လက်ခံကြသည်။

ရပ်ရွာထဲ ဖြစ်ပွားတတ်သည့် ဆဲရေးမှု၊ ခိုက်ရန် ဖြစ်ပွား၊ ရိုက်နှက်မှု၊ ခိုးမှု၊ ဥပဒေကို ဆန့်ကျင်၍ ပစ္စည်း ရောင်းဝယ်ထားရှိမှု စသည်တို့ကို နေ့ချင်းပြီး တရားရုံးတင် စစ်ဆေး စီရင်ရန် မခက်ပါ။ အမှုဆိုသည်မှာ ကြာလေ ခက်လေသာ ဖြစ်တတ်သည်။

အချို့သော အမှုကြီးများတွင်မူ ဆရာဝန် ဆေးစစ်ချက်၊ လက်ရေး ပါရဂူ၊ လက်နက် ပါရဂူ၊ ထင်မြင်ချက် စသည်တို့ လိုပါသည်။ စုံစမ်း ထောက်လှမ်းရန်လည်း အချိန် လိုပါသည်။

အမှုကို တရားရုံးသို့ တင်ပို့ဖို့ ပြင်ဆင်ရန် အချိန် လိုသည်၊ စွပ်စွဲခံရသူအားသည်း ချုပ်ထားမှ ဖြစ်မည်ဆိုလျှင် ပြည်သူ့ရဲသည် တရားရုံးမှ ချုပ်မိန့်ကို လျှောက်ထား တောင်းခံရသည်။ တရားရုံးက ချုပ်မိန့်ပေးခြင်းကို "ရီမန်" ပေးခြင်းဟု အင်္ဂလိပ်စကား တိုက်ရိုက်ယူ၍ ခေါ်လေ့ ရှိပါသည်။

၂

တရားရုံးမှ ချုပ်မိန့်တောင်းလျှင် တရားခံကိုပါ ရုံးသို့ ပို့ပေးရသည်။ စွဲဆိုသော ပြစ်မှု၊ စွဲဆိုသူ ကျူးလွန်သည် ထင်

မြင်ရသည့် အကြောင်း၊ သက်ဆိုင်ရာရဲ့နေ့စဉ်မှတ်တမ်း၊ ဆက်ချုပ်ရန် လိုအပ်ကြောင်း အကြောင်းပြချက်တို့ကိုပါ တင်ပြရသည်။

တရားရုံးက တရားခံအား ထုချေခွင့် ပေးရသည်။ ပြည်သူ့ရဲက တင်ပြသော အကြောင်းပြချက်များ ခိုင်မာ လုံလောက်ခြင်း ရှိ မရှိ စဉ်းစားရသည်။ သက်သေစစ်၍ မပြီးသေးပါဟု ဖော်ပြရုံနှင့် မပြီး။

တရားရုံးက ချုပ်မိန့်ပေးလျှင် ဘယ်အကျဉ်းစခန်း၌ ဘယ်နေ့အထိ ဘာအကြောင်းကြောင့် ချုပ်စေသည်ကို ဖော်ပြရသည်။

ပြည်သူ့ရဲက စုံစမ်းထောက်လှမ်းပြီးပြီ ဖြစ်လျက် သက်သေ မစုံသေး၍၊ အခြား တရားခံများကို ရှာဖွေဆဲ ဖြစ်၍ စသော အကြောင်းပြချက်များဖြင့် ချုပ်မိန့် တောင်းလျှင် မပေးအပ်။စုံစမ်းခြင်းပြီးဆုံးလျှင် စွဲချက်၊သက်သေစာရင်းနှင့် တရားရုံးသို့ တရားခံအား တင်ပို့ရန်သာ ဖြစ်သည်။ အမှုဖွင့်ပြီး လိုအပ်သလို ဆက်လက် ဆောင်ရွက်ရန်မှာ တရားရုံး၏ တာဝန် ဖြစ်သည်။

သာမန်အားဖြင့် ပြည်သူ့ရဲက တောင်းခံသော ချုပ်မိန့်ကို စုစုပေါင်း ၁၅ရက်ထက် ပို၍ မပေးနိုင်။ တကြိမ်သည်း အစွမ်းကုန် ပေးရန်လည်း မသင့်။ အခြေခံဥပဒေက အပ်နှင်းထားသော နိုင်ငံသားတို့၏ အခြေခံ အခွင့်အရေးတရပ်နှင့် ပတ်သက်သဖြင့် အထူး သတိပြု၍ ဆောင်ရွက်ရန် တရားရုံးနှင့် ပြည်သူ့ရဲတို့တွင် တာဝန် ရှိသည်။

ပြစ်မှုတခုပ်ကို မြန်မြန်စုံစမ်းမှ အမှုမှန် ပေါ်တတ်သည်။



ကြာလေ ခြေရာပျောက်လေ ဖြစ်တတ်သည်။ ထို့ကြောင့် စုံစမ်းဖို့ သာမန်အားဖြင့် ၁၅ရက်ဆိုလျှင် လုံလောက်သင့်သည်။

တရားရုံးသို့ စွဲဆို တင်ပို့ခြင်း မပြုပဲ တရားခံအား အချုပ်နှင့် ထားကာ အမှုကို အချိန်ဆွဲတတ်သော အလေ့အကျင့်ဆိုး တခု ရှိသည်။ ဒီတရားရုံးမှ ၁၅ရက် ချုပ်မိန့်ယူလိုက်၊ဟို တရားရုံးမှ နောက်ထပ် ၁၅ရက် ချုပ်မိန့် ယူလိုက် ရုံးပြောင်းကာ နှစ်နှင့်ချီ၍ ဆွဲခဲ့သော အမှုမျိုးလည်း ရှိဖူးသည်။အချို့ကလည်း တရုံးတည်းသို့ပင် ပုဒ်မ အမျိုးမျိုး ပြောင်း၍ တင်ပြကာ အချိန်ယူသည်။ အချုပ်ခံရသူက သီးမခံနိုင်၍ သတင်းစာမှ အော်မှ အမှုပိတ်၊ လူလွှတ်၊ သို့မဟုတ် အမှုကို ရရာပုဒ်မနှင့် စွဲတင် လုပ်ခဲ့ကြသည်။

ထိုအကျင့်မျိုး ဥပဒေနှင့်မညီ။ တရားရုံးက ပြည်သူ့ရဲ၏ အမှုဆိုင်ရာ နေ့စဉ်မှတ်တမ်းကို သေချာစွာ စစ်ဆေးခြင်း၊ တရားခံအား မေးမြန်းခြင်းဖြင့် ဥပဒေနှင့် ညီညွတ်စေအောင်၊ အနှစ်သာရ မိအောင် ဆောင်ရွက်ရသည်။

## ၃

ပြစ်မှု အသေးအကြီးအလိုက် အရေးယူ စစ်ဆေးနေစဉ် တရားခံ အချုပ်လွတ် နေစေရန် အာမခံပေးနိုင်သော အမှု၊ အာမခံ မပေးနိုင်သောအမှုဟု ခွဲခြားထားသည်။

ပေးနိုင်သောအမှု၌ ပေးရသည်။ တရားခံအား ကိုယ်တိုင် ခံဝန်နှင့် နေစေသင့်လျှင် နေစေအပ်သည်။ ရပ်ရွာလူကြီးများ

က အာမခံလျှင်လည်း ခွင့်ပြုအပ်သည်။ အာမခံ တန်ဖိုး သတ်မှတ်ပြည် ဆိုလျှင် မများလွန်းစေရ။

များလွန်းလျှင် ပေးကားပေး၍ မရ။ ဥပမာ၊ တရားလိုကသူ့ထံမှ တရားခံ ငွေတသိန်း လိမ်ယူသွားပါသည် စွဲဆိုကာမျှနှင့် တရားခံအား ငွေတသိန်းတန် အာမခံပေးမှ လွှတ်ထားမည်ဟု သတ်မှတ်ရန် မသင့်။

အချုပ်ချုပ်ခြင်း ဖြစ်ကြသော ငွေမှုကို တရားမမှု မစွဲပဲ တရားခံအား တရားရုံးအာဏာဖြင့် အကြပ်ကိုင်ရန် လိမ်လည်မှုအဖြစ် တိုင်ကြားတတ်သည်ကို သတိထားရသည်။

တရားခံတဦးအား ပြစ်မှုကျူးလွန်သည်ဟု စွဲဆိုကာမျှနှင့် သူ့မှာ အမှန်တကယ် အပြစ်ရှိသည်ဟု မဆိုသာသေး။ အမှုစစ်ဆေးပြီး ပြစ်မှုထင်ရှား မတွေ့သေးသမျှ သူသည် အစွပ်စွဲခံရသူသာ ဖြစ်သည်။ ထို့ကြောင့် အမှုအတွင်း ချုပ်နှောင်ထားရန် မလိုလျှင် အာမခံ ပေးထားသင့်သည်ဟူသော အယူအဆ၊ ကျင့်ထုံး ရှိသည်။

အာမခံမပေးပဲ ကြာမြင့်စွာ ချုပ်နှောင်ပြီးမှ သူ့မှာ အပြစ်မရှိဟု တွေ့ရှိ၍ လွှတ်ရလျှင် နစ်နာလိမ့်မည်။ အပြစ်မဲ့ပါလျက် မစစ်ခင် ကြိုတင် အပြစ်ပေးသလို ဖြစ်လိမ့်မည်။

၄

အာမခံ မပေးနိုင်သော ပြစ်မှုကြီးများ ရှိသည်။ ထိုအမှုများ၌ တရားခံအား စွဲဆိုလောက်သော အကြောင်းအချက်များ ရှိနေလျှင် သာမန်အားဖြင့် အာမခံ မပေးရ။



အမှုကြီးလျှင် ပြစ်ဒဏ်သည်လည်း ကြီးလေးသည်။ ထိုပြစ်ဒဏ်မျိုးကို ကျခံရန် အလားအလာရှိသော တရားခံသည် အာမခံရလျှင် ထွက်ပြေး တိမ်းရှောင်သွားတတ်သည်။

လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှု၊ သောင်းကျန်းမှု စသည်တို့ကို ကျူးလွန်သည်ဟု စွဲဆိုခြင်းခံရသော တရားခံအား လွှတ်ထားလျှင် ထပ်မံ ကျူးလွန်မည့် အန္တရာယ်၊ သက်သေကို ခြိမ်းခြောက် ရန်ပြုမည့် အန္တရာယ် ရှိသည်။

အာမခံ မပေးနိုင်သည့် ပြစ်မှုကို ကျူးလွန်သည် ဆိုသူအား ကျန်းမာရေး မကောင်း၍၊ အသက်အရွယ် ငယ်၍၊ အိုမင်းမစွမ်း၍၊ မိန်းမသား ဖြစ်၍ စသော အကြောင်းထူးများကြောင့် တရားရုံးက အာမခံ ပေးနိုင်သည်။ သို့ရာတွင် ပြည်သူ့ရဲ ဥပဒေဝန်ထမ်းတို့အား ကြိုတင် မေးမြန်းပြီး ပေးသင့်မှ ပေးရသည်။

၅

တရားရုံးသည် အာမခံ လျှောက်လွှာအပေါ် မြန်မြန် ဆုံးဖြတ်ပေးသင့်သည်။ ပေးနိုင်သည့်အမှု ဆိုလျှင်လည်း အာမခံ ရလိုသလား၊ မလျှောက်ထားပဲ မေးကောင်းသည်။

အာမခံမေးကြောင်း၊ ပယ်ကြောင်း၊ အများအမြင်အကြားတွင် မြန်မြန် အမိန့်ချ၊ ကိစ္စ မြန်မြန် ပြီးပြတ်အောင် ရှုံးအား

ကြပ်မအပ်သည်။ အာမခံနှင့်ပတ်သက်၍ လပ်ပေး လပ်ယူပြုခြင်း၊ ပြုသည်ဟု ရိုးစွပ်ခြင်း ရှိဘတ်သည်။ အာမခံပေးသည့် အမိန့်ကို နေကုန်မှ၊ စနေနေ့ ရုံးဆင်းချိန်မှ ထုတ်ပေးသဖြင့် အချုပ်တွင် ရက်ပိုနကြရတာမျိုး ရှိတတ်သည်။ အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားတာတွေ ရှိမည်။ အချို့မှာ ပညာပါသည်။

ပေးထားသော အာမခံကို တရားရုံးက အကြောင်းရှိလျှင် ရုပ်သိမ်းနိုင်သည်။ ဥပမာ၊ အာမခံနှင့်နေသူက အကြိမ်ကြိမ် ရုံးချိန်းပျက်လျှင်၊ သတ်မှတ်ထားသော စည်းကမ်း ချိုးဖောက်လျှင် အာမခံ ရုပ်သိမ်းနိုင်သည်။

အာမခံပေးရာတွင် စည်းကမ်း သတ်မှတ်နိုင်သည်။ ဥပမာ၊ ရုံးချိန်း မှန်မှန် တက်ရမည်၊ တရားရုံး ရှိရာ မြို့နယ်မှ အဝေးသို့ ခွင့်ပြုချက် မရပဲ မသွားရ စသည်ဖြင့် စည်းကမ်း သတ်မှတ်နိုင်သည်။

တရားခံပြေးလျှင် အာမခံသူများ အာမခံတန်ဖိုး ပေးလျော်ရသည်။ မလျော်နိုင်လျှင် ထောင်ကျနိုင်သည်။ ထို့ကြောင့် တရားခံ မပြေးအောင်၊ ရုံးချိန်းမှန်အောင် သူတို့ကပါ စောင့်ကြပ်ရန် တာဝန်ရှိသည်။

၆

အာမခံရသင့်ပါလျက် မရဟု ယူဆသော နစ်နာသူဖက်က ပြည်နယ်၊ တိုင်း၊ တရားရုံးသို့ တက်ရောက် လျှောက်ထားနိုင်သည်။ တရားရုံးက အာမခံ ပေးသင့်လျှင် ပေးနိုင်သည်။ မပေး



လျှင် နစ်နာသူဖက်က ပြည်သူ့တရားသူကြီးအဖွဲ့အထိ တက်ရောက်နိုင်သည်။

အလားတူပင် တရားခံတဦး အာမခံ မရသင့်ပဲ ရနေသည်ဟု ယူဆသော နစ်နာသူ သို့မဟုတ် နိုင်ငံတော်ဖက်ကလည်း အဆင့်ဆင့် တက်ရောက်၍ အာမခံ ဖျက်သိမ်းမိန့် တောင်းနိုင်သည်။ အကြောင်းပြကောင်းလျှင် အာမခံကို ဖျက်သိမ်းနိုင်သည်။

---

''တရားသူကြီးများ ဆွေးနွေးပွဲသို့ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ဝင် ဗိုလ်မှူးကြီးသန်းစိန် တက်ရောက်၍ လူသည် အသိဉာဏ်ရှိသဖြင့် လူရာမဝင်ဟု သတ်မှတ်၍ မရကြောင်း၊ လူတဦးအနေဖြင့် လုပ်နိုင်သည်များ ရှိသည်သာ ဖြစ်ကြောင်း၊ ထို့ကြောင့် တရားသူကြီးများသည် တရား စီရင်ရာတွင် လူတယောက်ကို လူကောင်းသူကောင်းဖြစ်အောင် ပြုပြင်ပြီး စီရင်ရန်သာ သင့်ကြောင်း၊ အပြစ်ရှိသူကို အပြစ်ပေးရာတွင် တသက်လုံး နလံမထူနိုင်အောင်၊ လူညွန့် တုံးသွားအောင် ပြစ်ဒဏ်မခတ်သင့်ကြောင်း တချိန်တွင် ထိုသူမှာ ပြန်၍ ကောင်းလာမည် ဖြစ်သဖြင့် အခြေခံအား

ဖြင့် မဆိုးသူကို နောင်တတရား ရအောင် ဆုံးမပဲ့ပြင်သည့်သဘော ဖြစ်အောင် ဆောင်ရွက် ပေးစေလိုကြောင်း စသည်ဖြင့် ပြောကြားသွားသော အမှာစကားများမှာ ယခု တော်လှန်ရေးခေတ်တွင် မကြားစဖူး ကြားရသော အဘိုးတန် စကားများ ဖြစ်ပြီး မှတ်သားဖွယ် ကောင်းလှပေသည်။"

မြန်မာ့အလင်း ခေါင်းကြီး
၂၃-၁၂-၁၉၆၃

# ၉။ ဆုံးဖြတ်ခြင်း

## ၁

စစ်ဆေးပြီးလျှင် ဆုံးဖြတ်ရသည်။ ဆုံးဖြတ်ခြင်းသည် တရားရုံး၏တာဝန် ဖြစ်သည်။ ရှေ့နေများ၊ တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်းတို့က အကြံပြု ထောက်ကူသည်။ သို့ရာတွင် အကြောင်းအချက်ကို တရားဥပဒေနှင့် ဆက်စပ် သုံးသပ် ဆုံးဖြတ်ရန်မှာ တရားရုံး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်သာ ဖြစ်သည်။

အကြောင်းအချက် မပြည့်စုံသေးဟု ထင်မြင်လျှင် တောင်းနိုင်သည်။ နောက်ထပ် သက်သေ ခေါ်နိုင်သည်။ ဥပဒေသဘောမပေါက်သေးလျှင် မေးနိုင်သည်။ ရှာဖွေခိုင်းနိုင်သည်။ အားလုံး ပြည့်စုံလျှင်မူ တရားစီရင်ရေး အဖွဲ့ဝင်များ အချင်းချင်း ညှိနှိုင်း ဆုံးဖြတ်ကြရသည်။ တံခါးပိတ်၍ အကြိမ်ကြိမ် ညှိနှိုင်းနိုင်ကြသည်။ ကျေညက်အောင် ဆွေးနွေးနိုင်ကြသည်။ သို့ရာတွင် အဆုံးဖြတ်ရခက်သည်ဆိုကာ အထက်တင်၍ အဆုံးအဖြတ် မတောင်းနိုင်။ ရှေ့နေ၊ ဝန်ထမ်းအား အဆုံးဖြတ် မခိုင်းနိုင်။ ဆုံးဖြတ်ပိုင်ခွင့်နှင့် တာဝန်ကို လွှဲပြောင်း၍ မရ။

အားလုံးသဘောမတူကြလျှင် အဖွဲ့ဝင် အများစု၏ ဆုံးဖြတ်ချက်ကို ရယူသည်။ နာယကတွင်လည်း တမဲသာ ရှိသည်။

ဆွေးနွေးကြရာတွင် နာယကသည်လည်း အဖွဲ့ဝင် တယောက်သာ ဖြစ်သည်။ သူ ဖြစ်စေလိုရာကို ဩဇာသုံး၍ မဖြစ်စေအပ်။ ဆွေးနွေးကြရာတွင် လွတ်လပ်မှု အဓိပ္ပာယ်ရှိအောင် နာယကသည် စကားဦး မသမ်းသင့်၊ နောက်ဆုံးမှ ပြောသင့်သည်။

အဆုံးအဖြတ်ကို အရှည်ဆွဲမထားသင့်။ ကြာလျှင် ဟိုကဒီက ချဉ်းကပ်လာတတ်သည်။ ချဉ်းကပ်လာတာကို စောင့်နေသည်ဟု သံသယ ဝင်လာတတ်သည်။ ရှေးနေအချို့က တရားသူကြီး ပေးဖို့ဆိုပြီး အမှုသည်ထံမှ ငွေယူတတ်သည်။ ပြီးလျှင် အမှုသည်အား ခပ်လှမ်းလှမ်းမှာ ထား၊ တရားသူကြီးထံ ဝင်၊ နေကောင်းရဲ့လား စသည့် အပြစ်မဲ့စကား ဆို၊ ပြန်ထွက်လာလျှင် အမှုသည်အား မီးသေပြီ၊ စိတ်ချနေတော့ ပြောတာမျိုး ရှိတတ်သည်။ မသိပဲ ခံလိုက်ရတာတွေ များပြီ။

ထို့ကြောင့် အမှုစစ်ပြီးလျှင် အချက်အလက်မမေ့ခင် မြန်မြန် ညှိနှိုင်း၊ ဆုံးဖြတ်၊ ဆုံးဖြတ်ချက်ကို မြန်မြန် ကျေညာတာ ကောင်းသည်။ ကိုယ့်အဖို့လည်း အေးကင်းသည်၊ အများအမြင် ရှင်းသည်၊ ဆိုင်သူများအဖို့လည်း စိုးရိမ်တကြီး စောင့်မနေရ။ ချမ်းသာသည်။

ဆုံးဖြတ်ချက် ချရုံနှင့် ပြီးသွား။ တရားစီရင်ရေးအဖွဲ့၊ တရားရေးဝန်ထမ်းတို့က ဆုံးဖြတ်ချက်အတိုင်း မြန်မြန် ဆောင်ရွက်ရေး ကြိုးပမ်းကြရသည်။ ထိုပြီးသောအမိန့် ရေးရသည်။ ရေးပြီးအမိန့် ထုတ်ရသည်။ ထုတ်သောအမိန့် ရောက်ရသည်။ ရောက်သောအမိန့် ဆောင်ရွက်ရသည်။ ဤခရီး အထောက်ထောက်တွင် ကြာတတ်သည်။



## ၂

အချက်အလက်တို့ကို နှစ်ဖက် အပြန်အလှန် တင်ပြကြသဖြင့် ဘယ်ဖက်က မှန်သည်ကို တရားရုံးက ဆုံးဖြတ်ရသည်။ အားလုံး မှန်သည်၊ အားလုံး မှားသည်လည်း မရှိတတ်။ အမှားကို ဖယ် အမှန်ကို ရွေးထုတ်ကာ တဖက်တချက် ချိန်တွယ်ကြည့်ရသည်။

သက်သေထွက်ချက်တို့သည် စာပေါ် ရောက်လျှင် စကားလုံးများသာ ဖြစ်သည်။ အမှုစစ်စဉ် သက်သေ၏ မျက်နှာပေး အမူအရာကိုပါ တရားရုံးက အကဲခတ်ရသည်။ သွန်သင်ထားသောစကားကို ထွက်ဆိုနေသလား။ ပြောစကားသည် ပြေပြစ်ချောမွေ့လွန်းသလား။ မမေးသေးပဲ ခရေစေ့တွင်း ထွက်လာသလား။ ဒါတွေကို လေ့လာကာ လိုအပ်က မှတ်တမ်းတင်ထားရသည်။ သက်သေထွက်ချက်ကို ပြန်လည်ဖတ်ရှုသောအခါ အမူအရာ အကဲခပ်ချက် တို့ကိုပါ တွဲ၍ စဉ်းစားမှ အမှားအမှန် ခွဲခြားရလွယ်သည်။

ထို့ကြောင့်လည်း အမှု စတင်စစ်ရာမှ ဆုံးဖြတ်သည်ထိ တရားစီရင်ရေး အဖွဲ့တဖွဲ့လုံး အပြောင်းအလဲ မရှိ ပါဝင်ကြလျှင် အသင့်မြတ်ဆုံး ဖြစ်သည်။ မြန်မြန် စစ်ဆေး စီရင်နိုင်လျှင် အပြောင်းအလဲ မရှိပဲ ပြီးပြတ်နိုင်သည်။

သက်သေကို အရေအတွက်ဖြင့် တိုင်းတာရသည် မဟုတ်။ အရည်အချင်းဖြင့် ချိန်တွယ်ရသည်။ သက်သေများတိုင်း မှန်ရမည် မယူဆသင့်။ မလိုပဲ များနေလျှင် အမှုကြာသည်။ မုသားသက်သေ တပ်နှင့်ချီ၍ တင်ပြစေကာမူ မုသားသည် မုသား

သာ ဖြစ်သည်။ လေးနက်၍ ယုံကြည်ထိုက်သော သက်သေ တဦး နှစ်ဦးသည် ပို၍ အချိန်စီးသည်။

ထို့ကြောင့် အမှုသယ်က သက်သေတင်လျှင် အရေအတွက်ထက် အရည်အချင်းကို အဓိက ထားသင့်သည်။ မလိုပဲ တင်နေသော သက်သေများကို တရားရုံးက ပယ်နိုင်သည်။

ခလေးသက်သေစကားကို ထည့်သွင်း စဉ်းစားနိုင်သည်။ မေးခွန်းကို နားလည်ရဲ့လား၊ ထင်ရှားစေရန် သူနှင့် မှီသော မေးခွန်း လွယ်လွယ်များကို ပထမ မေးရသည်။ နားလည်သည်၊ ဖြေနိုင်သည် တွေ့ရလျှင် အမှုနှင့်ပတ်သက်သမျှကို သူနားလည်နိုင်သော စကားမျိုးဖြင့် မေးရသည်။

တခါက ကွဲနေကြသော မိခင်နှင့် ဖခင်တို့၏ သား အုပ်ထိန်းလိုမှုကို ကျွန်တော် စစ်ဖူးသည်။ သားငယ်သည် ၇နှစ် အရွယ်လောက်သာ ရှိသည်။သူ့ကို တရားခွင်ထက်၊ ကျွန်တော့် အနားသို့ ခေါ်ကာ ထိုင်စေသည်။ ကျောင်းနေပြီလား၊ ဘယ်နှစ်တန်း ရောက်ပြီလဲ၊ ထမင်း စားခဲ့ပြီလား မေးကြည့်သည်။ သွက်လက်စွာ ဖြေဆိုနိုင်သည်။ ငါဘာလဲကွ၊ သိသလားဟု ဆက်မေးရာ သိတယ်ဗျဟု ဖြေသည်။ အေး ပြောပါအုံးကွာ၊ ဘာလဲဟု ထပ်ဆင့်မေးရာ ပုလိပ်ကြီးဗျဟု ဖြေသည်။သူ့အရွယ်တွင် ရုံးကြီး၊ ကနားကြီး၊ အစိုးရ ဟူသမျှသည် ပုလိပ်ကြီးတွေနှင့် ပတ်သက်သည်ဟု နားလည်ထားဟန် ရှိသည်။

မေးခွန်းကို ကောင်းစွာ နားလည်သည်ဟု ယူဆကြောင်း မှတ်တမ်းတင်ပြီးလျှင် မိခင်၊ ဖခင်၊ မည့်သူနှင့် နေချင်သလဲ မေးရသည်။ မိခင်နှင့် နေလိုသည်၊ ဖခင်က ရိုက်သည်၊ဖခင်၏



မိန်းမ အသစ်က ရိုက်သည်ဟု သူ ဆိုသည်။ သူဆိုချက်နှင့် အခြား အချက်အလက်တို့ကို ထောက်ထား၍ သူ့အား မိခင်သို့ အပ်လိုက်သည်။

၄

ဖြစ်တတ်သည့်သဘော ထင်ရှားပြီးသော အချက် စသည်တို့ကို အထူး သက်သေထူရန် မလို။ တရားရုံးက အဆုံးအဖြတ်ပြုရာတွင် ထည့်သွင်း စဉ်းစားနိုင်သည်။

ဥပမာ၊ အရှေ့မှ နေထွက်၍ အနောက်တွင် ဝင်သည်။ လကွယ်ည၌ အလင်းရောင် နည်းပါးသည်။နိုင်ငံတော်ပြန်တမ်းပါ အချက်အလက်များ၊နိုင်ငံတွင် မည်သည့်ရာထူးတွင် မည်သူ ထမ်းဆောင်နေသည်၊ ဘယ်နေ့က ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည်၊ ဘယ်နိုင်ငံများနှင့် မြန်မာနိုင်ငံ သံတမန် အဆက်အသွယ် ရှိသည် စသည်များ၊ ဥပဒေ၊ နည်းဥပဒေ၊လွှတ်တော်မှတ်တမ်းများ၊ သတင်းစာ၊ ဂျာနယ်များ၊စာအုပ်များ စသည်ကို အထူးတလည် သက်သေ မထူပဲ တရားရုံးက သတိပြုနိုင်သည်။ သတင်းစာ၊ ဂျာနယ်၊ စာအုပ်၊ မှတ်တမ်းပါ အချက်အလက်များအားလုံး မှန်သည်ဟု လက်ခံခြင်းမဟုတ်၊ ဘယ်နေ့က ထုတ်ဝေ၍ ဘယ် မှတ်တမ်းစာစောင်တွင် ဘယ်သို့ ပါသည်ကို ထုတ်ဝေသူ၊ ရေးသားသူ၊ မှတ်တမ်းတင်သူ စသူတို့ကို သက်သေထူရန် မလိုပဲ တရားရုံးက ထည့်သွင်း စဉ်းစားနိုင်သည်။

တရားသူကြီးတဦးက အမှု အဖြစ်အပျက်ကို ကိုယ်တိုင် မြင်၊ ကြား၊ သိခဲ့ခြင်းကိုမူကား တရားစီရင်ရေးအဖွဲ့က သက်သေခံချက်ကဲ့သို့ ထည့်သွင်းစဉ်းစားရန် မဟုတ်။ သို့သော တရားသူကြီးက သူကိုယ်တိုင် မြင်ခဲ့၊ ကြားခဲ့တာပဲဟု ပြောလို့ မရ။ ပြောဖို့လိုလျှင် တရားသူကြီးအဖွဲ့မှ ထွက်၍ သက်သေအဖြစ် အစစ်ခံရန်သာ ဖြစ်သည်။

သက်သေမထုပဲ ထည့်သွင်းစဉ်းစားနိုင်သည့် အချက်များ ရှိသလို အဆုံးအဖြတ်ပြုရာတွင် စိတ်မှ ဖယ်ရှားအပ်သော အချက်များလည်း ရှိသည်။ ရုံးတွင် တရားမဝင် ပြောဆိုကြသဖြင့် သက်သေခံအဖြစ် လက်မခံခဲ့သော အချက်များ၊ အမှုတွဲတွင် မဝင်စေကာမူ စိတ်ထဲတွင် စွဲကျန်ရစ်မည်ကို သတိထားရသည်။ အမှုစစ်ဆေးနေစဉ် သတင်းစာများမှ မည်သူမည်ဝါ အပြစ်ရှိသည် စသည်ဖြင့် ကြိုတင် ထင်ကြေးပေးချက်များ၊ ဤသို့ ရေးသားခြင်းသည် အပြစ် မကင်း။ တရားသူကြီးများကလည်း ဖတ်မိလျှင် စိတ်မှာမထား ဖယ်ရှားအပ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့ ခေါင်းဆောင်ကြီးများအား လုပ်ကြံမှုကို အထူးခုံရုံးက မြန်မြန် မြူမြူသာ စစ်ဆေးစီရင်ခဲ့သည်။ ထိုရာတွင် နိုင်ငံနှင့် တမျှ စိတ်ဝင်စားသော အမှုဖြစ်၍ သတင်းစာများက ပြောက် ဖော်ပြ၍ တခါတခါတွင် ဒေါသ ဝင်သွားကြသည်။ ထိုအချက်ကို အပြစ်ရှိ ဦးစောက တရားလွှတ်တော်သို့ အယူခံဝင်ရာတွင် အကြောင်း တရပ် အဖြစ် တင်ပြခဲ့သည်။ အမှုအတွင်း သတင်းစာများက ရေးသား



ကြသောကြောင့် လူထုက သူ့အပေါ် အမျက်ဒေါသထွက်၊ အထူးခုံရုံးကလည်း အစွဲအလမ်း ထားခဲ့ပါသည်ဟု ဆိုခဲ့သည်။ တရားလွှတ်တော်က အကြောင်းပြချက် အခြေအမြစ်မရှိဟု ဆုံးဖြတ်သည်။

အချို့နိုင်ငံများတွင် အရပ်ထဲမှ ဂျူရီလူကြီးများဖြင့် အမှုစစ်ဆေးကြသည်။ အမှု ကြာမည်ဆိုလျှင် ဂျူရီလူကြီးများ အိမ်မပြန်ကြရ။ ဟိုတယ်မှာ ကျွေးမွေးထားသည်။ အမှုအကြောင်း ပါသော သတင်းစာ မဖတ်ရ၊ အရပ်စကား နားမထောင်ရ၊ အမှုအကြောင်း မဆိုင်သူများနှင့် မဆွေးနွေးရ။

တရားစီရင်ရေး အဖွဲ့ဝင်များသည်လည်း အမှုတမှု မပြီးမချင်း နိုင်ငံတော်၏ဧည့်သည် အဖြစ်၊ ကိုယ့်အိုးအိမ်၊ ရပ်ရွာနှင့် ကင်း၍ နေနိုင်ခြင်း မရှိစေကာမူ အမှုနှင့်ပတ်သက်၍ ကောင်းစွာ စောင့်စည်းအပ်သည်။

## ၄

သက်သေများကို ချိန်ဆရာတွင် [illegible] တဖက် သက်သေအားလုံးက ယုံကြည်၍ ယခုဖက် [illegible] အားလုံးဝယ်သ မျိုး မဖြစ်စေရ။

အရေးကြီး အချက်တချက်စီပေါ်တွင် ဟိုဖက် ဒီဖက် သက်သေအားလုံးကို လေးနက်စွာ စဉ်းစားရသည်။

အချက်ကလေးတချက်တွင် မှားကာမျှနှင့် ထွက်ချက်တရပ်လုံးကို မပယ်ကောင်း။ ကြာမှ စစ်ဆေးရသော သက်သေသည် အသေးစိတ် မေ့လျော့နေတတ်သည်။ တနှစ်ကြာမှ သက်သေထွက်ရလျှင် အမှုဖြစ်စဉ်က မည်သူသည် မည်သည့်အရောင်လုံချည် ဝတ်ထားပါသည် ပြောရန်မလွယ်။လွယ်သည်ထင်သော တရားသူကြီးသည် မိမိကိုယ်တိုင် ယခင် ၁၀ ရက်တုံးက အိမ်၌ ဘာဟင်းနှင့် ထမင်းစားခဲ့ရသည်ကို ပြန်စဉ်းစားကြည့်။

အိမ်ရှင်မသည် ဆံကွဲ၊ ဆံမှို၊ ဆံပိုးများ ရောနှောနေသော ဆံကို အားလုံး မပစ်ပယ်။ ကောင်းစွာ ပြာ၍ ရွေးထုတ်ကာ ပယ်သင့်တာ ပယ်၍ ဆံကောင်းကို စားသုံးဖို့ ချက်ပြုတ်သည်။ ထို့အတူ အမှား၊ အမှန် ရောနှောနေသော သက်သေ ထွက်ချက်တို့မှ အမှားကို ခွဲခြား ဖယ်ရှားကာ၊ အမှန်ကို ထုတ်ယူရသည်။

၅

သက်သေ အထောက်အထားများမှ အချက်အလက်များကို ဖော်ထုတ်ရသည်၊ ပြီးလျှင် ဆိုင်ရာဥပဒေများနှင့် စပ်ဟပ်ကြည့်ရသည်။ တရားရုံးတွင် အမှု စီရင်ပိုင်ခွင့် ရှိသလား၊ အမှုကို သတ်မှတ်သည့် အချိန်အတွင်း စွဲဆိုခဲ့သလား။ ပြစ်မှုများတွင် အချိန်အကန့်အသတ် မရှိတတ်။ သို့ရာတွင် လွှတ်ငြိမ်းခွင့်ပေးပြီးသော သို့မဟုတ် ကာလစည်းကမ်း သတ်ပြီးသော ပြစ်မှုမျိုးလည်း ရှိတတ်သည်။



ဤအချက်များကို အစဦးကပင် ကြည့်ကောင်းသည်။ အမှုစစ်ဆေးပြီးမှ တရားရုံးတွင် စီရင်ခွင့် မပိုင်၊ အခြား ရုံးတင်ရမည်ဆိုလျှင် ကာလစည်းကမ်း လွန်၍ စွဲပိုင်ခွင့် ကုန်ဆုံးပြီဆိုလျှင် အမှုသယ်များ နစ်နာ၊ ရုံးအချိန်ကုန်၊ အလုပ်ပျက်တတ်သည်။ အစဦးတွင်လည်း စစ်၊ အပြီး ဆုံးဖြတ်တော့မည်ဆိုလျှင်လည်း စစ်ဆေးဖို့ လိုသည်။

ဥပဒေကို သုံးသပ်လျှင် နောက်ဆုံး ပြင်ဆင်ချက်များကိုပါ ကြည့်ရသည်။ ဥပဒေမှ ပေါက်ဖွားလာသော နည်းဥပဒေ၊ အမိန့် စသည်ကိုလည်း ရှာဖွေ တင်ပြစေရသည်။ ဥပဒေများကို တပြင်တည်းသာ ပြင်ခဲ့ကြသည်၊ နည်းဥပဒေ၊ အမိန့်များကို တထုတ်တည်းသာ ထုတ်ခဲ့ကြသည်။ တခါတခါ ပြင်ပြီး ထုတ်ပြီးသည်ကို မေ့နေ၍ ထပ်ပြင်၊ ထပ်ထုတ် လုပ်ခဲ့ကြသည်။ စနစ်တကျ စုစည်းတည်းဖြတ်ခြင်း နည်းပါးသေးသည်။

တရားရုံးချုပ် အဆင့်၌ပင် နောက်ဆုံးထုတ်ခဲ့သော နည်းဥပဒေကို မသိ၊ မကြည့်ပဲ မှားယွင်း ဆုံးဖြတ်ခဲ့မိ၍ နောက်ငါးနှစ်၊ ဆယ်နှစ်ကြာအောင် အထူးအယူခံဖွင့်၍ ကြားနာရသည်များကို တွေ့ခဲ့ဖူးသည်။

၆

အချက်အလက်၊ ဥပဒေ၊ ပြည့်စုံ ပိုင်နိုင်ပြီဆိုလျှင် ဆုံးဖြတ်ရတော့မည်။ ဇဝေဇဝါနှင့် မဆုံးဖြတ်သင့်။ ရှင်းလင်း ခိုင်မာသော အကြောင်းခံပေါ်မှာသာ ဆုံးဖြတ်ရသည်။ မရှင်းသေးလျှင် မေးမြန်း၊ လေ့လာ၊ ဇူးစမ်းရမည်။

ငွေမှုဖြစ်စေ၊ ပြစ်မှုဖြစ်စေ သေချာမှ ဆုံးဖြတ်ရသည့် အခြေခံသဘောမှာ အတူတူ ဖြစ်သည်။ သို့ရာတွင် ငွေမှုတွင် မှားယွင်း ဆုံးဖြတ်မိလျှင် နစ်နာသူအား အလျော်အစား ပေးနိုင်သေးသည်။ ပြစ်မှုတွင် တရားခံအား မှားယွင်း ထောင်ချခဲ့လျှင် အယူခံတွင် လွှတ်စေဦး ကျပြီးသော ထောင်ဒဏ်ကို ပြန်အမ်း၍ မရ။ သေဒဏ် စီရင်ပြီးလျှင် ပြန်အမ်းရန် ပို၍ ခက်သေးသည်။

ထို့ကြောင့် ပြစ်မှုများတွင် သေချာမှ အပြစ်ပေး၊ ထင်ကြေးနှင့် မပေးနှင့်။ စွဲဆိုသည့်အတိုင်း မှန်ပါမလား သံသယ ရှိလျှင် တရားခံအား လွှတ်လိုက်၊ သူ့အား "သံသယ၏အကျိုး" ကို ပေးလိုက်ဟူသော ပြဋ္ဌာန်းချက် ရှိသည်။

သံသယ၏အကျိုး ဆိုသည်မှာ နားရှုပ်စရာ ဖြစ်ပါသည်။ သံသယသည် မကောင်းသောအရာ ဖြစ်သည်။ ထို့ကြောင့်လည်း သံသယ ပျောက်ပါစေ၊ အမှန်တဝ ရောက်ပါစေဟု သီဆိုကြသည်။ သို့ဖါလျက် မကောင်းသောအရာမှ အကျိုး ထွက်နိုင်ပါမည်လား။ အဆိုးမှ အကောင်း ထွက်နိုင်ပါမည်လား။

အမှန်မှာ သံသယ၏ အကျိုးဟူသော စကားကို အင်္ဂလိပ်စကားမှ မြန်မာလို တိုက်ရိုက် ပြန်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ အင်္ဂလန်တွင်လည်း ထိုစကားကြောင့် နှစ်ပေါင်းများစွာ အငြင်းပွားခဲ့ကြသည်။ စီရင်ထုံး အမျိုးမျိုး၊ ကျမ်းအစောင်စောင် ပြုခဲ့ကြရသည်။ နောက်ဆုံးတွင် ထိုစကား၊ ထိုအတွေးအခေါ်ကို ပယ်၍ သေချာမှ အပြစ်ပေးပါဟူသော ရှင်းလင်း



လွယ်ကူသော စကား၊ အတွေးအခေါ်နှင့် အစားထိုးခဲ့ကြသည်။

သေချာမှ အပြစ်ပေးပါ။ တရားလို သက်သေကုန်လို့မှ မသေချာလျှင် စွဲချက် မတင်ပဲ လွှတ်ပါ။ နောင်မှ အချက်ကျသက်သေ အသစ် ရလျှင် ပြန်စွဲဆိုလိုပါက စွဲပါစေ။ တရားလို သက်သေ စစ်ပြီး၍ တရားခံက ရှင်းလင်းချေပစရာ ရှိနေသည့် တွေ့လျှင် စွဲချက်တင်ကာ တရာခံအား ရှင်းပါစေ။ တရားခံ ရှင်းလင်း တင်ပြ၍ စွဲချက်တွေ ပြေပြီဆိုလျှင် တရားခံအား အပြီးအပြတ် လွှတ်ပါ။ နောက်ထပ် ဒီအမှုဖြင့် မစွဲစေနှင့်တော့။

ထင်ကြေးနှင့် အပြစ်မပေးနှင့်။ သေချာမှ အပြစ်ပေးပါ။ သို့ရာတွင် တရားသူကြီးများသည် အမှု အဖြစ်အပျက်ကို ကိုယ်တိုင်မြင်၊ ကြား၊ သိ ကြသည် မဟုတ်၊ သက်သေပြောသမျှပေါ်မှာ ဆုံးဖြတ်ရသည်။ ကိုယ်တိုင် သိတာလောက်တော့ မသေချာနိုင်။ ကိုယ်တိုင်မြင်၊ ကြား၊ သိ၍ သေချာသော စံချိန်မီမှ ဆုံးဖြတ်ရမည် ဆိုပြန်လျှင်လည်း ဘယ်အမှုကိုမှ ဆုံးဖြတ်နိုင်ကြမည် မဟုတ်။

ထို့ကြောင့် ဘယ်အရာကိုမဆို ဆုံးဖြတ်ရန် မရှုံမရဲ ချိတုံချတုံ ရှိတတ်သည်လည်း မဟုတ်၊ စူးစမ်း လေ့လာခြင်းမရှိပဲ ဆုံးဖြတ်လွယ်တတ်သည်လည်း မဟုတ်၊ ထူးကဲစွာ ထိုင်းမှိုင်း တွေဝေသည်လည်း မဟုတ်၊ ထူးကဲစွာ ထက်မြက်လှသည်လည်း မဟုတ်သော ပုဂ္ဂိုလ်မျိုးကို စံချိန် ထားရသည်။ ထိုပုဂ္ဂိုလ်မျိုးက သတိနှင့် ကောင်းစွာ ဝေဖန်၍ အဂတိ မလိုက်ပဲ ဆုံးဖြတ်ခြင်းသည် အမှန်တရားနှင့် အနီးကပ်ဆုံး ဖြစ်လိမ့်မည်ဟု လက်ခံရသည်။

## ၇

တရားခံ အပြစ်ရှိကြောင်း တရားလိုက သက်သေထူရသည်။ မထူနိုင်လျှင် တရားခံအား လွှတ်ရမည်။ ပြစ်မှုထင်ရှား တွေ့ရှိခြင်း မခံရသေးသော တရားခံအား အပြစ်ကင်းသည်ဟု ယူဆထားရသည်။

ထိုစကားများသည် ယေဘုယျ မှန်သည်။သို့ရာတွင် တရားခံကလည်း စွဲချက်ကို ရှင်းလင်း ချေပခြင်းဖြင့် တရားရုံးကို ထောက်ကူအပ်သည်။ ထို့ပြင် အချို့သော ဥပဒေများက တရားခံအား မိမိတွင် အပြစ်ကင်းကြောင်း သက်သေထူရန် တာဝန် ပေးထားသည်။ ဥပမာ၊ ဥပဒေဖြင့် တားမြစ်ထားသော မူးယစ်ထုံထိုင်းစေတတ်သော ဆေးနှင့် မိသောသူက မိမိမှာ တရားဝင် ခွင့်ပြုချက် ရှိပါသည်ဟု သက်သေ ပြနိုင်အပြရသည်။

ပစ္စည်း တရားခံထံတွင် တွေ့သည်။ ပစ္စည်းသည် မူးယစ်ထုံထိုင်း ဥပဒေတွင် ပါသည်ဟု သက်သေထူလျှင် တရားလိုဖက်မှ တာဝန်ကျေသည်။ တရားခံအား အပြစ် ပေးထိုက်ကြောင်း ဆက်လက်၍ သက်သေထူရန် မလို။အပြစ်မပေးထိုက်ကြောင်း တရားခံက သက်သေထူရသည်။

လောင်းကစားဝိုင်း ထောင်သော အိမ်၌ မိသောသူသည် လောင်းကစားနေသည်ဟု ဥပဒေက ယူဆသည်။ ထို့ကြောင့် လောင်းကစားဝိုင်းထောင်သော အိမ်ဖြစ်ကြောင်း၊ ထိုအိမ်တွင် တရားခံအား မိကြောင်းတို့ကိုသာ တရားလိုက ပြဖို့လိုသည်။ အဓွန့်တကယ် အထုပ်အထယ်နှင့် တွေ့ပါသည် ပြရန်



မလို။ တရားခံကသာ သူ လောင်းကစားခြင်း မပြုရပါ။ မိတ်ဆွေများနှင့် ဝိုင်းဖွဲ့၍ စကား ပြောနေပါသည်၊ စာပေ၊ တရားဓမ္မ နှီးနှောနေပါသည်၊ ခလေး ကင်ပွန်းတပ်ပွဲ လုပ်နေပါသည် စသည်ဖြင့် ချေပနိုင်က ချေပရန် ဖြစ်သည်။

ပြစ်မှုထင်ရှား မတွေ့သေးသမျှ တရားခံအား စွပ်စွဲခံနေရသူ တဦးဟုသာ မြင်ရမည်။ အပြစ်ရှိသူဟု မစွဲယူရဟု ဥပဒေက သတိပေးသည်။ ဤလမ်းညွှန်မှ ပေါက်ဖွား၍ တရားမျှတမှုကို ဖြစ်စေသော၄ာ အပြစ်ရှိသူ ၉ ဦး လွှတ်သွားလျှင် လွှတ်ပါစေ၊ အပြစ်မဲ့သူတဦး အပြစ် မရစေနှင့်ဟူသော ဆောင်ပုဒ်ပေါ်လာသည်။ အထင်နှင့် အပြစ်မပေးနှင့်၊ သေချာမှ အပြစ်ပေးဆိုသည့် လမ်းညွှန်ကို လေးနက်အောင် သရုပ်ဖော်ခြင်းလည်း ဖြစ်သည်။ ဆောင်ပုဒ်ကို ရွတ်ဆို၍ လွှတ်လိုသော တရားခံကို လွှတ်ဖို့၊ တဖက်စွန်းရောက်ဖို့ မဟုတ်။

ဆောင်ပုဒ်၊ ပြောရိုးစကား စသည်ကို ပုံသေ မမှတ်အပ်။ ကာလ ဒေသလိုက်၍ ဆီလျော်အောင် မှတ်သား ကျင့်သုံးရသည်။ "သိန္နေ၊ သိန္နေ၊ ဖြေးဖြေး၊ ဖြေးဖြေး"၊ "တနေ့တလံ ပုဂံ ဘယ်ပြေးမလဲ" စသော ဆုံးမစကားတို့သည် သတိမလွှတ်ဖို့၊ စွဲလုံ့လနှင့် အရှည် ကြိုးပမ်းဖို့ နှိုးဆော်သည်။ "အချိန်ရှိခိုက်၊လုံ့လစိုက်"၊"လသာတုံးဗိုင်းငင်" စသော ဆုံးမစကားတို့သည်ကား တွေဝေငေးမောမနေပဲ အခွင့်သာခိုက် လုပ်ဆောင်စရာ လုပ်ဆောင်ဖို့ နှိုးဆော်သည်။ဆုံးမစကားများသည် ဆန့်ကျင်ခြင်း မရှိ၊ ကာလ၊ ဒေသကိုလိုက်၍ ဆီလျော်အောင် သတိမူ ကျင့်သုံးနိုင်လျှင် သင့်မြတ်သည်။

ထို့ကြောင့် အပြစ်ရှိသူ ဖဦး လွတ်ပါစေ၊ အပြစ်မဲ့သူ တဦး အပြစ်မရစေနှင့်ဟု သတိပေးခြင်းသည် မှန်ကန်မျှတအောင် စစ်ဆေးစီရင်ဖို့ သတိခြင်း ဖြစ်သည်။ ပုံသေ မူကြီး မဟုတ်။ အများအကျိုးကို ရှေးရှု၍ ကံခေသူ တဦးတလေ တရံတခါ ခံရလျှင်လည်း ခံရစေတော့၊ အပြစ်မဲ့သူ ဖဦး အပြစ်ရလျှင် ရပေစေ၊ အပြစ်ရှိသူ တဦးမှ မလွတ်စေနှဲ့ဟု ဆိုပြန်လျှင်လည်း တဖက်အစွန်း ထွက်သည်။

အမှန်မှာ ပြည်သူ၊ ပြည်သူ့ရဲ၊ ဝန်ထမ်း၊ ရှေ့နေ၊ တရားရုံးတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အပြစ်ရှိသူ ဖဦးလည်း မလွတ်၊ ထိုက်တန်သော အပြစ်ဒဏ်ကို မြန်မြန်၊ အများအမြင် ခံရ၊ အပြစ်မဲ့သူ တဦးတလေလည်း အပြစ် မခံရ မြန်မြန် လွတ်မြောက်သည့် အခြေအနေမျိုးကို ဖြစ်စေဖို့ ကြိုးပမ်းကြရန်သာ ဖြစ်သည်။

ဂ

ဥပဒေသုံးသပ်သောအခါ မူရင်း ပြဋ္ဌာန်းချက်နှင့် နောက်ဆုံး ပြင်ဆင်ချက်တို့ကို အဓိကထားရန် လိုသည်။ ပြဋ္ဌာန်းချက်ဟို့က ရှင်းနေလျှင် အခြား စာအုပ်၊ စီရင်ထုံးများကို ကိုးကားရန် မလို။

အချို့ တရားရုံးများက ကျမ်းကြီးတွေ ကိုးကားမှ၊ စီရင်ထုံးကြီးတွေ ညွှန်းနိုင်မှ ပညာ ရှိသည်၊ လူအထင်ကြီးသည် ထင်ကြသည်။ ကျမ်းတွေ၊ စီရင်ထုံးတွေကို ဖတ်ကောင်းပါသည်။ သို့ရာတွင် မူရင်းက ရှင်းလင်းလျှင် အကျယ် ချဲ့နေရန်



မလိုပါ။ အရေးကြီးသည်မှာ အဆုံးအဖြတ် မှန်ဖို့၊ အဆုံးအဖြတ်ကို နာခံရသော ကာယကံရှင်များ၊ အခြား စိတ်ဝင်စားသူများ နားလည် သဘောပေါက်ဖို့ ဖြစ်သည်။

စီရင်ထုံးဆိုသည်မှာ အမြင့်ဆုံး တရားရုံးများက အလားတူ အမှုများကို ယခင်က ဆုံးဖြတ်ခဲ့ပုံ သာဓကများ ဖြစ်သည်။ တခါတခါ၌မူ စီရင်ထုံးဖြင့် တရားရုံး အားလုံး လိုက်နာကြရန် ညွှန်ကြားခြင်းမျိုးလည်း ဖြစ်သည်။

ညွှန်ကြားချက်ကို တိကျစွာ လိုက်နာရသည်။ သာဓကများမှာမူ အလားတူ ပြဿနာများကို သုံးသပ် ဆုံးဖြတ်ပုံ နည်းများ ဖြစ်သည်။လေ့လာကောင်းသော သာဓကများ ဖြစ်သည်။ သို့ရာတွင် အမှုတမှုနှင့် တမှု ထပ်တူညီခြင်း အလွန် ရှားသည်။ အရေးကြီးသော အချက်တို့၌ ကွဲလွဲသည်သာ များသည်။ ထို့ကြောင့် စီရင်ထုံးသည် ပြီးပြည့်စုံသောအဖြေကို မပေးနိုင်၊ စဉ်းစား သုံးသပ်ပုံနည်းလမ်းကိုသာ ပြနိုင်သည်။

အမြင့်ဆုံး တရားရုံးများသည် မှုခင်းများကို တနှစ်လျှင် ရာနှင့် ထောင်နှင့်ချီ၍ ဆုံးဖြတ်ကြရသည်။ထို့ကြောင့် ဆုံးဖြတ်ချက်တိုင်းသည် စီရင်ထုံး မဖြစ်။ အများနှင့် သက်ဆိုင်၍ အရေးကြီးသော ပြဿနာပေါ်တွင် လိုအပ်လျှင် စုံညီ ခုံဖွဲ့၍ နှစ်ဖက်ရှေ့နေကြီးများအပြင် အခြား ဥပဒေပညာရှင်များကို ဖိတ်ကြား ကြားနာ၍ ချမှတ်သော အဆုံးအဖြတ်မျိုးမှ စီရင်ထုံး အဆင့်သို့ ရောက်သည်။

တော်လှန်ရေးကောင်စီခေတ်အထိ အိန္ဒိယ၊အင်္ဂလန်၊တရားရုံးချုပ်များ၏ စီရင်ထုံးများကို မြန်မာနိုင်ငံ တရားလွှတ်တော်၊ တရားလွှတ်တော်ချုပ်က ကိုးကားလေ့ ရှိခဲ့သည်။ သူတို့နိုင်ငံ

များနှင့် တချိန်က ဥပဒေတွေ အတော်အတန် တူညီခဲ့စေကာမူ နောက်ပိုင်း ပြင်ဆင် ပယ်ဖျက်ခြင်း၊ အသစ် ပြဋ္ဌာန်းခြင်းများ ကြောင့် ကွဲလွဲလာသည်။ အတွေးအခေါ်၊ ရည်ရွယ်ချက်များ လည်း ကွဲလွဲလာသည်။ ထို့ကြောင့် သူတို့စီရင်ထုံးများကို လိုက်နာကျင့်သုံးလျှင် မှားတတ်သည်။

ကိုယ့်နိုင်ငံ အခြေအနေအရပ်ရပ်နှင့် သင့်လျော်အောင် ကိုယ့်ဥပဒေများကို လိုအပ်သလို ပြင်ဆင် ဖြည့်စွက် ကျင့်သုံးကြသည့် လမ်းကို လိုက်ခဲ့ကြသည်။ နိုင်ငံခြား ဥပဒေ၊ စီရင်ထုံးများကိုမူ ဆီလျော်သရွေ့သာ နှိုင်းယှဉ် လေ့လာကြသည်။

၆

ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင်ဟောကြားသော တရားဓမ္မတို့ကိုပင် အဖန်ဖန် ဝေဖန် စီစစ်ပြီးမှ ကိုယ်ပိုင်အသိဖြင့်သာ လက်ခံရန် တရားနာသူတို့အား သတိပေး မိန့်ကြားခဲ့သည်။

တပါးသူ ပြောရုံမျှဖြင့် မှန်သည် မယူနှင့်၊ အစဉ်အဆက် စကားဖြစ်ရုံမျှနှင့်လည်း အတည် မယူနှင့်၊ ဤသို့ ဖြစ်ခဲ့ဖူးသည် ဆိုကာမျှနှင့် အမှန်ဟု လက်မခံနှင့်၊ စာပေကျမ်းဂန်နှင့်ညီသည်ဟု ဆိုကာမျှနှင့်လည်း အတည်မထားနှင့်၊ ကြံဆ တွေးတောယူခြင်းမျှဖြင့်လည်း အတည် မယူနှင့်၊ နည်း မှီးယူခြင်းမျှဖြင့်လည်း အတည်မယူနှင့်၊ အချင်းအရာကို ကြံစည်သော အားဖြင့်လည်း အမှန် မထားနှင့်၊ မိမိတို့ နှစ်သက်သော အယူနှင့် တူသည်ဟူကာမျှနှင့်လည်း လက်မခံနှင့်၊ မှတ်ယူထိုက်သော သဘောရှိသည် ဟူကာမျှနှင့်လည်း အတည် မယူနှင့်၊လေးစားထိုက်သောပုဂ္ဂိုလ် ပြောဆိုသည် ဟူ၍လည်း အတည်မယူနှင့်၊



ဤတရားတို့ကား အကုသိုလ်တရားတည်း၊ ပညာရှိတို့ ကဲ့ရဲ့အပ်သတည်း၊ ကျင့်သုံး ဆောက်တည်သော် အကျိုး ယုတ်စေ၍ ဆင်းရဲ ပင်ပန်းခြင်းကို ဖြစ်စေသည် တည်းဟု ကိုယ်တိုင် သိသောအခါ ပယ်အပ်၏။ ဤတရားတို့ကား ကုသိုလ်တရားတည်း၊ ပညာရှိတို့ ချီးမွမ်းအပ်သတည်း၊ ကျင့်သုံး ဆောက်တည်သော် အကျိုး ရှိစေ၍ ချမ်းသာကို ဖြစ်စေသည်တည်းဟု ကိုယ်တိုင်သိသောအခါ ဆောက်တည် ကျင့်သုံးအပ်၏ဟု ဗုဒ္ဓမြတ်စွာသည် ကာလမသုတ်တွင် မိန့်မှာတော်မူခဲ့၏။

တရားသူကြီးများသည်လည်း ကိုယ်တိုင် စူးစမ်း လေ့လာ၊ ကိုယ်ပိုင်ဉာဏ် အသိဖြင့်သာ စီရင်ဆုံးဖြတ်ကာ အမှားကို ပယ်သတ်၊ အမှန်ကို ဖြစ်စေအပ်သည်။

---

"စီရင်ထုံး ရေးသားပုံမှာ ရှေးက အစဉ်အလာ စီရင်ထုံးများ ရေးသားပုံမျိုး မဟုတ်။ တရားသူကြီး ကောက်ချက်၊ မှတ်ချက်၊ တွေးခေါ် ဆုံးဖြတ်ချက်များ ကို နိဒါန်းတင်သဖြင့် အသက် ဝင်သည်။ ဖတ်သူ၊ ကြားရသူ ကိုယ်တိုင်သည်ပင် တရားသူကြီးများနှင့် အတူ စဉ်းစား ဆင်ခြင်နိုင်မှုကို လမ်းဖွင့် ပေးထားသည်။ မူအရ၊ ဥပဒေအရ၊ သဘာဝအရ စဉ်းစားနိုင်

ခွင့်ကို ဖြန့်ကျက် ပေးသည်။ ထိုနောက်မှ ကောက်ချက်၊ ဆုံးဖြတ်ချက်များကို ချမှတ်သည်။ ဖတ်သူ၊ နာသူကိုလည်း ဆုံးဖြတ်သူ ဖြစ်စေသည်။''

''အထူးရာဇဝတ်ရုံးအယူခံအဖွဲ့စီရင်ထုံးများ''
စာအုပ်ဝေဖန်ချက်၊
ကြီးမောင်၊ စာကြေးမုံ
ကြေးမုံ။ ၂-၈-၁၉၇၁

''ပြည်သူ့ တရားစီရင်ရေးကိစ္စ ကျွန်တော်တို့ပြောပကော၊ ဥပဒေ ကဝေအတတ်နဲ့ ပညာပြ လုပ်ရတဲ့ တရားရုံးစခန်း မဟုတ်တော့ပဲ ရိုးရိုး ပြော၊ ရိုးရိုး စစ်၊ ရိုးရိုး ဝန်ခံ၊ ရိုးရိုး တင်ပြ၊ ရိုးရိုးစီရင် ဆုံးဖြတ်လုပ်ကိုင်မယ့် တရားရုံးမျိုးပါ ဆိုနေဗျာ၊ ဥပဒေကဝေလုပ်စားတဲ့အလုပ်တွေနဲ့ လမ်းခွဲရမယ်ခင်ဗျား။

''သာဂဓိုး''ဆောင်းပါး
လုပ်သားပြည်သူ့နေ့စဉ်
၁-၇-၁၉၇၂။

# ၁၀။ ပြစ်ဒဏ်သတ်မှတ်ခြင်း

## ၁

တရားခံ အပြစ်ရှိကြောင်း တရားရုံးက တွေ့ရှိလျှင် ပြစ်မှုနှင့် အချိုးကျသော ပြစ်ဒဏ်ကို သတ်မှတ်ရသည်။ ပထမ၊ သင့်မြတ်သော ပြစ်ဒဏ် အမျိုးအစားကို ရွေးရသည်။ ပြီးလျှင် ပြစ်ဒဏ်၏ အတိုင်းအတာကို သတ်မှတ်ရသည်။

ပြစ်ဒဏ်အမျိုးမျိုးတွင် ငွေဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ်၊ သေဒဏ်တို့ ပါသည်။ စည်းကမ်းချက်များဖြင့် ခံဝန် ချုပ်ဆို စေကာ အလွတ်နေခြင်းသည်လည်း ဒဏ်တမျိုးပင် ဖြစ်သည်။ ပြစ်မှု ကျူးလွန်ခြင်းနှင့်ပတ်သက်သော ပစ္စည်း သိမ်းဆည်းခြင်း သည်လည်း ဒဏ်တပါး။

ပြစ်မှုကျူးလွန်လျှင် မည်သို့သော ပြစ်ဒဏ် ထိုက်စေရမည်ဟု ဥပဒေက တပါတည်း ပြဋ္ဌာန်းသည်။ တရားရုံးသည် ဥပဒေနှင့်အညီသာ ဆုံးဖြတ်ရသည်။ ဥပဒေက သတ်မှတ်သော ပြစ်ဒဏ် ကြီးခလးလွန်းသည်ဟု ယူဆလျှင်လည်း လျှော့မပေးနိုင်၊ ပေါ့လွန်းသည်ဟု ယူဆလျှင်လည်း တိုးမပေးနိုင်။ ဥပဒေဘောင်အတွင်း၌မူကား အမှုအဖြစ်အပျက်၊ အခြေအနေ၊ တရားခံ၏နောက်ကြောင်း စသည်ကို ထောက်၍ ပြစ်ဒဏ် အမျိုးအစားကို ရွေးနိုင်သည်၊ အတိုင်းအတာကို ချိန်ဆနိုင်သည်။

အချို့သော ပြစ်မှုများ၌ ပြစ်ဒဏ်အမျိုးအစားကိုပင် တရားရုံးက မရွေးနိုင်။ ဥပမာ၊ သေဒဏ် မပေး မနေရ ပြဋ္ဌာန်းထားလျှင် ငွေဒဏ်နှင့် မပြီး။ ထောင်ဒဏ် မပေး မနေရ သတ်မှတ်သည့်ပြင် အနည်းဆုံး ထောင်ဒဏ် ၁၀နှစ်မှ တသက် ထောင်ဒဏ်ဟုပါ ပြဋ္ဌာန်းလျှင် ထောင်ဒဏ်ကို ၁၀ နှစ်အောက် မလျှော့ရ။ ၁၀နှစ်နှင့် တသက်ဒဏ်အကြားတွင်သာ တရားရုံးက ချိန်ဆ သတ်မှတ်နိုင်သည်။

ဥပမာ၊ နိုင်ငံတော် သစ္စာဖောက်မှုအတွက် ပြစ်ဒဏ်သည် တသက်တကျွန်းဒဏ်၊ သို့မဟုတ် သေဒဏ် ဖြစ်သည်။ မူလက သေဒဏ် တရပ်တည်းသာ ရှိခဲ့သည်။ နောက်မှ ပြင်၍ လျှော့ပေါ့ထားခြင်း ဖြစ်သည်။ ပြစ်မှုထင်ရှား တွေ့ရှိလျှင် ထို ဒဏ် ၂ရပ်အနက် တရပ်ရပ်ကိုသာ တရားရုံးက ရွေးနိုင်သည်။ အခြားပြစ်ဒဏ် မပေးနိုင်။

ယခုအခါ တသက်တကျွန်းဒဏ်ဟူ၍ အခေါ်အဝေါ်သာ ကျန်သည်။ ထိုစကားအစား တသက် ထောင်ဒဏ် ဆိုလျှင်လည်း ပြီးသည်။ တသက်ထောင်ဒဏ်ဆိုလျှင် သာမန်အားဖြင့် အနှစ် ၂၀၊ နိုင်ငံတော်သမ္မတက ပြောင်းလဲပေးလျှင် ၁၄နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်သည်ဟု ဥပဒေတွင် ဆိုထားသည်။

ထောင်ဒဏ် ချမှတ်ရမည် ဥပဒေက ပြဋ္ဌာန်းစေကာမူ အများဆုံးကိုသာ ဖော်ပြ၍ အနည်းဆုံးကို ချန်လှပ်ထားလျှင် တရားရုံးက တရက်မှ သတ်မှတ်သော အများဆုံးအထိကို ချိန်ဆ သတ်မှတ်ရသည်။ တရက်ကို တရားရုံးတထိုင် ဟုလည်း



ဆိုကြသည်။ တရက်မှ တသက်အထိကို ချိန်ဆဆုံးဖြတ်ရလျှင် တရားရုံးတွင် တာဝန် ကြီးလေးသည်။ အမှား ဖြစ်တတ်သည်။ အပြော ခံရတတ်သည်။ အဂတိဝင်တတ်သည်။ ထို့ကြောင့် တရားရုံး၏ ဆုံးဖြတ်ခွင့်သည် မကျဉ်းလွန်း၊ မကျယ်လွန်း၊ မတင်းကြပ်လွန်း၊ မလျော့လွန်း ဖြစ်သင့်သည်။

ကြိမ်ဒဏ် ကျန်သေးသည်။ သို့သော် ခေတ်နှင့်မလျော်ဟု ယူဆကာ မပေးခဲ့ကြတာ ကြာပြီ။ ကြိမ်ဒဏ် ပေးလျှင် မည်သည့် အသက်အရွယ်အောက်၊ မည်သည့် အသက်အရွယ် အထက်တို့ကို မပေးရ၊ ဘယ်နှစ်ချက်ထက်ပို၍ မရိုက်ရ၊ မရိုက်ခင် အရိုက် ခံနိုင်ကြောင်း၊ ကျန်းမာရေး စစ်ဆေးချက် ရှိရမည် စသည့် စည်းကမ်းချက်များ ရှိသည်။

အချို့ပြစ်မှုများတွင် ငွေဒဏ်၊ သို့မဟုတ် ထောင်ဒဏ်၊ ၂ရပ်လုံး စီရင်နိုင်သည်။ ငွေဒဏ်ကိုလည်း မည်မျှအထိဟု သတ်မှတ်လေ့ ရှိသည်။ တပ်ရိုက်သော ဒဏ်ငွေမှ တဖက် နစ်နာသူအား မည်မျှ ပေးစေ၊ တရားရုံးက အမိန့် ချနိုင်သည်။ တခါတခါ ကျူးလွန်သူ ထောင်ကျခြင်းသာ အဓိက မဟုတ်၊ နစ်နာသူအား အလျော်အစားဖြင့် တတ်နိုင်သလောက် ကူညီအပ်သည်။

ငွေဒဏ် မပေးဆောင်နိုင်သူအား ထောင်ဒဏ် အချိုးကျ ချမှတ်နိုင်သည်။ အစားထိုး ထောင်ဒဏ်သည် မည်မျှထက် မပိုရ၊ ဥပဒေက သတ်မှတ်ထားသည်။

၂

ပြစ်ဒဏ် သတ်မှတ်ရာတွင် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော မူများကို လိုက်နာရသည်။

လူ့ဂုဏ်သိက္ခာ ညှိုးနွမ်း သေးသိမ်စေသော ပြစ်ဒဏ်မျိုးကို မပေးရ။ အခြေခံဥပဒေမူကြမ်းများကို ပြည်သူသို့ တင်ပြခဲ့ကြစဉ်က ဤမူကြမ်းကို အထူးနှစ်ခြိုက်ကြသည်။ အတိအကျဘာကို ဆိုလိုသည် ဟုပါတည်း ပြဋ္ဌာန်းသင့်ကြောင်းကိုလည်း အကြံပြုခဲ့ကြသည်။

သာယာချမ်းမြေ့ ပြည့်စုံသော လူ့ဘဝကိုသာ လူတကာ မြင်ချင်၊ ခံစားချင်ကြသည်။ ဖြစ်စေချင်သည့်အတိုင်း အမှန်တကယ် ဖြစ်နေပြီဆိုလျှင် မြင့်မားထူထပ်သော နံရံများရှိသော အကျဉ်းထောင်များသည် မရှိကောင်း။ အရုပ်ဆိုးသောမြင်ကွင်း ဖြစ်လိမ့်မည်။ ထောင်ဒဏ်ဆိုသည်လည်း မရှိကောင်း။ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်း သေးသိမ်စေသော ပြစ်ဒဏ်ဖြစ်လိမ့်မည်။

သို့ရာတွင် ဖြစ်စေချင်တိုင်း မဖြစ်သေး။ ပြည်သူတို့ စောင့်ထိန်းရမည့် ကျင့်ဝတ်သီလများကို ဥပဒေဖြင့် သတ်မှတ်ထားရသေးသည်။ ဥပဒေ ချိုးဖောက်သူများကို အရေးယူရန် အာဏာပိုင်အဖွဲ့တွေ ထားနေရသေးသည်။ ပြစ်ဒဏ်တွေ သတ်မှတ်ထားရသေးသည်။

မည်သည့်ဒဏ်သည် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်း သေးသိမ်စေသည်ကို ကာလ၊ ဒေသ၊ ပြည်သူ့အတွေးအခေါ်ပေါ်တည်၍



ဆုံးဖြတ်ရသည်။ ပြည်သူတွေ၏ အတွေးအခေါ် ဆန္ဒအရ လွှတ်တော်က လိုအပ်သလို ဆုံးဖြတ်ရန် ဖြစ်သည်။

ရှေးခေတ်များက ပြစ်မှုကျူးလွန်သူကို ထိပ်တုံး ခပ်ထားခြင်း၊ လမ်းဆုံတွင် တုပ်နှောင် နေလှမ်းခြင်း၊ ခေါင်းတုံးပြောင်အောင်ရိတ် လည်ပင်းစာဆွဲ၍ အရပ်ထဲ မောင်းခပ်ကျေညာခြင်း စသည်တို့မှာ ဤခေတ် မြန်မာတိုင်းရင်းသားတို့ လက်ခံကြမည် မဟုတ်။ အခြေခံ ဥပဒေမူနှင့်လည်း ကိုက်ညီမည် မဟုတ်။ ဥပဒေကလည်း ခွင့်မပြု။

၃

မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်း ပြန်၍ အာဏာ သက်ရောက်မှု မရှိစေရ။ အခြေခံဥပဒေတွင်ပါသော အခြေခံ မူတရပ် ဖြစ်သည်။

ပြုလုပ်ခြင်း၊ ပျက်ကွက်ခြင်း၊ တရပ်ရပ်သည် ပြုစဉ်၊ ပြုရန်ပျက်ကွက်စဉ်က တည်နေသော ဥပဒေအရ ပြစ်မှု မြောက်မှသာ အပြစ် ရှိသည်။ ထိုစဉ်က ပြစ်မှုမမြောက်လျှင် နောက်မှပြဋ္ဌာန်းသောဥပဒေဖြင့် ပြစ်မှု မမြောက်စေနိုင်။ ပြစ်မှုသစ်တရပ်ကို ဖန်တီးသော ဥပဒေသည် ပြဋ္ဌာန်းသည်မှ ရှေ့သို့သာ အာဏာ ရှိသည်။ အတိတ်နှင့် မဆိုင်၊ နောက်ကြောင်းပြန်နိုင်သော သတ္တိ မရှိ။

မြွတ်စွာဘုရားဟော အပရိဟာနိယ၊ နိုင်ငံကြီးပွားကြောင်းတရား ခုနစ်ပါးတွင်လည်း ဤသို့ တပါး ပါ၏– ''ညီညွတ်၍ ဥပဒေ ပညတ်မထားသေးသည်ကို ပညတ်လုပ်၍ မစီရင်ကုန်

ပြောအံ့၊ ညီညွတ်၍ ဥပဒေ လုပ်ပြီးသည်ကိုလည်း မဖြတ်မဖျက်ကုန်ပြောအံ့၊ မှုခင်း မရှိမီ ရှေးအဖို့၌ ညီညွတ်၍ ပညတ်ဥပဒေ ထားအပ်ကုန်သော၊ နိုင်ငံနှင့် သင့်လျော်ကုန်သော တရားတို့ကို ကောင်းစွာယူ၍ ကျင့်ကုန်ပြောအံ့၊ ထိုသို့ညီညွတ်ပြီး ဥပဒေအတိုင်း ကျင့်သမျှ ကာလပတ်လုံး နိုင်ငံ မဆုတ်ယုတ်နိုင်၊ ကြီးပွားခြင်းသာ ဖြစ်ရာ၏။"

ဥပဒေ မရှိသေးသည်ကို အသစ်ပြုလုပ်၍ မစီရင်နှင့် ဆိုရာတွင် ဖြစ်ပြီးကိစ္စကို နောက်မှ ဥပဒေလုပ်ကာ နောက်ကြောင်းစီရင်ခြင်းကို ဆိုလိုသည်။ ပြုလုပ်သင့်သောဥပဒေကို ပြုလုပ်၍ ပြည်သူအများ သိ၊ ကြားစေကာ နောင်တွင် ဖြစ်ပွားသောအမှုကို စီရင်ခြင်းအား မတားမြစ်။

ဥပဒေ ထုတ်ပြန်သည့်နေ့မှစ၍ ကုန်ပစ္စည်းတခုခုကို ရောင်းဝယ်သိုလှောင်ခြင်း မပြုရဆိုလျှင် ထိုနေ့ မတိုင်မီက ထိုပစ္စည်းကို ရောင်းဝယ် သိုလှောင်ခြင်းသည် ဥပဒေနှင့် လွတ်သည်၊ အပြစ် မဖြစ်။

ပြစ်မှုပြုလုပ်သောဥပဒေ၊ အမိန့်ကို အများပြည်သူသိအောင် ကြေညာရသည်။ အများသိမှ စောင့်စည်းကြမည်။ ပြစ်မှုကျူးလွန်မိသူကို ဖမ်းဆီး အရေးယူရသည်ထက် သိ၍၊စောင့်စည်း၍ အရေး မယူရတာက ပိုကောင်းသည်။

ဖြစ်စဉ်က တည်သည့် ဥပဒေအရသာ စီရင်။ သို့ရာတွင် ပြစ်မှုမြောက်ကြောင်း စစ်ဆေး တွေ့ရှိသောအခါ၌ ထိုပြစ်မှုအတွက် ဒဏ်လျှော့ပေါ့ထားပြီး ဖြစ်လျှင် လျှော့ပြီးဒဏ်ကိုသာ ချမှတ်ရသည်။



ဥပမာ၊နိုင်ငံတော်သစ္စာဖောက်မှုတွင် ယခင်ဓာသေဒဏ်ထက်လျှော့၍ မပေးနိုင်။ ထိုစဉ်က ထိုပြစ်မှုကို ကျူးလွန်ခဲ့သူအားပြစ်ဒဏ် ပြင်သည့်ဥပဒေ ပြဋ္ဌာန်းပြီးမှ ဖမ်းမိ၍ စစ်ဆေးစီရင်လျှင် သေဒဏ် ဖြစ်စေ၊ တသက် ထောင်ဒဏ်ဖြစ်စေ ပေး၍ရသည်။ ဥပဒေကိုပြင်၍ ထိုဒဏ် ၂မျိုးကို သတ်မှတ်လိုက်သောကြောင့် ဖြစ်သည်။

ပြစ်မှုတရပ်တည်းကို ပုဒ်မ ၂မျိုး တပ်၍ ပြစ်ဒဏ် ၂ထပ် မပေးရ။ ဘယ်ပုဒ်မဖြင့် အပြစ်ပေးမည်ကို ရွေးရသည်။

ပြစ်မှု ကွဲပြားလျှင်မူ တမျိုးစီအတွက် ဒဏ်တရပ်စီ ပေးနိုင်သည်။ ထောင်ဒဏ် သတ်မှတ်လျှင် တပေါင်းတည်း ခံစေ၊ သို့မဟုတ် ထောင်ဒဏ် တရပ်ခံပြီး ကျန်ထောင်ဒဏ်ကို ဆက်၍ခံစေ သတ်မှတ်နိုင်သည်။

ပြစ်မှုကြီးကြီးကို စစ်ဆေးလျှင် အသေးအဖွဲ ပြစ်မှုသေးများကို အချိန်ကုန်ခံ မစစ်ဆေးပဲ အကြီးကို အဓိကထားကာ ထိုက်တန်သောပြစ်ဒဏ် ပေးခြင်းက မြန်မြန် ပြီးသည်၊ပို၍မျှတသည်။

၄

ပြစ်ဒဏ် အမျိုးအစားနှင့် အချိုးကို ရွေးချယ်ရာတွင် အမှုအဖြစ်အပျက်၊ ကာလ၊ ဒေသ ခြေအနေနှင့် တရားခံ၏ နောက်ကြောင်းကို ထည့်သွင်း စဉ်းစားသင့်သည်။ အမှန်းအဆ၊ ကိုယ့်အထင်အမြင် ဒေါသတို့ဖြင့်သာ သတ်မှတ်လျှင် မှားတတ်

သည်။ တရုံးတာထုံး၊ မညီမညွတ် ဖြစ်တတ်သည်။ ဒီရိုးက ဆုံးဖြတ်တာပင် တမှုနှင့်တမှု အလွန် ကွာခြားနေတတ်သည်။

ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်တာမျိုး ရှိသည်။ ရုတ်ချင်း ဒေါသနှင့် ဖြစ်တာတွေ ရှိသည်။ အကြိမ်ကြိမ် ကျူးလွန်သော စရိုက် ရှိသည်။ အဖော်ကောင်း၍ လူငယ်တွေ တကြိမ်တခါ ပါသွားတာမျိုး ရှိသည်။ မိမိအား ယုံကြည် အပ်နှင်းထားသော အခွင့်အာဏာကို အလိုကြီးစွာဖြင့် အလွဲသုံးစားပြု၍ ကျူးလွန်တာတွေ ရှိသည်။ စားရမဲ့ဖြစ်၍ အနည်းငယ် ခိုးဝှက်မိတာမျိုး ရှိသည်။ မိဘ အိမ်ထောင်ရေး အဆင်မပြေ၍ လေလွင့်သော ခလေးသူငယ်ကို မှောင်ခို လုပ်ခိုင်းသော နောက်ပိုင်းက လောဘသား ရှိသည်၊ ထိုလောဘသားနှင့် ခလေးသူငယ်အား တန်းတူထား၍ မစဉ်းစားသင့်။

တရားခံ အပြစ်ရှိကြောင်း တွေ့ပြီး၍ ပြစ်ဒဏ် ရွေးချယ် သတ်မှတ်ဖို့ ဖြစ်လာလျှင် အချက်အလက် စုံစုံကို လေ့လာ သုံးသပ်ကာ ဒေါသကင်းကင်း ဆုံးဖြတ်သင့်သည်။ လိုအပ်က ပြည်သူ့ရဲ၊ လူမှုဝန်ထမ်း၊ ရပ်ရွာလူကြီးများကို တရားခံ၏ နောက်ကြောင်း၊ ယခင်က အပြစ်ရဖူးခြင်း ရှိ မရှိ စသည်ကို တရားရုံးအား တင်ပြစေအပ်သည်။ ပြစ်ဒဏ် သတ်မှတ်ရာတွင် ထည့်သွင်း စဉ်းစားသော အချက်အလက်တို့ကိုလည်း စီရင် ဆုံးဖြတ်ချက်တွင် အကျဉ်းချုံး၍ ဖော်ပြကောင်းသည်။

ထောင်မကျဘူးသောသူ ထောင်ကျလျှင် အပေါင်းအသင်း ဖျက်၍ ပိုဖျက်တတ်သည်။ အဆက်အသွယ်ရကာ အပြင်ရောက် လျှင် ဆိုးသွမ်းဂိုဏ်းများနှင့် ပေါင်းမိတတ်သည်၊ ထို့ကြောင့် ထောင်ဒဏ် မပေးမနေ ပေးရမည်ဆိုလျှင် ဖျက်စီးရုံအဆက်



ရုံ၊ ၁လ၊ ၂လ ကာလတိုတို မသတ်မှတ်နှင့်။ ကျိုးနံ့ နောင်တ ရအောင် အကျင့်စာရိတ္တ ပြုပြင်တန်သလောက် ပြုပြင်ပေးနိုင် အောင်၊ ကောင်းသော အသက်မွေးဝမ်းကျောင်းပညာတရပ် ရလာအောင် အနည်းဆုံး ၂နှစ်၊ ၃နှစ် သတ်မှတ်ဟု တရား ရုံးများအား မှာကြားထားသည်။

ထောင်မချပဲ အခြားဒဏ် ပေးလို့ရလျှင် ပေးပါ၊ အထူး သဖြင့် လူငယ်များအား ကောင်းစွာ နေပါမည် ခံဝန်နှင့် မိဘ၊ အရပ်လူကြီးများအား အပ်ပါ။ အဝေးသို့ ပို့ရမည်ဆိုလျှင် လူငယ် အကျင့်စာရိတ္တ ပြုပြင်ရေးကျောင်းသို့ ပို့ပါ၊ ပို့လျှင် ၃နှစ် အနည်းဆုံး ပို့ပါဟူ၍လည်း တရားရုံးများအား နှိုးဆော် ထားသည်။

## ၅

ကိုယ်တိုင်ခံဝန်နှင့် နေစဉ်အတွင်း ရပ်ရွာ အကျိုးပြု အလုပ် မျိုး မည်သို့ လုပ်ပေးရမည်၊ ကျောင်းတက်ရမည်၊ မည်သည့် နေရာတွင်သာ နေရမည် စသည့်စည်းကမ်းများကို သတ်မှတ် နိုင်သည်။

အလုပ်ဒဏ်ဟူ၍ သီးခြား မရှိ။ သို့ရာတွင် ခံဝန်စည်းကမ်း အဖြစ် သင့်တင့်သလို သတ်မှတ်နိုင်သည်။ ထောင်ဒဏ်ဆိုသည် မှာလည်း အလုပ်ဒဏ်သဘောပင် ဖြစ်သည်။ အကျဉ်းစခန်း၌ အိပ်ပြီး စား၊ စားပြီး အိပ်နေရန်သာ မဟုတ်။ အလုပ်ဖြင့် ပြစ်မှုကြွေး ဆပ်ရသည်။ မကောင်းသောအလုပ်၊ အကုသိုလ်ကံ ကို ကောင်းသောအလုပ် ကုသိုလ်ကံဖြင့် ဆေးကြောရသည်။

ပြည်သူ့အကျိုးပြု လမ်းဖောက်၊ တံတားဆောက် လုပ်ငန်းများကို လုပ်ဆောင်စေသည့် ရဲဘက်လုပ်ငန်း စမ်းသပ်ကြည့်သမျှ အောင်မြင်သည်။

တခါက ကျွန်တော်တို့ ကြုံဖူးသည်။ ကယားပြည်နယ် ရွာတရွာမှ မိသားစုတစုကို စုန်းဟု ရိုးစွပ်ကြသည်။ လူငယ်တစုက ထိုမိသားစုကို သတ်ဖြတ်ကြသည်။ အမှုကို အထူးရာဇဝတ်ရုံးက စစ်ဆေးရာ လူငယ်များက သူတို့သတ်သည်ကို မငြင်း။ ဓလေ့ထုံးတမ်းအရ စုန်းကို သုတ်သင်ကောင်းသည် ယူဆ၍ လုပ်သည်ဟုသာ ချေပကြသည်။

ထိုအယူ ရှိခဲ့ကြောင်း အမှုတွင် ပေါ်လွင်သည်။ သို့ရာတွင် အစွဲအလမ်း အယူသည် ဓလေ့ထုံးတမ်းဥပဒေ မဟုတ်။ ဓလေ့ထုံးတမ်းဥပဒေဟူသည် တိုင်းရင်းသားတို့က မျှတ သင့်မြတ်သည်ဟု လက်ခံကြကာ ကြာမြင့်စွာ ကျင့်သုံးလာခဲ့ကြ၍ ဥပဒေ၏သတ္တိ သက်ဝင်နေသည့် အလေ့အကျင့် စည်းကမ်းများကိုသာ ဆိုသည်။

အထူးရာဇဝတ်ရုံးက လူငယ်များအား ထောင်ဒဏ်အသီးသီး ပေးခဲ့သည်။ အမှုမှာ ထူးခြားသဖြင့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က လွိုင်ကော်မြို့သို့ သွားကာ ဓလေ့ထုံးတမ်းကျွမ်းသူ ဒေသခံလူကြီးများ၊ တရားခံ လူငယ်များနှင့် တွေ့ဆုံမေးမြန်းသည်။ နာယက ဗိုလ်မှူးကြီးလှဟန်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးသန်းစိန်နှင့် ကျွန်တော်တို့သုံးဦးသား၊ ကယားတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်း ဆွေးနွေးပွဲ ကျင်းပခဲ့ကြသလို ဖြစ်သည်။ ပြည်နယ်တွင် အထူး စိတ်ဝင်စားကြ



သည်။ ကျွန်တော်တို့အဖို့လည်း အဖိုးတန်သော ဗဟုသုတရကြပါသည်။

အပြစ်ရ သူငယ်များ အလွန် ရိုးသားသည်။ သူတို့ပြုခဲ့သမျှကို ပြောသည်။ သို့ရာတွင် သူတို့လုပ်ခဲ့တာ ပြစ်မှု ဖြစ်သည်ဟု မမြင်။ အပြစ်မဲ့ သောမျက်နှာကို ဆောင်နေကြသည်။ လွိုင်ကော်တွင် နှစ်ကြာ ထောင်ကျများအတွက် အကျဉ်းထောင် မရှိ၍ လူငယ်များအား မန္တလေးထောင်တွင် ချုပ်နှောင်ထားရသည်။ သူတို့ရပ်ရွာ ဆွေမျိုးနှင့် ဝေးနေတာ တခုကိုသာ သူတို့ပြောသည်။

အယူခံကို ဆုံးဖြတ်ကြရာတွင် မကောင်းသောအစွဲအလမ်းများကို ဓလေ့ထုံးတမ်းဥပဒေဟု မယူလေနှင့်၊ အစွဲအလမ်းကို စည်းရုံးရေး၊ ပညာရေးနည်းတို့ဖြင့် ပပျောက်စေသင့်သည်။ သို့ရာတွင် ဝေးလံသော တောင်ပေါ်ဒေသတို့၌ စုန်း ရှိသည်၊ အများ၏ရန် ဖြစ်သည်၊ ထို့ကြောင့် စုန်းကို သုတ်သင်လျှင် အပြစ်မရှိဟူသော အစွဲအလမ်း ကျန်သေးသည်။ မြေပြန့်ဒေသများ၌ပင် ထိုအစွဲအလမ်း လုံးဝ ပျောက်ပြီ မဆိုသာသေး။ လမ်းပန်း အဆက်အသွယ်ခက်ခဲသော ဒေသတို့၌ အနည်းအများ ကျန်ဦးမည်။

ပြစ်ဒဏ် သတ်မှတ်ရာတွင် ထိုအစွဲအလမ်း နှိုးဆော်၍ ကျူးလွန်မိကြောင်းကို ထည့်သွင်း စဉ်းစားသည်။ လူငယ်များ၏ အသက်အရွယ်၊ ရိုးသားစွာ ဝန်ခံခြင်း၊ ပတ်ဝန်းကျင်က သူတို့လုပ်တာ မှန်သည်ဟု လက်ခံခြင်း စသည်တို့ကို ထောက်၍ သူတို့ကျခံရသော ထောင်ဒဏ်အစား ခံဝန်ချုပ်နှင့် ကိုယ့်

ဒေသ ပြန်နေရင်း အလုပ်လုပ်ကြရမည်။ လုပ်ခမှငွေ ၂၀ဝိ စီ သေဆုံးသူများ၏ ဆွေမျိုးများအား ပေးရမည်။ငွေကို အလုပ်လုပ်ရင်း ၂ နှစ်အတွင်း နိုင်သလောက် အရစ်ကျဖြင့် အပြေပေးသွင်းရမည်၊ သက်ဆိုင်ရာ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီများက ကူ၍ အလုပ်ရှာဖွေပေးပါ၊ တိုးတက်မှု အခြေအနေ ၃လ တခါ အယူခံအဖွဲ့သို့ အစီရင်ခံပါ၊ မှာကြားလိုက်ကြသည်။

လူငယ်များ အလုပ်လုပ်ရင်း လျော်ကြေးအပြေ ပေးချေသွားကြောင်း၊ နှစ်နာသူ ဆွေမျိုးများ အထူးကျေနပ် အားရကြကြောင်း၊ ရပ်ရွာ၊ ပြည်နယ်တွင်လည်း အယူခံအဖွဲ့ လာရောက်သဖြင့် ဝမ်းမြောက်ကြကြောင်း၊ အမှုမှ သင်ခန်းစာယူကြကြောင်း ကြားရပါသည်။

၆

တောင်ပေါ်ဒေသ အချို့တွင် အချို့သော ဖြစ်မှုများကို တိုင်းရင်းသား ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ စစ်ဆေးစီရင်နိုင်သည်ဟု ခွင့်ပြုထားသည်။ ထိုဥပဒေအရ အချို့ဖြစ်မှုကို လျော်ကြေးပေး၍ ပြေငြိမ်းစေနိုင်သည်။

ကျူးလွန်သူက နစ်နာသူအား လျော်ကြေး ပေးခြင်းဖြင့် ဖြစ်ဒဏ်မှ လွတ်ငြိမ်းစေနိုင်ခြင်းသည် ကျွန်တော်တို့အဖို့ ထူးဆန်းနေပေလိမ့်မည်၊ ငွေများ တရား နိုင်ခြင်းလားဟု ထင်ရ မေးစရာ ဖြစ်နိုင်ပေလိမ့်မည်။ သို့ရာတွင် ဓလေ့ထုံးတမ်းဥပဒေ



ကို လေ့လာလျှင် သူ့အခြေအနေနှင့် အကြောင်း အကျိုးကို သုံးသပ်အပ်သည်။ အကြောင်းမဲ့ ဖြစ်ပေါ်သောအရာဟူ၍ မရှိတတ်။

တောင်ပေါ်ဒေသများတွင် လူဦးရေ ပါးသည်။ ရွာဟုဆိုစေကာ အိမ်ခြေ ၃-၄ အိမ်သာ ရှိသည်။ တရွာနှင့်တရွာ တောင်တက်တောင်ဆင်း ခရီးဝေးသည်။ တရွာတည်း နေသူများ၊ ဆွေမျိုးသားချင်းများ ဖြစ်ကြသည်။ ညီညွတ်စွာ အတူစီးပွားရှာ၊ ယာလုပ်ကြမှ တဝမ်းတခါး ဖြရုံသာ ရှိသည်။ အတူပေါင်း၍ သားရဲ တိရစ္ဆာန်တေး၊ ရန်သူတေးကို တွန်းလှန်ကြရသည်။ မတော်တဆ ထိုးမိ ခုတ်မိ၊ တယောက် ဒဏ်ရာရ၊ သေဆုံးရလျှင် တရွာလုံးအတွက် တယောက်စာ လုပ်အားဆုံးသည်။ ခံလိုက်ရသူအတွက် ဆုံးရှုံးရသည့်အထဲ လက်လွန်မိသူကိုပါ ထောင်ချလိုက်မည်၊ သေစား သေစေမည်ဆိုလျှင် ရွာအတွက် နောက်တအား ဆုံးရပြန်သည်။ ထို့ကြောင့် ကျူးလွန်မိသူက နစ်နာသူအား လျော်ကြေးပေးစေခြင်းကနစ်နာသူလည်း သက်သာ၊ ရွာလည်း မနာ။ ရွာ၏ ညီညွတ်ရေး မပျက်။ ဖြစ်ပျက်ခဲ့တာ ဖြစ်ပျက်ခဲ့ပြီ။ ရာသီမီ ယာခုတ်ဖို့၊ လုပ်ဖို့ ရှိသေးသည်။စုပေါင်းလုပ်ကိုင်၍ တောကြီး တောင်ကြီးထဲတွင် အသက်နှင့်ကိုယ် မကွာအောင် ကြိုးပမ်း လုပ်ရှားကြရဦးမည်။

တိုင်းရင်းသား ဓလေ့ ထုံးတမ်းဥပဒေထဲတွင်သာ လျော်ကြေးဖြင့် ဖြစ်မှုပြေငြိမ်းစေနိုင်သည့်စနစ် ရှိနေသည် မဟုတ်သေး။

ဤခေတ်၌ပင် အနောက်နိုင်ငံအချို့၌ ပြစ်မှု ကျူးလွန်ခံရသူအား နိုင်ငံက ဖြစ်စေ၊ ကျူးလွန်သူက ဖြစ်စေ၊ လျော်ကြေး ပေးစေရန် ဥပဒေ ပြုနေကြသည်။

ကျူးလွန်သူအား တိုက်သင့်သော ပြစ်ဒဏ် ပေးရသည်။ ကျူးလွန်ခံရသူအားလည်း သင့်လျော်သောလျော်ကြေး ပေးသင့်သည်ဟူသော အယူအဆကို လက်ခံလာကြခြင်း ဖြစ်သည်။ ရှေးမြန်မာ ဓမ္မသတ်များတွင်လည်း ပြစ်မှုအလိုက် လျော်ကြေး သတ်မှတ်ထားခြင်း ရှိသည်။

၄

ကချင်ပြည်နယ်တွင် မယားခိုးမှုကို လေ့ထုံးတမ်းအရ စစ်ဆေးကြတာ ကျွန်တော် လေ့လာခဲ့ဖူးသည်။ ပူတာအိုဟိုဖက်၊ မချမ်းဖောမြို့နယ်မှ ရွာတရွာတွင် ဖြစ်သည်။

တရားလိုက အဖိုးအို၏ မယားငယ်ငယ်ကို လက်ဖွဲ့များများ ပေး၍ တောင်းယူခဲ့ပြီး မကြာမီ၊ မယားက ငယ်ရိုးစားနှင့် လိုက်သွားသည်ဟု စွဲဆိုသည်။

နှစ်ဖက်မှ ဖိတ်ခေါ်လာသောလူကြီးများက ခုံသမာဓိများ ဖြစ်ကြသည်။ ထုံးတမ်းစဉ်လာ ကျေညက်သော လူကြီး တဦးစီက တဖက်တချက်အတွက် ရှေ့နေလိုက်သည်။ တရားလိုက ပြောလိုက်၊ သူ့အကျိုးဆောင်လူကြီးက ပြောလိုက်၊ ဖွဲ့နွဲ့၍ ပြောကြသည်။ ကျွန်တော်တို့အား ရှင်းပြသော ကချင်ပြည်နယ် ဦးစီးဥက္ကဋ္ဌ ဦးဒိန်ရတန်ပင် အတော် လိုက်ရသည်။ ပြောကြရာတွင် အတိတ်ကို ပြန်သည်၊ သာဓကတွေကို ဖော်သည်။



တရားလိုက သူတင်ခဲ့သော လက်ဖွဲ့စာရင်းကို အလွတ် ရွတ်ဆိုပြသည်။ အလွန် မှတ်ဉာဏ်ကောင်းကြသည်။ စာရွက် စာတမ်း မလို။ ရွာတွင် ဒါတွေကို သက်ကြီးစကား သက်ငယ်ကြား၊ တဆင့် ကမ်းခဲ့ကြဟန် တူသည်။

ပြောလို့မောလျှင် နားလိုက်ကြ။ စားသောက်ကြ။ တပျော် တပါးကြီး ဖြစ်သည်။ ဒေါသ၊ အာဃာတ နည်းပါးသည်။ တရားလို အဖိုးအိုပင်လျှင် တရားခံ လူငယ်နှင့် ခင်ခင်မင်မင် ပြောဆိုနေသည်။

တရားခံဖက်က ပြောစရာ ပြောပြီးလျှင် ခုံလူကြီးတို့ ဆွေးနွေးကြသည်။ ၂ ဖက်ဆွေစဉ်မျိုးဆက် အကြောင်း၊ ထုံးတမ်းအကြောင်း၊ ခုံလူကြီးများလည်း အလွန် မှတ်မိသည်။ ထုံးတမ်းအကြောင်းကို ရွတ်ဆိုလျှင် လင်္ကာ၊ ကဗျာ ပါသည်။ ညှိနှိုင်း ဖြန်ဖြေပေးသည့်ပုံမျိုး ဖြစ်၍ ခုံလူကြီးတို့ ကိုယ်တိုင် သိ၊ ကိုယ်တိုင် ကြားဖူးတာတွေပါ ထည့်၍ ပြောသည်။ ဆုံးမသည့်သဘော ဖြစ်သည်။

နောက်ဆုံးတွင် တရားခံက တရားလိုအား လျော်ကြေး ပေးစေရန် ခုံလူကြီးများက သဘောတူကြသည်။ တရားခံက တလုံးတခဲထဲ မပေးနိုင် ပြော၍ ညှိကြရပြန်သည်။ အရစ်ကြ ပေးဆပ်ရန်နှင့် ယာလုပ်ချိန်တွင် လုပ်အားပေးခြင်းဖြင့် ပေးဆပ်ရန် အားလုံး သဘောတူကြသည်။

အမှုပြီးလျှင် မှောင်က ပျိုးပြီ။ ခုံလူကြီး၊ တရားလို၊ တရားခံများ၊ ဆွေမျိုးများနှင့် ပရိသတ် တပျော်တပါး ရွာပြန်ကြသည်။ တရားခံ လူငယ်နှင့် သူ့ အမျိုးသမီး၊ တရားဝင် ဇနီးမောင်နှံ ဖြစ်သွားကြပြီး အတူ လက်တွဲ၍ ပြန်ကြသည်။

ကျွန်တော်က တိုင်းရင်းသား မိတ်ဆွေကြီးတဦးအား မေး သည်။ [illegible] ငါး [illegible] လျှော် [illegible] အနေအထားမျှ ဖြစ်ဖို့ [illegible]ပါ့မလား။

မိတ်ဆွေက ရယ်မော၍ ပြန်ပြောသည်။ ဒါလောက်မှ မပေးယင် တရားလို အဖိုးအို မျက်နှာ ပျက်ရလိမ့်မည်။ သူညံ့၍ဖြစ်ရသလို အများကမြင်ကာ ရယ်ကြလိမ့်မည်။ လျော်ကြေးကို ဖြေးဖြေးပေးလျှင် ဖြစ်သည်။ နိုင်သလောက်၊ လိုင်အားဖြင့် ပေးဆပ်လျှင် ပြီးသည်။ အရေးကြီးသည်က မျက်နှာ မပျက်ကြဖို့၊ ဆွေမျိုးစုရှင်းချင်း မေတ္တာ မပျက်ကြဖို့ ဖြစ်သည်။

ဂ

ဖြစ်ဒဏ် သတ်မှတ်ရာတွင် တရားခံဘဝ အညွန့် မတုံးစေရ အောင် ကြည့်ရသည်။ တဖက်တွင်လည်း နစ်နာသူ သက်သာ ရအောင်၊ ရင်ရွှာ မကျေနပ် လတ်စ်အောင်၊ အများ လုံခြုံမှု ရှိ အောင် ချိန်ဆရသည်။

ဖြစ်မှုကြီး ကျူးလွန်သူ တရားခံ [illegible] ညှာ၍ ဝညာပေး ဆုံးလေ့[illegible]၊ ဖြစ်ဒဏ် ပေါ့ပေါ့ပါးလျှင် နစ်နာသူများ ဖက်ကာ မငြိမ်ခံ[illegible] [illegible] မျှတသည်။ အမှု [illegible]သည်။

တခါက တနေရာတွင် လူမြင်သူမြင် ကျူးလွန်သော လူ သတ်မှု ဖြစ်ဖူးသည်။ လူငယ်တဦးက သူ့မေတ္တာကို မတုံ့ ပြန်သော မိန်းခလေးကို အသင့် ဆောင်လာသော ဓားမြှောင်



ဖြင့် အများအမြင် မသေမချင်း ထိုးသတ်သည်။ ပထမရုံးက အမှု ထင်ရှားသဖြင့် ထောင်ဒဏ် ၁၅နှစ် သတ်မှတ်သည်။ အချက်အလက်များအရ၊ တရားခံက သတ်မည် ကြံသင် ကြံရွယ် ခဲ့ကြောင်း ထင်ရှားနေသဖြင့် သေဒဏ် သင့်ခဲ့သည်။ တရားရုံးက တရားခံ အသက်အရွယ်ကို ထောက်၍ ကြံသင် ကြံရွယ်ချက် မထင်ရှားဟု လျှော့ပေါ့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ် သည်။

အယူခံရုံးက ထောင်ဒဏ်ကို ၅နှစ်သို့ ထပ်၍ လျှော့လိုက် သည်။ အချက်အလက်များကို လက်ခံသော်လည်း ကျူးလွန်သူ လူငယ်သည် သူ့မေတ္တာ မတုံ့ပြန် သဖြင့် ရင်နာနာနှင့် ကျူးလွန်မိခြင်း ဖြစ်သည်။ အနာတကာ့ အနာတွင် ဤအနာ အပြင်းထန်ဆုံး ဖြစ်သည်။ အပူတကာ့ အပူတွင် ချစ်ဒုက္ခ အပူ အကြီးဆုံး ဖြစ်သည်ဟု အနောက်တိုင်း ကဗျာဆရာ တဦးကို စီရင်ချက်တွင် ကိုးကား ဖော်ပြခဲ့သေးသည်။

အယူခံ ဆုံးဖြတ်ချက် ဆိုင်ရာဒေသတွင် ဂယက် ရိုက်သည်။ ရန်မီး ပွားသည်။ အမျိုးမျိုး ပြောကြသည်။ သေဆုံးရသူ မိန်းခလေးသည် အယူခံရုံး တရားသူကြီး၏သမီး ဖြစ်ခဲ့ပါလျှင် ဤသို့ တရားခံအပေါ် ကရုဏာ ထားနိုင် ပါမည်လား၊ ဤသို့ သဘောထား ကြီးနိုင် ပါမည်လား မေးကြသည်။ ဒါတော့ တယ် တူခလဲ၊ ငါ့သမီးကိုးဟု တရားသူကြီးက ဖြေမည် ထင်သည်။

မေတ္တာ၊ကရုဏာကို အားလုံးအပေါ် ညီမျှစွာထား၍ စီရင်မှ တရား မျှတသည်။ တဖက်သပ် ထားလျှင် မေတ္တာ၊ ကရုဏာ

မမည်။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ အဂတိ တပါးပါး ဖြစ်လိမ့်မည်။

အချို့သော ပြစ်မှုကြီးများတွင် အပြစ်ရှိကြောင်း ထင်ရှားလျှင် ဟန့်တားလောက်သော ပြစ်ဒဏ် ပေးဖို့ အမြင့်ဆုံးတရားရုံးက တရားရုံးများအား မှာကြား တတ်သည်။ ဥပမာ နွားခိုးမှု များသည် လယ်ယာ စိုက်ပျိုးရေးကို ထိခိုက်သည်။ တခြား နိုင်ငံသို့ ထုတ်တာ ဖြစ်လျှင် နိုင်ငံ စီးပွားရေး ကိုပါ ထိခိုက်သည်။ ထိုအမှုမျိုးကို သာမန် ခိုးမှုဟု မမြင်ပါနှင့်။ အပြစ်ရှိလျှင် ပြတ်ပြတ်သားသား အပြစ် ပေးပါ။

လူငယ်များ အကျင့်စာရိတ္တ ပျက်ပြားအောင် ပြုလုပ်သော ပြစ်မှုများ၊ လက်နက်ပုန်းဖြင့် ပြည်သူကို အန္တရာယ် ပြုခြင်းများ၊ ဓားပြမှု၊ မုဒိမ်းမှု၊ ဂိုဏ်းဖွဲ့၍ ကျူးလွန်မှု စသည် များသည် ပြတ်သားသော ပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုများ ဖြစ်သည်။ ထိုသို့ သတ်မှတ်မှ ကျူးလွန်သူ မှတ်မည်။ ကျူးလွန်ချင်သူတွေ မကျူးလွန်ရဲပဲ ရှိမည်။

ဟန့်တားလောက်သော ပြစ်ဒဏ် ပေးပါ ဆိုကာမျှနှင့် အမှု ရုံးရောက်သည်နှင့် တရားသူကြီးများက အပြစ်ပေးရန် ပြင်ကြဖို့ မဟုတ်။ အပြစ် ရှိ၊ မရှိ မထင်ရှားခင် ဒေါသ မပါ၊ ပြည့်စုံ မျှတစွာ စစ်ဆေးသင့်သည်။ တည်ငြိမ်စွာ ဆုံးဖြတ် သင့်သည်။ အပြစ် ရှိကြောင်း ပေါ်လွင်မှ ပြစ်ဒဏ်ကို ချိန်ဆ သတ်မှတ်ရန် ဖြစ်သည်။

တရားခံနှင့် ပြစ်ဒဏ် မျှတဖို့ လိုသည်။ ဟန့်တားလောက်သော ပြစ်ဒဏ်ကြီးကို ငယ်လွန်းသူ၊ အိုမင်းသူအပေါ် ချမှတ်လျှင် ခံရသူ မသက်သာ၊ မြင်ရသူ များလည်း တရားခံ



အပေါ်သာ ကရုဏာ သက်လိမ့်မည်။ တရားရုံး မတရားဟု ထင်လိမ့်မည်။ ထိုအခါမျိုးတွင် ပြစ်ဒဏ်ကို ဆိုင်းငံ့ ထားခြင်း၊ စည်းကမ်း ခံဝန်နှင့် နေစေခြင်း တို့ကို ပြုလုပ် ပေးသင့်သည်။

အဟန့်အတား အကောင်းဆုံးကား ပြစ်မှု ကျူးလွန်သူ ဟူသမျှကို အမြန် ဖော်ထုတ်၍ မြန်မြန် စစ်ဆေး၊ ဥပဒေနှင့် အညီ အပြစ်ပေးခြင်း ဖြစ်သည်။ လည်သူ လွတ်၍ မလည် သူသာ ခံရလျှင် တရားဥပဒေအပေါ် ပြည်သူ အထင်အမြင် သေးသည်။ ရာဇဝတ်ဘေး ပြေး မလွတ်ဟု အထင်အရှား သိမြင်ကြမှ တရားဥပဒေကို လေးစား ယုံကြည်သည်။

အမှု စစ်ဆေးရာတွင် ကြန့်ကြာနေလျှင် တရားခံဖက်သို့ အများ ကရုဏာ ညွတ်သည်။ မြန်မာတိုင်းရင်းသားတို့သည် ဖြစ်ခါစတွင် ကျူးလွန်သူအပေါ် ဒေါသ ထွက်ကြသော်လည်း ကြာလျှင် အမျက်ပြေ၍ သနားလာတတ်သည်။ သက်သေ ခံရလျှင် လျော့ ထွက်သည်။ ပြစ်ဒဏ် ပြတ်ပြတ် သားသား ပေးလျှင်လည်း တရားခံကို သနားသည်။

## ၁၀

စီးပွားရေး ကြပ်တည်းလာလျှင် ပြစ်မှု ထူပြော တတ်သည်။ ခိုးခြင်း၊ လုယက်ခြင်း စသည်တို့ များပြား လာသည်။ လူတွေ တရားပျက်ကာ လောဘ၊ ဒေါသ များလာသည်။

ရာသီဥတုမှန်၍ ဆန်ရေစပါး လုပ်ခင်းကိုင်ခင်းကောင်းလျှင် ပြည်သူတို့ ချမ်းမြေ့ကြသည်။ အချင်းချင်း ကြည်ဖြူ ညီညွတ်ကြသည်။ မှုခင်း ကျဆင်းသည်။

မှုခင်း နှိမ်နင်းရာတွင် ကျူးလွန်သူအား ပြစ်ဒဏ် ကြီးကြီး ပေးနေရုံနှင့် မပြီး။ စီးပွားရေး၊ လူမှုရေး စသည်တို့ကပါ ပြုပြင် စည်းရုံးရသည်။ ပိုမို စိုက်ပျိုး ထုတ်လုပ်နိုင်အောင် ပြည်သူများ ကိုယ်ရော စိတ်ပါ ကောင်းသော လုပ်ငန်းတွင် အားထုတ် နေရ သည်။ သောက်စားစရာ ဝဝလှလှ နေရ၍ ပျော်ကြသည်။

မြန်မာတိုင်းရင်းသားတို့ ဤသို့ နည်းပါးပါသည်။ ဝဝ စား၍ အတော် အသင့် လှလှ ဝတ်ဆင်ကာ ဘုရားသွား၊ ကျောင်းတက်၊ သားရှင်ပြု၊ လှူဒါန်း၊ ပွဲခင်း နေရလျှင် ရောင့်ရဲ ကြသည်။

ကူဋဒန္တ သုတ်တွင် ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏားက မဟာဝိဇိတ မင်းအား ခိုးသူ၊ ဓားပြ သောင်းကျန်းနေသော နိုင်ငံကို ဝပြောသာယာ လာစေရေး အကြံပေး လျှောက်ထား ခဲ့ပုံပါသည်။

"အရှင်မင်းကြီး၊ လိုထို ခိုးသူ၊ ဓားပြတို့အား ဖမ်းဆီး၊ ထောင်သွင်း၊ သတ်ဖြတ်ခြင်းဖြင့် နိုင်ငံ အေးချမ်းမည် မဟုတ်၊ အခြား အခြားသော ခိုးသူ၊ ဓားပြတို့ ထကြွလိမ့်ဦးမည်။

"နိုင်ငံ သာယာ ဝပြောရန် နည်းလမ်းမှန်ကား၊ လယ်ယာ စိုက်ပျိုးသူတို့အား မျိုးရိက္ခာ၊ ရောင်းဝယ် ဖောက်ကားသူတို့ အား အရင်းအနှီး၊ မင်းမှုထမ်းများအား သင့်တော်သော လစာရိက္ခာ ထောက်ပံ့ ပေးကမ်းခြင်း ဖြစ်ပေ၏။ ထိုနည်းလမ်း ကို လိုက်နာခြင်းအားဖြင့် ပြည်သူတို့သည် ကောင်းသော အသက် မွေးခြင်းကို အားထုတ်ကြသဖြင့် လုယက် ဖျက်ဆီးခြင်း ပြုဖွယ် မရှိပါ။ အေးချမ်းစွာ သွားလာ လုပ်ကိုင်ကြ၍ ညအခါ တံခါး မပိတ် ချမ်းသာစွာ အိပ်စက်ကြရပါလိမ့်မည်။ နိုင်ငံတော်



သာယာ ဝပြော၍ အခွန် အတုတ် ဥစ္စာ ဘဏ္ဍာ တိုးပွား ပါလိမ့်မည်။"

ပြည်သူတို့ စားဝတ်နေရေး ချောင်လည်အောင်၊ လုံခြုံ ချမ်းသာစွာ ကောင်းသော အသက်မွေး ဝမ်းကျောင်းမှု ပြုနိုင် ကြအောင် လုပ်ဆောင်ပေးခြင်းသည် ပဒေသရာဇ်ခေတ်က ယခုလည်း နိုင်ငံတော်က ခံယူထားသည်။

စားဝတ်နေရေးခက်၍ အကျင့်ပျက်သည်။ ခိုးဝှက် လုယက် ကြ၍ စီးပွားရေး ဆုတ်ယုတ်သည်။ စားဝတ်နေရေး ပိုခက် သည်။ ဤအဆိုး သံသရာမှ ပြည်သူတို့ လွတ်မြောက်ကြရ လေအောင် တဖက်တွင် ကောင်းသော အသက်မွေးမှု ပြုလို ကြသော အများစုသော ပြည်သူတို့အား မိမိတို့ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ လုပ်ကိုင်ကြ၍ ထိုက်သင့်သော အကျိုး ကျေးဇူး ခံစားနိုင်ကြအောင် အားပေး ကူညီဖို့၊ ရိုးသားစွာ မလုပ်ကိုင်ပဲ စရိုက်ဆိုးကြောင့် အကျင့် ပျက်မြဲ ပျက်သူများ အားလည်း ထိရောက်စွာ အရေးယူ အပြစ် ပေးကြဖို့သာ ဖြစ်သည်။

---

"စီးပွားရေးကြောင့် ကျူးလွန်ရတဲ့ ပုဒ်မတွေ ဆိုလို့ရှိရင် စီးပွားရေးနဲ့ ပြန်ပြီး အကူအညီပေးရမယ်။ စီးပွားရေး ကြပ်တည်းလို့ စားရမဲ့ သောက်ရမဲ့ ဖြစ်လို့ ခိုးကြ၊ တိုက်ကြ၊ လုကြ၊ ယက်ကြ၊ ဝဝေတချို့ ဆိုလဲ ခါးပိုက်နှိုက်ကြ။ ဒီတော့ ဦးဆုံးကတော့ ဝမ်း ရေးကြောင့် ဖြစ်တာပဲ၊ ဘဝကိုက အင်မတန် ဆင်းရဲ

လွန်လွန်းလို့ ဖြစ်ရတာ။ သို့သော်လဲပဲ နောက်ကျတဲ့အခါကျတော့ ဒီအလုပ်ဟာ လွယ်ပါကလား၊ ဒီအလုပ်နဲ့လဲ နေလို့ ဖြစ်ပါလား ဆိုပြီးတော့ ထပ်တလဲလဲ ဖြစ်မှုကျူးလွန်တော့ အကျင့်စာရိတ္တပါ ပျက်လာတာပေါ့။ အဲဒီတော့ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေဆိုရင် ဖြင့် ကျွန်တော်တို့အနေနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ နေသားတကျဖြစ်အောင် အကူအညီတွေပေးရတယ်။ ပထမ ဖြေရှင်းရမှာတော့ စီးပွားရေးပိုင်းပေါ့လေ။ နောက် အကျင့်စာရိတ္တနဲ့ ပတ်သက်လို့တော့ ဒီအပိုင်း အတိုင်းပဲ လုပ်ပေးရမှာပဲ။

ကျွန်တော်တောင်းပန်ချင်တာကတော့ နောက်ထပ် အမှား မလုပ်ကြနဲ့တော့၊ ဒုက္ခသုက္ခတွေတယ်၊ ပြဿနာ ရှိတယ်ဆိုရင် အကူအညီ တောင်းပါ၊ လက်လွတ် စပယ် မလုပ်ကြနဲ့၊ ကျွန်တော်တို့ကို အလုပ်ပို မပေး ပါနဲ့၊ တိုင်းသူပြည်သားကောင်းတယောက် ဖြစ်ကြပါ လို့ ပြောချင်တာပါပဲ။''

ပိုလ်ချုပ်ကြီးနေဝင်း
ရန်ကုန် ဗဟိုအကျဉ်းထောင်တွင်
လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်
အကျဉ်းသားများအား လွှတ်စဉ်
မိန့်မှာချက်။
၅-၄-၁၉၆၃

# ၁၅။ အယူခံ

၁

မူလ တရားရုံးက စစ်ဆေး ဆုံးဖြတ် သည်ကို တဆင့်တက်၍ အယူခံ ဝင်ခွင့် ဥပဒေက ပေးထားသည်။ အယူခံဆုံးဖြတ်ချက်ကိုပင် ဥပဒေနှင့် ညီ မညီ အမြင့်ဆုံး တရားရုံးသို့ စာဒက တက်ခွင့် ပေးထားသည်။

ပြည်နယ်၊ တိုင်း တရားစီရင်ရေး အဖွဲ့များသည် ယခင် တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်မျိုးကို သုံးစွဲနိုင်သော အယူခံ တရားရုံးများ ဖြစ်လာသည်။ ထို့ကြောင့် ပြည်နယ်၊ တိုင်း အတွင်း၌ပင် မှုခင်း တော်တော်များများ ပြီးပြတ် နိုင်သည်။

အမြင့်ဆုံး တရားရုံးဖြစ်သော ပြည်သူ့တရားသူကြီးအဖွဲ့ သည် စာဒက မှုများ၊ အရေးကြီးသော ပြင်ဆင်မှုများကို ဆုံးဖြတ်ခြင်းဖြင့် နိုင်ငံအဝှမ်း၏ တရား စီရင်ရေးကို ကြီးကြပ် ကွပ်ကဲသည်။ ပြည်နယ်၊ တိုင်း တရားစီရင်ရေး အဖွဲ့များ၏ မူလ စီရင်ချက်များမှ အယူခံများကိုလည်း ဆုံးဖြတ်သည်။

ပထမ တရားရုံးနှင့်ပင် ပြီးပြတ် ရမည်၊ အယူခံ ဝင်ခွင့် မရှိစေရဟု ဆိုလျှင် အမှားပြင်ရန် လမ်းမရှိ။ မမျှမတ ဖြစ် တတ်သည်။ အယူခံ ဝင်ခွင့် များလွန်းလျှင်ကား အတော မသတ်၊ မပြီးမပြတ် ဖြစ်နေတတ်သည်။ တရားပြိုင်များ အဖို့ လည်း စရိတ်ကုန်၊ လူပန်း ဖြစ်တတ်သည်။ ဒီရုံးတွင် သူနိုင်၊

ဟိုရုံးတွင် ကိုယ်နိုင်၊ မခံချင် ဇောနှင့် တက်နိုင် သလောက် တက်ကြပြီး နောက်ဆုံးတွင် ဒုံရင်း ဒုံရင်း ပြန်ဆိုက် တတ်သည်။

ရှေးက အမှုမှု များကို လန်ဒန်မြို့ရှိ ပရီဗီ ကောင်စီ တရားရေး ကော်မီတီသို့ပင် အယူခံ ဝင်ခဲ့ကြသည်။ မြန်မာ့ ဓလေ့ထုံးတမ်း ဥပဒေဓလေ့ကျသော အင်္ဂလိပ်တရားသူကြီးများက အဝေးမှနေ၍ စာရွက်စာတမ်း အမှုတွဲကြည့်ကာ သင့်လျော်သည် ထင်သလို ဆုံးဖြတ် ကြသည်။ ပြီးပြတ်သည့် အချိန်တွင် အမှုပုံ ကုန်ပြီ။ သို့ရာတွင် လန်ဒန်အထိ ရောက်ခဲ့ရ သည်ကို ဂုဏ်ရှိသည် ထင်ကြသည်။ ပရီဗီ ကောင်စီကြီး၏ စီရင်ထုံးကို မြန်မာ နိုင်ငံရှိ တရားရုံးများက တသဝေ မတိမ်း အထူး လေးစားစွာ လိုက်နာကြသည်။

၂

ပထမ တရားရုံးက အမှုစစ်ဆေးရာတွင် သက်သေများကို ကြားနာသည်။ သူတို့ အမှန် ပြော မပြော အကဲခပ်သည်။ အယူခံတရားရုံးသည် အမှုတွဲပါ မှတ်တမ်းများကိုသာ လေ့လာ၍ ဆုံးဖြတ်သည်။ သက်သေခံ ဟာကွက် တွေ့မှ သက်သေ ခေါ်ယူ စစ်မေးသည်။ သို့မဟုတ် အမှုတွဲကို ပထမ တရားရုံးသို့ ပြန်ပို့၍ စစ်မေး စေသည်။

ပထမတရားရုံး၏ သက်သေ
အယူခံ တရားရုံးသည်
ထွက်ချက်အပေါ် သုံးသပ်ချက်တို့ကို လွယ်လွယ်နှင့် မဝယ်။ တဖက်သတ် ဖြစ်နေခြင်း၊ အရေးကြီး အချက်တွေ လွဲနေခြင်း၊



ကောက်ချက်၊ ပြစ်မှုအင်္ဂါရပ်၊ အယူအဆ မှားနေခြင်း စသည် တို့ကို တွေ့မှ ပြင်သင့်သလို ပြင်ပေးသည်။

အယူခံတရားရုံးသည် အသေးစိတ် အချက်အလက်တို့၌ ပထမ တရားရုံးနှင့် အမြင် ကွဲလွဲနေစေမူလည်း မပြင်။ သာမည ကို ဖယ်၍ အဓိကကိုသာ အာရုံစိုက်သည်။

ပထမ တရားရုံးက အချက်အလက်ပေါ် ကောက်ယူပုံ၊ ဥပဒေနှင့် စပ်ဟပ် သုံးသပ် ဆုံးဖြတ်ပုံ အားလုံးကို အယူခံ တရားရုံးက စိစစ်သည်။

ပြင်ဆင်မှုတွင်မူ ပထမရုံးတွင် စီရင်ပိုင်ခွင့် ရှိ မရှိ၊ အမှုစွဲဆို ခြင်း ဥပဒေနှင့် ညီ မညီ၊ စစ်ဆေးပုံ လုပ်ထုံး ကိုက် မကိုက်ကို သာ အဓိက ထားကြည့်သည်။ သက်သေ ထွက်ချက်များကို အသေးစိတ် မကြည့်။ ပထမ တရားရုံးက အမှုလက်ခံစစ်ဆေး နေသည့် အဆင့်ဆင့်တွင်ပင် မကျေနပ်သည့်ဖက်က ပြင်ဆင် မှုဖွင့်၍ တက်နိုင်သည်။ ဒုတိယဆင့် တရားရုံး၊ အမြင့်ဆုံးတရား ရုံးတို့ကလည်း ကြီးကြပ်ယင်း ပထမ တရားရုံးလုပ်ပုံ မှားနေ သည် ထင်မြင်လျှင် ပြင်ဆင်မှုဖွင့်၍ ကြည့်နိုင်သည်။

ကြီးကြပ်ခြင်းဖြင့် နိုင်ငံတော်တွင် တရားစီရင်ရေး မှန်ကန် ညီညွတ်အောင် ထိန်းကွပ်ပေးခြင်း ဖြစ်သည်။

စောဒကမှုတွင် အများအတွက် အရေးကြီးသော ဥပဒေ ပြဿနာကို အမြင့်ဆုံးတရားရုံး တရားသူကြီးစုံညီက လေးနက်စွာ ကြားနာ၍ ဖြေကြားထုံးပြုကြသည်။

ပြင်ဆင်မှု၊ အယူခံမှု၊ စောဒကမှု အားလုံးတွင် အဓိက ရည်ရွယ်ချက်သည် အမှားကို ပြင်ရန်၊ မှန်ကန်မျှတမှုကို မြန်မြန် ဖြစ်စေရန် ညီညွတ် ထင်ရှားစေရန် ဖြစ်သည်။

## ၃

အယူခံတရားရုံးသည် ထင်သလို မဆုံးဖြတ်နိုင်။ ဥပဒေ၊ လုပ်ထုံး၊ စီရင်ထုံး စသည်တို့နှင့်အညီသာ ဆုံးဖြတ်နိုင်သည်။ အမှုတွဲပေါ်တွင် ပေါ်လွင်သော အချက်အလက်များ၏ ဘောင်အတွင်း၌သာ နေရသည်။ ဘောင်ကျော်၍ မရ။

ပထမတရားရုံးက စေ့စပ်သေချာစွာ စစ်ဆေး ဆုံးဖြတ်ထားသည်ကို လေးစားစွာ လေ့လာပြီးမှ ပြင်သင့်လျှင် အကျိုးသင့် အကြောင်းသင့် ပြင်ရသည်။ ပြင်ဆင်ရသည့် အကျိုးအကြောင်းကို မှတ်ချက်ပြုရာတွင်လည်း ပထမ တရားရုံးအပေါ် အထင်အမြင်သေးသော စကားမျိုး၊ ဒါလောက်မှ နားမလည် ဖူးလား စသော ထေ့လုံးငေါ့လုံးများကို ရှောင်အပ်သည်။

ပြည်သူ့တရားစီရင်ရေးစနစ်တွင် ရပ်ကွက်၊ ကျေးရွာမှ ဗဟိုအထိ တရားသူကြီး အဖွဲ့များ၊ တရားစီရင်ရေး အဖွဲ့များသည် ပြည်သူက ရွေးချယ်တင်မြှောက်ကြသော ပြည်သူ့ ကိုယ်စားလှယ်ကြီးများ ဖြစ်ကြသည်။ တာဝန်အရ ပထမဆင့်တရားရုံး၊ ဒုတိယဆင့် တရားရုံး စသည်ဖြင့် ခွဲခြားထားစေကာမူ ပြည်သူအပ်နှင်းသည့် တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးကြသည့် ဇာတိတူ ဖွားဖက်တော်များ ဖြစ်ကြသည်။ အထက်ရုံး၊ အောက်ရုံးဟူသော အကြည့်၊ အတွေးအခေါ်ကို ရှောင်အပ်သည်။

ဟိုခေတ်တုံးက အထူး ရွေးချယ် ခန့်အပ်သော တရားလွှတ်တော်၊ တရားလွှတ်တော်ချုပ် တရားသူကြီးများက အမြင့်ဆုံးရုံး ဖြစ်သည်။ အခြေခံမှ ဗဟိုအထိ အဆင့်ဆင့်တွင် ဝန်ထမ်းများက တရားစီရင်ကြသည်။ ထိုစနစ်၌ပင် မြို့နယ်



အဆင့် တရားကြီး ဆုံးဖြတ်သည်ကို ခရိုင်အဆင့် တရားသူကြီးထံ အယူခံဝင်၊ ထိုမှ တရားလွှတ်တော်တက်၊ အထူး အယူခံဖွင့်၍ တရားလွှတ်တော်ချုပ် ရောက်ခဲ့သည့်အမှုများ အမြောက်အမြား ရှိခဲ့သည်။ တရားလွှတ်တော်က ပထမ တရားသူကြီး၏ ဆုံးဖြတ်ချက်ကို ပယ်၊ တရားလွှတ်တော်ချုပ်က တရားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို ဖျက်၊ နောက်ဆုံးတွင် မြို့နယ်အဆင့် တရားသူကြီး ဆုံးဖြတ်ချက် တည်ခဲ့သည်တွေ ရှိခဲ့သည်။ အဆင့်နိမ့်သည်ဟု အထင် မသေးအပ်။

အယူခံ တရားရုံးအဆင့်က ကောင်းစွာကြီးကြပ် လမ်းညွှန်ခြင်းဖြင့် အခြေခံများ၌ပင် မှန်ကန် ညီညွတ်နေ၍ အယူခံအဝင်နည်းလျှင် အကောင်းဆုံး ဖြစ်သည်။

တဖက်တွင်လည်း ပထမတရားရုံး တရားသူကြီးများက မိမိတို့ စေ့စပ်သေချာစွာ စစ်ဆေး ဆုံးဖြတ်ခဲ့ပါလျက် အယူခံတရားရုံးက ပြင်သည်ကို မကြိုက်။ အယူခံ တရားရုံး တရားသူကြီးများကော ဘယ်လောက် ပိုတတ်လို့လဲ၊ အမှုအကြောင်း ဘယ်လောက် သိလို့လဲ၊ ဘယ်လို အဂတိလိုက်ပြီး ဆုံးဖြတ်တာပဲ ပြောတတ်ကြသည်။ ထိုသို့ ထင်ခြင်း၊ ပြောခြင်းသည် မသင့်။ အချင်းချင်း အပြန်အလှန် လေးစားအပ်သည်။ သို့မှသာ တရားစီရင်ရေးကို အများက လေးစား ယုံကြည်မည်။

အယူခံဝင်သမျှကို ပယ်ရမည်၊ ပထမတရားရုံး ဆုံးဖြတ်ချက်ဟူသမျှ တည်စေရမည်ဆိုလျှင် အယူခံဝင်ခွင့် ပေးထားဖို့ မလို။ ပေးလျှင်လည်း ဟန်ဆောင်သာ ဖြစ်လိမ့်မည်။

၄

ထောင်ဒဏ်ကျခံရသူသည် ထောင်မှတဆင့် အယူခံ တရားရုံးသို့ အယူခံ ဝင်နိုင်သည်။ အယူခံလွှာကို အများအားဖြင့် ထောင်တာဝန်ခံ၊ သို့မဟုတ် ဘဝတူ ထောင်ကျနေသော ဥပဒေတီးခေါက်မိသူတို့က ရေးသားပေးကြသည်။ ဘယ်အချိန်အတွင်း အယူခံ တင်ရမည်ကိုလည်း ထောင်တာဝန်ခံကပင် ထောင်ဒဏ်ခံမည့်သူ ရောက်လာသည်နှင့် သတိပေးသည်။

ရှေ့နေမပါပဲ ထောင်မှ တင်သွင်းသော အယူခံကိုလည်း အယူခံ တရားရုံးက အလေးထား၍ စဉ်းစားသည်။ ပြစ်ဒဏ်ကို လျှော့သင့် လျှော့သည်၊ ပယ်ဖျက်သင့်က ပယ်ဖျက်သည်။ အတည်ပြုသင့်က ပြုသည်။ အယူခံ ကြားနာနေစဉ် အတွင်း အယူခံဝင်သူအား အာမခံနှင့် နေစေခွင့် ပြုသင့်က ခွင့်ပြုသည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့သည် ထောင်မှ တင်သော အယူခံ ရာ-ထောင်ချီ၍ စစ်ခဲ့ရသည်။ တမှုတည်းတွင် တွဲ၍ ထောင်ဒဏ် ခံရသူများထဲမှ တယောက်က အယူခံလျှင် မခံသူများကိုပါ အယူခံလို မခံလို မေးသည်။ မခံလျှင်လည်း တယောက်၏ အယူခံကို စစ်ဆေးပြီး အပြစ်ပေးတာ မှားနေလျှင် အားလုံးကို လွှတ်သည်။ ပြစ်ဒဏ် လျှော့သင့်လျှင် လျှော့သည်။ လျှောက်လွှာတင်သူ တယောက်ကို အာမခံ ပေးလျှင် မတင်သူများကိုပါ ပေးသင့်က ပေးလိုက်သည်။

ရထိုက်သူ ရစေအပ်သည်၊ လျှောက်မှ၊ တောင်းမှ၊ ရှေ့နေပါမှ မဟုတ်။ တရားစီရင်ရေး မှန်ကန် မျှတဖို့က တရားရုံးများ၏



တာဝန် ဖြစ်သည်။ ကြီးကြပ်ကွပ်ကဲသော တရားရုံးများတွင် အထူး တာဝန် ရှိသည်။

၅

အယူခံတွင် ဥပဒေစကား များများ ပြောကြလိမ့်မည်။ စာအုပ်ကြီးတွေ၊ စီရင်ထုံးတွေကို ညွှန်းကြလိမ့်မည်။ ထိုအခါ အဓိကပြဿနာကို မျက်ခြေမပြတ်စေဖို့ အရေးကြီးသည်။ ဥပဒေစကားကြီးတွေနောက် လိုက်ပါယင်း လမ်းစပျောက်မှာ စိုးရသည်။

စာအုပ်ကြီးတွေ အရေးကြီးပါသည်။ စီရင်ထုံးတွေ အသုံးဝင်ပါသည်။ သို့ရာတွင် ဆုံးဖြတ်ရာတွင် အထောက်အကူသာဖြစ်စေအပ်သည်။

အချက်အလက် ပိုင်လျှင်၊ ဥပဒေ ရှင်းလျှင်၊ ကျွမ်းပြုဆရာ၏ လမ်းပြခြင်းကို မလိုပါ။ စီရင်ထုံး၏ လမ်းညွှန်ခြင်းကို မလိုပါ။ မလိုပဲ ညွှန်းနေ၊ ကိုးကား နေလျှင် ရှည်သည်၊ ရှင်းတာ ရှုပ်သွားတတ်သည်။ ကိုယ် စာတတ်ကြောင်း ပြလိုလျှင် အခြား သင့်တော်ရာတွင် ပြပါ။ ပြည်သူ တရားစီရင်ရာတွင်မူ ပြည်သူနားလည်အောင် လိုရင်းကို လွယ်လွယ်ပြောဖို့ ကြိုးစားပါ။ ထိုသို့ ပြောရန် မလွယ်ပါ။ အတော် ကြိုးစားရပါသည်။ အစဉ်အမြဲ ကြိုးစားနေရပါသည်။ စာသံပေသံနှင့် ဟိုကျမ်းမှ ကူး၊ ဒီစီရင်ထုံးမှ ထုတ်နုတ်ကာ ရှည်ရှည်လျားလျား ရေးရတာ လွယ်ပါသည်။ စာရှည်တော့ စက္ကူ ပိုကုန်တာသာ ထူးပါသည်။

ရှေးဓမ္မသတ်၊ ဖြတ်ထုံး၊ လျှောက်ထုံး တို့တွင် တိုတိုနှင့် ထိထိမိမိ ရှိလှသည်ကို [illegible]ရသည်။ ကျွန်တော်တို့ ဆယ်မှုကိန္နာ ရေး[illegible]သည်ကို ဟိုတုန်းက ပညာရှင်များ တပိုဒ်နှင့် ပြီးပြည့်စုံကြသည်။

မြ[illegible] အနှစ်၊ အဓိပ္ပာယ်၊ အသိမ်း အလှ[illegible] ရှ [illegible]။ [illegible]ပါသည်။ [illegible]တွေ့ရလှယ်သည်။

ထူးခြား[illegible] ဆရာ အဆူဆူ၏ နည်းယူရသည်။

---

"စည်းကမ်း ပျက်မှုများကို ပြတ်ပြတ်သားသား အရေးယူဖို့ လိုသည်။ သို့ရာတွင် အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ သောဝ်အတွင်းကသာ ဆောင် ရွက်ဖို့လည်း လိုသည်။ စိတ်လိုက်မာန်ပါဖြင့် ဥပဒေ ဘောင် ကျော်၍ မလုပ်မိအောင် ဂရုပြုကြရမည်။ အကယ်၍ အရေးယူ အပြစ်ပေးရာတွင် ဥပဒေများ မပြည့်စုံသေးက ပြည့်စုံအောင် ပြဋ္ဌာန်းပြီးမှ လုပ်ကြ ရမည်။ မိမိတို့က စပြီး ဥပဒေကို ကျော်လွန်၍ မလုပ် မိကြစေဖို့ စောင့်ထိန်းအပ်သည်။ ဥပဒေကို စောင့် စည်းလိုက်နာမှုတွင် မိမိတို့က စပြီး စံနမူနာ ပြကြရ မည်။"

ဥက္ကဋ္ဌကြီး ဦးနေဝင်း
၁၀ ကြိမ်မြောက် ပါတီဗဟိုကော်မီတီစည်းဝေးပွဲ
နိဂုံးချုပ်မိန့်ခွန်း
၂၄-၆-၁၉၇၅။

# ၁၂။ မှန်မှန်နှင့် မြန်မြန်

၁

ပြစ်မှု၊ ငွေမှု၊ မည်သည့် အမှုမျိုးကို စစ်စစ်၊ ကြန့်ကြာခြင်း မရှိပဲ စစ်ဆေး စီရင်အပ်သည်။ ကြာလေ အမှန်နှင့် ဝေးလေ၊ မမျှတလေ ဖြစ်တတ်သည်။

ကြာလာသော အမှုတွင် သက်သေ ဟိုတယောက်၊ ဒီ တယောက် ပြောင်းရွှေ့ သွားသဖြင့် အခေါ်ရ ခက်သည်။ လာပြန်လျှင် မေ့လျော့တတ်သည်။ တရားသူကြီးများလည်း အကြောင်း အမျိုးမျိုးကြောင့် အပြီးတိုင် မစုံလင်။ အမှု အကြောင်း အစအဆုံး ကောင်းစွာ မသိ။ သက်သေတွေကို အကဲခပ်ခွင့် မရပဲ ဆုံးဖြတ် ကြရသည်။

ပြစ်မှုကြီးလျှင် ကြာရမည်၊ အမွေမှုကိုလျှင်း ကြာရမည် ယူဆ ကြသည်။ အမှန်မှာ တကယ်တကယ် စီမံ စစ်ဆေးလျှင် ကြာဖို့ မလိုပါ။ ပြစ်မှုကြီး အကောင်းမှု မြန်မြန် စစ်လျှင် မငြင်းမကွယ် မှန်သည့်အတိုင်း ပြီးပြတ် နိုင်သည်။

အမွေမှုတိုင်းလည်း ကြာဖို့ မရှိ။ အမွေမှုကိစ္စများ မြန်မြန် ညှိနှိုင်းကာ ရသင့်တာ ခွဲဝေယူနိုင်ဖို့ကို အဓိကထားလျှင် ပြီးသည်။ ငါတာ ယောကြီး၊ သူက အပေါ် တသည်ဖြင့် မခံချင်စရာ စကား များများပြော၊ တေးပေယာဂဝင်မှ အမွေပုံ ကုန်ချင်

ကုန်ရော၊ ထိုပြင် မ ရေလျှင် တောင်ကြီးဖိုကာ ဂရိပိုးကောင်စီ အထိ ထယ်ခဲ့ကြသော ရှိ သည်။

သားနှင့် အဖ၊ သမီးနှင့် အမိ၊ တရားရုံးတွင် တစ်ယောက် ရာချက် နှင့်နှင့်သီးသီး ပြောကြပြိုင်ကြတာတွေ တွေ့ဖူးသည်။ မကျန်တော့သော ပစ္စည်းအတွက် မလျော့တမ်း၊ မကျေတမ်း၊ ကမ်းကုန် ယမ်းကုန် သွားကြသည်။ သွားယင်း အဖ သေ၊ အမိသေ၊ သားသေ၊ သမီးသေနှင့် အမှုသေခဲ့ရတာ တွေ့ကို လည်း တွေ့ဖူးသည်။

တရားရုံးသို့ ရောက်ကြသည်ထားဦး၊ အနာကြီး မနာကြခင် ညှိနှိုင်း ကျေအေးပြီး ရှိတာ ခွဲဝေ ခံစားကြတာကမှ အကျိုး ရှိသေးသည်။ တရားရုံးသည် ဤကိစ္စမျိုးကို ဆောင်ရွက်ရာတွင် လူကြီးများအဖြစ် နှစ်ဖက်အေးငြိမ်းအောင် ဖြန်ဖြေပေးသလို ဆောင်ရွက်အပ်သည်။ မရသည့်အဆုံးမှ အနိုင်အရှုံး၊ အမှန် အမှား ဥပဒေကြောင်း ဆုံးဖြတ်အပ်သည်။

လင်မယား ကွာလိုမှု၊ ခလေး အုပ်ထိန်းလိုမှုတို့တွင်လည်း အလားတူပင် ဖြစ်သည်။

မကျေအေး လိုကြသည်ကို အကောင်း တိုက်တွန်းရန်ကား မဟုတ်။ သူတို့ဘာသာအလျောက် ကျေအေးကြသော လိုပင် နေထိုင်မှ ပြင်ပ ပဒေသာဝဝင်လာလျှင် တရားရုံးက အကောင်း အ ပ် ပြု ကြောင့် ကျေ လိုက်ရပါသည်ဟု ပြော တတ်ကြသည်။

တရားရုံးရောက်ခင် အုပ်ချုပ်ရေးအဖွဲ့က ဝင်၍ ကျေအေး ရန် တိုက်တွန်းခြင်းမျိုးကိုလည်း ရှောင်အပ်သည်။ သြဇာ



အာဏာဖြင့် မိပါသည့် ရုပ်ရဲ့လာတတ်သည်။ စေတနာ ဝေဒနာ ဖြစ်တတ်သည်။

၂

မှန်လျှင် မမြန်၊ မြန်လျှင် မမှန်၊ ထို့ကြောင့် မှန်မှန်နှင့် မြန်မြန်ဆိုတာ မဖြစ်နိုင်ဟု စောဒက တက်တတ်ကြသည်။

မှန်လည်း မှန်၊ မြန်လည်း မြန် ဖြစ်နိုင်ပါသည်။ မြန်လို့ မှန်သည်။ မှန်လို့ မြန်သည်။ မြန်မြန်စုံစမ်း၊ စစ်ဆေးလျှင် ပူပူ နွေးနွေး ရသည်။ မမေ့မလျော့သေး၊ မပျက်၊ မဖျက်သေး၊ သက်သေစုံစုံ အနီးအနားတွင် ရှိသေးသည်။ ထို့ကြောင့် စနစ်တကျ ဝိရိယစိုက်၍ မဖင့်မနွှေးပဲ ဆောင်ရွက်ခြင်းသည် အမှန်တရားကို အားပေးသည်။

မှန်လျှင် မြန်သည်။ နှစ်ဖက် ကျေနပ် လက်ခံသည်။ ထို့ကြောင့် အယူခံ ပြင်ဆင်မှုအတက် နည်းသည်။ မြန်မြန် ပြီးပြတ်သည်။ ပြီးလျှင် ပြီးစေတော့၊ ပေါ့ပေါ့လုပ်လျှင် အမှား ပါသည်။ ထို့ကြောင့် မကျေနပ်သူက အဆင့်ဆင့် တက်သည်။ တက်လိုက်ဆင်းလိုက်နှင့် ကိစ္စ မပြီးမပြတ် ရှိသည်။

အမှု စစ်ဆေးစီရင်ပုံ၊ လုပ်ထုံးလုပ်နည်းများ၊ သင်သော စစ်ပုံ လမ်းညွှန်များသည် မှန်ဖို့၊ မြန်ဖို့ ရည်ရွယ်ကြသည်။ လုပ်ထုံးလုပ်နည်း လမ်းညွှန်များ၏ သဘောကိုသိပြီး သဘော ကျကျ ကောင်းစွာလိုက်နာလျှင် မှန်မှန်မြန်မြန် ပြီးပါသည်။

မပြီးလျှင် တရားရုံးကိုမျည်း အပြစ်မတင်သင့်။ နှစ်ဖက် အမှုသည်များ၊ ရှေ့နေများ၊ ပြည်သူ့ရဲတပ်ဖွဲ့၊ သက်သေ၊

တရားသူကြီးများ ဖက်စုံ စုပေါင်းဆောင်ရွက်ကြမှ ချောမော အောင်မြင်သည်။ တဖွဲ့တည်း အားကောင်းနေလို့ မရ။ အရာရာတွင် စုပေါင်းအင်အားဖြင့်သာ အောင်နိုင်သည်။

၃

အမှုကြာလျှင် မတတ်လို့၊ စနစ်တကျမစီမံလို့၊ တဖက်ဖက်က ကပ်လို့ ဖြစ်တတ်သည်။ မတတ်လျှင် မေးမြန်း လေ့လာလို့ ရသည်။ အစီအမံလိုလျှင် ဖြည့်လို့ရသည်။ ကပ်သူကို ထိန်းကွပ်လို့ရသည်။

မှန်စေ၊ မြန်စေအောင် ဖန်တီးထားသော လုပ်ထုံးလုပ်နည်းကို မှားစေ၊ ကြာစေအောင် တဖက်က အခွင့်ကောင်းယူ သုံးစွဲတတ်သည်။ အမွေမှုမျိုးတွင် တရားရုံးက စတင် မစစ်ဆေးမီ အချက်အလက် စုံနိုင်သမျှစုံအောင် တဖက်က စာရေး မေး၊ တဖက်က ဖြေ၊ ပြုသည့်နည်း ရှိပါသည်။ တရားရုံးက စတင်စစ်ဆေးသောအခါ အငြင်း မထွက်သမျှကို အခြေခံ၍ အငြင်းထွက်သည်ကိုသာ စစ်ဆေးရအောင် ဖန်တီးထားသော လုပ်ထုံး ဖြစ်ပါသည်။

ဤလုပ်ထုံးကိုပင် အခွင့်ကောင်းယူကာ မမေးအပ်တာမေး၊ မဖြေပြန့်လျှင် အငြင်းပွား၊ တရားရုံးက အဆုံးအဖြတ်ပေးလျှင် တခင့်တက်၍ ပြင်ဆင်မှုလျှောက်၊ ဤသို့နှင့် နှစ်ချီ၍ အမှု မဆိုင်ဖြစ်တာတွေ တွေ့ဖူးသည်။ ဒါမျိုးကို တရားရုံးက နိုင်နိုင်စွာကွပ်ကဲ၍ ဖြတ်ရသည်။



ထစ်ကနဲဆို ကန့်ကွက်၊ ပြင်ဆင်မှုတက်၊ ရုံးပြောင်းလျှောက် စသည်ကို လုပ်ခြင်းဖြင့်လည်း ကြာစေတတ်သည်။ တရားရုံးသည် အမှုကို တာဝန်ယူ ကြီးကြပ်စစ်ဆေးရသည်။ တဖက်က ကြာချင်တိုင်းကြာအောင် ဆွဲငင်နေခြင်းကို ပိတ်ပင်ရသည်။ ပြတ်သားစွာ ဆောင်ရွက်သည်ကို မကျေနပ်၍ ရုံးပြောင်း လျှောက်လျှင်လည်း ခွင့်မပြုအပ်။ အမှုသယ်တွင် သူကြိုက်ရာ ရုံး၊ သူကြိုက်ရာအချိန်ကို ရွေးချယ်ခွင့် မရှိ။

အမှုကြာလို့ တဖက်က သာလျှင် တဖက်က နာသည်ကို သတိပြုရသည်။ ပြစ်မှုတွင် တရားခံ အချုပ်အနှောင်နှင့် ဖြစ်လျှင် ဦးစားပေး၍ စစ်ဆေးရသည်။

၄

ပြစ်မှုဖြစ်ပွားသည်နှင့် မြန်မြန် စုံစမ်း၊ အချက်အလက် စုဆောင်းပြီး သက်သေ အစုံအလင်နှင့် တရားရုံး တင်နိုင်ဖို့ ကြိုးစားရသည်။ မလစ်ဟင်းလျှင် အမှုမှန်ပေါ်သည်၊ မြန်မြန် ပြီးသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံတော်ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်သည့် တရားခံများကို မှန်မှန်မြန်မြန် စစ်ဆေး စီရင်နိုင်ခဲ့ကြသည်။ ၁၉၄၇ခုနှစ် ဇူလိုင်လ ၁၉ရက် နေ့တွင် ပြစ်မှု ကျူးလွန်သည်ကို အမြန် စုံစမ်းသော စက်တင်ဘာလ ၂၀ရက်နေ့တွင် အထူးခုံရုံးဖွဲ့သည်။ အောက်တိုဘာလ ၈ရက် နေ့တွင် စတင်ရုံးထိုင်၊ ၁၅ရက်နေ့တွင် သက်သေပေါင်း

၇၇ဦးကို စတင်စစ်ဆေး၊ နိုဝင်ဘာလ ၄ရက်နေ့တွင် စွဲချက်တင်ပြီး ဒီဇင်ဘာလဆန်းတွင် [illegible] များ စစ်ဆေး၊ ဒီဇင်ဘာလ ၃၀ရက်နေ့တွင် စီရင်ချက် ချမှတ်နိုင်ခဲ့သည်။

ထိုကာလအတွင်း တရားခံများအတွက် ရှေ့နေငှားဖို့၊ ခုခံချေပရန် ပြင်ဆင်ဖို့ မျှတလောက်သောအချိန် ပေးခဲ့သေးသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ရန်ကုန်တွင် ဟိုက်ကုတ်တရားလွှတ်တော်၌ လူသတ်မှုများကို ဂျူရီလူကြီးများဖြင့် စစ်ဆေးခဲ့သည်။ ကြိုတင်ပြင်ဆင်၊ စနစ်တကျ စီမံ စစ်ဆေးသဖြင့် နေ့စဉ်ရက်ဆက် ခုနစ်ရက်လောက်ဖြင့် အပြီးစစ်နိုင်တာသာ များသည်။

ရက် သတ်မှတ်ပြီးလျှင် အမှု စစ်ဖြစ်အောင် စစ်သည်။ ရွှေ့ဆိုင်း မပေး။ ရှေ့နေ မအားလျှင် ရှေ့နေအစားထိုးရသည်။ သက်သေမလာ မရှိစေရ။ အားသုံး အသင့်ရှိရသည်။

အမှုကို ပိုင်ပိုင်နိုင်နိုင်ကိုင်တွယ်၍ မပြီးပြတ်မချင်း၊ အဆက်မပြတ် စစ်ဆေးလျှင် မြန်သည်၊ မှန်သည်။ ကြာလာလျှင် အဖက်ဖက်က လျော့ရဲရဲဖြစ်လာသည်။ အကျင့် ပျက်လာသည်။ အမှုကိုမှ မစစ်ရသေးခင် ရက်ချိန်း ယူချင်လာတတ်သည်။ သက်သေများ အကြိမ်ကြိမ်လာသော်လည်း မစစ်ဆေးဖြစ်၍ ငြီးငွေ့လာသည်။ လွယ်လွယ်ပျက်ချင်လာသည်။ နံနက်ပိုင်းတွင် တရုံးရုံး ရက်ချိန်းယူကြပြီးသည်နှင့် တရားရုံးသည် ဖျင်းရိ ချောက်ကပ်လာသည်။ ပြီးစီးဖို့ထက် ရွှေ့ဆိုင်းဖို့ အကျင့်ပါလာသည်။ အလုပ်ကို အကြွေးမထား၊ ယနေ့ ပြီးရမှာ နက်ဖြန် မရွှေ့ဟူသော စိတ်မျိုး၊ စီမံချက်ဝီရိယမျိုးနှင့် လုပ်ရမည့်အစား



ဖြေးဖြေးပေါ့၊ ဗျို့လို လုပ်ခဲ့ကြသော၊ [illegible] ကိုယ်ပြီဝဲ၊ နည်းဖြန် ရှုလိုရသော ယနေ့ [illegible] ဖြစ်သော သည်။

## ၅

သတိထား၍ လုံ့လစိုက်ကာ လုပ်ထုံးလုပ်နည်းကို ကောင်းစွာ လိုက်နာလျှင် အမှန်ဖြစ်စေသည်။

မြန်မြန် စုံစမ်း စစ်မေးလျှင် အချက်အလက်စုံစုံ မှန်မှန် ရသည်။ နိုင်ငံတော် လုပ်ကြံမှုတွင် အမှုဖြစ်ပွားပြီး ရက်ဆက် လိုက်သဖြင့် အချက်အချာကိစ္စတွေ တသီကြီး ကွင်းဆက်မပြတ် ရသည်။ အခြား အမှုများပါ ပေါ်သည်။

မြို့လယ်ခေါင်တွင် ရက်စက်စွာ ဝိုင်း၍သတ်ဖြတ်ကြသည့် အမှုတမှုတွင် မျက်မြင်သက်သေ ရှားသော်လည်း မရှား။ သူ မျက်စေ့အောက်တွင် အဖိုးသေရသည့် မြေးငယ်ကိုပင် ၁နှစ်ကျော် မမေးခဲ့ကြသဖြင့် အမှုပျက်တာ တွေ့ဖူးသည်။ ခလေးကို မေးသောအခါ မေ့နေပြီ၊ သို့မဟုတ် အခြေအနေကြောင့် မေ့ယောင်ဆောင်နေပြီ။ အဓိက မျက်မြင်သက်သေ ပျက်လေပြီ။

ဒဏ်ရာဒဏ်ချက်များကြောင့် အသက်ဆုံးရှုံးရသူက အဖြစ်အပျက် ပြောခဲ့ချင်ပေလျက် သေတမ်းစာချက်မယူ၊ ယူပြန်လျှင် မစုံလင်သောကြောင့် အရေးကြီး သက်သေခံချက် မရခဲ့သည် များလည်း ရှိသည်။ သေတမ်းစာချက်ကို တရားသူကြီးများကသာ ယူနိုင်သည် မဟုတ်၊ ဆရာဝန်၊ နီးရာလူများက မှတ်ယူ

နိုင်ကြသည်။ မြန်မြန်နှင့်စုံစုံ မေးနိုင်လေ၊ အသုံးဝင်လေ ဖြစ်သည်။

ဖြောင့်ချက် ပေးလိုသူရှိပါလျက် မြန်မြန်၊ လုပ်ထုံးနှင့်အညီ ဖြောင့်ချက်မယူ၍ တရားရုံးတွင် အမှုပျက်တာတွေ ရှိသည်။ တရားသူကြီးများက ဖြောင့်ဆိုလိုသူသည် လွတ်လပ်စွာ သူ့ဆန္ဒအလျောက် ပြောလိုတာလား၊ နှိပ်စက်ညှဉ်းပန်းခြင်း ခံရ၍ ကြောက်သဖြင့် ဖြောင့်ဆိုတာလား၊ ဖြောင့်လျှင် အပြစ် လျော့မည်၊ လွတ်မည်၊ ကတိပေး မြှူဆွယ်သဖြင့် ဖြောင့်ဆိုတာလား စစ်မေးရသည်။ ကျန်တာကို သူ့စကားဖြင့် သူပြောလိုသလို ပြောစေဖို့ဖြစ်သည်။ ချော်နေမှ ထိန်းပေးရသည်။ အဆက်ပြတ်နေမှ ထောက်ပေးရသည်။

ပြည်သူ့ရဲအချုပ်တွင် အကြာကြီးချုပ်ပြီးမှ ဖြောင့်ချက် ယူလျှင် ရဲသြဇာ၊ ပယောဂကြောင့် ဖြောင့်ရပါသည်ဟု တရားရုံးတွင် ပြောတတ်သည်။ ဖြောင့်ချက် မှန်စေကာမူ ပေါ့ပျက်တတ်သည်။

လူကို တန်းစီပြခြင်း၊ ပစ္စည်းကို အခြား ပစ္စည်းများနှင့် ရောနှော၍ ပြခြင်းတို့ကိုလည်း မြန်မြန်၊ စည်းကမ်းညီ ဆောင် ရွက်နိုင်လျှင် အမှန်ဖြစ်စေတတ်သည်။ ကြာမှပြလျှင် ပေါ့တတ် သည်။ လူကိုပြလျှင် ဆင်တူသူများနှင့် ရောနှော၍ ပြရသည်။ အရပ် အလွန်ရှည်သူ၊ ပုသူ၊ အသား အလွန်ဖြူသူ၊ မဲသူ၊ ခေါင်းတွင် ဒဏ်ရာရှိသူ စသူကို မတူကွဲပြားသူများနှင့် ပြလျှင် သူ့ကို ထူးခြားသောကြောင့် လက်ညှိုးထိုးတတ်သည်။



အလားတူ သဘာဝ ကျသော၊ အတွေ့အကြုံမှ ရသော၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရှိသည်။ကောင်းစွာလိုက်နာ၍ မြန်မြန် ဆောင်ရွက်လျှင် မှန်သည်။

မှန်လျှင် မမြန်ဆိုသည်မှာ မဟုတ်ပါ။ မြန်လျှင် မှန်တတ် သည်။ မှန်လျှင် မြန်တတ်သည်။ အမှန်နှင့် အမြန်သည် တခုကိုတခု အားပြုနေသည်။

၆

တရားစီရင်ရေး အဖွဲ့ဝင်များ မစုံကြ၍ အချိန်မှန် ရုံးမထိုင် နိုင် ရှိတတ်သည်။ အချိန်မှန်ကြဖို့ အထူး အရေးကြီးသည်။

ရုံးထိုင်ပါလျက် ရှေ့နေ မစုံ၊ သက်သေမလာ၍ ကြာတတ် သည်။ စုံအောင် ရက်ချိန်းအတိုင်း စစ်ဖြစ်အောင် စီမံအပ် သည်။

တရားလို အကြိမ်ကြိမ် ပျက်၍ ရက်တွေ ချိန်းနေရတာ ရှိသည်။ အကြောင်းမဲ့ ပျက်ကွက်လျှင် သူစွဲဆိုသော ပြစ်မှု၊ တရားမမှုကို ဥပဒေအရ ပယ်နိုင်သည်။ ကာယကံရှင်က ဝီရိယ စိုက်ထုတ် ဆောင်ရွက်ခြင်း မပြုတာနှင့် တဖက် တရားပြိုင် မနစ်နာစေသင့်။ ဥပဒေအတိုင်း ပြတ်ပြတ်သားသား ဆောင် ရွက်အပ်သည်။

တရားပြိုင် မလာလို ကြာတာ ရှိသည်။ မလာလျှင် သူ့မျက် ကွယ်တွင် ဆက်စစ်နိုင်သည်။ ပြစ်မှုဖြစ်လျှင် သူ့အား အာမခံ နှင့် နေစေခွင့်ကို ဖျက်သိမ်းနိုင်သည်။

သက်သေလာလျှင် ပြီးအောင်ခေါ်ဖို့ သင့်သည်။ ကြိမ်ကြိမ် ဖိတ်ခေါ်ရလျှင် သူ့မှာ အလုပ်ပျက်သည်။ ဆရာဝန်၊ ယက်ရေး ပါရဂူ၊ ဓာတုဗေဒ ပညာရှင်၊ တပ်မတော်သား၊ ဝန်ထမ်း စသော ပုဂ္ဂိုလ်တို့အားလည်း မလိုပဲ မခေါ်သင့်၊ ခေါ်လို့ လာလျှင် မြန်မြန်စစ်ဖို့ သင့်သည်။ အဖတ်ဖတ်တွင် အလုပ် မပျက်ကြသော ကောင်းသည်။

ဆရာဝန် နယ်ပြောင်းရမည်ကြားလျှင် သူ အရေးပါသော သက်သေ ဖြစ်နေသည့် အမှုများကို ရွေးထုတ်ကာ သူ့အား စစ်မေးထားလိုက်လျှင် နောင်မှ အဝေးက ခေါ်နေရတော့ သက်သာသည်။

အမှုတွင် ဆေးစစ်ချက်ပါတိုင်း ဆရာဝန်ကိုခေါ်ရမည်မဆို။ တဖက်က အငြင်းမပွားလျှင် ဆရာဝန်အား ခေါ်ရန် မလို၊ သူ့ဆေးစစ်ချက်ကို ဆေးရုံမှ တာဝန်ခံကဦးက တရားရုံးသို့ လာရောက် တင်သွင်းနိုင်သည်။ ဓားဒဏ်ရာအမြောက်အမြားဖြင့် ပွဲချင်းပြီး သေရသည့် အမှုတွင် တရားခံက သေသူ ဓားချက်ကြောင့် သေသည်ကို မငြင်း၊ ခုတ်သူ သူ မဟုတ်ရပါဟုသာ ငြင်းမည် ဆိုလျှင် ဆရာဝန် ခေါ်နေဖို့ မလို။

အသားတူ၊ ပါရဂူများ၏ ထင်မြင်ချက်၊ မှတ်ပုံတင်ရုံးရှိ မှတ်တမ်း၊ တိုက်ပွဲ အကြောင်း တပ်မတော်အရာရှိက အထက် သို့ သတင်းပို့ချက်၊ စစ်ရေးယာဉ်ခရီးသွားမှတ်တမ်း စသည် တို့ကို ထင်မြင်ချက် ပေးသူ၊ မှတ်တမ်း တင်သူ၊ သတင်း ပို့သူ ကိုယ်တိုင် လာ၍ သက်သေခံရန် မလို။ တဖက်မှ၊ သို့မဟုတ် မှတ်တမ်းထိန်းရုံးမှ တာဝန်ခံဦးက တင်သွင်းနိုင်သည်။ အငြင်း ပွား၍ ကိုယ်တိုင်လာရောက် သက်သေခံရန် လိုအပ်မှ တရားရုံး



သို့ ခေါ်ဖို့လိုသည်။ ဤသို့ကို မလိုက်ပဲ ပါရဂူများ၊ ရှေ့တန်း ရောက် တပ်မတော်အရာရှိများကို ခေါ်နေ၍ ကြာတာတွေ့ ရှိသည်။

သက်သေကိုလိုသည်ထက်ပိုခေါ်နေလျှင်၊ မလိုပဲခေါ်နေလျှင် တရားရုံးက ပယ်နိုင်သည်။ ခေါ်ချင်တိုင်း ခေါ်နေလျှင် မပြီး။

တရားရုံးသည် ကောက်ချက်ထုတ်ရန်၊ စွဲချက်တင်သင့် မသင့် ဆုံးဖြတ်ရန် စသည်ကို အမှုစစ်ဆေးသွားယင်း ဆုံးဖြတ် နိုင်သည်။ သီးခြားရက်ချိန်းပေးရန် မလို၊ အရေးကြီး တရားလို သက်သေ ၁ဦး၊ ၂ဦးကို စစ်မေးပြီး အမှုသွား အမှုလာ ပေါ် လွင်သည်နှင့် စွဲချက် တင်သင့်က တင်အပ်သည်။ တရားလို သက်သေ အကုန်စစ်ပြီးမှတင်လျှင် တရားခံဖက်က တရားလို သက်သေများကို ပြန်ခေါ်ပေးပါ တောင်းခံတတ်သည်။ လိုလို့ ခေါ်လျှင် ခေါ်သင့်သည်။ တခါတခါ မလိုပဲ ကြာအောင် ခေါ်တတ်သည်။

မြန်မြန် စစ်ဆေးခြင်းသည် ပြီးလျှင် ပြီးရော၊ သော့သော့ စစ်ဆေးခြင်း မဟုတ်။ အေးဆေးတည်ငြိမ်စွာ နှစ်ဖက် မျှမျှ တတ တရားခံအပေါ် အထူးထောက်ထား စာနာကာ ထိုက် သင့်သော အခွင့်အရေး ပေး၍ စစ်ဆေး ဆုံးဖြတ်ရသည်။

"အရင်တုံးကတော့ ရဲတွေရဲ့ တာဝန်အစစ်ဟာ တာလဲဆိုတော့ အမှုတခု ဖြစ်လာတယ်ဆိုလို့ရှိရင် တရားခံ အစစ်အမှန်ရှာပြီး တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ ကို အရေးယူဖို့ပဲ။ သို့သော်လဲပဲ တခါတခါကျတော့

တကယ် တာဝန်ရှိတဲ့ပုဂ္ဂိုလ်ကို ရှာရတာဟာ မလွယ်ဘူး။ သူ့နယ်ထဲမှာ ခဏခဏ လူသတ်မှုဖြစ်၊ တရားခံလဲ ရှာမတွေ့ဘူးဆိုတော့ သူ့မှာ နာမယ် ပျက်တယ်။ သူ့ကိုယ်ကျိုး ထိခိုက်တယ်။ ရာထူးတိုးဖို့ ဘာတို့မှာ အရည်အချင်း မပြည့်စုံဘူးပေါ့လေ။ အလုပ် မကျွမ်းကျင်ဘူး၊ အလုပ် မကျေပွန်ဘူးဆိုတဲ့ ကိစ္စတွေ ဖြစ်လာတယ်။ ဒီတော့ သူက ဘာလုပ်ရသလဲဆိုတော့ အမှုတခု ဖြစ်လာတယ်ဆိုလို့ရှိရင် တရားခံမရရအောင် ရှာတယ်။ အသေ ရရ၊ အရှင် ရရပဲ။ တခါတလေကျတော့ တရားခံမှန်တာ မှားတာ ဖယ်ထား၊ တရားခံ တယောက် ရအောင်ရှာ၊ ရှာပြီး ရပြီဆိုတဲ့ အခါကျတော့ ဒီလူဟာ ဒီအမှုကို ကျူးလွန်ပါတယ်ဆိုတာ ဖြစ်အောင်လို့ သက်သေ အမျိုးမျိုးဆင်ရ၊ အမျိုးမျိုး လုပ်ရတယ်။ ဒါကြောင့်မို့ ရဲ့ရဲ့အဓိကတာဝန်ဖြစ်တဲ့ အမှန် ဖော်ထုတ်ရေး မဟုတ်တော့ပဲ ကိုယ်ဝမ်းရေးကြောင့် အမှန်တရားကို မဆောင်ရွက် နိုင်တော့ပဲ မဟုတ်တာတွေ လုပ်ရတယ်။''

ဝိုလ်ချုပ်ကြီးနေဝင်း
စတုတ္ထအကြိမ် ပါတီနှီးနှောဖလှယ်ပွဲ
နိဂုံးချုပ်မိန့်ခွန်း
၁၁-၁၁-၁၉၆၉။

## ၁၃။ တရားသူကြီး

၁

အဂတိလေးပါးကင်း၍ သီလ၊ သမာဓိ ရှိလျှင် တရားသူကြီးကောင်း ဖြစ်သည်။ လူသားမျှသာ ဖြစ်ကြ၍ အရည်အချင်း အလုံးစုံ ပြည့်စုံနိုင်မည် မဟုတ်။ သို့ရာတွင် စုံနိုင်သမျှ စုံလျှင် ကောင်းသည်။ ပို၍စုံအောင် မပြတ် ကြိုးစားနေရသည်။

ဘိုးခေတ်မင်းတရား လက်ထက်က ထုတ်ပြန်သော အမိန့်တော်စာတမ်းတွင် ဤသို့ ဖွင့်သည်–

''နိုင်ငံတော်အတွင်း စီရင်ခင်း စီရင်တွယ်လည်း အလွန်များပြားစွာ ရှိသည်။ အဂတိလေးပါးသို့လိုက်၍ မစူးမစမ်း၊ မစီမစစ် စီရင်လျှင် အမှုမှန်ရာ မဖြစ်။ စီရင်သူလည်း ပစ္စုပ္ပန် သံသရာအပြစ်နှစ်ပါး မကင်းမလွတ် ရှိမည်။ အဂတိလေးပါးသို့ လိုက်၍ မစီရင်နှင့်။''

အင်္ဂလန်နိုင်ငံတွင် တရားဝန်ကြီးတဦးအား တရားလွှတ်တော် တရားသူကြီးတို့တွင် ရှိအပ်သော အဓိက အရည်အချင်းသုံးရပ်ကို ပြောပါ မေးရာ မဆိုင်းမတွပင် ''ရိုးသားခြင်း၊ ရိုးသားခြင်း၊ ရိုးသားခြင်း''ဟု ပြောဖူးသည်။

ရိုးသားခြင်းဟုဆိုရာ ဆန္ဒာ၊ ဂတိ ကင်းခြင်းကိုသာ မဆို။ ကြောက်၍၊ အမျက်ဒေါသထွက်၍၊ တွေဝေမိန်းမော၍ မဟုတ်

မမှန် စီရင်ခြင်းဟူသမျှမှ ကင်းစင်ခြင်းကို ခြုံ၍ ဆိုခြင်း ဖြစ်သည်။

တရားသိလျက် တရားမရှိသူသည် တရားသူကြီးကောင်း မဖြစ်။ တရားရှိ၍ ကောင်းစွာလေ့လာ စီစစ်လျှင် တရား သိနိုင်သည်။ တရားမျှတမှုကို ပြုနိုင်သည်။

စာသာတတ်၍ လူမတတ် ဂါဟ သတ်တတ်သည်။ လူသာ တတ်၍ စာမတတ်၊ ဂါဟ ပြတ်တတ်သည်။

စွဲလမ်းတွတ်ငြိခြင်း၊ ဖမ်းယူ ကိုက်စားခြင်းသည် ဂါဟ မည်၏။ ဂါဟတရားသည် တရားမျှတမှု၏ ရန်သူ ဖြစ်သည်။

## ၂

ဤမှတ်စုများတွင် တရားသူကြီးဟု တိုတိုလွယ်လွယ် ခေါ်ရာတွင် တရားသူကြီးအဖွဲ့ဝင်၊ တရားစီရင်ရေးအဖွဲ့ဝင်ကို ဆိုလိုပါသည်။ တရားစီရင်ရေးတွင် ကိုယ်တိုင် ပါဝင် ဆုံးဖြတ်ရသော ပုဂ္ဂိုလ်ကို ဆိုပါသည်။

ပြည်သူ့တရားစီရင်ရေးစနစ်တွင် တရားသူကြီး အများစုသည် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသည်။ လုပ်ငန်းဆိုင်ရာ တရားစီရင်ရေးအဖွဲ့များကိုမူ ထူးခြားသော အခြေအနေအရ ဥပဒေ သီးခြားပြဋ္ဌာန်း၍ ဖွဲ့စည်းနိုင်သည်။ ပြည်သူ့တပ်မတော်သားများနှင့် ပတ်သက်လျှင် တပ်မတော်ဥပဒေအရ အဖွဲ့ဖြင့် ဖြစ်စေ၊ တဦးတည်းဖြင့် ဖြစ်စေ၊ တရားစီရင်နိုင်သည်။



စစ်တရားရုံးဆို၍ အာဏာကိုင်စွဲကာ ထင်ရာ ဆုံးဖြတ်ကြသည် မဟုတ်။ စစ်တရားရုံး အများစုကို အဖွဲ့ဝင် အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းသည်။ ရှေ့တန်းစစ်မျက်နှာတွင် သို့မဟုတ် တပ်တွင်းတွင် အကျဉ်းနည်းဖြင့်ဆေးနိုင်သော ပြစ်မှုမျိုးကိုသာ တပ်မှူးတဦးတည်း စီရင်ရသည်။ တဦးတည်း စီရင်လျှင် အထက် တိုင်းမှူးစသော အာဏာပိုင်တို့က ပြင်ဆင်ခွင့်ရှိသည်။

စစ်တရားရုံးအဖွဲ့ဝင်များသည် တပ်မတော်အရာရှိများ ဖြစ်ကြသည်။ အလှည့်ကျတာဝန်ဖြင့် ခုံရုံးထိုင်ကြခြင်း ဖြစ်သည်။ ဥပဒေသမားများ မဟုတ်ကြသော်လည်း ဥပဒေသင်တန်း တက်ဖူးကြသည်။ ခုံရုံး ထိုင်ဖူးကြသည်။ တပ်အကြောင်းနှင့် ရဲဘော်စရိုက်ကို သိကြသည်။ တပ်၏စွမ်းရည်၊ ညီညွတ်မှုကို ရှေ့ထား၍ ရဲဘော်များ၏စည်းကမ်းထိန်းဖို့ အဓိက ထားကြသည်။

တပ်မတော်ဥပဒေတွင် စစ်ဖက်ပြစ်မှု၊ လုပ်ထုံး၊ အပြည့်အစုံ ရှင်းရှင်းလွယ်လွယ် ရေးထားသည်။ ခုံရုံး တရားသူကြီးများ ကတိသစ္စာပြုကာ စတင်ရုံးထိုင်သည်မှ ဆုံးဖြတ်ပြီးသည်အထိ၊ အဆင့်ဆင့်လုပ်ဆောင်နည်းနှင့် ပုံစံများပါသော လက်စွဲစာအုပ်လည်း ရှိသည်။

ဥပဒေ၊ ပြဿနာလုပ်ထုံးနှင့် ပတ်သက်၍ စစ်တရားရုံးကို လိုအပ်သော အကြံဉာဏ် အထောက်အကူ ပေးရန် စစ်ဥပဒေ အရာရှိများ ရှိကြသည်။ သို့ရာတွင် တရားရုံးတိုင်းကို ကူစရာ မလို။ သက်သေခံ အကျဉ်းချုပ်၊ မှတ်စု၊ စွဲချက် စသည်တို့နှင့် ခုံရုံးသို့တင်ခြင်းဖြစ်၍ အခက်အခဲ မရှိသည်သာ များသည်။

တရားလိုဖက်က လိုက်ပါသူသည် အများအားဖြင့် ဥပဒေသမား မဟုတ်သော တပ်မတော်အရာရှိ ဖြစ်သည်။ တရားခံကလည်း သူစိတ်ချယုံကြည်သော အရာရှိတဦးအား သူ၏မိတ်ဆွေအဖြစ် အမှုတွင် လိုက်ပါချေပရန် တောင်းဆိုနိုင်သည်။

စစ်ဖက်တရားရုံးအဖွဲ့ဝင်၊ နာယက၊ တရားလိုဖက် အရာရှိ၊ တရားခံ၏မိတ်ဆွေအဖြစ် ခန့်အပ်ခြင်း ခံရလျှင် လေးလေးနက်နက် ဦးစားပေးတာဝန်အဖြစ် ခံယူဆောင်ရွက်ကြရသည်။ စစ်ဆင်ရေးသည် ပထမ၊ တရားစီရင်ရေးသည် ဒုတိယဦးစားပေးအဆင့်ရှိသည်။

အမှုများကို မကြန့်ကြာပဲ စစ်ရသည်။ ရုံးဖွဲ့ပြီးသည်မှ ၂လအတွင်း မပြီးပြတ်သေးလျှင် အကြောင်းပြချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ထံ အစီရင်ခံရမည်ဟု ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင်ညွှန်ကြားခဲ့သည်။ထိုအစဉ်အလာကို ဗိုလ်ချုပ်ကြီးစန်းယုနှင့် ဗိုလ်ချုပ်ကြီးတင်ဦးတို့ စောင့်ထိန်းလာခဲ့ကြသည်။

တရားရုံးချုပ်တွင် စစ်ဖက် အယူခံ တရားရုံး ထိုင်ရာ၌ ကျွန်တော် တရားသူကြီးချုပ်အဖြစ် ၇နှစ်ကျော် ပါဝင်ခဲ့ဖူးသည်။ ထိုစဉ်က တိုင်းမှူးများဖြစ်ကြသော ဗိုလ်မှူးကြီးတင်ဦး (ယခုဗိုလ်ချုပ်ကြီး)၊ ဗိုလ်မှူးကြီးကျော်ထင် (ယခု ဗိုလ်မှူးချုပ်၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်–ကြည်း)၊ဗိုလ်မှူးကြီးမောင်လွင် (ယခု ဒုတိယဝန်ကြီးချုပ်)၊ဗိုလ်မှူးကြီးအောင်ဖေ(ယခု ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ)၊ ဗိုလ်မှူးကြီး စံကြည် (ယခု ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်)၊ ဗိုလ်မှူးကြီးလှထွန်း(ယခု နိုင်ငံခြားရေး ဝန်ကြီး)၊ဗိုလ်မှူးကြီးစိန်လွင်(ယခု အာယ်ယူ ပို့ဆောင်ရေး ဝန်ကြီး)၊ ဗိုလ်မှူးကြီး ခင်အုန်း(ယခု ဒုတိယ ဝန်ကြီး)၊



ဗိုလ်မှူးကြီးတင့်ဆွေ(ယခု ဒုတိယဝန်ကြီး)၊ဗိုလ်မှူးကြီးသန်းတင် (ယခု ဒုတိယဝန်ကြီး)၊ဗိုလ်မှူးကြီးလှထွန်း၊ဗိုလ်မှူးကြီးထွန်းတင်တို့နှင့် တပ်မဟော်(လေ)မှ ဗိုလ်မှူးကြီးထွန်းသာ စသော ပုဂ္ဂိုလ်များသည် အယူခံတရားသူကြီးများအဖြစ် အလှဲ့ကျလာရောက်ရုံးထိုင်ခဲ့ကြသည်။ အယူခံများကို ဆွေးနွေးကြယင်း အဖိုးတန်သော ဗဟုသုတများ ကျွန်တော် ရခဲ့ပါသည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့တွင် နာယက ဗိုလ်မှူးကြီးလှဟန်(ယခု နိုင်ငံတော်ကောင်စီဝင်)၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဗိုလ်မှူးကြီးသန်းစိန် (ယခု နိုင်ငံတော်ကောင်စီဝင်)နှင့် ဗိုလ်မှူးချုပ်စိန်ဝင်း (ယခု ဝန်ကြီးချုပ်)၊ အစည်းပွဲအဖွဲ့ ဥက္ကဋ္ဌများဖြစ်ခဲ့ကြ၍ ယခုအခါ နိုင်ငံတော်ကောင်စီဝင်များဖြစ်နေကြသော ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီး(ဒေါက်တာ) မောင်လွင်၊ ဗိုလ်မှူးကြီးဆောင်းကြည်၊ ဗိုလ်မှူးချုပ်သောင်းဒန်၊ ဗိုလ်မှူးချုပ်သောင်းတင်တို့နှင့်လည်း စစ်ဖက် တရားစီရင်ရေး၊ ပြည်သူ့တရားစီရင်ရေးကို ကြိမ်ဖန်များစွာ ညှိနှိုင်းဆွေးနွေးခဲ့ရဖူးသည်။

စစ်ဖက်တရားစီရင်ရေးသည် ပြည်သူ့တရားစီရင်ရေး၏ ရှေ့ပြေးဖြစ်သည် ဆိုနိုင်သည်။ စစ်ဖက် တရားစီရင်ရေး၏ သင့်မြတ်ဆီလျော်သောမှု၊ လုပ်ထုံးများကို ပြည်သူ့တရားစီရင်ရေးတွင် စမ်းသပ်၊ ထည့်သွင်းထားသည်။

၄

တရားသူကြီးများသည် မိမိတို့အား ယုံကြည် အပ်နှံထားသော တာဝန်ကို လေးစားစွာ ခံယူအပ်သည်။

ပုဂ္ဂိုလ်ခင်မှ တရားခင်တည်။ ထို့ကြောင့် ပြည်သူတို့ လေးစားယုံကြည်ထိုက်သော သိက္ခာ၊ ကိုယ်ကျင့်တရား၊ အနေအထိုင်ကို စောင့်ထိန်းအပ်သည်။ သည်းခံခြင်း၊ ချိုသာခြင်း၊ ဒေါသကို သိမ်းဆည်းခြင်း ရှိအပ်သည်။

ပြောရတာ လွယ်သည်။ တခါ၊ တခါ တရားရုံးတွင် စိတ်မရှည်စရာတွေ တွေ့ရသည်။ မရှည်သင့်ပဲ ရှည်၊ မရှုပ်သင့်ပဲ ရှုပ်နေတာတွေ မြင်ရသည်။ သို့ရာတွင် တည်ငြိမ်ပိုင်နိုင်စွာ ထိန်းကွပ်ရသည်။ ရှေ့နေများ၊ အမှုသည်များနှင့် ခိုက်ရန်ဖြစ်ပွားနေ၍ မပြီး၊ မသင့်တယ်။ ရုံး၏သိက္ခာဖြင့်သာ ထိန်းသိမ်းရသည်။

အဂတိကင်းရုံနှင့် မပြီး၊ ကင်းကြောင်း အများမြင်စေအပ်သည်။ တရားစီရင်ရေးကိစ္စအဝဝကို အများ အမြင် အကြားတွင် ဆောင်ရွက်ရသည်။ တရားခွင်မှ ဆင်းပြီးမှ တဖက် ရှေ့နေ၊ အမှုသည်တဦးက လာရောက်တင်ပြလျှင် လက်မခံသင့်။ ဟိုဖက်-ဒီဖက် အမှုသည်ပါစုံမှ အများ အမြင် အကြားတွင် လက်ခံ စဉ်းစားရသည်။ တဖက်မှ တင်သည်ကို ဟိုတဖက်က ချေပရှင်းလင်းခွင့် ပြုရသည်။

တရားစီရင်ရေး အဖွဲ့ဝင် အချင်းချင်းလည်း တညီတညွတ်၊ တရားခွင်တထဲ၊ တညီ တညွတ် ဆင်း၍ ကြားစရာ၊ လေ့လာစရာ၊ အတူကြား အတူလေ့လာကာ၊ ဆွေးနွေးကြလျှင်လည်း



တညီတညွတ် ပေါင်းဆုံ ဆွေးနွေးအပ်သည်။ တဦးကောင်း မလုပ်အပ်။ တရားခွင်တွင် မေးစရာရှိလျှင် နာယကမှတဆင့် မေးကောင်းသည်။ သို့မဟုတ် နာယကအား ခွင့်ပန်၍ မေးကောင်းသည်။ တယောက်တပေါက် ဖြစ်နေကြလျှင် ကြည့်မကောင်း၊ တဖက်ဖက်က အမြတ်ထုတ်တတ်သည်။

ဆုံးဖြတ်ရာတွင်လည်း သဘောကွဲကြလျှင် ယဉ်ကျေးစွာကွဲလွဲရသည်။ အများက အနည်းကို အနိုင် မကျင့်သင့်။ နာယကလည်း အဖွဲ့ဝင်အပေါ် အနိုင်အထက်ပြုရန် မဟုတ်။ နာယကတွင် အဖွဲ့ဝင်ကဲ့သို့ပင် တမဲသာ ရှိသည်။

အပရိဟာနိယ၊ နိုင်ငံ ကြီးပွားကြောင်း တရား ခုနစ်ပါးတွင် အုပ်ချုပ်သူ မင်းတို့သည် မကြာမကြာ စည်းဝေးခြင်းသည် တပါး၊ အညီအညွတ် စည်းဝေးခြင်း၊ အညီအညွတ် အစည်းအဝေးမှ ထခြင်းသည် တပါးဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။ အညီအညွတ် အစည်းအဝေးမှ မထပဲ အချို့က တီးတိုး ပြောဆို နေရစ်လျှင် အချင်းချင်း သံသယ ပွားသည်၊ အများက သံသယ ပွားသည်။

တရားသူကြီးများသည်လည်း အလားတူ စောင့်ထိန်း ကျင့်ဆောင်ခြင်းဖြင့် တရားစီရင်ရေး၏ သိက္ခာ၊ အင်အားကို တိုးတက်စေအပ်သည်။

## ၄

တရားသူကြီးများသည် ငုတ်တုတ်ထိုင်ကာ ဟိုဖက် ဒီဖက် ပြောသမျှကိုသာ နားထောင်ကြရန် မဟုတ်။ အမှန်တရားကို ဖော်ထုတ်ရာတွင် ထိရောက်စွာ ဦးဆောင် ကွပ်ကဲရသည်။

မေးသင့်သည်ကို မေးရသည်။ တရားရုံးလုပ်ငန်း အစီအစဉ်ကို နှစ်ဖက် အမှုသည်များနှင့် ညှိနှိုင်း၍ သတ်မှတ်ရသည်။ လိုက်လျောနိုင်သမျှ လိုက်လျောအပ်သော်လည်း မှုတသော စီမံမှုကို တရားသူကြီးများကသာ ပြုရသည်။ အပြုခံများ မဖြစ်စေရ။

သို့ရာတွင် အမှု စစ်ဆေး နေစဉ်၊ ရှေ့နေ၊ အမှုသယ်တို့ တင်ပြကြသည်ကို စိတ်ရှည်ရှည် နားထောင်သင့်သည်။ အကြိမ်ကြိမ် ဝင်ရောက်စွက်ဖက်ခြင်း မပြုအပ်။ သူတို့အစီအစဉ်ဖြင့် တင်ပြသည်ကို သည်းခံ၍ ကြားနာသင့်သည်။ စွက်ဖက်လွန်းလျှင်၊ ရှေ့နေနှင့်ပြိုင်၍ ငြင်းခုံနေရလျှင် တရားသူကြီးဘက်လိုက်သည်၊ အမှု မစစ်မီက ကြိုတင် ဆုံးဖြတ်ပြီးပြီဟု သံသယ ရှိကြလိမ့်မည်။

အမှုသယ်တို့သည် သူတို့ တင်ပြလိုသည်တို့ကို စိတ်တိုင်းကျ တင်ပြခွင့်ရလျှင် ကျေနပ်ကြသည်။ အကျိုးသင့် အကြောင်းသင့် ဆုံးဖြတ်သည်ကို လက်ခံတတ်ကြသည်။ တယ်တရားရုံးကမှ ၂ ဖက်စလုံးကို အနိုင် မပေးနိုင်။ တဖက်နိုင်လျှင် တဖက် ရှုံးရမည်သာ ဖြစ်သည်။ သို့ရာတွင် ၂ ဖက်လုံး တင်ပြခွင့် အပြည့်အဝ ရခဲ့ကြလျှင် အဆုံးအဖြတ်ကို ကျေနပ်စွာ နာယူတတ်ကြသည်။



အချို့ တရားသူကြီးများသည် အမှု စစ်ဆေးနေစဉ်ပင် တရားခွင်မှ မှတ်ချက်အမျိုးမျိုး ပေးတတ်ကြသည်။ ဒီလိုဆိုမှန်တာပေါ့၊ မှားတာပေါ့၊ နိုင်မှာပေါ့၊ ရှုံးမှာပေါ့ စသည်ဖြင့် နှုတ်မစောင့်ပဲ ကြိုတင် အဖြေပေးတတ်ကြသည်။ အမှု အပြည့်အစုံ စစ်ဆေးပြီး အဆုံးအဖြတ်ပေးသောအခါ ကြိုတင် ပေးထားသောအဖြေနှင့် ကွဲလွဲတတ်သည်၊ ထိုအခါ အပြောခံရတတ်သည်။

တရားသူကြီးသည် နှုတ်ဆိတ်နေရမည်လည်း မဟုတ်၊ စကားပြောလွန်းလျှင်လည်း မတော်၊ နှုတ်စည်းကမ်းထားကာ ပြောသင့်တာ ပြော၊ မေးသင့်တာ မေး၊ ညွှန်သင့်တာ ညွှန်ရသည်။

တရားရုံးတွင်လည်းကောင်း၊ အပြင်၌လည်းကောင်း အားလုံးနှင့် ပြေပြစ်စွာ ဆက်ဆံအပ်သည်။ သို့ရာတွင် အမှုမပြီးသေးခင် အမှုသယ်များ၊ ရှေ့နေများနှင့် နှစ်ဖက်စုံညီ ပြောဆိုသည်မှအပ ကင်းလျှင် ကောင်းသည်။ အမှုအကြောင်း အခြားသူများနှင့် မဆွေးနွေးအပ်။ သူများပြောသည်ကိုလည်း လက်မခံအပ်။

ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများသည် ပုဂ္ဂိုလ်ရေးကို ရှေ့ထားကြသည်။ ဆွေမျိုး တော်စပ်မှု၊ ခင်မင်မှု စသည်ကို အလုပ်ကိစ္စနှင့် ခွဲခြားမထားပဲ ရောနှော၍ တွေးတောတတ်ကြသေးသည်။

ကျွန်တော် ပြည်နယ်တနယ်သို့ ပါလီမန်ခေတ် ရွေးကောက်ပွဲအမှုများတွင် ရှေ့နေ လိုက်ပါဆောင်ရွက်ရန် သွားရောက်ခဲ့ဖူးသည်။ ညနေခင်းတွင် ဟိုဖက်ကရှေ့နေ မိတ်ဆွေနှင့် ကျွန်တော် ခင်မင်ရင်းနှီးစွာ ပြောဆိုကြသည်ကို အမှုသယ်

များက မကျေနပ်။ ရှေ့နေချင်း ဘာတွေ အပေးအယူလုပ်နေကြသလဲ၊ စတွေးသော ပြောဆိုကြသည်ဟု ကြားရသည်။ ထို့ကြောင့် ကျွန်တော်တို့ ခပ်ခွာခွာ နေကြရသည်။ ခုံရုံးရှေ့တွင် ဝိုင်း၍ ပြင်းပြင်းထန်ထန် တဖက်တချက် ပြောဆို လျှောက်လဲကြရသည်။ ထိုအခါမှ အမှုသယ်များ ဘဝင်ကျကြသည်။

၅

ပြစ်မှုစစ်ဆေးလျှင် ပြစ်မှုအင်္ဂါရပ်များသည် ဘာတွေ ဖြစ်သည်ကို သိထားရသည်။ ထိုအင်္ဂါများ စုံ မစုံ အချက်အလက်များမှ စိစစ်ရသည်။

ပြစ်မှုအများစုတွင် ကျူးလွန်လိုသော စိတ်စေတနာ၊ ကျူးလွန်သော ပြုလုပ်မှု၊ သို့မဟုတ် ပြုလုပ်ရန် ပျက်ကွက်မှု စုံလင်ရသည်။ မနောကံ၊ ကာယကံ၊ ကံ ၂ပါးစုံမှ ပြစ်မှု မြောက်သည်။ အင်္ဂါမစုံလျှင် ပြစ်မှု မမြောက်။

ငါးပါးသီလကို စစ်ကြည့်လျှင် ဤအတိုင်းပင် ဖြစ်သည်။ ဝိနည်းတော်များတွင်လည်း ဤအတိုင်းပင် ဖြစ်သည်။

သူ့အသက် သတ်ခြင်း၊ ပါဏာတိပါတာကံ မြောက်အောင် ဤအင်္ဂါတို့ စုံရသည်။ သတ္တဝါ ဖြစ်ခြင်း၊ သတ္တဝါဟု သိခြင်း၊ သတ်လိုသောစိတ်ဆန္ဒ ရှိခြင်း၊ သတ်ရန် လုံ့လပြုခြင်း၊ သတ္တဝါလည်း သေခြင်း။

ပြစ်မှုဥပဒေတွင် လူသတ်မှု၊ သတ္တဝါသတ်မှုတို့တွင် ထိုအင်္ဂါရပ်မျိုးများပင် ဖြစ်သည်။



သူတပါးပစ္စည်း ခိုးယူခြင်း၊ အဒိန္နာဒါနာကံမြောက်အောင် သူတပါးဥစ္စာ ဖြစ်ခြင်း၊ သူတပါးဥစ္စာဟု သိခြင်း၊ ခိုးယူလိုသောဆန္ဒ ရှိခြင်း၊ ခိုးယူရန် လုံ့လပြုခြင်း၊ ခိုးလည်း ခိုးယူခြင်း အင်္ဂါရပ်တို့ စုံလင်ရသည်။

ပြစ်မှုဥပဒေတွင် ခိုးမှုအင်္ဂါရပ်များသည် အလားတူသည်။

ဤသို့ ပြစ်မှု အင်္ဂါရပ်များကို ခွဲခြား၍ သိထားပြီးလျှင် အမှုတွင် အစုံအလင် အထင်အရှား ရှိ မရှိ စစ်ဆေးပြီးသည်နှင့် အဖြေ ပေါ်တတ်သည်။

သိခြင်း၊ စိတ်ဆန္ဒရှိခြင်း စသည်တို့သည် သူ့မနောစိတ်တွင် ဖြစ်တာတွေဖြစ်၍ အသိ ခက်သည်၊ မသိ၍ လုပ်မိပါသည်၊ စေတနာ မပါပါ၊ စသည်ဖြင့် ခုခံချေပတတ်ကြသည်။

သိ၏၊ မသိ၏၊ စေတနာ ပါ၏၊ မပါ၏ကို သူ့လုပ်ရပ်မှပင် စိစစ်ကြည့်ရှုရသည်။ သိသင့်လျှင် သိရမည်၊ စိတ်နှိုးဆော်၍ ကိုယ်ပါသည်။ ထို့ကြောင့် ကိုယ်၏လုပ်ရပ်သည် စိတ်ကို ပြသည်ဟု ယူဆရသည်။

ဥပမာ၊ သူတဦးကို သေနတ်နှင့် ပစ်သတ်သူက သေနတ် မှန်း မသိပါ၊ သေနတ်သည် သေစေတတ်သော လက်နက်မှန်း မသိပါ၊ မောင်းကို ဆွဲလိုက်စေကာမူ သေစေလိုသောဆန္ဒ မရှိပါဟု ခုခံချေပလျှင် လက်ခံရန် ခက်လိမ့်မည်။

သို့ရာတွင် မောင်းဆွဲသူသည် ကလေးသူငယ်၊ သို့မဟုတ် ကိုယ့်စိတ်ကိုယ်မနိုင်သော စိတ်လေလွင့်သူဖြစ်လျှင် မနောကံ ပါ မပါ စဉ်းစားစရာ ဖြစ်လာသည်။

## ၆

ဥပဒေအရ ပြစ်မှုဖြစ်မှန်းမသိ၍ လုပ်မိသည်ဟု ချေပနိုင်မရှိ။ ဥပဒေက ဘာမလုပ်ရ တားမြစ်ခြင်း၊ ဘာလုပ်ရမည် သတ်မှတ်ခြင်းကို လူတိုင်း သိသည်ဟု ယူဆထားသည်။ ဤသို့သာ မယူဆလျှင် လူတကာက တရားရုံးတွင် ဥပဒေကို မသိမိပါဟု ချေပကြလိမ့်မည်။

အမှန်မှာလည်း ဤခေတ်တွင် ဥပဒေဟူသမျှကို လူတိုင်း သိနိုင်ဖို့မလွယ်။ ဥပဒေပညာရှင်များပင် အကုန် မသိ။ ဥပဒေပြုလုပ်သူ လွှတ်တော်ကိုယ်စားလှယ်များလည်း အကုန် မသိ။ ပြည်သူများနှင့် နေ့စဉ်သက်ဆိုင်သည့် ဥပဒေများကို ရှင်းရှင်းလွယ်လွယ်ရေး၍ မပြတ် ပညာပေး ဖြန့်ဖြူးဖို့သာ ကြိုးပမ်းရသည်။ ထိုသို့ ပြုအပ်ကြောင်းကိုလည်း လွှတ်တော်တွင် မကြာမကြာ ဆွေးနွေးကြသည်။

လွှတ်တော်က ဆုံးဖြတ်ပြီး နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက လက်မှတ်ရေးထိုးကာ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်သည်နှင့် ဥပဒေတရပ်သည် အသက်ဝင်သည်။ နိုင်ငံတော်ပြန်တမ်းကို စောင်ရေ အနည်းငယ်သာ ထုတ်ဝေသည်။ ယနေ့ထုတ်ပြန်၊ ချက်ချင်း တောင်ပေါ်မြေပြန့် တောရွာမြို့ပါ ပြန့်နှံ့နိုင်သည် မဟုတ်။ သို့ရာတွင် နိုင်ငံတဝှမ်းနေ ပြည်သူအားလုံးက ထုတ်ပြန်သည်နှင့် သိကြပြီးဖြစ်သည်ဟု ဥပဒေက ယူဆသည်။

ပြစ်မှုအသစ် ပြုလုပ်သော ဥပဒေမျိုးကို ပြည်သူတွေ သိနားလည်အောင် ပညာပေး ဖြန့်ဖြူးပြီးမှ အရေးယူသင့်တာ



ယူရသည်။ တကယ်မသိနိုင်သေးသူများ မနစ်နာရအောင် အုပ်ချုပ်ရေးနည်းဖြင့် စီမံအပ်သည်။

ကျုပ်ငွေ ဓါးဆယ်တန်၊ တရာတန်များ တရားမဝင်တော့ကြောင်း တော်လှန်ရေးကောင်စီက ဥပဒေဖြင့် ကျေညာ ပြဋ္ဌာန်းခဲ့စဉ်က အချိန် ရက်သတ္တတပတ်သာ ပေးခဲ့သည်။ ထိုဥပဒေမျိုးကို ကြိုတင်ကျေညာထား၍ မဖြစ်၊ အချိန် ကြာကြာ ခွင့်ပြု၍လည်း မဖြစ်။ တပတ်အတွင်း ငွေစက္ကူများ အပ်နှံလဲလှယ်ရမည်၊ တပတ်လွန်လျှင် မသုံးစွဲရ၊ စည်းကမ်း ဖောက်လျှင် ပြစ်မှုမြောက်သည်။

ဥပဒေကို တောင်ပေါ်နှင့် အစွန်အဖျား ရွာသူရွာသားများ အချိန်မီမသိကြ၍ ကျူးလွန်မိတာတွေ ရှိသည်။ ထိုအမှုများကို စိစစ်၍ တရားမစွဲပဲ ပိတ်ခဲ့တာတွေ ရှိသည်။ တရားစွဲပြန်လျှင်လည်း ပြစ်ဒဏ် ဆိုင်းငံ့ပေးခဲ့တာတွေ ရှိသည်။

## ၇

ငွေမှု၊ အမွေမှု၊ တရာမမှု၊ ပြစ်မှု၊ မည်သည့် အမှုမျိုးကို စိစစ်၊ ကောက်ချက်၊ စွဲချက်နှင့်အညီ စစ်ဆေးရသည်။ အချက်အလက် ခိုင်လုံထင်ရှား၏လား၊ ကွင်းဆက် မပြတ်၊ ဟာကွက် မရှိ၊ အင်္ဂါအစုံအညီ ရှိ၏လား ကြည့်ရသည်။

သို့ရာတွင် စကားလုံးကိုချည်း ပုံသေလိုက်ရန် မဟုတ်။ အရေးအသား၊ ဥပဒေအခေါ်အဝေါ်၊ ပုဒ်မတပ်ပုံ ချွတ်ယွင်းရုံမျှနှင့် အမှုကို ပယ်ရန် မဟုတ်။ အနှစ်သာရကို ကြည့်ရသည်။

"ဆိုကြသည့် အမှုမှာလည်း စစ်၍ တရားနှင့်အညီ ထိုက်ရာသာ စီရင်။ သက်သေပြ၍ စစ်မေးလျှင်လည်း ဖြစ်သည့်အမှုကို အဆုံးအစ ကုန်စင်အောင် အမှန်အကန် သက်သေခံသူ ပြောဆိုစေ၊ တုတ်နှင့်ပစ်သည်ကို မမြင်၊ အုတ်ကျောက်နှင့် ပစ်သည်ကို မြင်၏ဆိုလျှင် တုတ်နှင့်ပစ်သည် စွဲချက် ရှိသော်လည်း သက်သေထွက်ချက်အတိုင်း အုတ်ကျောက်နှင့် ပစ်သည့်အပြစ်ကို စီရင်။ တုတ်နှင့်ပစ်သည်သာ စွဲချက်ရှိသည်ဟူ၍ အရှုံး မစီရင်နှင့်။"

ဤကား တိုးတော်မင်းတရား အမိန့်တော် ပြန်တမ်းပါ ပြဋ္ဌာန်းချက်ဖြစ်သည်။

"တရားဆုံးဖြတ် စီရင်သည်မှာလည်း ရောက်သည့် အမှုခပ်သိမ်းတို့နှင့် တိုက်ဆိုင်မိအောင် မမွသတ်၊ ဖြတ်ထုံး၊ စီရင်ထုံး ရှိနိုင်မည် မဟုတ်။ ဆိုသည့် စကား၊ ပြုသည့် အမှုနှင့် လျော်အောင် စီရင်ခြင်းသာ အသင့်ဖြစ်သည်။" ဟူ၍လည်း ပြန်တမ်းတွင် ပါသည်။

ပြစ်မှုစွဲချက်တွင် ဆိုသလိုမတွေ့ပဲ၊ လျော့၍တွေ့လျှင်လည်း တွေ့သောပြစ်မှုအတွက်သာ အပြစ်ပေးရသည်။ သို့ရာတွင် စွဲသည်ထက် ပို၍အပြစ်မပေးနိုင်။ စွဲဆိုသောပြစ်မှုထက် ကြီးသောပြစ်မှု ဖြစ်တန်ကောင်းသည် တွေ့လျှင် စွဲချက် ထပ်မံတင်ကာ တရားခံအား သိစေရသည်။ စွဲချက်အသစ်ကိုပါ ခုခံချေပခွင့် ပေးရသည်။

တရားမမှုတွင် တရားလိုမဆိုသည်ကို တရားရုံးက ဖြည့်၍ မဆုံးဖြတ်ရ။ တရားရုံးသည် အမှုသယ်သဖွယ် အမှုမလုပ်ရ။



အမှုတွင် ဆုံးဖြတ်ရန်မလိုသော ပြဿနာကို ဖော်၍ မဆုံးဖြတ်ရ။ အချက်အလက်ကို အခြေမခံပဲ စိတ်ကူးဖြင့်သာ မဆုံးဖြတ်ရ။

ဂ

စစ်ဆေးဆုံးဖြတ်ရာတွင် တရားသူကြီးများသည် စကား အပိုအလိုမရှိအောင် အထူး စောင့်စည်းအပ်သည်။ တရားစီရင်ရေး၏ အဓိက လုပ်ငန်းတရပ်သည် ပညာပေးရန် ဖြစ်သည်။ သို့ရာတွင် လုပ်လေသမျှတွင် တရားဟောနေလျှင် ငြီးငွေ့သည်ကို သတိထားရသည်။

ဆုံးဖြတ်ချက်ချမှတ်ရာတွင် တရားခံသည် ပြစ်မှုကို ကျူးလွန်ပေမှာပေါ့၊ ဘယ်နယ်သား ဖြစ်တာပဲ၊ အဲဒီနယ်က လူမိုက်၊ နွားခိုးသူ၊ ထန်းရည်မူး မျှားမျှားထွက်တာပဲ စသည်ဖြင့် ဒေသကို ထိပါး၍ မပြောအပ်။ သူကိုးကွယ်သော ဘာသာ၊ သူ့လူမျိုးကိုလည်း မထိပါးအပ်။ ပြစ်မှုကို စိစစ်လျှင် ကျူးလွန်သူ စရိုက်၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ အပေါင်းအသင်း စသော အခြေအနေအရပ်ရပ်အပေါ်တည်၍ ဖြစ်တတ်သည်ကို တွေ့ရမည်။ ဒေသ၊ လူမျိုး၊ ဘာသာ စသည်တို့နှင့် မဆိုင်ပါ။ အစွဲအလမ်း၊ သမုတ်ခံရပါများ၍ နာမည်ကြီးနေခြင်းတို့သာ ဖြစ်သည်။

၉

ရုပ်ရှင်ထဲတွင် ကြည့်ရဖူးလိမ့်မည်။ သား တရားခံအား စစ်ဆေးကာ သစ္စာတရားကိုသာ ရှေထား၍ ပြတ်သားစွာ ဆုံးဖြတ်သော ဖခင် တရားသူကြီး။ ဖခင် တရားခံအား အလားတူ စီရင်သော သား တရားသူကြီး။

သံဓယာဇဉ်နှောင်ကြိုးကိုဖြတ်၍ အဂတိကင်းစွာ ဆုံးဖြတ်ခြင်းသည် ဇာတ်လမ်းအတွက် လွမ်းကွက်ကောင်း ဖြစ်သည်။ သို့ရာတွင် လက်တွေ့တွင် ထိုသို့မလုပ်အပ်။ တရားသူကြီးတဦးဦးသည် မိမိ စစ်ဆေးရမည့် အမှုတွင် သား၊ အဖ၊ ဆွေမျိုး၊ မိတ်ဆွေရင်းချာ၊ အမှုသယ်ဖြစ်နေလျှင် ထိုအချက်ကို မှတ်တမ်းတင်ကာ တရားစီရင်ရေးအဖွဲ့မှ ထွက်ရသည်။ တဦးဦးကို မိမိအစား ဝင်စေရသည်။

ရင်းနှီးသူ၊ နီးစပ်သော ဆွေမျိုး၊ အမှုသယ် ဖြစ်နေလျှင် သို့မဟုတ် အမှုကိစ္စသည် မိမိနှင့် တနည်းနည်း နီးကပ်စွာ ပတ်သက်နေလျှင် တရားသူကြီးသည် ထိုအမှုကို စစ်ဆေးစီရင်ရာတွင် မပါဝင်အပ်။ ကင်းရှင်းသောအမှုတွင်သာ ပါဝင်အပ်သည်။ ယခုအခါ တရားစီရင်ရေးအဖွဲ့ အများအပြားဖွဲ့နိုင်သဖြင့် အစားထိုး ဖွဲ့စည်းဖို့ လွယ်ပါသည်။

၁၀

တရားသူကြီးများသည် တရားရေးဝန်ထမ်း၊ တရားရုံးဝန်ထမ်းတို့အား ကြီးကြပ်လမ်းညွှန်ရသည်။ ဝန်ထမ်းများအား နေရာတကျ တာဝန်ပေးကာ ချောင်ချောင်စွာဆက်ဆံကြလျှင် စုပေါင်းဆောင်ရွက်မှု ချောမော အောင်မြင်နိုင်သည်။



တရားရေးဝန်ထမ်းများသည် ဥပဒေပညာရှင်၊ ကျွမ်းကျင်သူများ ဖြစ်သည်။ ဥပဒေ၊ လုပ်ထုံးနှင့် ပတ်သက်၍ တရားသူကြီးများအား အထောက်အကူပြုရသည်။တရားသူကြီးက မေးမြန်းလျှင် ပြည့်စုံအောင် ရှင်းလင်း တင်ပြရသည်။ မမေးစေကာမူ ပြောသင့်တာ ပြောရသည်။

တရားသူကြီးများကလည်း မေးရမှာ အားနာစရာ မရှိ။ မသိ၊ မရှင်းလို့ မေးရတာ သိက္ခာမကျ။ မသိ၊ မရှင်းပဲ ဆုံးဖြတ်မှသာ မော်ဟာဖက်သို့ ယိမ်းယိုင်ရာရောက်သည်။

အချို့သော တရားရေးဝန်ထမ်းများသည် ပညာမာနမကုန်သေး။ စာအုပ်ကြီးတကိုင်ကိုင်နှင့် ကိုယ့်ပညာကို အထင်ကြီးနေတတ်သည်။ စကားလုံးကြီးတွေကို လျှာတွေ့နေကာ အနှစ်သာရရှင်းအောင် မပြောတတ်ကြ။ တရားသူကြီးများကသူတို့ကို သည်းခံ၍ ကိုယ်လိုတာရအောင် ရှာဖွေတင်ပြစေအပ်သည်။ ပညာမာန ထောင်လွှားသော ဝန်ထမ်းများ နည်းပါးလာကြပါပြီ။

တရားသူကြီးများ ဖက်ကလည်း ဝန်ထမ်းများအား စာနာထောက်ထား လေးစားသင့်သည်။ ဝန်ထမ်းများသည်လည်း ပြည်သူများ ဖြစ်ကြသည်။ ဉာဏလုပ်သားများ ဖြစ်ကြသည်။ ပြည်သူ့ကိုယ်စားလှယ်များက ဆုံးဖြတ်သည်၊ ဝန်ထမ်းများက ဆုံးဖြတ်နိုင်ရန် ထောက်ကူသည်၊ ဆုံးဖြတ်ချက်ကို ဆောင်ရွက်သည်။ ပြည်သူ့ကိုယ်စားလှယ် အာဏာပိုင်အဖွဲ့များနှင့် ဝန်ထမ်း

အဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြမှ ပြည်သူ့အာဏာ စိုးမိုးရေး စနစ် အောင်မြင်မည်။

တရားရုံးလုပ်ငန်းများတွင် တရားရေးဝန်ထမ်းအပြင် ဥပဒေဝန်ထမ်း၊ ပြည်သူ့ရဲ၊ သရာဝန်၊ လက်ရေးပါရဂူ၊ ဓာတုဗေဒ ပညာရှင်၊ ရုံးဝန်ထမ်း စသော ပြည်သူ့ဝန်ထမ်းများ သည်လည်း အနည်းအများ ပါဝင်ကြရသေးသည်။ သူတို့အား လည်း တရားသူကြီးများက ချောင်စွာ ဆက်ဆံ၍ ကြီးကြပ် လမ်းညွှန်အပ်သည်။

ရှေ့နေကိုလည်း တရားရုံး၏အရေရှိဟု ခေါ်ရိုး ရှိသည်။ တရားသူကြီးများသည် ရှေ့နေများကိုလည်း ချောင်စွာ ဆက်ဆံ၍ ဦးဆောင်ရသည်။

တရားစီရင်ရေးသည် တယောက်ကောင်း၊ တဖွဲ့ကောင်းနှင့် ပြီးမြောက် အောင်နိုင်သည့် လုပ်ငန်း မဟုတ်။ အရာရာတွင် ငါမပါလျှင် မပြီး၊ ငါတယောက်တည်းနှင့်လည်း မပြီး၊ သူမပါ လျှင် မပြီး၊ သူတယောက်တည်းနှင့်လည်း မပြီး။ သူနှင့် ငါ အတူပူးပေါင်းလုပ်ဆောင်ကြမှ ပြီးမြောက် အောင်နိုင်သည်။

၁၁

မြန်မာတိုင်းရင်းသားတို့သည် အကျင့်သိက္ခာ ကောင်းသူ၊ ဖြောင့်မတ်သူကို လေးစားကြသည်။ ရာထူးကြီးမှ၊ ဥစ္စာကြွယ်မှ မဟုတ်ပါ။

ပြည်သူ့တရားသူကြီးများသည် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသည်။ ပြည်သူက ယုံကြည်၍ ရွေးချယ်တင်မြှောက်



ပေးအပ်ထားသော တာဝန်ကို အကျင့်သိက္ခာရှိရှိ၊ မှန်ကန် ဖြောင့်မတ်စွာ ထမ်းဆောင်ကြလျှင် ပြည်သူတို့၏ ယုံကြည် ကိုးစားမှုကို မလွဲကော် ခံယူကြရမည်။

ပြည်သူတို့သည် အမှန်နှင့် အမှား၊ သူတို့ အကျိုးပြုသူနှင့် အကျိုးမဲ့ကို ဖြစ်စေသူ၊ ခွဲခြားမြင်တတ်ကြသည်။ သူတို့ အကျိုး ပြုသူကို ကျေးဇူးတင်တတ်ကြသည်။

ပြည်သူ့တရားသူကြီး ပီသသောသူတို့အပေါ် ပြည်သူက မေတ္တာထားလိမ့်မည်။ တရားမျှတစွာ စီရင်ခြင်းဖြင့် ရပ်ရွာ အေးချမ်းသာယာ စည်းလုံးညီညွတ်စေခြင်း သည်ပင်လည်း ထူးမြတ်သော ကုသိုလ်ဖြစ်သည်။

---

"တရားမျှတစွာ ဆောင်ရွက်ရန်၊ တရားမျှတသည့် စစ်ဆေးစီရင်မှုကို တရားခံရရှိစေရန်နှင့် စစ်ဆေးစီရင် ခြင်းကို ခံနေရသူတဦး ဖြစ်နေသောကြောင့်၊သို့တည်း မဟုတ်၊ မသိ နားမလည်မှုကြောင့်၊ သို့တည်း မဟုတ် သက်သေများကို စစ်မေးရန်သော်လည်းကောင်း၊ပြန် လှန် စစ်မေးရန်သော် လည်းကောင်း၊ မစွမ်းဆောင် နိုင်ခြင်းကြောင့်၊ သို့တည်းမဟုတ် အခြားအကြောင်း ကြောင့် တရားခံ၌ မည်သည့်နစ်နာမှုမျှ မရှိစေရန် ဂရုစိုက်ရမည့်တာဝန်သည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် သည့် အရာရှိ၏တာဝန် ဖြစ်သည်။"

တပ်မတော်နည်းဥပဒေ ၇၅ (၂)။

## ၁၄။ ဝန်ထမ်း

၁

တပ်မတော်သား၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ အုပ်ချုပ်ရေးဝန်ထမ်း(ရှည်လျားသော ယခုအခေါ်အဝေါ်–ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဝန်ထမ်း)၊ တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်း၊ ဆရာဝန်၊ ရုံးဝန်ထမ်း စသူတို့သည် ပြည်သူ့ဝန်ထမ်းများဖြစ်ကြသည်။

မိမိတို့ကျွမ်းကျင်ရာပညာဖြင့် ပြည်သူ့ဝန်ကို ထမ်းကြသည်။ ပြည်သူ့အာဏာကို ပြည်သူကိုယ်စားကျင့်သုံးကြသော အာဏာပိုင် အဖွဲ့များအား ထောက်ကူကြသည်။ ထို့ကြောင့် ဝန်ထမ်းသည် ဦးစီးဦးဆောင် မဟုတ်။ ဆုံးဖြတ်သူ မဟုတ်။ အာဏာပိုင်အဖွဲ့အား အကြံပြုထောက်ကူသူ ဖြစ်သည်။ အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ပေးသူ ဖြစ်သည်။

ထောက်ကူဆောင်ရွက်ပေးသူသည်လည်း အရေးပါသူ ဖြစ်သည်။ သူတာဝန်၊ သူ့အခန်း သိမ်ငယ်သည် မဟုတ်။ ထောက်ကူသူ မကောင်းလျှင် ဆုံးဖြတ်ချက် မမှန်တတ်။ ဆုံးဖြတ်ချက်မှန်စေကာမူ ဆောင်ရွက်ရာတွင် ချွတ်ယွင်းနေလျှင် ဖြစ်သင့်သလို မဖြစ်။

“ဝန်ထမ်း” အခေါ်အဝေါ် သိက္ခာရှိသော အခေါ်အဝေါ် ဖြစ်သည်။ အင်္ဂလိပ်လိုအခေါ်အဝေါ်ကို “ပြည်သူ့အစေခံ”



ဟုပင် ပြန်ဆိုလို့ရသေးသည်။ နန်းရင်းဝန် ဝင်စတန်ချာချီက သူ့ကိုယ်သူ “ဘုရင့်ပထမအစေခံ” ဟု ဂုဏ်ယူပြောဆိုတတ်သည်။

အင်္ဂလန်တွင် ပါလီမန်ဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ တရားသူကြီးစသူတို့၏ အရာရှိများကို “စာရေး” ဟု ခေါ်သည်။ အခေါ်အဝေါ် သေးစေကာမူ၊ တာဝန်မသေး။ သူ့ပညာဗဟုသုတကို အလေးထားသည်။ ထိုက်တန်သောလစာ ပေးသည်။ အလုပ်လုပ်ရာတွင် တာတွေ့သာ အဓိက ဖြစ်သည်။

ထို့ကြောင့် ဝန်ထမ်းသည် ဂုဏ် မငယ်ပါ။ အရေးပါသူဖြစ်သည်။ ဝန်ထမ်းကောင်းတွေ လိုသဖြင့် ဗဟို ပြည်သူ့ဝန်ထမ်းကျောင်းလို ကျောင်းကြီးတွေ ငွေကုန်ကြေးကျခံထားရှိကာ မောင်မယ်များကို လေ့ကျင့်နေရသည်။ တက္ကသိုလ်များက ဝန်ထမ်းလောင်းများကို မွေးထုတ်နေရသည်။

၂

တရားရေးဝန်ထမ်းသည် တရားရုံး၏အရာရှိ ဖြစ်သည်။ တရားစီရင်ရေးအဖွဲ့အား ဥပဒေ၊ လုပ်ထုံး တင်ပြရသည်။ တရားသူကြီးများက မေးသည်ကို ဖြေကြားရသည်။ မမေးစေကာမူ တင်ပြသင့်လျှင် တင်ပြရသည်။

တရားရုံး ဝန်ထမ်းများ၏ နေ့စဉ် လုပ်ငန်းများကိုလည်း တရားသူကြီးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကွပ်ကဲရသည်။

တရားစီရင်ရေးအဖွဲ့သို့ တင်ပြရာတွင် ရှင်းလင်း ပြည့်စုံစေအပ်သည်။ စာအုပ်ကြီးတွေ၊ စီရင်ထုံးကြီးတွေ ညွှန်းနေရုံနှင့် မပြီး။ အကျိုးအကြောင်း သဘောပေါက်ဖို့က အရေးကြီးသည်။

ရှင်းလင်းစေ့စုံစွာတင်ပြနိုင်ရန်၊ ဝန်ထမ်းများ စာဖတ်၊ မပြတ်လေ့လာဖို့ လိုသည်။ ဥပဒေ၊ လုပ်ထုံး ကျေညက်ဖို့ လိုသည်။ စိတ်ကူးနှင့် လက်တမ်းပြော၍ရသည် မဟုတ်။ တရားသူကြီးများသည် အတွေ့အကြုံနည်းသူများ မဟုတ်။ ရှင်းလင်းတင်ပြသူက တင်ပြတတ်လျှင် မြင်လွယ် သိလွယ်ပါသည်။

ပြည်သူ့တရားသူကြီးများသည် တက္ကသိုလ် ဘွဲ့ရများ ဟုတ်ချင်မှ ဟုတ်မည်။ သို့ရာတွင် ဘဝတက္ကသိုလ်တွင် အတန်းများများ တက်ဖူးကြသည်။ ပြည်သူ့တရားစီရင်ရေး၏ အနှစ်သာရ၊ ရည်ရွယ်ချက်သည် စာတွေ့၊ လက်တွေ့ ပေါင်းစပ်ပေးရန် ဖြစ်သည်။ ရပ်ရွာအခြေအနေကို ပြည်သူ့တရားသူကြီးများက ပို၍သိကျွမ်းဖွယ် ရှိသည်။ ထိုအသိနှင့် အမှု အဖြစ်အပျက်၊ ဥပဒေ၊ ဓလေ့ထုံးတမ်းတို့ကို ခြုံငုံစဉ်းစား ဆုံးဖြတ်ခြင်းက ရပ်ရွာနေပြည်သူတို့ နားလည်လက်ခံနိုင်သော တရားကို ဖြစ်စေသည်။

ထို့ကြောင့် ပြည်သူ့တရားသူကြီးများအား လေးစားပွင့်လင်းစွာ စေတနာမှန်ဖြင့် ထောက်ကူအပ်သည်။ ထိုသို့ ထောက်ကူလျှင် ပြည်သူ့တရားသူကြီးများကလည်း စေတနာ တုံ့ပြန် မေတ္တာ၊ စာနာမှု ထားကြလိမ့်မည်။

၄

တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်း၊ ပြည်သူ့ရဲ၊ ဆရာဝန်၊ လက်ရေးပါရဂူ၊ ဓာတုဗေဒပညာရှင်စသော ဝန်ထမ်းများ



သည်လည်း အဂတိကင်းစွာ တရားစီရင်ရာတွင် ပါဝင်ထောက်ကူအပ်သည်။

အဂတိတရားဆိုသည်မှာ တရားသူကြီးများသာ တိမ်းပါးနိုင်သောတရား မဟုတ်။ ဝန်ထမ်းများကလည်း အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း မတင်ပဲ၊ အကြောင်းကြောင်းကို ငဲ့၍ အပို၊ အလို၊ ဟုတ်သည်ကို မဟုတ်ဟု၊ မဟုတ်သည်ကို ဟုတ်သည်ဟု တင်ပြနိုင်ကြသည်။ သက်သေကို ထိန်ဝှက်ထားခြင်း၊ မဟုတ်မမှန်ထွက်ဆိုရန် သင်ကြားခြင်း၊ ဝိရိယစိုက်ထုတ်၍ စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခြင်း စသည်တို့သည် ဝန်ထမ်းကျင့်ဝတ်နှင့် မညီ၊ တာဝန် ပျက်ကွက်ခြင်းများ ဖြစ်သည်။

ဆရာဝန်၊ လက်ရေးပါရဂူ၊ ဓာတုဗေဒပညာရှင်များ အဖို့လည်း ထိုနည်းတူ ဖြစ်သည်။ ဒဏ်ရာကြီးသည်ကို ငယ်သည်ဟု၊ ငယ်သည်ကို ကြီးသည်ဟု၊ အသက်ပြည့်သည်ကို မပြည့်သေးဟု၊ မပြည့်သည်ကို ပြည့်ပြီဟု၊ ဟုတ်သည်ကို မဟုတ်ဟု၊ မဟုတ်သည်ကို ဟုတ်သည်ဟု ထင်မြင်ချက် ပေးခြင်းဖြင့် တရားစီရင်ရေး တိမ်းစောင်းစေနိုင်သည်။ မတရား ဖြစ်စေနိုင်သည်။

ထို့ကြောင့် ဝန်ထမ်းများသည်လည်း တရားရုံး၏အရာရှိ အမှန်တရား၏အကျိုးဆောင်အဖြစ် အဂတိကင်းစွာ စေတနာထား၍ ပြည်သူ့ဝန်ကို ထမ်းဆောင်အပ်သည်။

ဥပဒေဝန်ထမ်းများသည် ရုံးအမှုလိုက်များသာမဟုတ်ကြ။ ပြည်သူ့ အကျိုးဆောင်များလည်း ဖြစ်ကြသည်။ နိုင်ငံသားတဦးက သူ၏ရပိုင်ခွင့် နစ်နာဆုံးရှုံးနေသည်ဟု တရားဝင်

တိုင်ကြားလာလျှင် စိစစ်၍ တင်ပြရသည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ လိုအပ်သလို ဆောင်ရွက်ရသည်။

## ၄

ရုံးဝန်ထမ်း၊ စာရေးကြီးငယ်၊ ငွေကိုင်၊ ဆင့်စာ ပို့သူများသည်လည်း အရေးပါကြသည်။

သူတို့သည်လည်း အဂတိကင်းစွာ ပြည်သူ့ဝန်ကို ထမ်းဆောင်အပ်သည်။ တရားရုံးအဆုံးအဖြတ် မည်သို့ပင် မှန်ကန်မျှတစေကာမူ ရုံးဝန်ထမ်းက လိုအပ်သောအမိန့် အချိန်မီ မရေးမထုတ်ခြင်း၊ အမှုတွဲပြန်မပို့ပဲ ဆွဲထားခြင်း စသည်တို့ဖြင့် နှောင့်နှေးကြန့်ကြာစေနိုင်သည်။ တဖက်သား၊ တဖက်နာ ဖြစ်စေနိုင်သည်။

တရားရုံးလာပြည်သူတို့အဖို့ ခက်ခဲကြန့်ကြာခြင်း မရှိစေပဲ ကိစ္စအရပ်ရပ်ကို မြန်မြန်၊ ချောချောမွေ့မွေ့ ဆောင်ရွက်ပေးကြလျှင် ပြည်သူက ကြည်ဖြူလိမ့်မည်။ ကျေးဇူးတင်လိမ့်မည်။ တရားရုံးကို ကြောက်စရာဟု သဘောမထား၊ အားကိုးစရာဟု မြင်လိမ့်မည်။

---

"တရားလိုဖက် အမှုလိုက် အရာရှိ၏ဘာဝန်သည် စစ်တရားရုံးကို တရားစီရင်ရေးတွင် ကူညီရန်၊ မျက်နှာမလိုက်ပဲ ဆောင်ရွက်ရန်၊ စစ်တရားရုံး၏ ရှေ့မှောက်သို့ မှုခင်းကိစ္စတခုလုံးကို တင်ပြရန်၊ ထို့ပြင် တရားခံ



အပေါ် မတရားသော အခွင့်ကောင်းယူမှု တခုခုကို မပြုရန်၊ သို့တည်းမဟုတ် တရားခံအတွက် အကျိုးရှိစေသည့် သက်သေခံချက် တခုခုကို ဖုံးကွယ်မထားရန် ဖြစ်သည်။"

တပ်မတော်နည်းဥပဒေ ၇၆(၁)။

---

"အရင်တုံးက အစိုးရရှေ့နေဆိုတဲ့ ပုဂ္ဂိုလ်ကလဲပဲ သူ့ကိုယ်ကျိုး ပါတာပဲ၊ ရုံးမှာတင် တရားစွဲလိုက်လို့ သူလိုက်တဲ့အမှုမှာ တရားခံ အပြစ် ရသွားလို့ရှိရင် သူ့အဖို့ ဒါ အောင်မြင်ခြင်းပဲ။ အဲဒါ လွတ်သွားလို့ရှိရင် သူ ညံ့လို့ပဲ။ အဲဒီတော့ သူ တွက်ဖို့ မေ့နေတာက အမှုသွား အမှုလာ၊ သက်သေအထောက်အထားဟာ မပြည့်စုံရင် သူ ဘယ်လောက်တော်တော်၊ သူ့ဥပဒေကြောင်း ဘယ်လောက်သိသိ၊ တကယ် အရေးကြီးတာတော့ အထောက်အထား။ အထောက်အထား မခိုင်လုံရင် ဒီလူ လွတ်မှာပဲ။ သို့သော်လဲပဲ၊ သူလဲပဲ သူ့အမှုကျလို့ရှိရင် ခုနက ရဲနဲ့ပေါင်းပြီးတော့ ဥာဏ်နီဥာဏ်နက် ဆင်ရတော့မယ်။

တခါ ရှေ့နေပိုင်းရောက်သွားတယ်။ ရှေ့နေ ကျပြန်တော့လဲ ဝမ်းရေးက ပါလာပြန်တယ်။ အမှုရမှ သူက ဝမ်းဝမှာ။ အဲဒီတော့ သူ့အဖို့မှာ သူ့လာငှားတဲ့ အမှုသယ်ဟာ ပြစ်မှု ကျူးလွန်သည်ဖြစ်စေ၊ ကျူးလွန်သည် ဖြစ်စေ အမှုနိုင်အောင် သူ လုပ်ရမယ်။ ဒီတော့မှ ရှေ့နေကြီး သိပ်တော်တယ်၊ ပဂေးပော့ဆိုတဲ့ နာမည်တလုံး ထွက်သွားလို့ရှိရင် အဲဒါ အမှုဟာ လက်မလည်အောင် လိုက်ရတယ်။

အဲဒီတော့ အဲဒီလို တဝကြောင့်မို့လို့လဲပဲ ရဲရော၊ ရှေ့နေတွေရော တရားအမှန်၊ အမှုမှန် ပေါ်အောင် တရားရေးဂုဏ်သိက္ခာ မြင့်မားအောင်ဆိုတဲ့ ကိစ္စမှာ မလုပ်နိုင်ပဲ ဝမ်းရေးကြောင့်မို့လို့ သေးကို သွေ့မိပြီးတော့ နေ့စဉ်မြို့စရာ မဟုတ်တာတွေ လုပ်ကြရတယ်။ တချို့ဆို ဝမ်းရေးကြောင့်သာ လုပ်ကြရတယ်၊ စိတ် မချမ်းသာဘူး။

နောင်ကို ဒီလိုမဖြစ်အောင် ဘယ်လိုများ လုပ်ကြမလဲ။ ဒါ စဉ်းစားဖို့ လိုလာတယ်။"

ဗိုလ်ချုပ်ကြီးနေဝင်း
စက္ကူအကြိမ် ပါတီနှီးနှောဖလှယ်ပွဲ
နိဂုံးချုပ်မိန့်ခွန်း
၁၁-၁၁-၁၉၆၉။

# ၁၅။ ရှေ့နေ

၁

ရှေ့နေသည် တရားရုံးအရာရှိ ဖြစ်သည်။ သူ့အား ငှားရမ်းသောအမှုသည်အား ကူညီဆောင်ရွက်ရန် တာဝန်ရှိသည် မှန်၏။ သို့ရာတွင် အဓိက ကာဝန်တရပ်မှာ အမှန်ကို ဖော်ထုတ်နိုင်အောင် တရားရုံးအား ထောက်ကူရန် ဖြစ်သည်။

အမှန်ကို ဖြစ်စေရမည်၊ ကိုယ့်အမှုသည်လည်း ဥပဒေနှင့်အညီ ရသင့်ရထိုက်သော သက်သာခွင့်၊ အခွင့်အရေးကို ရစေရမည်၊ ဤသို့ စေတနာ ထားအပ်သည်။ ရှေ့နေကျင့်ဝတ်စောင့်ထိန်းအပ်သည်။

တရားခံက သူလုပ်မိပါသည်ဆိုပါလျက် ရုံးတွင် "ဘူးကွယ်" ရန် ရှေ့နေက သင်မပေးသင့်၊ အမှန်ကို အမှန်အတိုင်း ပြောစေအပ်သည်။ သို့ရာတွင် တရားခံ၏ပြုလုပ်ချက်သည် ပြစ်မှုမြောက်ချင်မှမြောက်မည်၊ ဥပမာ၊ တဖက်က ရန်မူသဖြင့် ခုခံကာကွယ်ခြင်းလား၊ မတော်တဆဖြစ်ခြင်းလား၊ တရားဝင် အထက်အမိန့်အရ လုပ်ရသလား၊ တရားဝင် ခွင့်ပြုချက် ရှိသလား၊ ကိုယ့်အမှုသည်အား စေ့စေ့စပ်စပ် မေးမြန်းကာ အဖြစ်မှန်နှင့် ဥပဒေကို သုံးသပ်၍ ဥပဒေဘောင်အတွင်း၊

အမှုသယ်ရသင့်ရထိုက်သော သက်သာခွင့်၊ လွတ်မြောက်ခွင့်ကို တရားရုံးသို့ ဝိရိယစိုက်ထုတ် တင်ပြအပ်သည်။

သက်သေဖျက်၍၊ မုသားသက်သေ ထွက်ဆိုစေ၍၊ တံစိုး လက်ဆောင်ပေး၍ အမှုနိုင်တာမျိုးကို ရှောင်ရသည်။ လုပ်ထုံးကို အလွဲသုံးစားပြုကာ အမှုကြန့်ကြာအောင် ဆွဲခြင်း၊ အမှုသယ်အား အမှန်ကိုမပြောမပြဲ တရုံးပြီးတရုံး တက်စေခြင်း၊ တမှုနှင့် ပြီးရမည်ကို အမှုများပွား၍ ဇရှေ့နေခများ များစားခြင်း၊ အမှုသယ်ထံမှ ရှေ့နေခ အပြည့်ယူပြီးနောက် သူ့ကိစ္စကို ဂရုတစိုက်မဆောင်ရွက်ခြင်း၊ နောက် ရုံးချိန်းများတွင် အမှုသယ်ထံမှ နေ့တွက်ခ၊ ခြေကြွခရမှ ရုံးသို့ လိုက်ပါဆောင်ရွက်ခြင်း၊ ရုံးစရိတ်စသည်ကို ဖြတ်စားခြင်း၊ အမှုသယ်က ယုံကြည်စွာ ပြောဆိုအပ်နှံထားသော စကား၊ စာရွက်စာတန်းတို့ကို တဖက်သို့ ကမ်းလှမ်းအမြတ်ထုတ်ခြင်း၊ တရားသူကြီးများအား မလေးမစား မချေမငံ ပြုမူဆက်ဆံခြင်း စသည်တို့သည် ရှေ့နေ ကျင့်ဝတ်သိက္ခာနှင့်မညီသော လုပ်ရပ်များ ဖြစ်သည်။

ကျင့်ဝတ်သိက္ခာပျက်သော ရှေ့နေအား ရှေ့နေ အဖြစ်မှ ထုတ်ပယ်ခြင်း၊ ရှေ့နေ လိုက်ပါခွင့်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း စသည့် နည်းဖြင့် အရေးယူနိုင်သည်။ သို့ရာတွင် စုံစမ်းစစ်ဆေးရာတွင် ကြာတတ်သဖြင့် ထိရောက်သင့်သလောက် မထိရောက်တတ်ချေ။ ထိရောက်လျှင် ရှေ့နေကောင်းများအတွက် သိက္ခာတက်မည်။



၂

ဘိုးတော်မင်းတရား အမိန့်တော်ပြန်တမ်းတွင် စည်းကမ်းပျက် ရှေ့နေ ဇယောက်အား အောက်ပါကဲ့သို့ ကျိမ်းကိုင်ကတိပြုစေကြောင်းပါသည်—

"အမိန့်တော်ရ ရှေ့နေ ခန့်တော်မူသသူ ဇယောက်မှာ၊ ခန့်တော်မူသည့်အတိုင်း လွှတ်တော်ရုံးတော် အစီရင်ခံခွင့်လဲးဆိုရန် ရှိသောကြောင့်၊ အမှုသယ်တို့က ခေါ်လျှင် အမှုသယ်တဖက် မျက်နှာကြီးသသူဖြစ်သည်၊ အမှုသယ်တဖက် မျက်နှာငယ်သသူဖြစ်သည်၊ တံစိုးပဏ္ဏာကာရ အများပေးနိုင်သသူ ဖြစ်သည်၊ ဖိတ်က မစွဲ၊ မယူ မရည် မထောက်၊ ဂတိ ၄ ပါး၊ တံစိုး ၃ ပါး ကင်းလွတ်အောင် ဟုတ်မှန်သည့်အတိုင်း လဲးဆိုရမည်ဖြစ်သည်ကို မလဲး မဆို။ မျက်နှာကြီးငယ် ရှုယ်ထောက်ကြောင်းကို ရှေ့နားတော်မြတ်ကြားတော်မူသည်။ နောင် သည်ကဲ့သို့ ကြားတော်မမူရစေနှင့်။ မျက်နှာကြီးငယ် မရှုယ်မထောက်၊ ဂတိ ၄ ပါး၊ တံစိုး ၃ ပါး ကင်းလွတ်အောင် တရားဓမ္မသတ်ထုံးစံနှင့်အညီ၊ ဟုတ်မှန်တော်တည့် ဖြောင့်စွာ လဲးဆိုပါမည်၊ မလဲးမဆို လစ်ဟင်းယွင်းယိုလျှင်၊ ကျိမ်းတော်တွင် ပါသည့်အတိုင်း၊ စူးရောက်ပါစေသော၊ ဓိဋ္ဌာန်ပနက်စေ၍၊ အမိန့်တော်ရ ရှေ့နေ ဇယောက် ကျိမ်းကိုစွဲကိုင်စေ၊ အမိန့်တော်ရ ရှေ့နေတို့ကို ကျိမ်း

တိုက်ရာ၊ ရွှေရုံးတော်သို့ ဝန်ထောက် ၁၊၈၁ရေးကြီး ၁ တို့ ထွက်၍ ကြည့်ရှုစေ။"

၃

ရှေ့နေပါလျှင် အမှုကြာသည်၊ ပိုရှုပ်သည် ဟူ၍ကား တရားသူကြီးများက မယူဆသင့်ပါ။ ကျင့်ဝတ်သိက္ခာစောင့်၍ တာဝန်ကျေသော ရှေ့နေသည် တရားရုံးအား အထူး အထောက်အကူ ပြုပါသည်။ တရားရေးဝန်ထမ်း၊ ဥပဒေ ဝန်ထမ်းသဖွယ် ဖြစ်ပါသည်။ ပြည်သူ့အကျိုး ပြုလိုသော ရှေ့နေများ ရှိပါသည်။

တရားသူကြီးများအား အမှု၏ကောက်ချက်၊ စွဲချက်တို့နှင့် ဆီလျော်ယှဉ်ရွှေ စေ့စေ့စုံစုံတင်ပြကာ သက်ဆိုင်သောဥပဒေကို ရည်ညွှန်းခြင်းဖြင့် ရှေ့နေကောင်းတို့သည် မှန်မှန် မြန်မြန် တရားစီရင်ရေးကို အကျိုးပြုကြပါသည်။

ဖြစ်မှုတွင် တရားလိုဖက်မှလိုက်ပါသော ရှေ့နေ၊ ပြည်သူ့ရဲ အမှုလိုက်၊ ဥပဒေဝန်ထမ်းသည် တရားခံ အပြစ်ရစေဟူသော စေတနာ "ဆွဲချ" စိတ် မထားအပ်။ အမှန်တရားကိုသာ အကျိုး ဆောင်ရမည်ဟူသော လမ်းညွှန်ချက် ရှိခဲ့သည်။ ယခုအခါ ထိုလမ်းညွှန်ချက်ကို ပို၍ အလေးထားလိုက်နာကြရန် သက်ဆိုင် ရာတို့က နှိုးဆော်လျက် ရှိကြပါသည်။



၄

ရှေ့နေ မပါပဲသည်း တရားရုံးသို့ သွားလို့ရပါသည်။ ကိုယ့်ကိုစ္စ ကိုယ်ဆောင်ရွက်နိုင်လျှင် ရှေ့နေငှားရန် မလိုပါ။ ကိုယ်ကိုင် မပြောတတ် မဆိုတတ်လျှင် မိတ်ဆွေဘဦးဦးကို ကိုယ့်ကိုယ်စား လျှောက်လွှာရေးသား၊ တင်ပြပြောဆိုစေနိုင် ပါသည်။ သို့ရာတွင် တာယ့်အရေးကိစ္စတွင်မူ ကိုယ်တိုင် လိုက်လျှင်လိုက်၊ အကူအညီလိုလျှင် တတ်ကျွမ်းတာဝန်သိသော ရှေ့နေကို ကိုယ်စားလှယ်လွှဲတာ ကောင်းသည်။

အမှုပွဲစားများကိုမူ သတိထား ရှောင်ရှားအပ်သည်။ ရှေ့နေရမ်းကုများကိုလည်း သတိထားအပ်သည်။

ဆရာဝန် မကျွမ်းကျင်၊ ပေါ့ဆလျှင် လူနာခြောက်ပေ မြေအောက်ရောက်သည်။ ရှေ့နေ မကျွမ်းကျင်၊ ပေါ့ဆလျှင် တရားခံခြောက်ပေ မြေပေါ်ရောက်သည် ပြောစမှတ် ရှိသည်။ သေတွင်းနှင့် ကြိုးစင်၊ ဘဝဆုံးပုံချင်းသာ ကွာသည်၊ ဆုံးတာချင်းတော့ တူသည်။

---

"ဥပဒေပညာရှင်တို့၏ အရည်အချင်း ပြည့်ဝမှု၊ ကျင့်ဝတ်သိက္ခာ ထွန်းကားမှု၊ မိမိတို့ပညာကို အသက် မွေးဝမ်းကျောင်းအတွက် ရိုးသား ဖြောင့်မတ်စွာ အသုံးချမှု၊ ပြည်သူအများကို အကျိုးပြုမှု စသည်တို့ ပြန့်ပွားလာသည်နှင့်အမျှ ပြည်သူက တရားဥပဒေကို

လေးစားယုံကြည် အားကိုးလာကြမည် အမှန် ဖြစ်ပေသည်။ ယင်းဂုဏ်အင်္ဂါ အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသောအခါ ရုံးထုံးစံအရ ခေါ်ဝေါ်လေ့ရှိသော "ပညာရှိ အကျိုးဆောင်" ဟူသည့် ဝေါဟာရသည် အဓိပ္ပာယ် အနှစ်သာရနှင့် မျှားစွာ ပြည့်စုံလာဘွယ်ရာသာ ရှိပေသည်။"

ရန်ကုန်သတင်းစာ ခေါင်းကြီး
၁၀-၉-၁၉၇၀

## ၁၆။ သတင်းစာ

### ၁

ဤခေတ်တွင် ပြည်သူတွေ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများများ ဖတ်ကြသည်။ ဗဟုသုတ လိုလားကြသည်။

ပြည်သူ့တရားစီရင်ရေးစနစ် တည်ဆောက်ခဲ့ကြရာတွင် သတင်းစာများမှ အရေးပါသောအကူအညီ ရခဲ့ပါသည်။ တရားစီရင်ရေးအဖွဲ့များ၊ ဝန်ထမ်းများ၊ ရှေ့နေများ၊ ပြည်သူများသိစေအပ်သော စီရင်ထုံး၊ လုပ်ထုံး၊ လမ်းညွှန်များကို သတင်းစာများက အပြည့်အစုံဖော်ပြကြသဖြင့် ချက်ချင်း ပြန့်နှံ့သည်။ စာတွေ၊ စာအုပ်တွေ ထုတ်နေတာက ကြာသေးသည်။

သတင်းစာခေါင်းကြီးများ၊ ဆောင်းပါးများက ပြည်သူ့တရားစီရင်ရေး၏ ရည်မှန်းချက်များကို ပြည်သူတို့ သဘောပေါက်အောင် ရေးသားဖော်ပြကြသည်။ စနစ်ကို ပြည်သူတို့ ယုံကြည်အားပေးအောင် ကူညီပညာပေးကြသည်။ အသေးစိတ် လုပ်ဆောင်ရာတွင် ဖဲာကွက်များကို ထောက်ပြကြသည်။ အကြံဉာဏ်ကောင်းများကို ပေးကြသည်။ တရားရုံးများကလည်း စာ-နယ်-ဇင်းမှ ပညာရှင်များကို လိုအပ်သောအကူပေးပါဟူ

ကျွန်တော်တို့က ကျေးဇူး တုံ့ပြန်သောအားဖြင့် မှာကြားခဲ့သည်။

ပြည်သူတို့သည် တရားဥပဒေရေးရာတွင် စိတ်ဝင်စားလာကြသည်။ တရားစီရင်ရေးသည် တရားရုံးကိစ္စသာမဟုတ်၊ ဒို့ရပ်ရွာကိစ္စ၊ ဒို့ကိစ္စဟု မြင်တတ်လာသည်နှင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်ပါသော တရားဥပဒေစီရင်ထုံး၊ ဆောင်းပါး၊ သတင်းများ၊ ဥပဒေစာအုပ်၊ မှုခင်းစာအုပ်များကို ဂရုစိုက် ဖတ်ကြသည်။

နိုင်ငံတော်ကလည်း ဥပဒေပညာပြန့်ပွားလာအောင် ဖြန့်ဖြူးသည်။ တက္ကသိုလ်တွင် အချိန်ပြည့် ဥပဒေတွဲသင်တန်းဖွင့်သည်။ မှတ်ပုံတင် ရှေ့နေသင်တန်းသို့ နှစ်စဉ် ထောင်ချီ၍ ဝင်ခွင့် တောင်းကြသည်။ ရှေ့နေ စာမေးပွဲများကိုလည်း ဖြေဆိုသူများသည်။ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီဝင်များကို ဥပဒေသင်တန်း ပေးခဲ့ကြသည်။ ပြည်သူ့ကောင်စီဝင်များ၊ တရားသူကြီးအဖွဲ့ဝင်များကိုလည်း ဥပဒေဗဟုသုတ ပေးလျက်ရှိသည်။ လွှတ်တော်တွင် ပြည်သူများအား ဥပဒေဗဟုသုတများများပေးပါဟု မကြာမကြာ ဆွေးနွေးကြသည်။

ဤသို့ ဥပဒေပညာဗဟုသုတဖြန့်ကြရာတွင် စာ-နယ်-ဇင်းများ တာဝန်ကြီးမားသည်၊ လုပ်စရာအခွင့်အလမ်း ကျယ်ဝန်းသည်။ အထူးသဖြင့် သတင်းစာ၏အခန်းသည် ပဓာနကျသည်။



## ၂

တရားရုံးသတင်းရေးသားရာတွင် အဖတ်ကောင်းဖို့ လိုသည်။ ပြည့်စုံမှန်ကန်ဖို့ လိုသည်။ ဒေါသနှင့် ရေးသည်၊ ဖက်လိုက်၍ ရေးသည်ဆိုလျှင် မှားတတ်သည်၊ မမျှမတ ဖြစ်တတ်သည်။

အမှုအကြောင်း သတင်းရေးရတာ မလွယ်။ သတင်းစာတွင် အကုန်အစုံထည့်ရန် နေရာမလောက်၊ အတို ချုံးရသည်။ ထိုအခါ အချိန်လု၍ ရေးရသဖြင့် မပြည့်မစုံ ဖြစ်တတ်သည်။ ဘယ်အပိုင်းကို ဖြုတ်၍ ဘယ်အပိုင်းကို ထည့်မည်၊ ဂရုစိုက် ရွေးချယ် တည်းဖြတ်ရသည်။ မျှတအောင် ဂရုစိုက်ရသည်။ အချက်အလက်၊ နာမည်၊ မှန်ကန်ဖို့ လိုသည်။ ဥပဒေပုဒ်မတွေ တပ်ဖို့က အရေးမကြီး။

ဖြစ်မှုဖြင့် အရေးယူသည့်အဆင့်တွင် အထူး ဆင်ခြင်ရေးသားရသည်။ လူသတ်သမား၊ လုပ်စားသူ၊ လိမ်လည်သူစသည်ဖြင့် အပြီး ဆုံးဖြတ်ပြီးသကဲ့သို့ ကင်ပွန်း မတပ်သင့်။ စွဲဆိုခြင်းခံရသူဟုသာ ခေါ်သင့်သည်။ တရားရုံးက စစ်ဆေးဆုံးဖြတ်ခြင်းမပြုရသေးမီ သတင်းစာက ကြိုတင်ဆုံးဖြတ်ခြင်း မပြုသင့်။ ဒေါသကင်း၍ တည်ငြိမ်ရသည်။

သတင်းစာစောင်ရေ တိုးရုံသက်သက်၊ လူကြိုက်များသော မှုခင်းမျိုးကို အားရဝမ်းသာ၊ ချဲ့ထွင်ကာဖြင့် မရေးသင့်။ ပြည်သူ့အကျိုး၊ အကျင့်စာရိတ္တစသည်တို့ကို ထောက်ထား အပ်သည်။

သူတဦးအကြောင်း မစိမစစ်ပဲ နှစ်နှစ်နှာနှာ မရေးသင့်။ သတင်းမှားရေးမိ၍ နောက်နေ့မှ ပြင်ဆင်ချက် ထည့်ပေးလျှင်လည်း စာဖတ်သူတို့စိတ်ထဲသို့ အမှား ဝင်သွားပြီ။

စကားကေခင်း ၂မျိုးကိုသာ ရေးသားထုတ်ဝေသင့်သည်။ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူလည်းနာလိုသော စကားတမျိုး၊ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူ မနာလိုသောစကား တမျိုး။

---

"လူတိုင်း ဥပဒေနားလည်အောင် ဘယ်လို လုပ်ကြမလဲ။"

"နည်းအမျိုးမျိုးနဲ့ လုပ်ရမှာပေါ့။ ကျောင်းတွေမှာ အပိုသင်ခန်းစာအဖြစ် ပေးနိုင်တယ်။ ဒီလိုပါ၊ လူတိုင်း ဥပဒေနားလည်ရမယ် ဆိုတာကတော့ မျှားလွန်းပါတယ်။ ဒါပေမဲ့ လူတိုင်းမှာ ဥပဒေ အသိစိတ်ကလေး ဝင်နေဖို့တော့ လိုအပ်တယ်။"

"ဥပဒေအသိစိတ် ဆိုတာ—"

"ဒီလိုလေ ဘာပဲလုပ်လုပ်၊ ဘယ်သူကပဲလုပ်လုပ်၊ လုပ်လေသမျှဟာ ဥပဒေဘောင်အတွင်းမှာသာ ဖြစ်ရမယ်၊ တရားဥပဒေ စိုးမိုးရေးသာလျှင် အဓိက ဆိုတဲ့ အသိလေးပါ။"

တက်တိုး
"ပြည်သူ့တရားစီရင်ရေး"ဆောင်းပါး
လုပ်သားပြည်သူ့နေ့စဉ်
၂၂-၁-၁၉၇၀

# ၁၇။ မှတ်စုပြခဲ

၁

ဤမှတ်စုများကိုပြုယင်း ကျွန်တော် ရှေ့နေလိုက်ခဲ့၊ တရားသူကြီးလုပ်ခဲ့သည့် အတွေ့အကြုံများကို ပြန်လည် သုံးသပ်ခွင့်ရပါသည်။

မှတ်စုတွင်ပါသမျှ ဆောင်ရန်၊ ရှောင်ရန်ဟူသမျှကို ကျွန်တော်၏ အနှစ်အစိပ်ကျော် တရားဥပဒေအတွေ့အကြုံတွင် ကိုယ်တိုင် ဆောင်ခဲ့၊ ရှောင်ခဲ့နိုင်သည် မဟုတ်ပါ။ သို့ရာတွင် တစတစနှင့် ဆောင်ကောင်းသည်၊ ရှောင်ကောင်းသည်ဟူသော အသိတရား ရခဲ့သည်နှင့်အမျှ ကြိုးစား၍ ဆောင်ခဲ့၊ ရှောင်ခဲ့ပါသည်။

တရားဥပဒေသည် လူတို့၏ နေ့စဉ် နေထိုင်အသက်မွေးဝမ်းကျောင်းမှုဘဝနှင့် အစဉ်ယှဉ်တွဲ၍နေသည်။ တရားဥပဒေပြဿနာများသည် လူ့ပြဿနာများဖြစ်သည်။ တရားရုံးသည် လူ့ဘဝကိုပြသော ကြေးမုံပြင် ဖြစ်သည်။ ဤအသိဖြင့် ကြည့်လျှင် တရားဥပဒေ၊ တရားရုံးလုပ်ငန်းသည် အသက်ဝင်နေသည်ကို မြင်ရပါသည်။ သက်မဲ့စာရွက်များ၊ စာအုပ်များ၊ အမှုတွဲများ မဟုတ်တော့ပါ။

တရားဥပဒေဖြင့် လူလူချင်း ဆက်ဆံခြင်း၊ အတူနေထိုင် လုပ်ကိုင်ခြင်းကို ချောမွေ့ချမ်းသာစေနိုင်သည်။ တရားဥပဒေဖြင့်ပင် ရှုပ်ထွေးကြပ်တည်းစေနိုင်သည်။

တရားဥပဒေသည် အေးချမ်းသာစေဖို့ ဖြစ်သည်၊ ချောမွေ့ ပြေပြစ်စေဖို့ဖြစ်သည်။ ကောင်းကျိုးကိုဖြစ်စေဖို့ဖြစ်သည်၊ အများ ဆင်းရဲပင်ပန်းစေဖို့ မဟုတ်၊ ယစ်ပေါက်ခဲစေဖို့မဟုတ်၊ ကောင်း ကျိုးပြုခြင်းကိုချုပ်ချယ် ဟန့်တားစေဖို့ မဟုတ်ဟု သိနားလည် ခံယူကာ လုပ်ဆောင်ကြလျှင် တရားဥပဒေသည် ထက်မြက်လာ လိမ့်မည်၊ အဓိပ္ပာယ်ပြည့်ဝထင်ရှားလာလိမ့်မည်။

၂

မှတ်စုပြုဆဲဖြစ်ပါသည်။ ကိုယ်လုပ်ကိုင်၊ ဆုံးဖြတ်ခဲ့တာတွေ ကို ပြန်၍ဆင်ခြင်သုံးသပ်လျှင် အားရစရာတွေ တွေ့သည်။ အားမရစရာတွေ တွေ့သည်။

မှန်လှပြီ၊ ဟုတ်လှပြီထင်ခဲ့သည့်အချို့ကို ယခုအခါ သံသယ ဝင်မိသည်။ အမှန်တရားဟူသည် အပြောလွယ်၍ ရှာဖွေရ ခက်သည်။ ကိုယ့်အမှန်နှင့် သူ့အမှန် ကွဲလွဲတတ်သည်။ အမှန်ချင်း တူနေလျှင် ရုံးရောက်စရာ အကြောင်း မရှိ။ အဆုံးအဖြတ် ယူစရာ အကြောင်း မရှိ။

ထိုအခါ ထိုအခြေအနေတွင် အမှန်နှင့် အနီးကပ်ဆုံးကို သာ အဂတိမပါ၊ တရားမျှတစွာဖြင့်၊ ဆုံးဖြတ်ရသည်။ ထိုအခါက အမှန်သည် ဤအခါ၌ မှန်ချင်မှ မှန်လိမ့်မည်။



မှား၍ဆုံးဖြတ်မိလျှင် ငရဲကြီးမည်လား။ မှန်ပင် မှန်စေ ကာမူ သေဒဏ်ပေးရလျှင် ငရဲကြီးမည်လား။ အချို့သော ပုဂ္ဂိုလ်များ သေဒဏ်ပေးရမည်စိုး၍ စက်ရှင်တရားသူကြီး၊ တရားလွှတ်တော်တရားသူကြီး မလုပ်လို ငြင်းဆန်ခဲ့ကြသည်၊ ကြားဖူးသည်။

ဆရာတော်များအား ချဉ်းကပ်၍ ထိုပြဿနာကို လျှောက် ထားဖူးသည်။ အဂတိ မဖက်၊ သတိ မလွှတ်၊ ဉာဏ်စွမ်းရှိသမျှ စဉ်းစားချင့်ချိန်ဆုံးဖြတ်လျှင် မှားစေကာမူ အပြစ်မရှိ။ တရားခံ သူပြုမှုကံကြောင့် ဥပဒေအရသေဒဏ်ခံရလျှင် တရားသူကြီးက စီရင်သည် မဟုတ်၊ သူ့ကံက သူ့ကိုစီရင်သည်၊ တရားသူကြီးတွင် အပြစ်မရှိဟု မြွက်ဆိုမိန့်ကြားကြသည်။

အငြိမ်းစားတရားသူကြီးချုပ်တဦးအားလည်း မေးဖူးသည်။ ငါ့တူ၊ ပူမနေနှင့်။ ဦး၊ တရားသူကြီးဖြစ်စကလည်း ပူဖူးသည်။ မှန်ပါ့မလား၊ မှားလေမလား။ ပထမ ၁နှစ်တွင် ကိုယ်ဆုံးဖြတ် သမျှ အကုန်မှားသည် ထင်မြင်စိုးရိမ်မိသည်။ ဒုတိယနှစ်တွင် ယုံကြည်ချက် အားကောင်းလာကာ အကုန်မှန်သည် ထင်လာ သည်။ တတိယနှစ်မှစ၍ နောက်ပိုင်းတလျှောက် မထူးပါဖူး။ စိတ်ကူး ပေါက်သည်။ ကောင်းမည်ထင်ရာကို ဆုံးဖြတ်သည်။ အိပ်ရေးမပျက်တော့ပြီဟု သူ့အတွေ့အကြုံမှ အားပေးစကား ပြောသည်။

၉

မှတ်စုပြုရန်၊ ပြန်စဉ်းစား၊ ပြန်ဖတ်ရသည်မှာ ကျန်တော့်အဖို့ အကျိုးထူးလှသည်။ အသစ်လေ့လာဖတ်ရှုရသည်မှာလည်း အကျိုးထူးလှသည်။

တက္ကသိုလ်တွင် အင်္ဂလိပ်စာနည်းပြဆရာ၊ ဥပဒေကထိက လုပ်ခဲ့စဉ်များက တနင်္ဂနွေပို့ချနိုင်ရန် ဆယ်နာရီ ဖတ်ရသည်။ ကြားနာသူရှင်းလင်းအောင် ပို့ချသူကိုယ်တိုင် ပထမရှင်းရှင်း သိရသည်။ စာသင်တန်းရှေ့ရောက်မှ စာအုပ်မကိုင်၊ လက်တမ်း ပြောသလို ပို့ချခဲ့စေကာမူ လူမမြင်နောက်ပိုင်းက အတော်ကြီး ပြင်ဆင်ခဲ့ရသည်။ တနှစ်တည်း မဟုတ်၊ နှစ်တိုင်းပင် ဖြစ်သည်။ မှတ်စုပြုရာတွင်လည်း ထိုအတိုင်းပင် ဖြစ်သည်။

ဤမှတ်စုများသည် ဖတ်ရှုသူအဖို့လည်း အတော်အသင့် အထောက်အကူဖြစ်စေမည် မျှော်လင့်ပါသည်။

အသေးစိတ်လုပ်ထုံးများကို ဗဟိုအဖွဲ့အစည်းများက ပြုပြင် ရေးဆွဲကြလိမ့်မည်။ ဥပဒေသစ်များကို ပြုလုပ်ကြရဦးမည်။ သို့ရာတွင် အခြေခံသဘောများကား များစွာ ပြောင်းလွဲမည် မထင်မိ။

မြန်မာ့အိမ်ထောင်ရေး ဓလေ့ထုံးတမ်းဥပဒေ၊ ပြစ်မှုဆိုင်ရာ ဥပဒေ၊ အမှန်ကိုရှာဖွေနည်းဖြစ်သော သက်သေခံဥပဒေစသည် တို့ကို မြန်မာတိုင်းရင်းသားတို့ ခေတ်အဆက်ဆက် နားလည် ကျင့်သုံးခဲ့ကြသော ထုံးတမ်း၊ ဓမ္မသတ်၊ နိပါတ်၊ ဒေသနာတို့ကို သင့်သလိုညှိနှိုင်း၍ ခေတ်နှင့်လျော်အောင် ဖော်ထုတ်နိုင်လျှင် ကောင်းမည်၊ တွေးမိသည်။



အားလပ်ချိန်တွင် ရှာဖွေလေ့လာဦးမည်၊ မှတ်စုပြုဦးမည်၊ စိတ်ကူးမိသည်။ ရှာယင်း၊ မှတ်ယင်း၊ အကာကိုပယ်၍ အနှစ်ကို ယူယင်း၊ သာမညကို အဓိကမှခွဲခြားယင်း၊ မိမိကိုယ်ကိုမိမိ၊ လေ့လာသင်ကြားရဦးမည်။

---

ငါနှင့်ငါသာ၊ နိုင်းစရာဟု
ပညာမုန်ယို၊ အရှယ်ပျိုက
မဆိုစလောက်၊ မာန်စောင်မြောက်၍
နုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း
နှောင်းပြီးတခါ၊ ရိုသေစွာလျှင်
ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်
စိတ်ကျန်းမာန်လျှော့၊ ငါကန်တော့၏။

ကိုးခန်းပျို့
ရှင်မဟာရဋ္ဌသာရ

# ကျေးဇူးတင်ပါသည်

တရားဓမ္မအရာ၊ တရားဥပဒေအရာ လိမ္မာအောင် ကျွန်တော့်အား သွန်သင်ပြသ ဆုံးမခဲ့ကြသော ရဟန်း ပုဂ္ဂိုလ်၊ လူ ပုဂ္ဂိုလ်၊ ဆရာ အရှုရှု၊ မလိမ္မာသေးသမျှသည် ကျွန်တော့်တာဝန်သာ ဖြစ်ပါသည်၊

သားသမီးများကိုသာမက၊ နိုးစပ်သူဟူသမျှကို၊ ဖွဲ့လုံ့လကြီးစွာဖြင့် ပညာပေး အားပေးခဲ့သော ဖခင် ဦးဆင့်၊

ပြည်သူ့တရားစီရင်ရေးနှင့်ပတ်သက်၍ အတူးစိတ်ဝင်စားစွာ လေ့လာ အကြံပေး ကိုယ်တိုင် ပါဝင် ဆောင်ရွက်ခဲ့ကြသော ရှေ့နေကြီးများ၊ ဦးခင်မောင်ဒွေး [မန္တလေး]၊ ဦးကျွန်းကျော် [မြင်းခြံ]၊ ဦးသူငယ် [သာယာဝတီ]၊ ဦးလေးဖြစ်သူ အငြိမ်းစား စက်ရှင်တရားသူကြီး ဦးကို [တောင်ငူ]နှင့် အခြား ရှေ့နေကြီးများ၊

စနစ်သစ်ကို နှီးနှောဆွေးနွေးခဲ့ကြရာတွင် ပါဝင်ခဲ့ကြသော တပ်မတော် အုပ်ချုပ်မှု အထောက်အကူကျောင်း တန်းမြင့် ဥပဒေသင်တန်းများ၊ ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း သင်တန်းများ၊ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ သင်တန်းများမှ သင်တန်းသားအရာရှိများ၊ ဆရာများ၊ ကျောင်းအုပ်ကြီးများ၊

ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ သင်တန်းများသို့ တက်ရောက် နှီးနှောခဲ့ကြသော ပြည်သူ့ကိုယ်စားလှယ်ကြီးများ၊

တရားရုံးချုပ်၊ တရားရေးဝန်ထမ်းအဖွဲ့၊ ရှေ့နေချုပ်ရုံး၊ ဥပဒေဝန်ထမ်းအဖွဲ့၊ စစ်ဖက်အယူခံ တရားရုံး၊ ရုံးအဖွဲ့၊ တရားရေးဝန်ကြီးဌာန ရုံးအဖွဲ့၊ ပြည်သူ့ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနတို့မှ အုပ်ဖော်ကိုင်ဖက်များ၊



သုတေသနပြုလျှင် ကျွန်တော့်အား သူတို့ပေါ်မပြီးကြသော ဂါဒီယန် အင်္ဂလိပ်သတင်းစာအယ်ဒီတာချုပ် (ယခု ညွှန်ကြားရေးမှူးချုပ်) ဦးသာကျော်၊ တက္ကသိုလ်များစာကြည့်တိုက်မှူး ဦးသော်ကောင်း၊ ဦးချစ်ဆောင် (ယခု နိုင်ငံတော်ကောင်စီရုံး ဥပဒေပညာရှင်)၊

ကိုယ်မနိုင်သော စာကြီးပေကြီးကိုရှောင်၊ အများ နားလည်ဖတ်ပျော်အောင်ရေးဟု ဘေးမှ ဝေဖန်အားပေးခဲ့ကြသော အိမ်သူ "မြင့်"နှင့် စန္ဒာ၊ သီတာ၊ ချင်ရင်အေး၊ ရင်ရင်ဦး၊ မောင်ဝင်းမောင်တို့၊

ကျွန်တော်တို့ဝိုင်းတော်သားများဖြစ်ကြသော ဦးပါ၊ ဒေခင်ဇ၊ ဒေါ်အညို၊

ဝင်းမော်ဦးစာပေမှ ဦးတင်မောင်၊ ရွှေဟင်္သာပုံနှိပ်တိုက်မှ မိတ်ဆွေများနှင့်-

အခြား အခြားသော မိတ်ဆွေများအား ကျေးဇူး တင်ပါသည်။

မောင်မောင်

၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ။

## ဒေါက်တာမောင်မောင်

"မန္တလေးမြို့ ဇာတိ ဖြစ်၍ အဖ ဦးဆင်၊ အမိ ဒေါ်အေးတင်တို့မှ ၁၉၂၅ ခုနှစ်တွင် ဖွားမြင်သည်။ မန္တလေးမြို့၊ ဗုဒ္ဓဘာသာသနနုဂ္ဂဟအထက်တန်းကျောင်းမှ အသက် ၁၄နှစ်အရွယ်တွင် ၁၀တန်းအောင်သည်။

မန္တလေးဥပစာကောလိပ်မှ ဥပစာသိပ္ပံ စာမေးပွဲကို အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒဘာသာရပ်များ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ စစ်အတွင်း ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်သည်။ မင်္ဂလာဒုံ စစ်တက္ကသိုလ် စတုတ္ထပတ် ဗိုလ်သင်တန်းမှ ဆင်းခဲ့ပြီး နောက်တော်လှန်ရေးတွင် ဟင်္သာတခရိုင်နှင့်ပဲနွယ်ကုန်း တိုင်း ၁၊ မျိုးချစ် ဗမာ့တပ်မတော်တို့၌ စစ်ပြီးအထိ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၄၆ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သည်။အလုပ်လုပ်ရင်း ဥပဒေဝိဇ္ဇာဘွဲ့စာမေးပွဲကို ဖြေဆိုရာ ၁၉၄၉ ခုနှစ်တွင် ပထမရ၍ အောင်မြင်သည်။ ထိုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ဥပဒေပညာ သွားရောက်သင်ကြားရာ ဝတ်လုံစာမေးပွဲကို အောင်မြင်သည်။ ၁၉၅၆ခုနှစ်တွင် ဟော်လန်နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ တရားဥပဒေများကို လေ့လာ၍ ဥပဒေပါရဂူဘွဲ့ ရခဲ့သည်။ ၁၉၅၀ခုနှစ်တွင် လက်ထောက် ရှေ့နေချုပ်အဖြစ် ခန့်အပ်ခံရသည်။ ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ ယေးတက္ကသိုလ်သို့သွား၍ စာပေပို့ချခဲ့သည်။ ထို့နောက် ဥပဒေဒေါက်တာဘွဲ့ကို ရယူပြန်



သည်။ ၁၉၆၅ခုနှစ်တွင် တော်လှန်ရေးကောင်စီက တရားသူကြီးချုပ်အဖြစ် ခန့်ထားခြင်း ခံရသည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ တရားရေးဌာနဝန်ကြီးအဖြစ်ဖြင့် ဆောင်ရွက်လျက် ရှိသည်။

ဒေါက်တာမောင်မောင်သည် ၁၉၆၈ခုနှစ် နိုင်ငံရေးဆိုင်ရာ အမျိုးသားစာပေဆုရသော မြန်မာ့နိုင်ငံရေးခရီးနှင့်ဗိုလ်ချုပ်ကြီးနေဝင်းစာအုပ်အပြင် သွေးနိ၊ ဒို့ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ နိုင်ငံတော် လုပ်ကြံမှုစသည့် စာအုပ်များကို မြန်မာဘာသာဖြင့် ရေးသားခဲ့သည်။ အင်္ဂလိပ် ဘာသာဖြင့်လည်း The Forgotten Army; London Diary; Burma in the Family of Nations; Burma's Constitution, Burma and General Ne Win အမည်ရှိ စာအုပ်များကို ပြုစုခဲ့သည်။"

**ထုတ်ဝေသူ့မှတ်ချက်။** ။အထက်ပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်ကို ဒဂုန်ရွှေမျှားပြုစု၍ စာပေဗိမာန်မှ ထုတ်ဝေသော မြန်မာနိုင်ငံစာပေဆုများစာအုပ်(၁၉၇၂)မှ ကောက်နုတ် ဖော်ပြပါသည်။

ဒေါက်တာမောင်မောင်သည် ဖော်ပြပါ စာအုပ်များအပြင် သားမောင်စစ်သည်သို့ (ပုဂံစာအုပ်တိုက်၊ ၁၉၇၃)နှင့် To a Soldier Son (စာပေဗိမာန်၊ ၁၉၇၅)တို့ကို ရေးသားခဲ့ပါသည်။

ဒေါက်တာမောင်မောင်နှင့် ဇနီး ဒေါ်ခင်မြင့်တို့တွင် သားသမီး ၇ဦး ထွန်းကားသည်။

## ကျမ်းကိုးအညွှန်း


၁။ မဟာဗုဒ္ဓဝင်၊ ၆တွဲ၊ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၊ ဗုဒ္ဓသာသနာအဖွဲ့။

၂။ ဘုရားဥပဒေတော်ကြီး၊ အသျှင်ဇနကာဘိဝံသ၊ ဟံသာဝတီ၊ ၁၉၅၇။

၃။ ဓာတုပိဋကသုတ်၊ မုံကျွန်း ဆရာတော်၊ ၁၉၇၅။

၄။ အလောင်းမင်းတရား အမိန့်တော်များ၊ ဒေါ်ခင်ခင်စိန် တည်းဖြတ်၊ သမိုင်းကော်မရှင်၊ ၁၉၆၄။

၅။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်မင်းတရား အမိန့်တော်တမ်းကြီး၊ ၅တွဲ၊ ဦးတင်၊ ဗဟိုပုံနှိပ်တိုက်၊ ထပ်မံပုံနှိပ်၊ ၁၉၆၂။

၆။ သုံးဆယ့်ခြောက်စောင်တွဲ၊ အမွေမှုခန်း ဓမ္မသတ်ကျမ်းကြီး၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ၁၈၉၈။

၇။ သုံးဆယ်လေးစောင်တွဲ၊ အိမ်မှုခန်း ဓမ္မသတ်ကျမ်းကြီး၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ၁၈၉၉။

၈။ မြန်မာ့အုပ်ချုပ်ရေးပညာ၊ ဦးတဦး၊ ဦးဇမောင် တည်းဖြတ်၊ မန္တလေး။

၉။ ရာဇဓမ္မသင်္ဂဟကျမ်း၊ ယောမင်းကြီး ဦးဘိုးလှိုင်၊ မောင်ထင် တည်းဖြတ်၊ ဟံသာဝတီ၊ ၁၉၆၀။

၁၀။ သမိုင်းဝင် မိန့်ခွန်းများ၊ ၃တွဲ၊ ဥက္ကဋ္ဌကြီး ဦးနေဝင်း၊ လမ်းစဉ်ပါတီ။

၁၁။ တရားစီရင်ရေးလမ်းညွှန်၊ တရားရုံးများ ညွှန်ကြားလွှာလက်စွဲ (၁၉၄၆-၇၀)၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၀။





၁၂။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ (၁၉၆၅-၇၀)၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၁။

၁၃။ ပြည်သူ့တရားရုံး လက်စွဲစာစောင်များ၊ ရာဇဝတ်တရားစီရင်ရေး၊ တရားမ တရားစီရင်ရေး၊ ကလေးသူငယ်မှုခင်း၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၇၂-၁၉၇၃။

၁၄။ နိုင်ငံတော်လုပ်ကြံမှု (ပြည်ထောင်စုနှင့် ဦးစော)၊ ဒေါက်တာမောင်မောင်၊ ဝင်းမော်ဦးစာပေ၊ ပြင်ဆင်ပုံနှိပ်၊ ၁၉၇၄။


---

## ပြင်ဆင်ချက်

စာမျက်နှာ ၅၇၊ အခန်းငယ် ၄၊ အဖွင့်တွင် "တရားမျှတမှု" အစား "တရားမမှု" ဟုဖတ်ပါ။

စာမျက်နှာ ၁၆၅ ပထမ စာကြောင်းတွင် "တရားကြီး" အစား "တရားသူကြီး" ဟု ဖတ်ပါ။

---

# အက္ခရာစဉ် အညွှန်း


(က)

ကမ္ဘာ့ကုလသမဂ္ဂ ၆၁
ကမ္ဘာ့တရားလွှတ်တော် ၆၀
ကာလမဆုတ် ၁၃၇
ကူဋဒန္တသုတ် ၁၅၈
ကျော်စိုး၊ ဗိုလ်မှူးကြီး ၃၀၊၁၈၅
ကျော်ထင်၊ ဗိုလ်မှူးချုပ် ၁၈၄
ကျင့်ထုံးဥပဒေ ၆၀၊၆၇
ကိုးဦးတဦး ဆောင်ပုဒ် ၁၃၃
ကလေးသူငယ် ၉၀၊၁၂၄၊၁၄၆
ကောက်ချက် ၆၇၊၁၉၃
ကြီးမောင် ၁၃၈
ကြေးမုံသတင်းစာ ၆၄၊၁၃၈
ကျေအေးမြင်း ၈၇၊၁၇၀

(ခ)

ခင်အုန်း၊ ဗိုလ်မှူးကြီး ၁၈၄
ချေပရန်တာဝန် ၁၀၂၊၁၃၂
ခုခံချေပခွင့် ၉၁

(ဂ)

ဂျူရီလူကြီး ၃၃၊၁၂၇၊၁၇၄

(စ)

စန်းယု၊ ဗိုလ်ချုပ်ကြီး ၃၆၊၁၈၄
စိန်ဝင်း၊ ဗိုလ်မှူးချုပ် ၄၁၊၁၈၅





စိန်လွင်၊ ဗိုလ်မှူးကြီး ၁၈၄
စံကြည်၊ ဗိုလ်မှူးကြီး ၁၈၄
စစ်တရားရုံး ၁၈၃
စုံညီခုံရုံး ၁၆၃
စီးပွားရေးနှင့် ပြစ်မှု ၁၅၇
စီရင်ထုံး ၂၄၊၄၀၊၁၃၄၊၁၃၇
စေတနာ ၁၉၀
စုန်းဟုရိုးစွပ်မှု ၁၄၈
စွဲချက် ၉၇၊၁၀၁၊၁၉၃

(ဆ)

ဆိုရှယ်လစ်စနစ် ၇၇
ဆရာဝန် ၆၇၊၁၀၈၊၁၇၈၊၁၉၈၊၂၀၂

(ဇ)

ဇဝန ၆၄

(တ)

တရားမင်း ၁၂
တော်လှန်ရေးအစိုးရ ၃၆
တင်ဦး၊ ဗိုလ်ချုပ်ကြီး ၁၈၄
တင့်ဆွေ၊ ဗိုလ်မှူးကြီး ၁၈၅
တပ်မတော်အရာရှိ ၁၀၉၊၁၇၈
တပ်မတော်ဥပဒေ ၁၈၃၊၁၉၉၊၂၀၄
တိုင်းပြုပြည်ပြုလွှတ်တော် ၂၄
တရားရုံးချုပ် ၃၉၊၁၂၉

တရားသူကြီး ၃၀၊၁၀၁
တရားရေးဝန်ထမ်း ၃၀၊၂၀၀
တရားဥပဒေ ၁၄
တရားမဥပဒေ ၅၆
တရားနှင့် ဓား ၆၀
တရားစီရင်ရေးအကျိုး ၆၅
တရားခံမြေး ၆၂
တမကျောင်းတဂါထာ ၅၁
တဆင့်ကြွားစကား ၁၀၇
တန်းစီလူရွေးခြင်း ၁၇၆
တက်ပိုး ၂၈၆

(ထ)

ထွန်းတင်၊ ဗိုလ်မှူးကြီး ၁၀၅
ထွန်းသာ၊ ဗိုလ်မှူးကြီး ၁၀၅
ထင်မြင်ချက် ၁၀၀
ထင်ကြေး ၁၃၀
ထောင်မှ အယူခံဝင်ခြင်း ၁၆၆

(ဒ)

ဒိန်ရတန်း၊ ဦး ၁၅၂

(ဓ)

ဓလေ့ထုံးတမ်းဥပဒေ ၆၃၊၁၄၀၊၁၅၂
ဓာတုဗေဒပါရဂူ ၁၇၀၊၁၉၀၊၂၀၂





(န)

နိုင်ငံတော်ကောင်စီ ၁၅
နေဝင်း၊ ဗိုလ်ချုပ်ကြီး ၆၊၁၀၊၂၅၊၂၆၊၂၇၊၃၆၊၇၆၊၁၆၈၊
၁၆၀၊၁၀၀၊၁၀၄၊၂၀၆
နောက်ကြောင်းပြန်ပြစ်မှု မလုပ်ရ ၁၄၃
နိုင်ငံခြား စီရင်ထုံးများ ၂၃၊၄၀၊၁၃၅
နိုင်ငံခြားသား ၈၀

(ပ)

ပြစ်ဒဏ် ၃၇၊၅၂၊၁၁၉၊၁၃၀၊၁၄၅၊၁၅၆
ပြစ်မှုဥပဒေ ၄၁၊၅၅
ပညာပေးခြင်း ၆၂၊၈၄၊၁၉၅၊၂၁၄
ပေတလူ ၉၆

(ဖ)

ဖြောင့်ချက် ၁၇၆

(ဗ)

ဗုဒ္ဓမြတ်စွာ ၁၁၊၁၆၊၃၆၊၁၄၃၊၁၅၀၊၁၆၀၊၁၈၇
ဗိုလ်တထောင်သတင်းစာ ၅၃

(ဘ)

ဘိုးတော်မင်းတရားအမိန့် ၁၀၁၊၁၉၄၊၂၀၉

(မ)

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ၂၆၊၄၅၊၇၆၊၁၆၀၊ ၁၀၀၊၂၀၆
မောင်လှိုင်၊ ဒေါက်တာ ၁၀၅
မောင်လှိုင်၊ ဗိုလ်မှူးကြီး ၁၀၄
မှော်ဘီဆရာသိန်းကြီး ၁၁၀
မိသားစုဥပဒေ ၅၆
မြန်မာ့အလင်းသတင်းစာ ၉၆၊၁၂၀
မယားခိုးမှု ၁၅၂

(ရ)

ရဲအရာရှိ ၃၅၊၁၀၉၊၁၇၉၊၂၀၀၊၂၀၂
ရာဇသတ်ကြီး ၄၁
ရှေ့နေ ၆၄၊၁၁၀၊၁၂၁၊၁၆၆၊၁၉၀၊၂၀၅၊၂၀၇
ရှိမ် ၁၁၃
ရိုးပြောင်း ၁၇၃
ရန်ကုန်သတင်းစာ ၂၄၂
ရှင်မဟာရဋ္ဌသာရ ၂၂၁

(လ)

လွှတ်တော် ၁၅
လွှတ်တော်၊ မြန်မာမင်းများ ၃၂
လှဟန်၊ ဗိုလ်မှူးကြီး ၃၀၊၁၄၀၊၁၀၅
လှတုန်း၊ ဗိုလ်မှူးကြီး ၁၀၄
လှထွန်း၊ ဗိုလ်မှူးကြီး ၁၀၅



လွှတ်လပ်စွာ တရားစီရင်ခွင့် ၈၁
လျှော်ကြေး ၁၅၀
လက်ရေးပါရဂူ ၁၀၀၊၁၇၀၊၁၉၀၊၂၀၂
လုပ်သားပြည်သူ့နေ့စဉ် ၁၃၀၊၂၁၆

(ဝ)

ဝိနည်း ၁၆၊၂၃၊၄၁
ဝန်ထမ်း ၆၇၊၁၀၉၊၁၂၀၊၁၇၀၊၁၉၀၊၂၀၀

(သ)

သုဒိန်ရဟန်း ၁၇
သောင်းဒန်၊ ဗိုလ်မှူးချုပ် ၁၀၅
သောင်းတင်၊ ဗိုလ်မှူးချုပ် ၁၀၅
သောင်းကြည်၊ ဗိုလ်မှူးကြီး ၁၀၅
သန်းစိန်၊ ဗိုလ်မှူးကြီး ၃၀၊၁၁၉၊၁၄၀၊၁၀၅
သန်းတင်၊ ဗိုလ်မှူးကြီး ၁၀၅
သိန်းဖေမြင့် ၅၃
သာဂဒိုး ၇၉၊၁၃၀
သက်သေခံဥပဒေ ၆၇
သက်သေ ၉၉၊၁၀၄၊၁၀၇၊၁၂၀၊၁၂၃၊၁၆၂၊၁၇၀
သတင်းစာ ၁၂၆၊၂၁၃
သေတမ်းစစ်ချက် ၁၇၅

(အ)


| | |
|---|---|
| အောင်ဆန်း၊ ဗိုလ်ချုပ် | ၂၄၊၂၇၊၄၂၊၁၂၆၊၁၇၃ |
| အောင်ဖေ၊ ဗိုလ်မှူးကြီး | ၁၈၄ |
| အဓိကပညတ် | ၁၂ |
| ဥပဒေအင်္ဂါရပ်များ | ၁၁ |
| ဥပဒေပြုနည်း၊ ဖတ်နည်း၊ ကျင့်နည်း | ၁၈၊၂၁၊၂၅ |
| အာဏာစက် | ၁၂ |
| အင်္ဂလိပ်တရားစီရင်ရေးစနစ် | ၃၃ |
| အမွေမှု | ၃၅၊၁၆၂၊၁၆၉ |
| အစိုးရရှေ့နေ | ၃၅ |
| အဂတိတရား | ၃၅၊၄၉၊၆၈၊၇၅၊၈၆ |
| အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ | ၃၀၊၁၃၀၊၁၄၀ |
| အချက်အလက် | ၃၉၊၇၄၊၁၆၇ |
| အေးဧဝ၊ ဒေါ် | ၄၆ |
| ဥပဒေနှင့် မူဝါဒ | ၄၀ |
| အခြေခံဥပဒေ | ၅၄၊၈၅၊၁၄၂ |
| အပြည်ပြည်ဆိုင်ရာဥပဒေ | ၆၀ |
| အမြင်အကြား စီရင် | ၈၆ |
| အယူခံရုံး | ၉၃၊၁၆၀၊၁၆၄ |
| အကျင့်စာရိတ္တ | ၉၃ |
| အာမခံ | ၁၁၂၊၁၁၅ |
| အပရိယာယ်နိယာတရား | ၁၄၃၊၁၈၇ |
| အလုပ်ဒဏ် | ၁၄၇ |
| ဥပဒေမသိဟု မချေပနိုင် | ၁၉၂ |
| ဥပဒေဆောင်ပုဒ် | ၁၃၃ |